၇ ရက် သတင်းဂျာနယ်
# 7 DAY NEWS JOURNAL
http://www.7daynewsjournal.com

TRI
LIVES BRILLIANTLY

အတွဲ(၁၂)၊ အမှတ်(၁၃) | ၂၀၁၂ မတ် ၇ တွင် စတင်ထုတ်ဝေသည် | ၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ ရက် ၊ ဗုဒ္ဓဟူး ၊ (ဇွန် ၅ ၊ ၂၀၁၃)

## မြေမြှုပ်မိုင်းများ ရှင်းရန် အချိန်မည်မျှ လိုသနည်း

**ထွန်းနိုင်၊ အေးသူစံ**

၂၀၁၂အတွင်းထုတ်ပြန်ခဲ့သည့် မြေမြှုပ်မိုင်းအသုံးပြုမှုပိတ်ပင်တားမြစ်ခြင်း နိုင်ငံတကာစည်းရုံးလှုံ့ဆော်ရေးအဖွဲ့ (ICBL)၏ မြေမြှုပ်မိုင်းအသုံးပြုမှုစောင့်ကြည့်လေ့လာရေး အစီရင်ခံစာတွင် မြန်မာနိုင်ငံ၏ တိုင်းနှင့်ပြည်နယ် ၁၄ခု အနက်မှ ထက်ဝက်ကျော်တွင် နေထိုင်သည့် ပြည်သူများသည် မိုင်းအန္တရာယ်ကျရောက်နေသည် ဟုဆိုသည်။

**စာ(၈)သို့**




**ထိုင်းနိုင်ငံ မဲဆောက်ရှိ မယ်တော်ဆေးခန်းတွင် ခြေတုတပ်ရန် စောင့်ဆိုင်းနေသူတစ်ဦး**

ဓာတ်ပုံ-အေအက်ဖ်ပီ

## သမဝါယမလုပ်ငန်းတွင် ဦးဆောင်သူများ အရေးကြီး

**ပြည်သိမ်း၊ အောင်သူရ**
**ရန်ကုန်၊ ဇွန်-၄**

သမဝါယမလုပ်ငန်းများကိုပြန်လည်အကောင်အထည်ဖော်မည်ဆိုပါက ပါဝင်သူများ ရိုးသားမှန်ကန်တည်ကြည်မှသာ အောင်မြင်မှုရရှိနိုင်မည်ဖြစ်ကြောင်း စီးပွားရေးပညာရှင်များကထောက်ပြပြောကြားသည်။

အတိတ်ကာလက သမဝါယမလုပ်ငန်းများကိုဦးဆောင်အကောင်အထည်ဖော်ရာတွင်ပါဝင်သူများက အဂတိလိုက်စားမှု၊ မရိုးသားမှု၊ ပွင့်လင်းမြင်သာမှုမရှိခြင်းတို့ကြောင့် နာမည်ပျက်ခဲ့ရကြောင်း ပညာရှင်များကပြောကြားသည်။

"သမဆိုတဲ့အတိုင်း သမသွားမှာကို လူတွေက ကြောက်နေကြတယ်"ဟုပြည်သူ့လွှတ်တော်စီးပွားရေးနှင့် ကုန်သွယ်ရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီမှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးကြည်မြင့်ကဆိုသည်။



**မိန့်ခွန်းပြောကြားနေသော နိုင်ငံတော်သမ္မတဦးသိန်းစိန်**

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

သမဝါယမလုပ်ငန်းများကို အကောင်အထည်ဖော်မည်ဆိုပါက ပွင့်ပွင့်လင်းလင်း၊ ရိုးရိုးသားသားနှင့် အစိုးရက တာဝန်ယူစိတ်အပြည့်ဖြင့် လုပ်ဆောင်ရန် လိုအပ်သည်။ ရိုးရိုးသားသားပွင့်ပွင့်လင်းလင်း မရှိပါက ယခင်ခေတ်ကဲ့သို့ပင်စာရင်းစစ်ခါနီးလျှင် သမဆိုင်များ မီးရှို့သည့်အဖြစ်များနှင့်ကြုံလာမည်ဟု စီးပွားရေးပညာရှင်ဦးလှမောင်ရွှေက ရှင်းပြသည်။

"အဲဒီခေတ်က သမဆိုင်တွေ ခဏခဏမီးလောင်လို့ဘောကခြံတွေ၊ အိမ်တွေဆိုရင် ဈေးအရမ်းချိုတယ်"ဟု ဦးလှမောင်ရွှေက ဆိုသည်။

**စာ(၈)သို့**

## ထားဝယ်ဆိပ်ကမ်းအိပ်မက် ထိုင်းတို့စွန့်လွှတ်သင့်

ပြီးခဲ့သည့်လအတွင်း ထိုင်းဝန်ကြီးချုပ် ယင်လပ်ခ်ရှင်နာဝပ် ဂျပန်နိုင်ငံသို့ သွားရောက်ခဲ့ပြီး ချက်ချင်းဆိုသလိုပင် ဂျပန်ဝန်ကြီးချုပ် မြန်မာနိုင်ငံသို့ လာရောက်သော ရှေ့ဆင့်နောက်ဆင့် ခရီးစဉ်များမှနေ၍ ထားဝယ်ဆိပ်ကမ်းစီမံကိန်းအတွက် ဂျပန်ရင်းနှီးမြှုပ်နှံမှုများ လာရောက်တော့မည်မဟုတ်ခြင်းကို တစ်ကြိမ်တည်းနှင့်အပြီး အချက်ပြလိုက်ခြင်းလည်းဖြစ်ပါသည်။

ယခုအချိန်သည်ထားဝယ်မှထွက်ခွာရန် အချိန်ပင်ဖြစ်သည်။ ထိုင်းအာဏာပိုင်တို့သည့် နိုင်ငံတွင်း၌ပင် အခြားသော အလှည့်အပြောင်းဖြစ်မည့် ဆိပ်ကမ်းသစ်တည်ဆောက်ရေးနည်းဗျူဟာ တစ်ခုကို ရှာဖွေရန် လိုအပ်နေပါသည်။

**စာ(၁၄)သို့**



7 DAY NEWS JOURNAL
Vol.12, No.13 ▪ JUNE 5 , 2013

# နိုင်ငံဖွံ့ဖြိုးရေးအတွက် အဓိကပြဿနာငါးခု ကမ္ဘာ့ဘဏ်သတိပေး

**အောင်သူရ**

**ရန်ကုန်၊ ဇွန်-၂**

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက်ဆောင်ရွက်ရာတွင် အဓိကကြုံတွေ့နိုင်သောပြဿနာငါးခုရှိကြောင်း ကမ္ဘာ့ဘဏ်က မေ ၃၁ ရက်ကထုတ်ပြန်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ် အတွက်ကြားဖြတ်မဟာဗျူဟာမှတ်စုများစာတမ်းတွင်ဖော်ပြထားသည်။

အဆိုပါပြဿနာငါးခုမှာပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ခိုင်မာမှုမရှိသေးခြင်း၊ လက်နက်ကိုင်တိုက်ပွဲများပြန်လည်ဖြစ်ပေါ်လာနိုင်ခြင်း၊ မရေရာမသေချာသောပတ်ဝန်းကျင်တွင် လုပ်ငန်းများစတင်ခဲ့ရခြင်း၊ မျှော်လင့်ချက်အတိုင်းဖြစ်ပေါ်လာခြင်းမရှိသဖြင့် လူထုအနေဖြင့် စိတ်ပျက်မှုအားမရမှုများရှိလာနိုင်ခြင်းနှင့် အစိုးရ၏ကန့်သတ်မှုရှိသော စွမ်းဆောင်ရည်များကြောင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများမနိုင်မနင်းဖြစ်ကာလိုအပ်သောပန်းတိုင်ရည်မှန်းချက်များ မအောင်မြင်ဘဲဖြစ်သွားနိုင်ခြင်းတို့ဖြစ်သည်။

ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များသည် လူပုဂ္ဂိုလ်ကိုသာမှီခိုနေပြီး အစိုးရဘက်တွင်သမ္မတဦးသိန်းစိန်နှင့် အတိုက်အခံဘက်တွင် ဒေါ်အောင်ဆန်းစုကြည်တို့သာရှိကြောင်း၊ မျှော်လင့်ချက်အတိုင်းဖြစ်မလာသဖြင့် လူထုအနေဖြင့်မကျေနပ်ချက်များဖြစ်ပေါ်နေပြီး စွမ်းဆောင်ရည်ပိုင်းတွင်လိုအပ်ချက်များရှိနေသဖြင့် ငွေလဲနှုန်းမတည်ငြိမ်ခြင်းနှင့် အခြားငွေကြေးဆိုင်ရာမတည်ငြိမ်ခြင်းများဖြစ်နိုင်ကြောင်းအစီရင်ခံစာတွင်ဖော်ပြပါရှိသည်။

“ကမ္ဘာ့ဘဏ်က အချက်အလက်တွေအမှန်အကန်ဆုံးရတဲ့အဖွဲ့အစည်းဖြစ်တဲ့အတွက် သူတို့ပြောတာတွေက ADB(အာရှဖွံ့ဖြိုးရေးဘဏ်) ထက်ဂုဏ်ရှိတယ်။ မှန်ကန်တယ်”ဟုဘဏ်ပညာရှင်တစ်ဦးဖြစ်သူ ဦးမျိုးဦးကပြောသည်။

သို့သော်မြန်မာနိုင်ငံတွင် ကမ္ဘာ့လှည့်ခရီးသွားလုပ်ငန်း၊တယ်လီဖုန်းဆက်သွယ်ရေးလုပ်ငန်း၊ အထည်ချုပ်စက်မှုကုန်ထုတ်လုပ်ငန်း၊ဆောက်လုပ်ရေးလုပ်ငန်းနှင့် ဘဏ်လုပ်ငန်းကဏ္ဍတို့တွင် တိုးတက်ရန် အလားအလာရှိသည်ဟု သုံးသပ်ထားသည်။

ကုန်ထုတ်လုပ်မှု ကဏ္ဍတွင် နှစ်စဉ် ၁၀ရာခိုင်နှုန်းခန့်၊ ကမ္ဘာလှည့်ခရီးသွားကဏ္ဍတွင် ၁၇ရာခိုင်နှုန်း၊ ငွေကြေးဝန်ဆောင်မှုများကဏ္ဍတွင် ၂၃ရာခိုင်နှုန်း၊ ဆက်သွယ်ရေးကဏ္ဍတွင် ၂၃ရာခိုင်နှုန်းနှင့် အခြေခံအဆောက်အအုံကဏ္ဍ တွင်ရှစ်ရာခိုင်နှုန်းခန့်တိုးတက်မည်ဟု မက်ကင်ဆေးကမ္ဘာ့တက္ကသိုလ်က ခန့်မှန်းထားသည်။

မက်ကင်ဆေးကမ္ဘာ့တက္ကသိုလ်က မကြာမီရက်ပိုင်းကထုတ်ပြန်သောအစီရင်ခံစာတွင် မြန်မာ့စီးပွားရေးသည် ၂၀၃၀ခုနှစ်တွင် လေးဆတိုးတက်လာမည်ဟုလည်း ဖော်ပြထားသည်။

သို့သော်အစိုးရအနေဖြင့် ပြုပြင်ပြောင်းလဲရေးအရှိန်အဟုန်ကိုထိန်းသိမ်းရန်၊ စီးပွားရေးကိစ္စကိုရှင်းလင်းဖော်ထုတ်ရန်နှင့် အစိုးရကဆောင်ရွက်ပေးရမည့် အစီအစဉ်များကိုဖြည့်ဆည်းဆောင်ရွက်ပေးမည့်အဖွဲ့ထားရှိရန်နှင့် အသွင်ကူးပြောင်းမှုကို တွန်းအားပေးဆောင်ရွက်ရန်မက်ကင်ဆေးကမ္ဘာ့တက္ကသိုလ်က အကြံပြုထားသည်။

ကမ္ဘာ့ဘဏ်အနေဖြင့်မြန်မာနိုင်ငံအား ဒုတိယကမ္ဘာစစ်အတွင်းပျက်စီးခဲ့သောမီးရထားလမ်းနှင့်ပြည်တွင်းရေကြောင်းပို့ဆောင်ရေးစနစ်အကူအညီများအတွက် ၁၉၅၆ခုနှစ်အထိကူညီဆောင်ရွက်ခဲ့သောစီမံကိန်း၃၅ခုရှိခဲ့ပြီး ၁၉၈၇ခုနှစ်နောက်ပိုင်း ချေးငွေအကူအညီများ ရပ်ဆိုင်းခဲ့သည်။

သမ္မတဦးသိန်းစိန်အစိုးရအဖွဲ့တက်လာပြီးနောက် ကမ္ဘာ့ဘဏ်နှင့် ပြန်လည်ဆက်သွယ်မှုများပြုလုပ်ခဲ့ပြီးလျှပ်စစ်ဓာတ်အားရရှိရေး၊ အစိုးရဝန်ထမ်းများစွမ်းဆောင်ရည်မြင့်မားရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ကူညီပေးရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။



**ပုဂ္ဂလိကဘဏ်တစ်ခုတွင် ဘဏ်လုပ်ငန်းဆောင်ရွက်နေစဉ်** ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)



7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# မြို့ကြီးအချို့ မြို့ပြစီမံကိန်းရေးဆွဲရန် ADB ကူညီမည်

**မိုးညို**

**ရန်ကုန်၊ ဇွန်-၃**

မြန်မာနိုင်ငံရှိ မြို့ကြီးအချို့အတွက်မြို့ပြစီမံကိန်းရေးဆွဲရန် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) မှ အဓိကကူညီသွားဖွယ်ရှိကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးတစ်ဦးက ပြောသည်။

အဓိကအားဖြင့် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ စစ်တွေအစရှိသော မြို့များ၏ မြို့ပုံစံပြန်လည်ရေးဆွဲရာတွင် အဓိကကူညီသွားဖွယ်ရှိကြောင်း မေ ၃ရက်က နေပြည်တော်၌ပြုလုပ်ခဲ့သော ဆွေးနွေးပွဲတွင် ADB က ပြောကြားသွားခဲ့သည်ဟု အထက်ပါညွှန်ကြားရေးမှူးကပြောသည်။



*မန္တလေးမြို့တစ်နေရာအား အပေါ်စီးမှမြင်ရစဉ်*

ဓာတ်ပုံ - အားမာန်

မြို့ပြ၏ မှားယွင်းနေသော စနစ်များနှင့်လိုအပ်ချက်များကို ယခုလာရောက်မှုတွင် စစ်တမ်းများကောက်ယူမည်ဖြစ်ပြီး မြို့ကြီးများ၏ အဓိကလိုအပ်ချက်ဖြစ်သော လျှပ်စစ်စွမ်းအင်ကို ၎င်းတို့အနေဖြင့် ကူညီမှုများပြုလုပ်ပေးရန် ဆန္ဒရှိကြောင်း ပြောကြားသွားခဲ့သည်ဟုအထက်ပါညွှန်ကြားရေးမှူးက ဆက်လက်ပြောကြားသည်။

မြို့ကြီးအချို့၏ မြေလွတ်မြေရိုင်းများတွင် အိမ်ရာစီမံကိန်းများဖော်ဆောင်ခြင်း၊ စက်မှုဇုန်များအကောင်အထည်ဖော်ခြင်း၊ စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ရန် နိုင်ငံအတွက်လိုအပ်သည့် အခြေခံအဆောက်အအုံများဆောက်လုပ်ပါက တိုင်းပြည်အတွက်များစွာ အကျိုးရှိမည်ဖြစ်ကြောင်း ADB ကအကြံပြုပြောကြားသည်။

“အဓိကကတော့ သူတို့အတွက် လျှပ်စစ်က ခုချက်ချင်းဖြေရှင်းဖို့ခက်နေတယ်။ ဒါကြောင့်သူတို့က လျှပ်စစ်ကို အရင်ဆုံးပံ့ပိုးပေးချင်တာ”ဟု ယင်းဆွေးနွေးပွဲသို့တက်ရောက်လာသူမြို့ပြပညာရှင် ဦးကျော်ဆန်းကပြောသည်။

လက်ရှိတွင် မြန်မာနိုင်ငံရှိ မြို့ကြီးအချို့တွင် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာနမှ တန်ဖိုးနည်းအိမ်ရာစီမံကိန်းများဆောင်ရွက်ရန် ကုမ္ပဏီကြီးအချို့ကို ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်နေပြီဖြစ်သည်။ ထို့ကြောင့် အာရှဖွံ့ဖြိုးမှုဘဏ်မှ မြို့ပြစီမံကိန်းရေးခြင်းအတွက် နည်းပညာနှင့်လျှပ်စစ်ပိုင်းဆိုင်ရာတို့ကို အဓိကကူညီသွားရန် သဘောတူညီမှုများရရှိခဲ့ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

# တက္ကသိုလ်မှန်ကန်စွာရွေးချယ်နိုင်ရန် ပညာရေးဟောပြောပွဲပြုလုပ်မည်

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇွန်-၃**

တက္ကသိုလ်ဝင်တန်းအောင်စာရင်းထွက်ချိန်တွင် ကျောင်းသားများအနေဖြင့် တက်ရောက်မည့်တက္ကသိုလ်များမှန်ကန်စွာရွေးချယ်နိုင်ရန် ရည်ရွယ်၍ဆွေးနွေးပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ဇွန်လဒုတိယပတ်အတွင်းပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ပညာရေးစနစ်သစ်သို့ ပြောင်းလဲရန် ဖြတ်သန်းစဉ်အတွင်း ပုဂ္ဂလိကပညာရေးစနစ် အစိုးရပညာရေးစနစ်များနှင့် နိုင်ငံတကာပညာရေးစနစ်များကြား ကျောင်းသား၊ ကျောင်းသူများ ရင်ဆိုင်ရမည့်အခြေအနေများကိုလည်း ဆွေးနွေးတင်ပြသွားမည်ဖြစ်သည်။

“ဒီနှစ်လည်း ဆေးတက္ကသိုလ်ရန်ကုန်နှင့် မန္တလေးနည်းပညာတက္ကသိုလ်ရမှတ်တွေကမြင့်ဖို့များတယ်။ ဆေးကျောင်းမမီလို့ နိုင်ငံခြားဘာသာတက္ကသိုလ်က အင်္ဂလိပ်စာအဖြစ် သင်ယူမယ်ဆိုတာကိုအားမပေးလိုဘူး။ ပြည်တွင်းမှာသင်ယူမည်ဆိုလည်း စနစ်တကျရွေးချယ်သင်ယူစေချင်တယ်” ဟု CROWN Education မှပညာရေးအတိုင်ပင်ခံ ဦးအောင်ကျော်ဆန်းက ပြောသည်။

အဆိုပါ ဟောပြောပွဲတွင် နိုင်ငံခြားတွင် ဆေးကျောင်းတက်ရောက်လိုသူများအတွက် သတိပြုသင့်သည့်အချက်များ မြန်မာနိုင်ငံတွင် သင်ယူပြီး နိုင်ငံခြားတွင် ဆက်လက်သင်ယူမည့် ပညာရေးလမ်းကြောင်းများကိုလည်း ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မန္တလေးမြို့တွင်ဇွန်လ ၈ရက်နံနက် ၉နာရီမှ နေ့လယ် ၁နာရီအထိ ဟိုတယ်မန္တလေး၊ စံပယ်ဖြူခန်းမ၌ ပြုလုပ်မည်ဖြစ်ပြီး ရန်ကုန်မြို့တွင်မူ ဇွန်လ ၁၂ရက်နေ့၌ CROWN Education Learning Center ၌ပြုလုပ်သွားမည်ဖြစ်သည်။



7 ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

CRIME မှုခင်း သတင်း CORNER

# ကားနှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ၍ အမျိုးသမီးနှစ်ဦးသေဆုံး

**သန်းဌေး**

**ရန်ကုန်**-ညအချိန်တွင် မော်တော်ကားနှစ်စီး မျက်နှာချင်းဆိုင် တိုက်မိသောကြောင့် ကားပေါ် ပါသူ အမျိုးသမီးနှစ်ဦးသေဆုံးပြီး ကားနှစ်စီးလုံးကို မောင်းလာကြသော ဒရိုက်ဘာနှစ်ဦးလုံးထွက် ပြေးသွားကြကြောင်း သတင်းရရှိသည်။

မေ ၃၀ ရက် ည ၉နာရီခွဲအ ချိန်တွင် မွန်ပြည်နယ်၊ ရေးမြို့ နယ်၊ ကနင်ကမော့ကျေးရွာအနီး၊ မော်လမြိုင်နှင့် ရေးမြို့သို့ဆက် သွယ်ထားသော ကားလမ်းမကြီးပေါ် တွင် ရေးမှ မော်လမြိုင်သို့ စိုးမိုးမောင်းနှင်လာသောအဖြူရောင် ယာဉ်နှင့် ဟိုင်းလတ်အဝါ ရောင်ယာဉ်တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ကြခြင်းဖြစ်သည်။

ထို့ကြောင့်အဖြူရောင်ယာဉ်ပေါ် တွင်လိုက်ပါလာသည့်သံဖြူ ဇရပ်မြို့နယ်၊ ဝယ်သွန်ချောင်းရွာနေ မဌေးဌေးဝင်းနှင့် မုဒုံမြို့နယ်၊ ကမာဝက်ရွာနေ ဒေါ်မီးတို့တွင် ဒဏ်ရာများရရှိကာ ကားပေါ် တွင်ပင် ပွဲချင်းပြီး သေဆုံးသွားခဲ့ကြသည်။

ထို့အပြင် သံဖြူဇရပ်မြို့နယ်၊ ဝဲရက်ကျေးရွာ အသက် ၂၅ နှစ် ရှိ ဦးဗလာတွင်မျက်နှာအနှံ့ဒဏ်ရာများ ရရှိခဲ့ပြီး ယာဉ်မောင်း နှစ်ဦးမှာ ထွက်ပြေးခဲ့သည်။

ထို့ကဲ့သို့ အဝေးပြေးလမ်းမကြီးများပေါ် တွင် ယာဉ်တိုက်မှု များဖြစ်တိုင်း ယာဉ်မောင်းသူများ မှာ ထွက်ပြေးလေ့ရှိပြီး ထွက် မပြေးပါကလည်း ပိုင်ရှင်များနှင့် ယာဉ်လိုင်းမှ တာဝန်ရှိသူများက သေဆုံးသူနှင့် ဒဏ်ရာရသူများအား လူမှုရေးအရလိုက်ပါဆောင် ရွက်ပေးကြခြင်းထက် ၎င်းတို့ကားများကိုသာ ရဲစခန်းမှ ထုတ်ယူ နိုင်ရေး ဦးစားပေးဆောင်ရွက်လေ့ရှိကြောင်း ၂၀၁၂ခုနှစ်တွင် ကိုယ်တွေ့ကြုံခဲ့သော အင်းစိန်မြို့နယ်မှ သံဃာတော်တစ်ပါးက ပြောသည်။ ယခုအမှုတွင် ယာဉ်မဆင်မခြင်မောင်းနှင်သူ ယာဉ် မောင်းနှစ်ဦးအား လမိုင်းနယ်မြေရဲစခန်း မှပြစ်မှုပုဒ်မ ၃၀၄ က/ ၃၃၇/ ၃၃၈ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်းသိရသည်။

# လွှတ်တော်သို့ စာတင်၍ အလုပ်ထုတ်ခံရသော လုပ်သားငါးဦး ပြန်ခန့်

## သို့ရာတွင် ထိုငါးဦးအလုပ်ပြန်ခန့်ရန် ဆန္ဒပြသောလုပ်သား ၂၀၀ ဝန်းကျင်ကို အလုပ်ပြန်မခန့်သေး

**အေးမြတ်သူ**

**ရန်ကုန်၊ မေ ၂၈**

လွှတ်တော်သို့စာတင်ခဲ့၍ အလုပ်မှ ထုတ်ပယ်ခံရသည့် အလုပ်သမား ငါးဦးအား အလုပ်ရှင်မှ ဇွန်လ ၁ရက်တွင် စက်ရုံက အလုပ်ပြန်လည်ခန့်အပ်ကြောင်း အဆိုပါ Esquare ဖိနပ်စက်ရုံမှ အလုပ်ထုတ်ခံရသော မကြူကြူဝင်းက ပြောသည်။

လှိုင်သာယာမြို့နယ်စက်မှုဇုန်အတွင်းရှိ Esquare ဖိနပ်စက်ရုံမှ အလုပ်သမားငါးဦးသည် မေလ ၅ရက်တွင် လွှတ်တော်မှ အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေးလေ့လာသုံးသပ်ရေးအဖွဲ့မှ လှိုင်သာယာနှင့် ရွှေပြည်သာစက်မှုဇုန်ရှိ စက်ရုံ၅၀မှ အလုပ်ရှင် အလုပ်သမားများထံ အတွေ့အကြုံ အချက်အလက်များ တောင်းခံရာသို့ အလုပ်ရှင်များသဘောမတူသည့်ကြားမှ လွှတ်တော်သို့ စာတင်ခဲ့သည်။ ထိုသို့စာတင်ခဲ့သည့်အတွက်မေလ ၉ရက်တွင် အလုပ်မှ ထုတ်ပယ်ခံခဲ့ရသည်။ ၎င်းတို့ အလုပ် ထုတ်ခံရသောကြောင့် စက်ရုံတွင်းရှိလုပ်သား ၂၀၀ခန့်က ၎င်းတို့ကိုအလုပ်ခန့်ရန် စုပေါင်းတောင်းဆို ဆန္ဒပြခဲ့သည်။ မေ ၂၀ တွင် ဆန္ဒပြတောင်းဆိုသူများကိုလည်း စက်ရုံက မေလ ၂၀ရက်တွင် လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခြင်းမရှိပါက အလုပ်မှ မိမိသဘောအလျောက်ထွက်သည်ဟု မှတ်ယူကြောင်းကြေငြာသည်။ ထိုအလုပ်သမားများကလည်း မေလကုန်ထိ ဆက်လက်ဆန္ဒပြကြသောကြောင့် အလုပ်သို့ ဝင်မရတော့ပေ။

အဆိုပါပြဿနာများကို ကော်မရှင်က မေလ ၂၉ရက်တွင် အလုပ်ရှင်နှင့် ညှိနှိုင်းဆွေးနွေးခဲ့ရာ အလုပ်ရှင်မှ အလုပ်သမားများကို အလုပ်ထဲပြန်လည်လုပ်ကိုင်ခွင့်ပြုရန်သဘောတူခဲ့သည်။ သို့သော်တရားဝင်သဘောတူစာတွင် ၎င်း ငါးဦးအတွက်သာ ပါဝင်ခဲ့ပြီး စုပေါင်းတောင်းဆိုလျက်ရှိသည့် လုပ်သား ၂၀၀ကျော်အတွက်ပါဝင်ခဲ့ခြင်းမရှိကြောင်း သတင်းရရှိသည်။

"အလုပ်က ပြန်ခန့်တယ်ဆိုတာခေါင်းဆောင်ငါးဦးပဲပါတယ်။ အစ်မတို့ အလုပ်ခန့်ဖို့အတွက် တောင်းဆိုတဲ့ အယောက် ၂၀၀ ကျော်က မခိုင်လုံဘူးဖြစ်နေတယ်" ဟု မကြူကြူဝင်းကပြောသည်။

Esquare ဖိနပ်စက်ရုံက အလုပ်ထုတ်ခံရတဲ့ အလုပ်သမားကိစ္စကိုအားလုံးဖြေရှင်းခဲ့ပါတယ်။ ဆန္ဒပြတဲ့ သူတွေပါအလုပ်ထဲပြန်ဝင်ဖို့ အလုပ်ရှင်နဲ့ ဆွေးနွေးခဲ့ပါတယ်"ဟု လွှတ်တော်မှ အလုပ်သမား၊ အလုပ်ရှင်အခွင့်အရေးလေ့လာသုံးသပ်ရေးအဖွဲ့မှ ဒေါက်တာမြတ်ညဏစိုးကပြောသည်။

# မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး အစိုးရထောက်ပံ့မှုလိုအပ်

**နိုင်နိုင်စိုး**

**ရန်ကုန်၊ ဇွန်-၁**

မြန်မာနိုင်ငံရှိ မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများလုပ်ဆောင်ရာတွင်နိုင်ငံတော်အစိုးရအနေဖြင့် ပိုမိုလုပ်ဆောင်ရန်လိုကြောင်း မသန်စွမ်းအဖွဲ့အစည်းများက ပြောသည်။

လက်ရှိတွင် မသန်စွမ်းအကူအညီပေးရေးအဖွဲ့အစည်းအများစုမှာ နိုင်ငံတကာအဖွဲ့အစည်းများ၏ ထောက်ပံ့မှုဖြင့်သာ ရပ်တည်နေရပြီး ရေရှည်ရပ်တည်မှုအတွက် နိုင်ငံတော်မှ ပံ့ပိုးပေးရန်လိုကြောင်း မြန်မာနိုင်ငံမသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့မှ အစီအစဉ်ဒါရိုက်တာ ကိုနေလင်းစိုးက ပြောသည်။

"မသန်စွမ်းသူတွေရဲ့ အရေးကိစ္စကို စိတ်ဝင်စားတဲ့အဖွဲ့အစည်းတွေက နည်းတယ်။ နိုင်ငံတကာကပေးတဲ့ စီမံကိန်းတွေက နှစ်အကန့်အသတ်နဲ့ လာတာ။ ရေရှည်ရပ်တည်ဖို့အတွက် အစိုးရထိန်းကြောင်းမှုလိုတယ်"ဟု ၎င်းကဆိုသည်။

"နိုင်ငံတကာ အဖွဲ့အစည်းတွေက ထောက်ပံ့ရင် ထောက်ပံ့သလို ဒီမှာပြန်လုပ်ပေးတယ်။ သူတို့ထောက်ပံ့တဲ့အပေါ် မူတည်ပြီးလိုအပ်တာတွေလုပ်ပေးရတာ။ နိုင်ငံတော်ကတော့ ဒီထက်ပိုကူညီသင့်တယ်"ဟု မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်မြင့်က ပြောသည်။

ထို့အပြင် မသန်စွမ်းသူများ ပြန်လည်ထူထောင်ရေး လုပ်ဆောင်ရာတွင် မြို့ကြီးများတွင်သာ အခွင့်အလမ်းများ၍ နယ်မြို့များတွင် မရရှိကြောင်း ၎င်းတို့က ဆိုသည်။

ကမ္ဘာ့ကုလသမဂ္ဂ၏ ၂၀၁၀ ပြည့်နှစ် ဇွန်လ ထုတ်ပြန်ချက်များအရ ကမ္ဘာ့လူဦးရေသန်းပေါင်း ၁,၀၀၀ ခန့်က မသန်စွမ်းသူများဖြစ်ပြီး မြန်မာနိုင်ငံတွင်လည်း မသန်စွမ်းသူဦးရေမှာ တစ်သန်းကျော် ရှိသည်။







Life 7DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# ကျောင်းပြင်ပကလေးငယ်များ ပညာရေး

**မင်းသန်းထိုက်(ဒေးဒရဲ)**



*မူလတန်းကလေးငယ်တစ်ဦးကို မိခင်ဖြစ်သူနှင့်အတူ တွေ့ရစဉ်*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကျွန်တော်က မနက်ပိုင်းအချိန်များဆိုလျှင် အိမ်မှာ ရှိခဲ့သဖြင့် အိမ်ကို ဆွမ်းခံဝင်သော ရဟန်း၊ ကိုရင်များနှင့် ဆုံလေ့ဆုံထသိပ်မရှိပါ။ တစ်ခါတစ်ရံ အလုပ်မသွားရသည့် အခါများ၊ မနက်ပိုင်း စောစောပြန်ရောက် သည့် အခါများ၌ သာ ရဟန်းတစ်ပါးတလေနှင့် ဆုံတတ်ပါသည်။

ထိုနေ့က အနည်းငယ် နေထိုင်မကောင်းသဖြင့် ကျွန်တော် အလုပ်မသွားဖြစ်ပါ။ အလုပ်သွားနေကျမသွားရသဖြင့် ဟိုယောင်သည်ယောင်နှင့် စာလည်းမဖတ်ဖြစ်၊ စာလည်းမရေးဖြစ်ဘဲ ရေဒီယိုတစ်လုံးကို ဟိုကလိသည် ကလိရင်း အချိန်ကုန်နေပါသည်။ သို့နှင့် ဆွမ်းခံဝင်ချိန်ရောက်လာတော့ အိမ်ရှေ့မှာ လူပိုသက်သက်ဖြစ်နေသော ကျွန်တော့်ကို အိမ်ရှင်မက ဆွမ်းလောင်းဖို့ တာဝန်ပေးလိုက်ပါသည်။ ဤတွင်ယခုစာစုကို ရေးရန် အကြောင်းဖန်လာခြင်းဖြစ်ပါသည်။

ပထမ ဆွမ်းခံဝင်လာသော တစ်ကျောင်း၊ နှစ်ကျောင်းမှာ ခပ်ရွယ်ရွယ်ရဟန်းတော်များဖြစ်သဖြင့် သူတို့ကလည်း စက္ခုန္ဒြေချလျက်အိမ်ရှေ့လာရပ်၊ ကျွန်တော်ကလည်းရိုရိုသေသေ ဆွမ်းလောင်း၊ ပြီးလျှင် ပြန်ကြွသွား၊ ဘာမျှ ထူးထူးခြားခြားမရှိပါ။ သည်လိုနှင့် လေးကျောင်းမြောက်မှာ ဆွမ်းခံဝင်လာသည်က ရဟန်းတော် မဟုတ်။ အသက်ကိုးနှစ်၊ ဆယ်နှစ်ခန့်ရှိမည့် ကိုရင်လေး တစ်ပါးဖြစ်သည်။ သူ့နောက်မှာလည်း ထိုကိုရင်လေးနှင့် သက်တူရွယ်တူလောက် ရှိမည့် ဘုန်းကြီး ကျောင်းသားလေးတစ်ယောက် ဆွမ်းဟင်းခွက်များ ထည့်ထားသည့် ခြင်းကိုဆွဲလျက် ပါလာသည်။ (ကျွန်တော်တို့မြို့က ရဟန်းတစ်ပါးချင်း ဆွမ်းဖိတ်သည် မဟုတ်ဘဲ ကျောင်းအလိုက်ဆွမ်းခံဝင်ပါသည်။ ထို့ကြောင့် အိမ်တစ်အိမ်ကို တစ်ကျောင်းတည်းမှ ရဟန်း နှစ်ပါးဆွမ်းခံဝင်လေ့ မရှိပါ။ စကားချပ်)

ကျွန်တော်လည်း ရှေ့က ဆွမ်းခံဝင်သွားသည့် ရဟန်းတော်များလိုပဲ ဆွမ်းလောင်း၊ ဆွမ်းဟင်းခွက် ထည့်ပေးပြီး သည်လိုပဲ နေလိုက်ပါသည်။ သို့သော်ကိုရင်လေးက ပြန်ကြွမသွားဘဲခုံပေါ်မှာပဲ ထိုင်မြဲထိုင်လျက် ကျွန်တော့်ကို ကြည့်နေသည်။ သို့နှင့် ကျွန်တော်က "ကိုရင် ဘာလိုသေးလို့လဲ" ဟု မေးတော့မှ မီးဖိုခန်းထဲမှ ဇနီးသည်က ကျွန်တော်အသံကို ကြားသွားပြီး "ကိုရင်လေးဆို ရေကပ်လိုက်ဦး။ ကိုရင်က ဒီအိမ်ရောက်ရင် ရေသောက်နေကျ" ဟု လှမ်းအော်ပြောသဖြင့်ကျွန်တော်လည်း ရေအိုးစင်မှရေတစ်ခွက်ခပ်၍ ကပ်လိုက်ရသည်။ ကိုရင်သည် ရေသောက်ပြီးနောက်ခွက်ကို ကျွန်တော့်ထံ လှမ်းပေးရင်း"မနက်ဖြန်ဆိုဒကာကြီးတို့ ရေတိုက်ချင်လို့တောင် မတိုက်ရတော့ဘူး။ ကိုရင်က လူထွက်ရတော့မယ်"ဟုငိုသံပါကြီးနှင့်ပြောလေသည်။ ကျွန်တော်က "ဟင်၊ ဘယ်လိုဖြစ်လို့လဲ"ဟု မေးနေစဉ် ကျွန်တော့်ဇနီးလည်း ကျွန်တော်တို့ အသံတွေကို ကြားသဖြင့် အိမ်ရှေ့ခန်းကိုထွက်လာသည်။ "ကိုရင်က ငယ်ငယ်လေး ရှိသေးတာ။ လူထွက်ပြီး ဘာလုပ်မှာတုံး။ စာသင်ဦးလေ"ဟု ဇနီးဖြစ်သူက ကျောင်းဆရာမပီပီပြောတော့ "အမေက ထမင်းဆိုင်မှာ စားပွဲထိုး လုပ်ဖို့စပ်ပြီးပြီ။ ဒလကိုသွားရမှာ။ သူ့ရောပဲ"ဟုဆိုကာကျောင်းသားလေးကိုပါ မေးထိုးပြသည်။ ကျွန်တော် ရင်ထဲမှာ စစ်ခနဲနာကျင်သလို ခံစားလိုက်ရသည်။ "ကိုရင်တို့ကညီအစ်ကိုတွေလား"ဟုဇနီးသည်ကဆက်မေးတော့ "တစ်ဝမ်းကွဲ"ဟု ဖြေလေသည်။

သည့်နောက်မှာဆက်၍ မေးရင်းသိရသည်မှာကိုရင်လေးကပြီးခဲ့သည့်နှစ် သုံးတန်းအထိကျောင်းနေခဲ့သည်။

**စာမျက်နှာ(၇)သို့**



7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# ဘန်ကောက်တွင် အသတ်ခံရသော သဲသဲသော် သမီး ပညာရေးအတွက် ကူညီ

**ငြိမ်းချမ်း**

**ရန်ကုန်၊ ဇွန်-၁**

ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် အသတ်ခံခဲ့ရသော မမြင့်မြင့်အေး(ခ) မသဲသဲသော်၏ ကျန်ရစ်သူ သမီးအတွက် ပညာရေး ငွေထောက်ပံ့မှုကို မြိတ်မြို့၌ ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

မေ ၃၀ ရက်တွင် တနင်္သာရီတိုင်း၊ မြိတ်မြို့၊ မြိတ်တောင်နယ်မြေအုပ်ချုပ်ရေးမှူးရုံး၌ သေဆုံးသူ မြင့်မြင့်အေး(ခ) သဲသဲသော်(ခ) ပြည့်စုံ၏သမီး ဂူးဂူး (ခ) ပန်သာကိုအတွက် ပညာရေးထောက်ပံ့ငွေ ကျပ်ငါးသိန်းကို ထားဝယ်လူငယ်အစည်းရုံး လူငယ်များနှင့် ဘန်ကောက်မှ သေဆုံးသူ၏ သူငယ်ချင်းများက ပေးအပ်ခဲ့ခြင်းဖြစ်သည်။

"မသဲသဲသော်ရဲ့ သမီးလေး ပညာရေးအတွက် ထောက်ပံ့တာပါ။ သူ့ရဲ့သမီးဆိုတာလည်း အတည်ပြုလို့ရပါတယ်။ လာမယ့်နှစ်သုံးတန်းတက်ရမှာပါ"ဟု ထားဝယ်လူငယ်များအစည်းအရုံးဒုတိယဥက္ကဋ္ဌ ဦးမင်းအောင်သူက ပြောသည်။

ထောက်ပံ့သော အလှူငွေများကို ၎င်း၏သမီး ဂူးဂူးနှင့် အဘွားဖြစ်သူ ဒေါ်အေးသင်တို့က လက်ခံရယူခဲ့ပြီး ဂူးဂူးအား သဲသဲသော် ခင်ပွန်းဖြစ်သူ၏ မိဘများထံထားရှိခဲ့ကြောင်း သတင်းရရှိသည်။

မသဲသဲသော်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့ ဇန်မိုခေါင်ကုန်တိုက်တွင် အလုပ်လုပ်နေသည့် ဝန်ထမ်းတစ်ဦးဖြစ်ပြီး မေ ၁၃ ရက်တွင် ဖေ့စ်ဘွတ်ခ်မှတစ်ဆင့် ခင်မင်ခဲ့သူတစ်ဦးကို ၎င်းနေထိုင်သည့်အခန်း၌ ချိန်းဆိုတွေ့ဆုံရာမှ ပစ္စည်းလုယူကာ သတ်ဖြတ်ခံရခြင်း ဖြစ်သည်။

"သဲသဲသော်က သူ့သမီးငါးနှစ်အရွယ်မှာ ဘန်ကောက်ကိုသွားပြီး အလုပ်လုပ်ပါတယ်။ သူသမီးနဲ့လည်း အဆက်သွယ် ရှိခဲ့ပါတယ်။သူ့ သမီးကိုပစ်ထားခဲ့ပြီး သွားတာမဟုတ်ပါဘူး"ဟု မြိတ်ဇာတိမျိုးဆက်ကျောင်းသား ကိုအောင်နိုင်ဦးက ပြောသည်။

အဆိုပါသေဆုံးသွားသူ မသဲသဲသော်၏ ခင်ပွန်းမှာ ခရီးထွက်သွား၍ အဆက်အသွယ်ပြတ်နေပြီး မသဲသဲသော်သည် မွေးကင်းစအရွယ်ကတည်းက ၎င်း၏မိခင်က စွန့်ပစ်ခဲ့ကြောင်း ဦးမင်းအောင်သူက ပြောသည်။



*သဲသဲသော်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာမှ ဓာတ်ပုံတစ်ပုံ*



## သခွတ်ပွင့်ကြော်

ဒီတစ်ပတ်တော့ ဝိုက်ဖီက ဟင်းငုတ်ပွင့်လို့လည်းခေါ်တဲ့ သခွတ်ပွင့်ခြောက်ကိုစပ်စပ်လေးကြော်မှာပါ။

ပထမဆုံးသခွတ်ပွင့်ခြောက် လက်တစ်ဆုပ်စာကို ရေနွေးနဲ့ပြုတ်ပြီး ကတ်ကြေးနဲ့အနေတော် ညှပ်ပါမယ်။

ကြက်သွန်ဖြူနီထောင်းပြီး ဆီသတ်ပါမယ်။ ဆီသတ်တဲ့ အထဲကို ကိုင်းခရမ်းချဉ်သီးတစ်လုံးလောက် ညှပ်ထည့်ပါ။ ငရုတ်သီးခွဲခြမ်းမှုန့်လည်း အနေတော်ထည့်။ ငါးပိလက်သည်းခွံလောက်နဲ့ ပုစွန်ခြောက်ထောင်းကိုထည့်ပြီး ဆီပူပူမှာ မွှေးလာအောင် ဆီသတ်ပါမယ်။ ပြီးရင် အသင့်ညှပ်ထားတဲ့ သခွတ်ပွင့်ထည့်ပါ။ ငံပြာရည်၊ ဟင်းခတ်မှုန့်ရေ အနည်းငယ်လည်း ထည့်ပါမယ်။ ရေခြောက်အောင် ကြော်ပြီးတဲ့အခါ အရသာရှိတဲ့ သခွတ်ပွင့်ကြော်တစ်ခွက်သုံးဆောင်နိုင်ပါပြီ။






စာမျက်နှာ(၅)မှ

# ကျောင်းပြင်ပကလေးငယ်များ ပညာရေး

ယခုနှစ် သင်္ကြန်မတိုင်မီမှာ ပရဟိတအဖွဲ့တစ်ဖွဲ့က ဆင်းရဲနွမ်းပါးကလေးများကို ရှင်ပြုပေးသဖြင့် လူပြန်မထွက်ဘဲ ကိုရင်ဆက်ဝတ်နေခြင်းဖြစ်၏။ မိဘရှိသော်လည်း ဖအေက ဘာမျှမလုပ်၊ သိပ်ငတ်လာလျှင် ပဥ္စင်းတက်လိုက်၊ ပြီး လူပြန်ထွက်လိုက်နှင့် လက်ကြောမတင်းသူဖြစ်သည်။ မိခင်က ရေခဲချောင်းရောင်းလိုက်၊ မုန့်ကြော်ရောင်းလိုက် ကြုံရာကျပန်းလုပ်ရင်းကိုရင်လေးအပါအဝင်ကလေးသုံးယောက်ကို လုပ်ကိုင်ကျွေးမွေးနေရသည်။သည်အထဲညီမလုပ်သူက ဆုံးပါးသွားတော့ ကျန်ခဲ့သည့်သား (ဘုန်းကြီးကျောင်းသား)ကိုဖအေလုပ်သူကသူ့ဆီမှာအပ်ပြီးမြဝတီဘက် တက်သွားလိုက်တာ ဘာသတင်းမှ မရတော့။ သည်တော့ သားသမီးသုံးယောက်ကိုတောင်မနည်း ရှာကြံကျွေးမွေးနေရသည့်အထဲ တူတစ်ယောက်ပါးစပ်ပေါက်ပါ တိုးလာတော့ သားကိုရင်ကို အကြောင်းပြုပြီး တူကိုပါ ဘုန်းကြီးကျောင်းပို့ထားသည်။ယခုတော့နှစ်ယောက်စလုံးကိုပဲဒလပို့ပြီး ခိုင်းစားရတော့မည်။ ဘုန်းကြီးကျောင်းသားလေး ကလည်း ကိုရင်နှင့် ရွယ်တူလောက်အလွန်ဆုံးရှိမှ ရှစ်နှစ်၊ ကိုးနှစ်အရွယ်လောက်သာ ရှိလိမ့်မည်။ သူကတော့ ကျောင်းတောင်မနေဖူးဘူးဟုဆိုလေသည်။

ကျွန်တော့်မှာ မေးမိပြီးမှစိတ်မကောင်းဖြစ်ရသည်။ ခါတိုင်းလိုအိမ်မှာမရှိလျှင်လည်း အကောင်းသား။ သူများပြန်ပြောပြမှ တစ်ဆင့်သိရလျှင် သည်လောက် စိတ်ထိခိုက်မည်မဟုတ်။ ယခုတော့ ကျွန်တော့်မှာ ကိုရင်လေး ညီအစ်ကိုအကြောင်းကိုပဲတွေးပြီးတစ်နေ့လုံးစိတ်ထိခိုက်နေမိသည်။

ဟိုတစ်လောတုန်းကလည်း ကျွန်တော်ထိုင်နေကျလက်ဖက်ရည်ဆိုင်ကို စားပွဲထိုးကလေးငယ်တစ်ယောက်အသစ်ထပ်ရောက်လာသည်။ သနပ်ခါးကွက်ကျားလေးနှင့် သန့်သန့်ပြန့်ပြန့် ချစ်စရာလေး။ လက်ဖက်ရည် လာချပေးတော့ ကျွန်တော်က စပ်စုမိသည်။ သူ့အသက်က ၈နှစ်သာရှိသေး၏။ လှိုင်သာယာကနေပွဲစားတစ်ယောက်နှင့် ချိတ်ဆက်ပြီး သည်ကိုရောက်လာခြင်းဖြစ်သည်။ သူ့မှာ အဖေမရှိတော့။ အမေကအဝတ်လျှော်သည်ဟု ကောင်လေးကပြောပြသည်။ သူ့တို့မိသားစုမှာ သူကအကြီးဆုံး။ သူ့အောက်မှာ အငယ် ၂ယောက်ရှိသေးသတဲ့။ သူငယ်တန်းတစ်နှစ်သာကျောင်းနေဖူးသည်ဟုကောင်လေးကပြောပြသည်။ ဩော်ကိုယ့်နိုင်ငံ က အချို့သော ကလေးငယ်များ၏ ဘဝကဆိုးရွားလှသည်။

မူလတန်းပညာရေးကို နိုင်ငံတော်က အခမဲ့ပြဋ္ဌာန်းပေးထားသည့်တိုင်၊ အချို့ကလေးငယ်များကျောင်းနေနိုင်ရေး ကူညီပေးနေကြသည့်တိုင်၊ နိုင်ငံတစ်ဝန်းလုံး၌ မူလတန်းပညာရေးလောက်ကိုပင်ပြီးဆုံးအောင် မသင်ကြားနိုင်သည့် ကလေးတွေက မြောက်မြားစွာရှိနေ လေသည်။

မြို့ပြတွေရဲ့ လမ်းကြို လမ်းကြားတွေမှာ မွေ့ရေခွံအိတ် တစ်လုံးနှင့် သံစူးတပ် တုတ်တစ်ချောင်းကိုင်ပြီးပလတ်စတစ်လိုက်ကောက်နေသည့်ကလေးတွေကို မမြင်ချင်အဆုံး တွေ့နေရသည်။သင်္ဘောဆိပ်တွေ၊ ဘူတာရုံတွေမှာ ဆေးလိပ်တို၊ တစ်ရှူးတို့လိုက်ရောင်းနေသည့်ကလေးတွေက တစ်ပုံတပင်။ လက်ဖက်ရည်ဆိုင်တွေ၊ ထမင်းဆိုင်တွေ၊ ယုတ်စွအဆုံး အရက်ဆိုင်တွေမှာပါ စားပွဲထိုးလုပ်နေကြသည့် ကလေးတွေက အမြောက်အမြား။


ဘဝကကြမ်းတော့ စရိုက်တွေကကြမ်းကုန်ကြသည်။ အချို့ကလေးတွေ နှစ်လုံး၊ သုံးလုံး၊ ဘောလုံး အကုန်လောင်းကစားတတ်ကြသည်။ အချို့ကလေးတွေ ဆေးလိပ်၊ အရက်သောက်တတ်ကြသည်။ ကော်ရှူတတ်ကြသည်။ ပညာရေးစနစ်ညံ့ဖျင်းလှ၍ ကျောင်းတွင်းကကလေးတွေအတွက် ရင်လေးနေရသည့်အထဲ ထိုညံ့သည့် ပညာရေး စနစ်ကိုပင်ထိတွေ့ခွင့်မရသည့် ကလေးတွေက အမြောက်အမြားရှိနေသည်။

မြို့ပြရဲ့ပုံရိပ်တွေက သည်လိုအကြည်းတန်လို့ ကျေးလက်ကရော လှသလားဆိုတော့ မြေသိမ်း၊ လယ် သိမ်းကိစ္စတွေနှင့် လူကြီးတွေထမင်းအိုး ပျောက်သွားတော့ စားကျက်သစ်ရှာရာနောက်ကို လိုက်ရင်း အချို့ကလေးတွေ အတန်းတစ်တန်းကိုပင်နှစ်ပေါက်အောင်မနေကြရ။ အချို့ရွာငယ်ကလေးတွေ ကျတော့လည်း တက်စရာ ကျောင်းကို မရှိလို့ ကျောင်းဆိုလျှင် ဘုန်းကြီးကျောင်းလောက်သာတွေ့ဖူးသည့် ကလေးတွေကလည်း အများအပြားရှိနေ၏။ ဤပြဿနာကို ပေါ့ပေါ့တန်တန်သဘောထား၍ မရနိုင်ပေ။ ကလေးငယ်တွေအကြောင်းအမျိုးမျိုးနှင့် ပညာသင်ကြား ခွင့်ဆုံးရှုံးနေခြင်းသည် နိုင်ငံ၏အနာဂတ်အတွက် ရင်လေးစရာကောင်းလှပါသည်။ အရွယ်မရောက်သေးသည့်ကလေးငယ်များကိုမိဘများကိုယ်တိုင်က ခိုင်းစားနေခြင်းကို မည်သို့တားဆီးနိုင်မလဲ။ လုပ်ငန်းခွင်တွေမှာကလေးငယ်များ၏ လုပ်အားကို ဈေးချိုချိုနှင့် ရယူနေခြင်းကိုမည်သို့ကာကွယ်နိုင်မလဲ။ လေလွင့်ပြီး လမ်း ပေါ်ရောက်နေသော ကလေးငယ်များကို မည်သို့စည်းရုံးနိုင်မလဲ။ မိဘတွေ အလုပ်ပြောင်းရာနောက်လိုက်ပြောင်းနေရသည့် ကလေးတွေ နှစ်ပေါက်အောင် ပညာသင်နိုင်ဖို့ မည်သို့ကူညီနိုင်မလဲ။ စာသင်ကျောင်းမရှိတဲ့ ရွာက ကလေးတွေအတွက် မည်သို့ စီစဉ်နိုင်မလဲ။

သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများကညွှန်ကြားချက်ထုတ်ရုံ၊ အောက်ခြေအဖွဲ့အစည်းများကလည်းစာရင်းလိုက်ကောက်ရုံ၊ အထက်သို့ပြန်တင်ရုံနှင့်တော့ ဤပြဿနာများ ပြေလည်မသွားနိုင်ပေ။ လက်တွေ့ကျသော နည်းလမ်းများကို ဝိုင်းဝန်းကြံဆ ကြရပါလိမ့်မည်။ ရပ်ရွာလူထု အခြေပြုအဖွဲ့အစည်းများ အားကောင်းလာအောင် အုပ်ချုပ်ရေးပိုင်းက အားပေးကြရပါမည်။ အသိအမြင်နည်းပါးသော မိဘများကို ပညာပေး စည်းရုံးတာမျိုးတွေ ကျယ်ကျယ်ပြန့်ပြန့်လုပ်ရပါမည်။ ဆင်းရဲနွမ်းပါး ကလေးငယ်များ ပညာသင်ကြားရေးအတွက် နိုင်ငံတော်က သီးခြားဘတ်ဂျက်ခွဲဝေ၍ သုံးစွဲသင့်လျှင် သုံးစွဲရပါ မည်။ စာသင်ကျောင်းမရှိသည့် ရွာများတွင် ဘုန်းတော်ကြီး သင်ပညာရေးကျောင်းများထွန်းကားလာအောင် အားပေးရပါမည်။ စေတနာရှင်၊ အလှူရှင်တွေ များများပေါ်လာအောင် စည်းရုံးရပါမည်။

အလုပ်ခွင်တွေမှာကလေးအလုပ်သမားတွေရှိနေသေးသမျှ၊ လမ်းကြိုလမ်းကြားတွေမှာပလတ်စတစ်ကောက်သည့် ကလေးတွေကို တွေ့နေသေးသမျှ၊ ဘူတာရုံတွေ၊ သင်္ဘောဆိပ်တွေမှာ ကလေးဈေးသည်တွေ ရောင်းနေသေးသမျှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အလှမ်းဝေးနေပါဦးမည်။

သက်ဆိုင်ရာနယ်ပယ်အသီးသီးမှ တာဝန်ရှိသူများအားလုံး သွေးအေးမနေဘဲ အပူတပြင်း လုပ်ဆောင်ကြဖို့ အချိန်တန်ပြီဟု ထင်ပါသည်။



မျက်နှာဖုံးမှ

## မြေမြှုပ်မိုင်းများရှင်းရန် အချိန်မည်မျှလိုသနည်း

ဆယ်စုနှစ်ပေါင်းများစွာသက်ဆိုးရှည်ခဲ့သည့်ပြည်တွင်းစစ်၏အမွေဆိုးအဖြစ် မြေမြှုပ်မိုင်းအန္တရာယ်ကို မြန်မာပြည်သားများခံစားခဲ့ရပြီးဖြစ်သည်။ ခံစားနေရဆဲလည်းဖြစ်သည်။ (ICBL)၏ အစီရင်ခံစာအရ မြန်မာနိုင်ငံတွင် ၁၉၉၉မှ ၂၀၁၁ခုနှစ်အတွင်း ၃၂နာရီကြာတိုင်းလူတစ်ဦးနှုန်း မြေမြှုပ်မိုင်းဒဏ်ခံစားခဲ့ရကြောင်း ၎င်းတို့ စုဆောင်းမိသမျှ အချက်အလက်ပေါ် အခြေခံကာထုတ်ပြန်သည်။

ယင်းအရေအတွက်ကို အခြေခံပြီး တွက်မည်ဆိုပါကပြည်တွင်းစစ်စတင်ခဲ့ချိန်မှယနေ့အထိ လူပေါင်း ၁၇,၀၀၀ ထက်မနည်း မြေမြှုပ်မိုင်းဒဏ်ခံစားခဲ့ရပြီးဖြစ်သည်ဟုဆိုနိုင်သည်။ အချို့သော မြေမြှုပ်မိုင်းတားဆီးရေးတက်ကြွလှုပ်ရှားသူများက အရေအတွက်သည့်ထက်ပိုကောင်းပိုနိုင်သည်ဟု ဆိုသည်။

အသက် ၂၈နှစ်အရွယ်ကို မောင်မောင်သည် အထက်ပါ ၁၇,၀၀၀ကျော်သောလူများ အနက်မှ တစ်ယောက်ဖြစ်သည်။ သူသည် ၂၀၁၁ခုနှစ်အတွင်း ကချင်ပြည်နယ်တစ်နေရာတွင် မြေမြှုပ်မိုင်းနင်းမိသောကြောင့် ခြေတစ်ဖက်ဆုံးရှုံးခဲ့ရသူဖြစ်သည်။

"ကိုယ့်ရှေ့မှာလူတစ်ယောက်မိုင်းနင်းမိသွားတာမြင်တဲ့အခါမှာ ကျန်တဲ့သူတွေက နောက်ထပ် ခြေတစ်လှမ်းလှမ်းဖို့တောင် သေလောက်အောင်လန့်နေကြတယ်။ ကိုယ့်ခြေလှမ်းကသာ မိုင်းပေါ် ကျသွားခဲ့ရင်ဆိုတဲ့အတွေးနဲ့လေ"ဟု ကိုမောင်မောင်(အမည်လွှဲ)က ပြောသည်။

သူကဲ့သို့ပင် နောက်ခြေတစ်လှမ်းချဖို့အရေး ကြောက်ရွံ့တွေဝေနေသည့် သူများမြန်မာနိုင်ငံတွင် ဒုနဲ့ဒေးရှိနေသည်။ အဘယ့်ကြောင့်ဆိုသော်မြန်မာနိုင်ငံသည် ၂၀၁၁ခုနှစ်အထိ ကမ္ဘာပေါ်တွင် လက်နက်ကိုင်တပ်ဖွဲ့များက မြေမြှုပ်မိုင်းများ ကိုလူသတ်မိုင်းအဖြစ် ပုံမှန်အသုံးပြုနေသည့် တစ်ခုတည်းသောနိုင်ငံအဖြစ်ရှိနေသောကြောင့်ဖြစ်သည်။

ICBL ကထုတ်ပြန်သော စာရင်းများအရ ပြည်သူများသည် မိုင်းအန္တရာယ်ကျရောက်နိုင်သော ပြည်နယ်ထဲတွင်သူနေထိုင်ရာရှမ်းပြည်နယ်လည်း အပါအဝင်ဖြစ်သည် ။ ရှမ်းပြည်နယ်နှင့်အတူ ကချင်၊ကယား(ကရင်နီ)၊မွန်၊ရခိုင်စသည် ပြည်နယ်များနှင့် ပဲခူး၊ တနင်္သာရီစသည့် တိုင်းဒေသများတွင်နေထိုင်သူပြည်သူများသည် မိုင်းအန္တရာယ်ကျရောက်နေသည်ဟုICBL အစီရင်ခံစာကဆိုသည်။

"အစိုးရ၊တိုင်းရင်းသားလက်နက်ကိုင်တွေအပါအဝင်အခွင့်အာဏာရှိသူတွေက မြေအောက်ထဲကမိုင်းတွေကို တူးဖို့ကို သယံဇာတ တူးဖို့လောက်စိတ်မဝင်စားကြဘူး" ဟု ရှမ်းပြည်နယ်မြောက်ပိုင်း မန်တုံမြို့အတွင်းနေထိုင်သည့်ပလောင်တိုင်းရင်းသားတစ်ဦးကပြောသည်။

မိုင်းအန္တရာယ်ကျရောက်နေသည့်နေရာအများစုမှာတိုင်းရင်းသား(သို့မဟုတ်)အခြားလက်နက်ကိုင်တပ်ဖွဲ့များနှင့် စစ်ရေးအရှိန်တင်းမာနေဆဲနေရာများ (သို့မဟုတ်)တင်းမာခဲ့သည့်နေရာများဖြစ်သည်။

လက်ရှိအချိန်တွင် စစ်ရေးတင်းမာမှုအကြီးဆုံးဖြစ်နေသည့် ကချင်ပြည်နယ်အတွင်းတွင်လည်း မြေမြှုပ်မိုင်းအန္တရာယ်ကြောင့် သေဆုံးမှုများဖြစ်ပွားခဲ့သည်။

"မိုင်းတွေကြောင့် အခုချိန်ပြန်မယ်ဆို သိပ်လုံခြုံမှုမရှိဘူး။ ယူအန်ကလည်းပါဝင်ဖို့လိုတယ်။ မိုင်းကိုဘယ်နေရာမှာဘယ်လိုထောင်ခဲ့သလဲမသိကြတော့ကိုယ်ထောင်တဲ့မိုင်းကို ကိုယ်ပြန်နင်းမိပြီးသေတာတွေလည်းရှိတယ်"ဟု ကချင်ပြည်နယ်ရှိ ဒုက္ခသည်များအား အစဉ်တစိုက်အကူအညီပေးနေသည့်ကချင်နှစ်ခြင်းခရစ်ယာန်အသင်းတော်မှ အထွေထွေ အတွင်းရေးမှူးဒေါက်တာခလမ်ဆပ်ဆွန်က မေလ ၂၇ရက်တွင် 7Day နှင့် တွေ့ဆုံမေးမြန်းခန်းတစ်ခုအတွင်း ထည့်သွင်းပြောကြားခဲ့သည်။

၂၀၁၁ခုနှစ် ဒီဇင်ဘာလက မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ထုတ်ပြန်သောစာရင်းဇယားတစ်ခုထဲက ပင်တပ်မတော်နှင့်ကေအိုင်အိုတို့အကြားတိုက်ပွဲများဖြစ်ပွားနေသောကချင်ပြည်နယ်တိုက်ပွဲများအတွင်း ဒဏ်ရာရသူ၊ မိုင်းထိသူပြည်သူ ၁၇၇ဦးကို ဆေးရုံများ၌ကုသပေးနေရကြောင်း ထုတ်ပြန်သည်။

ထို့အပြင် လူ့အခွင့်အရေးဆိုင်ရာကော်မရှင်က ပြည်သူများကို ထိခိုက်စေသည့် မြေမြှုပ်မိုင်းအသုံးပြုခြင်းကို ရှောင်ရှားဖို့လိုကြောင်းတိုက်တွန်းမှုများပြုလုပ်ခဲ့သည်။

သို့ရာတွင် တိုင်းရင်းသားလက်နက်ကိုင်များနှင့် အစိုးရတပ်ဖွဲ့များစစ်ရေးတင်းမာနေသည့် ဒေသများတွင် "မြေမြှုပ်မိုင်းအသုံးပြုခြင်းကို ရှောင်ရှားဖို့" ဆိုသည်မှာ လက်ရှိအခြေအနေတွင် ဖြစ်နိုင်သောကိစ္စတစ်ခုဟု မထင်ကြောင်း မန်တုံဒေသခံပလောင်တိုင်းရင်းသားကပြောသည်။

မြေမြှုပ်မိုင်းဆိုသည်မှာ အန္တရာယ်များလှသော်လည်းတစ်ဖက်ရန်သူ အနားကပ်မလာစေရေးအတွက်အဟန့်အတားအဖြစ် အသုံးဝင်နေဆဲဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

"မြန်မာပြည်မှာ မိုင်းရှင်းလင်းရေးလုပ်ဖို့ ကြိုတင်လေ့လာဆန်းစစ်ချက်တွေလုပ်နေပါတယ်။ အဲဒီဆန်းစစ်ချက်တွေထဲမှာ ဒေသခံတွေသဘောမတူရင်မိုင်းရှင်းလင်းရေးမလုပ်ဘူးဆိုတဲ့ အချက်ကိုလည်းထည့်ထားပါတယ်"ဟု မြန်မာ့ငြိမ်းချမ်းရေးပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန (MPC)မှမြေမြှုပ်မိုင်းရှင်းလင်းရေးအတွက်လုပ်ဆောင်နေသည့်တာဝန်ရှိသူကပြောသည်။

ဒေသခံအများစုက မြေမြှုပ်မိုင်းများမရှိခြင်းက ပိုကောင်းသည်ဟုလက်ခံသော်လည်းအချို့ကမူ လက်နက်ကိုင်တပ်ဖွဲ့များ၏အနိုင်ကျင့်မခံရစေရေး၊ မိမိတို့ပစ္စည်းဥစ္စာပိုင်ဆိုင်မှုကိုကာကွယ်စေရေးတို့အတွက် မဖယ်ရှားစေလိုခြင်းဖြစ်ကြောင်း ၎င်းကပြောသည်။

မြေအောက်ထဲက မြေမြှုပ်မိုင်းများ ပြန်လည်ဖော်ရေး အတွက် အရေးအကြီးဆုံးအချက်မှာ လက်နက်ကိုင်တပ်ဖွဲ့များအကြားအပစ်အခတ်ရပ်စဲမှုနှင့် ပတ်သက်ပြီးခိုင်မာသောအာမခံချက်ရရှိရန်ဖြစ်ကြောင်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များကပြောသည်။ တိုင်းရင်းသားလက်နက်ကိုင်များအတွက် မြေမြှုပ်မိုင်းများပြန်ဖော်ရေး၏ နောက်ကွယ်တွင် ပိုမိုနက်ရှိုင်းသော အကြောင်းတရားများရှိနေသေးကြောင်း လက်နက်ကိုင်များကပြောသည်။

"အပစ်အခတ်ရပ်စဲထားတာလေ။ အခုငြိမ်းချမ်းရေးဆိုတာကလမ်းခုလတ်မှာပဲ ရှိသေးတယ်။ ကိုယ်ပိုင်အချုပ်အခြာပြဋ္ဌာန်းခွင့်နဲ့ အလုံးစုံငြိမ်းချမ်းရေးရမှ မိုင်းတွေအားလုံးပြန်ဖော်ချင်တယ်" ဟု ကရင်နီလူမျိုးပေါင်းစုံပြည်သူ့လွတ်မြောက်ရေးတပ်ဦးမှ ပြောရေးဆိုခွင့်ရှိသူဦးလောဟိန်းစိုးက ပြောသည်။

လက်ရှိတွင် အမေရိကန်အပါအဝင်နိုင်ငံအချို့က မြေမြှုပ်မိုင်းအန္တရာယ်ကာကွယ်ရေး၊ ဖယ်ရှားရေးအတွက်ကမ်းလှမ်းကူညီမှုများရရှိနေသော်လည်း အလုံးစုံအပစ်အခတ်ရပ်စဲရေးသာမကငြိမ်းချမ်းရေးမရရှိသေးသရွေ့ မိမိတို့တပ်များ၏ လုံခြုံရေးအရမိုင်းဖယ်ရှားပေးရန် အလိုမရှိသေးကြောင်း၎င်းကပြောသည်။

အခြားတိုင်းရင်းသားအင်အားစုများကလည်း အဆိုပါအချက်ကို သဘောတူကြသည်။ ကယန်းပြည်သစ်ပါတီနှင့်ကယန်းအမျိုးသားပါတီတို့ကလည်း မြေမြှုပ်မိုင်းပြန်လည်ရှာဖွေဖော်ထုတ်ရေးသည် နိုင်ငံရေးဖြစ်စဉ်များနှင့် ဆက်နွယ်နေကြောင်းထောက်ခံပြောဆိုသည်။

နိုင်ငံရေးအရဆွေးနွေးပွဲများအောင်မြင်ပြီး စိတ်ချရသော အခြေအနေရောက်ပါမှ မြေမြှုပ်မိုင်းဘက်သို့ ခြေဦးလှည့်မည်ဟုဆိုသော်လည်း အမှန်တကယ်မြေမြှုပ်မိုင်းဖော်ရေး အကောင်အထည်ဖော်ပါက အခက်တွေ့မည့်အချက်က လက်နက်ကိုင်အဖွဲ့ပေါင်းသောင်းခြောက်ထောင်ကမည်သည့်နေရာတွင် မြေမြှုပ်မိုင်းမြှုပ်နှံခဲ့သည်ကို တိကျသည့်မြေပုံမှာ ရှားပါးလွန်းခြင်းဖြစ်ကြောင်း မြေမြှုပ်မိုင်းဆန့်ကျင်ရေးလှုပ်ရှားသူများကပြောသည်။

ရှိသောမြေပုံများမှာလည်း တစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့များလက်ထဲမရောက်စေရေးအတွက်အထူးလျှို့ဝှက်ထားကြသည်။

ဒေသတွင်းလုံခြုံရေးနှင့်တပ်ဘက်ဆိုင်ရာလုံခြုံရေးအတွက် အစိုးရနှင့် အပစ်အခတ်မရပ်စဲမီယနေ့အထိ မိမိတို့တပ်စခန်းမှထောင်ထားသည့်မြေမြှုပ်မိုင်းများ၏မြေပုံကိုစနစ်တကျသိမ်းဆည်းထားပြီး နိုင်ငံရေးဆွေးနွေးပွဲများမပြုလုပ်သေးသရွေ့ထိပ်တန်းလျှို့ဝှက်ချက်တစ်ခုအဖြစ် ယင်းမြေပုံများကို ဆက်လက်သိမ်းဆည်းထားဦးမည်သာဖြစ်ကြောင်း ဦးလောဟိန်းစိုးကဆိုသည်။

မြေပုံမရှိဘဲ မိုင်းမြှုပ်ထားသည့် ဖြစ်စဉ်များသည် အခြားလက်နက်ကိုင်များသာမက အစိုးရ၏တပ်ဖွဲ့ဝင်များပင်ပြုလုပ်လေ့ရှိကြောင်းစွပ်စွဲမှုများလည်းရှိသည်။

တပ်မတော်က အများဆုံးမိုင်းထောင်ခြင်းမှာ မိမိတို့စခန်းတွေကို ကာကွယ်ရန်အတွက် စခန်းအနီးကတောင်ကုန်းနှင့်စခန်းခြံစည်းရိုး အရှေ့ဘက်များတွင်ထောင်လေ့ရှိကြောင်း၊ စွန့်လွှတ်မိုင်းထောင်ခြင်းမှာ နည်းပါးကြောင်း၊ တစ်ခါတစ်ရံ တစ်ဖက်အဖွဲ့နယ်မြေထဲကို ဝင်ရောက်စစ်ဆင်ရေးလုပ်ပြီး ပြန်ထွက်လာသည့်အခါနောက်ကလိုက်မတိုက်နိုင်အောင် ကာကွယ်သည့်အနေဖြင့်စွန့်လွှတ်မိုင်းထောင်ခဲ့သည်ကလွဲပြီး စွန့်လွှတ်မိုင်းထောင်လေ့မရှိကြောင်း နိုင်ငံတော်သမ္မတ၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွဋ်ကပြောသည်။

"နိုင်ငံတကာ ကျင့်စဉ်များအရပဋိပက္ခတစ်ခုပြီးဆုံးသွားရင်မိုင်းရှင်းလင်းရေး (De Mining) ကိုလုပ်ရပါတယ်။ အဲဒီမှာအခက်ခဲဆုံးက စွန့်လွှတ်မိုင်းများပဲဖြစ်ပါတယ်။ များသောအားဖြင့် တစ်ဖက်အဖွဲ့အစည်းများက ပြောက်ကျားစနစ်နဲ့ထောင်ခဲ့တာဆိုတော့မှတ်တမ်းမရှိသလောက်ဖြစ်ပါတယ်"ဟုတပ်မတော်တွင်ဒုတိယဗိုလ်မှူးကြီးရာထူးအထိတာဝန်ထမ်းဆောင်ခဲ့သည့် ဦးရဲထွဋ်ကပြောသည်။

တစ်ပြည်လုံးရှိ မြေမြှုပ်မိုင်းများကို အလုံးစုံဖယ်ရှားရေးမှာအလွန်ထိလွယ်ရှလွယ်ဖြစ်နေပြီးနိုင်ငံရေး၊ ဒေသဖွံ့ဖြိုးရေးနှင့်ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များပေါ်တွင်မူတည်နေကြောင်း MPCမှ မြေမြှုပ်မိုင်း ရှင်းလင်းရေးအတွက်လုပ်ဆောင်နေသည့် တာဝန်ရှိသူကပြောသည်။

မြန်မာနိုင်ငံတွင် ခေတ်အဆက်ဆက်ကမြှုပ်နှံခဲ့သော မိုင်းအရေအတွက်မည်မျှရှိသည် မည်သည့်နေရာများတွင်ရှိနေကြောင်းပြောဆိုရန်မှာခက်ခဲသကဲ့သို့ အဆိုပါမိုင်းများကို မည်သည့်အချိန်တွင် အလုံးစုံပြန်လည်ဖော်ထုတ်ဖယ်ရှားနိုင်မည်ဆိုသည်မှာလည်း အဖြေရှာခက်ခဲလှသောမေးခွန်းတစ်ရပ်ဖြစ်သည်။

သို့သော်လည်းစာရင်းဇယားများ၏ ဖော်ပြချက်များအရဆိုလျှင် အနည်းဆုံး နောက်ထပ် ၃၂နာရီကြာတိုင်းလူတစ်ယောက်မှာ မိုင်းဒဏ်ကြောင့် အတိဒုက္ခရောက်ရဦးမည်ဖြစ်သည်။

မျက်နှာဖုံးမှ

## သမဝါယမလုပ်ငန်းပါဝင်သူများအရေးကြီး

သမဝါယမလုပ်ငန်းများကို အကောင်အထည်ဖော်ရာတွင် အတိတ်ကာလက ကောင်းမွေ ဆိုးမွေကိုလက်ခံသင်ခန်းစာယူပြီးလက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဟု နိုင်ငံတော်သမ္မတဦးသိန်းစိန်က ရန်ကုန်တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင့်ရေးအခမ်းအနားတွင်ပြောကြားသည်။

သမဝါယမစနစ်အမှန်တကယ်အားကောင်းမည်ဆိုပါကဈေးကွက် စီးပွားရေးစနစ်တွင်များစွာ အားထားရသည့် လုပ်ငန်းများဖြစ်သည်။ နိုင်ငံတွင် ကုန်ဈေးနှုန်းများကြီးမြင့်ပါက ပြည်သူများသက်သာချောင်ချိရေးအတွက် ထုတ်ကုန်များကို ဈေးလျှော့ရောင်းခြင်းဖြင့်ဝင်ရောက် ထိန်းသိမ်းနိုင်ကြောင်း ကမ္ဘာ့ဇဘဏ်ဒုတိယဥက္ကဋ္ဌ ဦးသန်းလွင်ကရှင်းပြ သည်။

"အရင်က မအောင်မြင်တာတွေကို ဘာကြောင့် မအောင်မြင်တာလဲဆိုတဲ့ သုံးသပ်ချဉ်းကပ်မှုမျိုးနဲ့ စဉ်စားပြီးမှလုပ်သင့်တယ်" ဟု နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ဝင်ဦးတင်မောင်သန်းကဆိုသည်။

မြန်မာနိုင်ငံတွင် စီးပွားရေးဖွံ့ဖြိုးမှုအတွက်အခြေခံကောင်းများဖြစ်သည့် ရာသီဥတုကောင်းမွန်မှု၊ စိုက်ပျိုးမြေများစွာရှိမှု၊ လုပ်သားအင်အားများအပြည့်အဝရှိသည်။ ထို့အပြင် သားငါး၊ သတ္တုရေနံ၊ သဘာဝဓာတ်ငွေ့စသည့် သဘာဝအရင်းအမြစ်များစွာ ပေါကြွယ်ဝသည့်နိုင်ငံဖြစ်သည်။ သို့သော် မြန်မာနိုင်ငံမှာ ယနေ့ထိ ဆင်းရဲနွမ်းပါးသည့် LDC အဖွဲ့ဝင်တစ်ခုဖြစ်နေဆဲဖြစ်သည်။ ထို့ကြောင့် လက်ရှိအခြေအနေက ရုန်းထွက်ရန်တိုင်းပြည်ချမ်းသာရန် ထက် ဆင်းရဲနွမ်းပါးမှု လျှော့ချဖို့ ဦးစားပေးဆောင်ရွက်ရန်လိုအပ်ကြောင်းနိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ပြောကြားသည်။

ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ် ရှစ်ရပ်ကို အကောင်အထည်ဖော်ရာတွင် သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးရေးလည်းပါဝင်သည်။သမဝါယမလုပ်ငန်းများကငွေကြေးအရင်းအနှီးပေးနိုင်သည့်အတွက် ဆင်းရဲနွမ်းပါးမှုလျှော့ချရန် အထောက်အကူဖြစ်ကြောင်း သမ္မတကဆက်လက်ပြောကြားသည်။

"ဈေးကွက်စီးပွားရေး မှာအစိုးရက ဝင်စွက်ဖက်ချင်လို့သမဝါယမကို အသက်ပြန်သွင်းတာလို့ ယူဆတယ်။ ဈေးကွက်စီးပွားရေးစနစ်မှာ အစိုးရဝင်ထိန်းပေးတာပဲလုပ်သင့်တယ်"ဟု ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဖြိုးမင်းသိန်းကဆိုသည်။

ဆင်းရဲနွမ်းပါးမှု ပပျောက်ရေးအတွက် အသေးစားချေးငွေလုပ်ငန်းလုပ်ကိုင်ရန်ဗီယက်နမ်နိုင်ငံတွင်သမဝါယမကလယ်သမားများကို ချေးငွေများ ထုတ်ပေးခဲ့သည်။ ဗီယက်နမ်ကျေးရွာများမှလယ်သမားများသမဝါယမချေးငွေများအုပ်စုဖွဲ့ပေးရာတွင်လုပ်ငန်းအောင်မြင်မှုများရခဲ့သည်။

သို့သော်မြန်မာနိုင်ငံ၌ သမဝါယမလုပ်ငန်းများက သွားချင်တဲ့ပုံစံနှင့် စိုက်ပျိုးရေးကသွားချင်သည့်ပုံစံညှိနှိုင်းဆောင်ရွက်ရန် အခက်အခဲနှင့် ဝန်ကြီးဌာနများကပူးပေါင်းဆောင်ရွက်သည့်အလေ့အကျင့်မရှိမှုတို့ကြောင့် အောင်မြင်နိုင်ခြေနည်းပါးကြောင်း ဘဏ်လုပ်ငန်းပညာရှင်ဦးမျိုးဦးကဆိုသည်။

"အကောင်အထည်ဖော်တဲ့အပိုင်းမှာစနစ်တကျနဲ့စီမံခန့်ခွဲလုပ်ကိုင်မယ်ဆိုရင်အောင်မြင်မှုရနိုင်ပါတယ်"ဟု ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်ဒေါက်တာစိုးထွန်းကဆိုသည်။

လက်ရှိမြန်မာနိုင်ငံ၏ သမဝါယမလုပ်ငန်းများမှာကျေးရွာအသင်းအဖွဲ့များ အဓိကဖွဲ့စည်းပြီး ချေးငွေများထုတ်ပေးရေးဖြစ်သည်။ ကျေးရွာပေါင်းခြောက်သောင်းကျော်တွင် အသင်းအဖွဲ့များဖွဲ့စည်းနေသည်။ ကျေးရွာသမဝါယမအသင်းများအားငွေပေးရာတွင် ရွာတစ်ရွာကိုကျပ် သိန်း ၁၀၀ဖြစ်ပြီး နောင်တွင်ကျပ် သိန်း၅၀၀ထိတိုးပေးရန်စီစဉ်ကြောင်း သမဝါယမဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးဦးဆွေတင့်ကပြောသည်။

သမဝါယမဝန်ကြီးဌာနမှလက်အောက်ရှိကျေးလက်အသင်းများကိုချေးငွေကျပ်ဘီလီယံ၆၀ နီးပါးထုတ်ချေးထားသည်။ သမဝါယမအသင်းအဖွဲ့များ၏ ချေးငွေကို အကျေပြန်ဆပ်ပြီးသည့် အသင်းသားများကိုသာထုတ်ပေးရန် စည်းကမ်းသတ်မှတ်ထားသည်။ ထို့အပြင် ချေးငွေရယူသူအသင်းသားများမှာချေးငွေ၏ ၁၀ရာခိုင်နှုန်းကိုပြန်လည် စုငွေဖြင့်အသင်းကိုပြန်အပ်ရသည်။

ထို့အပြင် သမဝါယမ၏ လုပ်ငန်းများမှာကုန်ထုတ်သမဝါယမအသင်းများအဆင့်မြှင့်တင်ခြင်း၊မိရိုးဖလာစိုက်ပျိုးရေးမှ စက်မှုစိုက်ပျိုးရေးသမဝါယမသို့ အဆင့်မြှင့်တင်ခြင်း၊ သမဝါယမအသင်းတစ်သင်းထုတ်ကုန်တစ်ခုဖြစ်ရန် စီစဉ်ခြင်း၊ မွေးမြူရေးသမဝါယမအဆင့်မြှင့်တင်ခြင်း၊ ဝန်ဆောင်မှုသမဝါယမအဆင့်မြှင့်တင်ခြင်းတို့ဖြစ်သည်။

"အရင်က သမဝါယမကအောက်လူ ၃၅၊ အပေါ် ၆၅ဆိုတဲ့ခွဲတမ်းတွေကြောင့်နာမည်ပျက်ခဲ့ရတယ်။ အမှုဆောင်ရွေးချယ်ရာမှာလည်းလာဘ်စားမှုတွေရှိခဲ့တယ်"ဟု စီးပွားရေးပညာရှင်ဦးလှမောင်ရွှေက ရှင်းပြသည်။

သမဝါယမလုပ်ငန်းများမှာ အောက်ခြေမှ စုဖွဲ့ပြီး ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သည်။ ထို့အပြင် အတိတ်က သမဝါယမလုပ်ငန်းများတွင်လာဘ်စားမှုများ၊ခေါင်းပုံဖြတ်မှုများရှိခဲ့သဖြင့် ယနေ့ဒီမိုကရေစီခေတ်တွင်ပြန်လည်အသက်မသွင်းသင့်ကြောင်း ဦးကြည်မြင့်ကပြောကြားသည်။

# Health

7 DAY NEWS JOURNAL

Vol.12, No.13 • JUNE 5 , 2013


## ကျောင်းနေအရွယ် လူငယ်များ ဆေးလိပ်နှင့် ဆေးရွက်ကြီး အသုံးပြုမှု ပြန်လည်မြင့်တက်

**ဝတ်ရည်အောင်**

**ရန်ကုန်-ဇွန် ၁**

ကျောင်းနေအရွယ် လူငယ်များအတွင်း ဆေးလိပ်သောက်သုံးမှုနှင့် ဆေးရွက်ကြီးပါသော ကွမ်းစားသုံးမှုပြန်လည်မြင့်တက်လာကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စစ်တမ်းများအရ သိရသည်။

၂၀၀၁ ခုနှစ်က ပြုလုပ်ခဲ့သည့် စစ်တမ်း (Global Youth Tobacco Survey 2001)အရ ရှစ်တန်းမှ ၁၀ တန်းကျောင်းသားလူငယ်များတွင် ၁၀ ဦးလျှင် တစ်ဦးကျော်(၁၀ ရာခိုင်နှုန်းကျော်) ဆေးလိပ်သောက်မှု ရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ၄ ရာခိုင်နှုန်းကျော်အထိ ကျဆင်းခဲ့သော်လည်း ၂၀၁၁ စစ်တမ်းတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးအသုံးပြုမှု ၆ ရာခိုင်နှုန်းသို့ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာအောင်ထွဏ်း(ကျောင်းကျန်းမာရေး)က ပြောသည်။

"ဆေးလိပ် တစ်ဘူး ၃၀၀ လောက်ဆိုတော့ လူတိုင်းသောက်နိုင်တယ်လေ"ဟု ဆေးလိပ်ဆန့်ကျင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ ဆရာဝန်စာရေးဆရာမတစ်ဦးက ပြောသည်။

ပြည်တွင်းတွင် ဆေးလိပ်သောက်သုံးမှုလျော့ကျစေရန် ရုပ်သံများ၊ ဂျာနယ်စာစောင်များ၌ ဆေးလိပ်ကြော်ငြာများ ပိတ်ပင်ထားသော်လည်း ပြည်တွင်းရှိ ဈေးနှုန်းချိုသာလွန်းနေသော ဆေးလိပ်များကြောင့် လူထုအတွင်းတွင် ဆေးလိပ်သောက်သုံးမှုမြင့်တက်နေဆဲဖြစ်ကြောင်း ဆေးလိပ်တိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေသူများက ထောက်ပြပြောဆိုသည်။

ယခုနှစ် သကြၤန်တွင် မဏ္ဍပ်တစ်ခု၌ ဆေးလိပ်ကြော်ငြာသီချင်းများ သီဆိုပြီး ဆေးလိပ်များ ကြဲချခြင်းသည် နိုင်ငံမှ တရားဝင်ပြဋ္ဌာန်းထားသည့် ဥပဒေကို ချိုးဖောက်ခြင်းဖြစ်ကြောင်း ဒေါက်တာအောင်ထွဏ်းက ပြောသည်။ ဥပဒေအရ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများကို လူအများသိစေရန် ဆောင်ရွက်ပါက ထောင်ဒဏ်၊ ငွေဒဏ်ခံရနိုင်ကြောင်း ပြဋ္ဌာန်းထားသည်။

မြန်မာနိုင်ငံတွင်လည်း ကျား၊မ အသက်အရွယ်မရွေး သေဆုံးမှုများတွင် ဆေးလိပ်သောက်ခြင်းကြောင့် သေဆုံးမှုသည် နံပါတ်လေးနေရာတွင်ရှိနေပြီး အရှေ့တောင်အာရှနိုင်ငံများတွင်လည်း ဆေးလိပ်သောက်ခြင်းကြောင့် နောက်ဆက်တွဲရောဂါများဖြစ်ပွား၍ သေဆုံးမှုများပြားကြောင်း နိုင်ငံတကာသုတေသန Global Burden Disease (GBD)၏ ညွှန်းကိန်း၌ ဖော်ပြထားသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးကြောင့် နှစ်စဉ်လူသန်းခြောက်ဆယ်ခန့်သေဆုံးနေပြီး ယခုအချိန်မှစ၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးသုံးစွဲမှု ထိန်းချုပ်ရေးကို မဆောင်ရွက်လျှင် ၂၀၃၀ တွင် လူရှစ်သန်းခန့်နှစ်စဉ်သေဆုံးနိုင်မည်ဟုကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)က ခန့်မှန်းထားသည်။

ပြည်တွင်းတွင် ဆေးလိပ်သောက်သုံးမှု လျှော့ချစေရန် ကျောင်းသားလူထုကို ပညာပေးခြင်း၊

**စာမျက်နှာ(၃၂)သို့**

## သွေးလန့်လျှင် ဆေးရုံသို့ အမြန်အရောက်ပို့ရန် ဆေးရုံအုပ်ကြီး အကြံပြု

**ဝတ်ရည်အောင်၊ ရဲနောင်**

**ရန်ကုန်**-သွေးလန့်ပြီးနောက် စနစ်တကျကုသခွင့် ရရှိသောအချိန်ကွာဟချက်နှင့် ကလေးအသေအပျောက်သည် တိုက်ရိုက်သက်ဆိုင်နေသည့်အတွက် ဆေးရုံမြန်မြန်ရောက်ရန် အရေးကြီးကြောင်း ဆေးရုံအုပ်ကြီးက ပြောသည်။

"ကျွန်တော်တို့ ရပ်ကွက်ထဲက ကလေးမလေး ဆေးရုံရောက်တာ နောက်ကျသွားတော့ ဆုံးသွားတယ်"ဟု ကျောက်ပန်းတောင်းမြို့နယ်ရှိ ရပ်ကွက်တစ်ခုအတွင်း တစ်ပတ်တည်းတွင် ကလေး ၁၃ ဦး သွေးလွန်တုပ်ကွေးဖြစ်ပြီး တစ်ဦးသေဆုံးသည့် အဖြစ်အပျက်ကို ထိုရပ်ကွက်အတွင်းနေထိုင်သူက ပြန်လည်ပြောသည်။



*သွေးလွန်တုပ်ကွေးဝေဒနာခံစားနေရသည့် ကလေးငယ်တစ်ဦး* ဓာတ်ပုံ - NYTimes

သွေးလွန်တုပ်ကွေးရောဂါဖြစ်ကာ သွေးလန့်ခြင်းလက္ခဏာများ ပြသပါက ကလေးအထူးကုဆရာဝန်များရှိသည့် ပြည်သူ့ဆေးရုံများသို့ လာရောက်ပြသကြရန်လည်း ရန်ကုန်ကလေးဆေးရုံအုပ်ကြီးက အကြံပြုပြောကြားထားသည်။

"ဒီလိုရာသီမျိုးမှာ ဒီလူနာတွေကများတဲ့အတွက် ကလေးဆေးရုံတွေမှာ ကလေးတွေကို ရောဂါအခြေအနေအလိုက် တစ်စုတစ်စည်းတည်းထားပြီး နာရီ၊ မိနစ်နဲ့အလိုက် စောင့်ကြည့်ပြီး လိုအပ်သလို ကုသမှုတွေ ပေးနိုင်အောင်လုပ်ထားတယ်"ဟု ဒေါက်တာသန်းထိုက်က ပြောသည်။

ဆေးရုံများတွင် သွေးလွန်တုပ်ကွေးအတွက် ဆေးဝါးများလည်း ဖြည့်တင်းထားပြီး လူနာရှင်နှင့် ဆရာဝန်တစ်ဦးနှင့်တစ်ဦး နားလည်မှုများဖြင့် လူနာ အန္တရာယ်ရှိသည့် အခြေအနေမှ လွတ်မြောက်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဒေါက်တာသန်းထိုက်က ပြောသည်။

၂၀၁၃ မှစတင်၍ ကလေးဆေးရုံကြီး ပြင်ပလူနာဌာနတွင်လည်း သွေးလွန်တုပ်ကွေးစစ်ဆေးသည့် ကိရိယာများထားရှိပြီး သွေးလွန်တုပ်ကွေးသံသယရှိလူနာများအား လိုအပ်ပါက ချက်ချင်းဆေးရုံတက်စေခြင်း (သို့မဟုတ်) ရောဂါစောင့်ကြည့်စေသည့် သီးသန့်နေရာများ ထားရှိပြီး ကုသမှုများ ဆောင်ရွက်ပေးနေသည်ဟုလည်း ဆိုသည်။

ဖြစ်ပွားမှုများပြီး ကလေးငယ်များ သေဆုံးစေသည့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုလျှော့ချစေရန် လူအားလုံး ပါဝင်ဆောင်ရွက်မှ ရရှိမည်ဖြစ်သည်။

**စာမျက်နှာ(၃၂)သို့**

## နှုတ်ခမ်းကွဲ အာခေါင်ကွဲဝေဒနာရှင် ၁၅၀ ကို အခမဲ့ခွဲစိတ်ကုသပေးမည်

**ရဲနောင်**

**ရန်ကုန်- ဇွန် ၁**

ရန်ကုန်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ဇွန် ၁၅ ရက်မှ ၂၂ ရက်အထိ မြန်မာနိုင်ငံမှ မျက်နှာနှင့်မေးရိုးခွဲစိတ်အထူးကုဆရာဝန်ကြီးများနှင့် စင်ကာပူနိုင်ငံ(Operationf Smile)မှ ခွဲစိတ်ဆရာဝန်များပူးပေါင်းကာ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသမှုပြုလုပ်ပေးမည်ဟု သတင်းရရှိသည်။

ယခုခွဲစိတ်ကုသမှုအစီအစဉ်တွင် ဝေဒနာရှင် ၁၅၀ ခန့်ကိုလက်ခံကုသပေးမည်ဖြစ်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ စင်ကာပူနိုင်ငံ F&N ကုမ္ပဏီနှင့် မြန်မာဘရူဝါကုမ္ပဏီတို့က အဓိကပံ့ပိုးပေးခြင်းဖြစ်သည်။

" အခုကစပြီး စာရင်းတွေလက်ခံနေပါပြီ။ အယောက် ၅၀ လောက်ရပြီ။ နီးစပ်ရာမှာ ဒီလိုကလေးတွေရှိရင်လည်း သတင်းပေးကြပါလို့ ပြောချင်ပါတယ်"ဟု ယင်းအစီအစဉ်အတွက် တာဝန်ခံအဖြစ် ဆောင်ရွက်နေသူ ဒေါ်ဝင်းဝင်းသန်းက ပြောသည်။

စင်ကာပူနိုင်ငံ (Operation Smile)နှင့်မြန်မာနိုင်ငံတို့တတိယအကြိမ် ပူးပေါင်းဆောင်ရွက်မှုဖြစ်ပြီး ၂၀၁၀ နှင့် ၂၀၁၂ ခုနှစ်များတွင်လည်း နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ၂၀၆ ဦးကို အခမဲ့ခွဲစိတ်ကုသမှုပေးခဲ့သည်။

ပြီးခဲ့သည့် မေလအတွင်းက မုံရွာမြို့၊ ပြည်သူ့ဆေးရုံကြီးတွင် အိန္ဒိယနိုင်ငံမှ ခွဲစိတ်ဆရာဝန်များနှင့် ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင် ၁၀၀ ကျော်နှင့် မြစ်ကြီးနားမြို့ အထွေထွေရောဂါကုဆေးရုံကြီး၌ ဂျပန်နိုင်ငံမှ ခွဲစိတ်ဆရာဝန်များနှင့်ပူးပေါင်း၍ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲဝေဒနာရှင်များကို အခမဲ့ခွဲစိတ်ကုသပေးခဲ့သည်။

နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲခြင်းသည် မွေးရာပါချို့ယွင်းချက်တစ်ခုဖြစ်ပြီး ပျမ်းမျှလူ ၇၀၀ လျှင် တစ်ယောက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း ထိုကဲ့သို့ ဝေဒနာရှင်ပေါင်း တစ်သိန်းခန့်ရှိမည်ဟု ခန့်မှန်းထားသည်။

စာရင်းပေးလိုသူများသည် ဖုန်းနံပါတ် ၀၉-၇၃၁၁၃၄၀၄၊ ၀၉-၈၆၁၈၄၅၂၊ ၀၉-၆၅၀၂၄၇၉ သို့ ဆက်သွယ်နိုင်ကြသည်။








၃၀၀
ကျပ်
Coca-Cola
ယနေ့
မြန်မာပြည်တွင်
ဂုဏ်ယူစွာ
ထုတ်လုပ်သည်။
ကမ္ဘာ့နံပါတ်တစ် အချိုရည် Coca-Cola ကိုယခုအခါ Crystal Springs Company မှ မေတ္တာ၊ စေတနာ ထက်သန်စွာ ဖြင့် မြန်မာပြည်တွင် ဂုဏ်ယူစွာ ထုတ်လုပ် လျက်ရှိပါသည်။ ထိုသို့ ထုတ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံအား ကမ္ဘာ့ Coca-Cola မိသားစု၏ ၂၀၇ နိုင်ငံမြောက် နိုင်ငံ အဖြစ်ကြိုဆိုခဲ့ကြပါသည်။
ယခုအခါမြန်မာနိုင်ငံတွင် Coca-Cola အေးအေးလေးကို နေ့စဉ် သောက်သုံးနိုင်ပြီဖြစ်သည်။
Coca-Cola
အရသာရှိတယ် လန်းဆန်းစေမယ်

Regional
7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# ချင်းတွင်းမြစ်ရေဝင်ဒေသ ပဲတီစိမ်းကောက်ချိန် အလုပ်သမားရှားပါးမှုနှင့် ကြုံ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂**

မုံရွာမြို့နယ်၊ ချင်းတွင်းမြစ်ရေဝင်ဒေသများတွင် နွေသီးနှံရေသွင်းပဲတီစိမ်းကောက်ချိန်ကာလတွင် ပဲတီစိမ်းကောက်သည့် အလုပ်သမားရှားပါးမှုနှင့် ရင်ဆိုင်ခဲ့ရသည်ဟု ချင်းတွင်းရေဝင်ဒေသ တောင်သူများကပြောသည်။

“ပဲတီစိမ်းကောက်ချိန်မှာ အလုပ်သမားက လွယ်လွယ် မရတော့ဘူး။ တခြားလုပ်ငန်းတွေပြောင်းလုပ်သူတွေကြောင့်တောင်သူလုပ်ငန်းမှာ အလုပ်သမား ရှားပါးသွားတာ ဖြစ်ပါတယ်။ ပဲတီစိမ်းကောက်ဖို့ အလုပ်သမားကို ချောင်းဦးမြို့နယ်ထဲက ခင်မွန်ကျေးရွာ၊ ကျီကုန်းကျေးရွာနဲ့အမြင့်ကျေးရွာက အလုပ်သမားတွေငှားရတယ်”ဟု မုံရွာမြို့နယ် ညောင်ဖြူပင်ကျေးရွာဒေသခံ တောင်သူဦးညိုမောင်းက ပြောကြားခဲ့သည်။



*ချင်းတွင်းမြစ်ရေဝင်ဒေသ လယ်ယာလုပ်ငန်းခွင်တစ်ခု* ဓာတ်ပုံ-မျိုးမင်းဦး

မုံရွာမြို့နယ်၊ ဘုမ္မနိုးကျေးရွာဒေသခံပဲစိုက်တောင်သူတစ်ဦးက “တောင်သူလုပ်ငန်းမှာ အလုပ်သမားက သိသိသာသာရှားသွားပြီ။ ကိုယ့်ရွာက မရှိရင် အခြားရွာတွေကို သွားခေါ်ရတယ်။ ကောက်ပဲသီးနှံဈေးကောင်းရပေမယ့် အလုပ်သမား စားစရိတ်ကတက်တော့ တောင်သူတွေသိပ်မကျန်ဘူး”ဟု ဆိုသည်။

မုံရွာမြို့နယ်အတွင်း ချင်းတွင်းမြစ်ရေဝင်ဒေသပဲတီစိမ်းကောက်ရာသီတွင် အလုပ်သမားတစ်ဦးလျှင်တစ်နေ့ကုန် ၂၀၀၀ ကျပ်မှ ၂၅၀၀ ကျပ် ဝန်းကျင်ရှိပြီး မုံရွာဈေးကွက်တွင် ပဲတီစိမ်းတစ်တင်းလျှင်ကျပ်နှစ်သောင်းခြောက်ထောင်ဝန်းကျင်ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ပဲတီစိမ်းစိုက် တောင်သူအများစုသည် အလုပ်သမား စရိတ်၊ စိုက်ပျိုး စားစရိတ်ပေးနိုင်ရန်အတွက် ပဲတီစိမ်းကောက်ပြီးချိန်တွင် သိုလှောင်နိုင်ခြင်းမရှိဘဲ ဈေးကွက်သို့ ထုတ်ရောင်းသူပိုမိုများပြားလာသည်။ ပြည်တွင်း၊ ပြည်ပ အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာချိန်တွင် မုံရွာမြို့နယ်အတွင်းကျေးရွာများမှပြောင်းရွှေ့လုပ်ကိုင်သူများ ပိုမိုများပြားလာသည့်နောက်ပိုင်း တောင်သူလုပ်ငန်းတွင် အလုပ်သမားရှားပါးမှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း သိရှိရသည်။

## မောင်းထောင်ဒေသ အင်ဥပေါ်ချိန် တစ်ပိဿာ ကျပ်သုံးထောင်အထိ ဈေးကျ

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၁**

မောင်းထောင်ဒေသထွက် အင်ဥများဈေးကွက်တွင် ပေါပေါများများ ဝင်လာချိန်၌ မုံရွာဈေးကွက်၌ ကျပ်သုံးထောင်ဝန်းကျင်အထိ ဈေးကျဆင်းလာကြောင်း မုံရွာမြို့ အင်ဥရောင်းဝယ်ရေး လုပ်ငန်းရှင်များက ပြောသည်။

“အထက်ပိုင်းဒေသတွေမှာ မောင်းထောင်အင်ဥက အင်ဥဈေးကွက်မှာ ဈေးအမာဆုံးလို့ ပြောလို့ရတယ်။ မေလဆန်းပိုင်း ပေါ်ဦးပေါ်ဖျားမှာအင်ဥတစ်ပိဿာကျပ်တစ်သောင်းခွဲ ဝန်းကျင်အထိ အရောင်းအဝယ်ဖြစ်ခဲ့တာ။ အခုလှိုင်လှိုင်ပေါ်ချိန်မှာ တစ်ပိဿာကျပ်သုံးထောင်ကနေ လေးထောင်ဝန်းကျင်အထိ အင်ဥဝင်တာ အနည်းအများအပေါ် မူတည်ပြီး ဈေးကွာခြားမှုတွေ ရှိတယ်”ဟု မုံရွာဈေးကွက် အင်ဥ ရောင်းဝယ်သူများက ပြောသည်။

ဘုတလင်မြို့နယ်၊ မောင်းထောင်ဒေသ သဘာဝအင်တောများမှ အင်ရွက်များစုပုံ၍ အင်ဥထုတ်လုပ်ရောင်းချသူပိုမိုများပြားပြီး နှစ်စဉ် ဧပြီလကုန်ပိုင်းတွင် မောင်းထောင်အင်ဥများ ဈေးကွက်သို့ စတင်ဝင်ရောက်လာ၍ မေလကုန်ရပ်ပိုင်းတွင် အင်ဥများဈေးကွက်၌ ပေါများလေ့ရှိသည်။ မေလကုန်ပိုင်းတွင် ရာသီဥတုအခြေအနေအရပူ၍စိုစွတ်သောကြောင့် အင်ဥအထွက်နှုန်း ပိုများလာခြင်းကြောင့်ဈေးကွက် အတွင်း အင်ဥလှိုင်လှိုင်ပေါ် လာခြင်းဖြစ်ကြောင်း မောင်းထောင် ဒေသခံ အင်ဥရောင်းချသူများက ပြောသည်။

# ပညာရေးပြုပြင်ပြောင်းလဲမှု ဒေသဆိုင်ရာ ဆွေးနွေးပွဲများ ၂၃ မြို့တွင် ကျင်းပ

**ဖွဲ့ညက်**

**ရန်ကုန်၊ ဇွန်-၂**

ပညာရေးပြုပြင်ပြောင်းလဲရေး နိုင်ငံလုံးဆိုင်ရာကွန်ရက်၏ ဒေသဆိုင်ရာဆွေးနွေးပွဲများကို မြန်မာတစ်နိုင်ငံလုံးရှိမြို့နယ်ပေါင်း(၂၃) မြို့နယ်၌ပြုလုပ်နိုင်ကြောင်း ယင်းကွန်ရက်ဖြစ်မြောက်ရေးအဖွဲ့ဝင် ဒေါ်သူသူမာကပြောသည်။

ဒေသဆိုင်ရာဆွေးနွေးပွဲများကိုယခင်ကမြို့နယ် ၁၈ ခု၌ပြုလုပ်ရန် ရည်ရွယ်ထားသော်လည်း ပညာရေးပြုပြင်ပြောင်းလဲမှုကို စိတ်ဝင်စားသည့် ဒေသများ၏ ဆက်သွယ်မှုကြောင့်မြို့နယ်(၂၃) ခု တွင် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်ဟု ၎င်းကပြောသည်။

ဇွန်လအတွင်းပြုလုပ်မည့် နိုင်ငံလုံးဆိုင်ရာ ပညာရေးဆွေးနွေးပွဲတွင်လည်း ယခင်က ကဏ္ဍ ၁၀ ခုသာ သတ်မှတ်ထားသော်လည်း ယခုအခါကဏ္ဍ ၁၃ ခုအထိ ဆွေးနွေးရန် စီစဉ်ထားသည်ဟု ၎င်းကဆိုသည်။

အခြေခံအဆင့်မြင့် အထိ ပညာရေးပြုပြင်ပြောင်းလဲရေး ကဏ္ဍများ၊ဘုန်းကြီးသင်ပညာရေး ကဏ္ဍ၊ ပုဂ္ဂလိက ပညာရေးပြုပြင်ပြောင်းလဲမှုကဏ္ဍ၊ တိုင်းရင်းသား ဘာသာစကားနှင့် ပညာရေး၊ ကဏ္ဍစသဖြင့် ၁၀ခုစတ်မှတ်ထားရာ ယခုအခါ ဆရာ/ဆရာမများ၏ ကဏ္ဍ၊ အထူးလိုအပ်ချက်ရှိသော ကလေးများ(မသန်စွမ်း)၏ ပညာရေးကဏ္ဍနှင့် စစ်ပြေးဒုက္ခသည်ကလေးများတွင် ရွှေ့ပြောင်းကလေးများ၏ ပညာရေးကဏ္ဍများကို လည်း ဆွေးနွေးမည်ဖြစ်ကြောင်း ဒေါ်သူသူမာကဆိုသည်။

ဒေသဆိုင်ရာ ဆွေးနွေးပွဲများတွင် ပြည်နယ်ဒေသများ၌ တိုင်းရင်းသားဘာသာစကား လွတ်လွတ်လပ်လပ် သင်ကြားမှုရရှိရေးကို အဓိကဆွေးနွေးကြကြောင်း ၎င်းကပြောသည်။

ပညာရေးပြုပြင်ပြောင်းလဲရေးဆိုင်ရာ ကွန်ရက်ကို ဇန်နဝါရီလအတွင်း စတင်ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ခုနှစ်အောက်တိုဘာလတွင် ပညာရေးပြုပြင်ပြောင်းလဲရေးအတွက် စိတ်ဝင်စားသည့် နိုင်ငံရေးနှင့် လူမှုရေးအဖွဲ့အစည်း (၁၄) ဖွဲ့က စတင်ခဲ့ခြင်းဖြစ်သည်။

ယင်းကွန်ရက်၏ နိုင်ငံလုံးဆိုင်ရာ ပညာရေးဆွေးနွေးပွဲကို ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ အသင်းချုပ်ခဝဲခြံ၌ပြုလုပ်မည်ဖြစ်သည်။

# ကသာဒေသထွက်စိန်တစ်လုံးသရက်သီးများ တရုတ် တိုက်ရိုက်ဝယ်

**မျိုးမင်းဦး**

**မုံရွာ၊ ဇွန်-၂**

ကသာမြို့နယ်အတွင်းစိန်တစ်လုံးသရက်သီးများ ဇွန်လဆန်း ဈေးကွက် စတင် ဝင်ရောက်ချိန်တွင် တရုတ်-မြန်မာနယ်စပ်ကုန်သွယ်ရေးဈေးကွက်မှ တိုက်ရိုက်ဝယ်ယူမှုများရှိလာကြောင်း ကသာမြို့ ဒေသခံတောင်သူများပြောပြချက်အရသိရှိရသည်။

“အခုရွာမှာ တောင်သူတစ်ဦးက စိန်တစ်လုံးသရက်စိုက်ခင်းကို ဧက ၇၀ စိုက်ထားတာ ၁၀နှစ်လောက်ရှိပြီ။ စိန်တစ်လုံးသရက်သီးတွေကုန်တဲ့အချိန်မှာ ကသာကစိန်တစ်လုံးက စပေါ်တာဆိုတော့ တရုတ်တင်ဖို့ဝယ်လက်တွေက တိုက်ရိုက်ဝယ်တယ်။ ဇွန်လဆန်းပိုင်းမှာ နယ်စပ်ဈေးကွက်ကို စိန်တစ်လုံးသရက်သီးတွေစပို့နေပြီ”ဟု ကသာမြို့နယ်၊ အင်းတရန့်ကျေးရွာတောင်သူတစ်ဦးကပြောသည်။

ကသာမြို့နယ် ဒေသခံ တောင်သူတစ်ဦးက“ဇွန်လဆန်းမှ စိန်တစ်လုံးသရက်သီးစပေါ်တာဆိုတော့ ဈေးကွက်မှာရှားမယ့်အချိန်မှာ ကသာသရက်သီးက ဈေးကွက်စဝင်တာ။ တရုတ်တိုက်ရိုက်ဝယ်တာဒီနှစ်မှ စတာပါ”ဟု ဆိုသည်။

ကသာဒေသထွက်စိန်တစ်လုံးသရက်သီး ဈေးကွက်အတွင်း စတင်ဝင်ရောက်ချိန်တွင် စိန်တစ်လုံးသရက်သီးတစ်လုံး ကျပ်၃၀၀မှ ၄၀၀၀န်းကျင်အထိ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ ယခုနှစ်အတွင်း အိမ်နီးချင်း တရုတ်နယ်စပ်ဈေးကွက်သို့ နေ့စဉ် တင်ပို့ရောင်းချခဲ့ကြောင်းသိရသည်။ ပြည်ပ ဈေးကွက်ဝယ်လို အားကြောင့် ကသာဒေသစိန်တစ်လုံးသရက်စိုက်ပျိုးသူများအတွက် ဈေးကွက်တွင် အခွင့်အလမ်းပိုမိုရရှိခဲ့ကြောင်း ကသာမြို့နယ်ဒေသခံစိန်တစ်လုံးသရက်စိုက်ပျိုးသူများကပြောကြားသည်။



*ဈေးကွက်သို့ တင်ပို့မည့် အမရပူရဒေသထွက် ရင်ကွဲသရက်သီးများ ထုပ်ပိုးနေစဉ်* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

# မလက်တိုင်းငါးကန်လျော်ကြေးကိစ္စ အဆင်မပြေသေး

သန်းဌေး

ရန်ကုန်၊ ဇွန်-၂

မအူပင်မြို့နယ်၊ မလက်တိုင်းငါးကန်အတွင်းရှိရေယာဉ်လယ်သမားများပိုင်လယ်မြေများပါရှိသည်ဆိုသောကြောင့် ကုမ္ပဏီက လျော်ကြေးပေးရန် ယနေ့ညှိနှိုင်းရာ နှစ်ဖက်ပြေလည်မှုမရရှိသေးကြောင်း သတင်းရရှိသည်။

ဆွေးနွေးပွဲကို Orchard ကုမ္ပဏီမှ ကိုယ်စားလှယ်ဦးသန်းအောင်၊ လယ်သမားများဘက်မှ ကိုယ်စားလှယ်များ၊ ရွှေညဝါဆရာတော်၊ မအူပင် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြေစာရင်းရုံးမှ တာဝန်ရှိသူများညှိနှိုင်းကြရာ ဇွန် ၂ရက်ညပိုင်းအထိ ရောက်ခဲ့သော်လည်း ညှိနှိုင်းဆွေးနွေးပွဲပျက်ကာနောက်တစ်ကြိမ် ထပ်မံညှိနှိုင်းရန် ဆုံးဖြတ်လိုက်ကြောင်း ကာယကံရှင်များက ပြောသည်။

“ဒါကတော့ သူတို့သဘောပါပဲ။ ကျွန်တော်တို့က လယ်သမားတွေဆီက လယ်မသိမ်းထားတော့ လျော်ကြေးမဟုတ်ဘူး၊ ခေတ်တစ်ခေတ် အကြားမှာ နစ်နာတယ်ဆိုလို့ နစ်နာကြေးပေးတာ။ လက်မခံဘူးဆိုရင်တော့ တရားဥပဒေအရဆောင်ရွက်ကြရုံပါပဲ”ဟုOrchard ကုမ္ပဏီ၏ ကိုယ်စားလှယ် ဦးသန်းအောင်က ပြောသည်။



*ဖေဖော်ဝါရီလက ငါးကန်တွင် ပြဿနာဖြစ်ပွားစဉ်*

ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ကုမ္ပဏီသည် နစ်နာကြေးကျပ် ငွေသိန်း ၂၅၀ ကိုခွဲဝေယူရန် ကမ်းလှမ်းရာလယ်သမား၁၂ဦးခန့်က သဘောတူပြီးဖြစ်သော်လည်း ကျန်တက်ရောက်လာသည့် ၃၅ဦးခန့်က သဘောမတူ၍ ညှိနှိုင်းမှုပျက်ခဲ့ကြောင်း ၎င်းကပြောသည်။

“ကျွန်တော်တို့က လျော်ကြေးထက် ဒီနေရာမှာပဲ စိုက်ပျိုးချင်တယ်။ တခြားနေရာထပ်ပေးမယ်ဆိုရင်တောင် ပိုင်ရှင်ရှိတော့ တခြားတောင်သူတွေနဲ့ပြဿနာတက်မှာပေါ့” ဟု လယ်သမားခေါင်းဆောင် ကိုမောင်မောင်စိုးကပြောသည်။

လယ်သမားများဘက်မှ ညှိနှိုင်းပေးသူ ဒေါ်စုစုနွေးကပြောရာတွင် ကုမ္ပဏီ၏ အသုံးချခြင်းကို သံဃာတော်က ခံရခြင်းဖြစ်ပြီး အစိုးရ၊ကုမ္ပဏီနှင့်လယ်သမားများသာ တွေ့ဆုံညှိနှိုင်းသင့်ကြောင်း ပြောသည်။

မအူပင်အုပ်ချုပ်ရေးမှူးကမူ အမှန်တကယ် လယ်သမားဆိုသူများမှာ ပစ္စည်းသက်သေ၊ လူသက်သေရှိပြီး ၎င်းတို့က ထောက်ခံပေးမှသာ လယ်သမားအဖြစ်အသိအမှတ်ပြု၍ ညှိနှိုင်းမှုတွင် တရားဝင်ဆုံးဖြတ်ခွင့်ရနိုင်မည်ဖြစ်ကြောင်း ပြောသည်။

ယခုပြဿနာဖြစ်နေသော လယ်မြေမှာ ဧက ၁,၀၀၀ အနက် ဧက ၅၅၀ ကိုငါးကန်အဖြစ်ပြုလုပ်ထားရာ ၂၀၁၃ ဖေဖော်ဝါရီ ၂၆ ရက်ညနေက အဆိုပါငါးကန်ပေါင်ပေါ်၌ ရဲနှင့် ဒေသခံများထိပ်တိုက်တွေ့ဆုံကာ ရဲတစ်ဦး သေဆုံး၍ လယ်သမား ငါးဦး ဒဏ်ရာရခဲ့သည်။

# ကာလကြာတောင်းဆိုခဲ့သော ရင်ပေါင်တိုင် အထက်တန်းကျောင်းအဆင့်မြှင့်ရေး သက်ဆိုင်ရာသို့တင်ပြ

ရန်မျိုးကျော်

မုံရွာ၊ ဇွန်-၂

မုံရွာခရိုင်၊ ယင်းမာပင်မြို့နယ်၊ ရင်ပေါင်တိုင်ကျေးရွာအခြေခံအထက်တန်းကျောင်း (ခွဲ) အဖြစ် ၁၉၉၅ ခုနှစ်တွင် သတ်မှတ်ခဲ့ပြီး နှစ်ကာလကြာသည်အထိ အခြေခံပညာအထက်တန်းကျောင်းအဆင့်တိုးမြှင့်ရေးနှင့် ပတ်သက်၍ တင်ပြတောင်းဆိုသည့် စာတစ်စောင်ကိုရင်ပေါင်တိုင်ကျေးရွာဒေသခံများက နိုင်ငံတော်သမ္မတအပါအဝင် သက်ဆိုင်ရာတာဝန်ရှိသူများသိရှိစေရန် မေလနောက်ဆုံးပတ်အတွင်း တင်ပြခဲ့ကြောင်း ရင်ပေါင်တိုင်ကျေးရွာရပ်မိရပ်ဖများကပြောသည်။

“ရင်ပေါင်တိုင်ကျေးရွာ အ.ထ. က(ခွဲ) ကျောင်းအဖြစ်သတ်မှတ်ထားတာကြာလှပြီ။ တက္ကသိုလ်ဝင်တန်းစာဖြေဌာနအဖြစ် ၂ နှစ်ရှိပြီ။ ဒီနှစ် အခြေခံပညာအထက်တန်းအဖြစ် ရင်ပေါင်တိုင်လိုစာသင်ကျောင်းကို မပေးဘဲ ကျောင်းသားဦးရေနည်းတဲ့ အနီးပတ်ဝန်းကျင်က ဆင်စွယ်ကျေးရွာနဲ့ ကပိုင်ကျေးရွာကို တိုးမြှင့်ပေးလိုက်တာနဲ့ ပတ်သက်ပြီး ဒေသခံတွေက သက်ဆိုင်ရာကို အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးဖို့ တင်ပြတဲ့စာတစ်စောင်မေလကုန်မှာ ပေးပို့လိုက်တယ်”ဟု ယင်းမာပင်မြို့နယ် ရင်ပေါင်တိုင်ကျေးရွာ ရပ်မိရပ်ဖတစ်ဦးဖြစ်သူ ဦးညွန့်ဝေကပြောကြားသည်။

ရင်ပေါင်တိုင်ကျေးရွာ အ.ထ. က(ခွဲ)ကျောင်းတွင် အထက်တန်းအဆင့်ကျောင်းသားကျောင်းသူ ၂၇၀ဦး၊ မူလတန်းမှ အထက်တန်းကျောင်းအထိ စုစုပေါင်း ကျောင်းသားကျောင်းသူ ၉၅၆ဦး ပညာသင်ယူလျက်ရှိကြောင်း သိရှိရသည်။ ထိုပမာဏမှာအနီးနားကျေးရွာများရှိ အထက်တန်းကျောင်းဖွင့်ခွင့်ရသည့် ကျေးရွာများ၏ ကျောင်းသားဦးရေထက်များပြားသည်။



အဆင့်မြင့်နည်းပညာသုံးကိရိယာများဖြင့်
အမျိုးသမီးရောဂါများကိုစမ်းသပ်ကုသပေးလျက်ရှိပါသည်၊
နောက်ဆုံးပေါ်ဂျာမနီနိုင်ငံထုတ်သားအိမ်အတွင်းကြည့်မှန်ပြောင်းဖြင့်သားအိမ်ခေါင်း၊ သားအိမ်ကင်ဆာရောဂါ နှင့် အမျိုးသမီးရောဂါအမျိုးမျိုးကို တိကျစွာရှာဖွေစစ်ဆေးကုသပေးလျက်ရှိပါသည်၊
Open Daily
AM - (8:00) to (8:00) PM

“အမျိုးသမီးရောဂါသည်ကျန်းမာရေးကိုကြီးလေးသောအန္တရာယ်ဖြစ်စေ၍စောလျင်စွာကုသသင့်သည်၊”

| | |
|---|---|
| အမျိုးသမီးရောဂါရပ်ဆိုင်ရာစမ်းသပ်စစ်ဆေးခြင်း | (အခမဲ့) |
| အဖြူဆင်းခြင်းအတွက်စစ်ဆေးခြင်း | (အခမဲ့) |
| Digital လျှပ်စစ်သားအိမ်လမ်းကြောင်းကြည့်မှန်ပြောင်း | 30% Discount |
| အမျိုးသမီးဆိုင်ရာဘာသာရပ်ဆောင်စုံ Ultra Sound | 30% Discount |
| ဆီးရောဂါဖြစ်ရိုးဖြစ်စဉ်အတွက်စစ်ဆေးခြင်း | 30% Discount |
| သားအိမ်လည်တံရောဂါစစ်ဆေးခြင်း | 30% Discount |
| သားဆက်မြုံရောဂါစစ်ဆေးခြင်း | 30% Discount |

နိုင်ငံတကာ ထိပ်တန်းကုသမှုအသုံးအဆောင်ပစ္စည်းများတပ်ဆင်ထားသည်၊



အောက်ပါအမျိုးသမီးရောဂါအမျိုးမျိုးကို
အထူးကုပေးလျက်ရှိပါသည်၊

| | |
|---|---|
| အဖြူတိုးမွှားခြင်း၊ | သားအိမ်လည်တံရောင်ယမ်းခြင်း၊ |
| အနံ့အသက်စိမ်းရွှင်ဝုဝ်သိုးခြင်း၊ | ဆီးခုံရောင်ယမ်းခြင်း၊ |
| ဆီးရွှင်ခြင်း၊ | နောက်ဆက်တွဲ သားဥအိမ်ရောင်ယမ်းခြင်း၊ |
| ဆီးအောင့်ခြင်း၊ | မိန်းမကိုယ်လမ်းကြောင်းရောင်ယမ်းခြင်း၊ |
| ဆီးသွားလျှင်နာကျင်ခြင်း၊ | မိန်းမကိုယ်လမ်းကြောင်းအပြင်ဘက်ရောင်ယမ်းခြင်း၊ |
| ရာသီသွေးအနည်း၊/အများ၊ မမှန်ခြင်း၊ | မိန်းမကိုယ်လမ်းကြောင်းတွင်အသားပိုထွက်ခြင်း၊ |
| ကျားမ ဆက်ဆံရာတွင်သွေးထွက်ခြင်း၊ | ရာသီသွေးအချိန်မမှန်ကန်ခြင်း၊ |
| မိန်းမကိုယ်လမ်းကြောင်းပုံမမှန်၍သွေးထွက်ခြင်း၊ | သားဆက်မြုံခြင်း၊ |
| အဖြူမှုစ်ရွဲခြင်း၊ (သို့) သွေးမျှင်များပါခြင်း၊ | သားအိမ်လည်တံဝုဝ်သိုးဆွေးမြေ့ခြင်း၊ |
| ကလေးမွေးပြီးနောက်ဆက်တွဲရောဂါဖြစ်ခြင်း၊ | သားအိမ်လည်တံအသားဖုထွက်ခြင်း၊ |

သင်သည်အထက်ပါရောဂါအခြေအနေတစ်မျိုးမျိုးရှိပါက ကျွန်ုပ်တို့၏ဆေးခန်းသို့ကုသရန်အမြန်ဆုံးကြွခဲ့ပါ၊
ဝေဒနာရှင်၏ကိုယ်ရေးအချက်အလက်များကိုထိန်းသိမ်းကာကွယ်ပေးမည်။

POLO ဆေးခန်း
Hot Line - 09 421168222 , 09 421168000
အမှတ်(၁၂၉/၁၃၁) ဗားဂရာလမ်း၊စမ်းချောင်းမြို့နယ်၊ရန်ကုန်မြို့

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

## ၂၀၁၃ ဇွန် ၅ရက်မှ ၁၁ရက်အထိ မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မှာ မုတ်သုံလေအား အသင့်အတင့်မှ အားကောင်းနိုင်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

မွန်-တနင်္သာရီကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအမြင့် ၂ပေမှ ၃ပေခန့်၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းနဲ့ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းအသင့်အတင့်ရှိနိုင်ပြီး လှိုင်းအမြင့် ၄ ပေမှ ၅ ပေခန့်နဲ့ ရခိုင်ကမ်းရိုး တန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ လှိုင်းကြီးနိုင်ပြီး လှိုင်းအမြင့် ၅ ပေမှ ၆ ပေခန့်အထိ ရှိနိုင်ပါတယ်။

**နေ့အပူချိန်များအခြေအနေ**

မကွေးတိုင်း၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ပဲခူးတိုင်းနဲ့ ရန်ကုန်တိုင်းတွေမှာ ၃၅ ဒီဂရီ စင်တီဂရိတ်၊ ၃၅ ဒီဂရီစင်တီဂရိတ်မှ ၃၈ ဒီဂရီစင်တီဂရိတ်နဲ့ တနင်္သာရီတိုင်း၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ကယားပြည်နယ်၊မွန်ပြည်နယ်၊ချင်းပြည်နယ်၊နေပြည်တော်၊ ဧရာဝတီ၊ ရခိုင်ပြည်နယ်တို့မှာ ၂၈ ဒီဂရီ စင်တီဂရိတ်မှ ၃၄ ဒီဂရီစင်တီဂရိတ်ရှိနိုင်ပါတယ်။

**ခရမ်းလွန်ရောင်ခြည်အခြေအနေ**

UV index တန်ဖိုးများ သိသိသာသာ လျော့နည်းလာနိုင်ပါတယ်။ မန္တလေးတိုင်း၊ ရှမ်းပြည်နယ်တောင်ပိုင်းနဲ့ အရှေ့ပိုင်း၊ ကယားပြည်နယ်တွေမှာ UV index တန်ဖိုး ၇၊ ကျန်ဒေသများမှာ ၅-၆ အထိသာ မြင့်တက် နိုင်။


**မိုးတိမ်တောင်အခြေအနေ**

မြန်မာနိုင်ငံအလယ်ပိုင်းမှစ၍ မြောက်ပိုင်းအထိ မိုးတိမ်တောင်များဖြစ်ထွန်းနိုင်ပါတယ်။ အထူးသဖြင့် ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ ကချင်ပြည်နယ်တို့မှာ အများဆုံးဖြစ်ပေါ် နိုင်ပါတယ်။ မိုးတိမ်တောင်ဖြစ်ရန် သေချာမှု ၄၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းရှိနိုင်ပါတယ်။ အထူးသဖြင့် ညနေပိုင်းအချိန်အခါများတွင် မိုးတိမ်တောင်များ ဖြစ်ပေါ် ရာမှ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ မိုးသက်လေပြင်း တိုက်ခတ်ခြင်းတို့ကို ပိုမိုသတိထားဖို့လိုပါတယ်။

**မိုးရွာသွန်းမှုအခြေအနေ**

မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရှမ်းပြည်နယ်မြောက်ပိုင်းတွေမှာနေရာကွက်ကျား၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်း၊ ရခိုင်ပြည်နယ်တောင်ပိုင်း၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနဲ့ ရန်ကုန်တိုင်းမှာ နေရာစိပ်စိပ်ကျန်ဒေသများမှာ နေရာကျဲကျဲ ၅ ရက်မှ ၆ ရက်ခန့် မိုးထစ်ချုန်းရွာသွန်းနိုင်ပါတယ်။ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းတောင်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါတယ်။ ရွာရန်ရာနှုန်း ၆၀ ရာခိုင်နှုန်းမှ ၈၀ ရာခိုင်နှုန်းအထိ ရှိနိုင်ပါတယ်။

ဒေါက်တာထွန်းလွင် (MCCW)



ဒေါ်ခိုင်စုအောင်
B.Com (Q); CPA; DA (LCCI-UK); ACCA (Professional Stage)
LCCI သင်တန်းများ
June -15
ကြိုတင်ခုံနံပါတ်ယူနိုင်ပါသည်။
အမှတ် (7-K)၊ ၆-လွှာ၊ လှည်းတန်း(၁)လမ်း၊ ကမာရွတ်မြို့နယ်။
Ph:09 5066101,09 420187628, 01 510686.

မျက်နှာဖုံးမှ

# ထားဝယ်ပိုက်လိုင်းအိပ်မက်ကို ထိုင်းတို့စွန့်လွှတ်သင့်

အချိန်တိုင်းလိုပင် ဂျပန်တို့ထံမှ မဟုတ်ဘဲ ထိုင်းအစိုးရထံမှ ပုံစံအမျိုးမျိုးဖြင့် သတင်းကောင်းများ အများအပြားရှိနေသည်။ ပြီးခဲ့သည့်အပတ်က အာရှ၏ အနာဂတ်ဆိုင်ရာ နိုင်ငံတကာကွန်ဖရင့်တစ်ခုကို တက်ရောက်ရန်အတွက် တိုကျိုသို့ မစ္စယင်လပ်သွားရောက်ခဲ့သည့် ထိုခရီးစဉ်အတွင်းနှင့် ခရီးစဉ်နောက်တွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးအဖွဲ့ဝင်များသည် ဂျပန်စီးပွားရေးလုပ်ငန်းများက ထားဝယ်စီမံကိန်းကို စိတ်ဝင်စားနေခဲ့ကြောင်း ၊ ထိုင်း၏ ကြီးမားလှသည့် အခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ ရေလွှမ်းမိုးမှုတားဆီးရေး စီမံကိန်းများကိုလည်း စိတ်ဝင်စားနေပါကြောင်း အခိုင်အမာအတည်ပြုလျက်ရှိခဲ့သည်။ သို့သော် မီဒီယာပိုင်းကမူ ထားဝယ်စီမံကိန်းကို ဂျပန်ရင်းနှီးမြှုပ်နှံသူတို့ မျက်စိကျခြင်းရှိ၊ မရှိကို ထိရောက်စွာ သက်သေမပြနိုင်ခဲ့ပါ။ ထို့ကြောင့် ထိုင်းအစိုးရခေါင်းဆောင်များက ထားဝယ်အကြောင်းပြောသမျှမှာ တစ်ဖက်သတ်အမြင်ဖြင့် သတင်းပေးပို့မှု များသာဖြစ်နေတော့သည်။ အမှန်တော့ ထားဝယ်မှာ တဖြည်းဖြည်းချင်း သေဆုံးနေပြီး သီလဝါစီမံကိန်းကသာ တကယ့်ထားဝယ်ကဲ့သို့ဖြစ်နေပါသည်။

နှစ်ပေါင်း ၃၆ နှစ်အတွင်း မြန်မာသို့ ပထမဆုံးလာရောက်ခဲ့သည့် ဂျပန်ဝန်ကြီးချုပ်ဖြစ်ခဲ့သော မစ္စတာအာဘေး၏ ခရီးစဉ်သည် ထိုင်းကို အမှန်တကယ် ထိုးနှက်ချက်ဖြစ်ခဲ့ပါသည်။ ဂျပန်သည် မြန်မာသို့ထောက်ပံ့မှုအသစ်များ၊ သက်သာသော အတိုးနှုန်းနှင့်ချေးငွေများအပြင် ယခင် အကြွေးဟောင်းများကိုလည်း ဒေါ်လာဘီလီယံနှင့်ချီ၍ လျှော်ပစ်ခဲ့ရာ ဤသည်မှာ သင်္ကေတအရရော၊ ပထဝီနိုင်ငံရေးအရပါ ထူးခြားလှသည့် အချက်တစ်ချက်ဖြစ်ခဲ့သည်။

ပြီးခဲ့သည့်နှစ်များအတွင်း မြန်မာသို့ တရုတ်တို့ဝင်ရောက်ခဲ့ပြီးနောက် ဂျပန်သည် ၎င်း၏ ပထဝီနယ်ပယ်ကို ပြန်ရယူနိုင်ရန် မြန်မာသို့ ပြန်ဝင်လာခဲ့သည်။ တိုကျိုသည် မြန်မာအတွက် စစ်အာဏာရှင်စနစ်လက်အောက် နှစ်များစွာမှသည် လက်ရှိဆောင်ရွက်နေသော စီးပွားရေးနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများအတွက် နည်းတစ်ခါ၊ များတစ်လှည့်ဖြင့်တောက် လျှောက်အကူအညီပေးခဲ့သော သည်းခံနိုင်စွမ်းရှိသည့် မိတ်ဖက်နိုင်ငံ၊ ကာလရှည်ရင်းနှီးမြှုပ်နှံလာခဲ့သူ၊ အလှူရှင်နိုင်ငံလည်း ဖြစ်ပါသည်။ ဝန်ကြီးချုပ်အာဘေးသည် တရုတ်အပေါ် မှီခိုလွန်းရမှုကို ညည်းငွေ့နေသော မြန်မာခေါင်းဆောင်တို့ထံမှကြိုဆိုမှုကိုလည်း ရခဲ့သည်။ မြန်မာနိုင်ငံ၏ အရေးပါသောဝန်ကြီးတစ်ဦးက ဂျပန်နိုင်ငံကို အရှေ့တောင်အာရှတွင်တရုတ်နှင့်အားပြိုင်နေမှု အနေအထားကိုမျက်ခြေပြတ်မခံဘဲ စောင်းပါးရိပ်ခြည်ပြောသည့်သဘောဖြင့် "ပို၍ယုံကြည်လောက်ဖွယ်ကောင်းသော မိတ်ဖက်နိုင်ငံ"ဟု ခေါ်ဝေါ်ခဲ့ပါသည်။

ဂျပန်နိုင်ငံ၏ ကြီးမားများပြားလှသော အကူအညီများနှင့် ချေးငွေများတွင် ရန်ကုန်မှ ၂၅ ကီလိုမီတာအကွာ တောင်ဘက်တွင်ရှိသော သီလဝါစီမံကိန်းလည်း ပါဝင်သည်။ ဖွံ့ဖြိုးရေးလုပ်ရမည့် စီမံကိန်းဧရိယာမှာ ဟက်တာ ၂,၀၀၀ ခန့်ရှိကာ ထားဝယ်စီမံကိန်း၏ ဆယ်ပုံတစ်ပုံခန့်သာ ရှိသည်။ ထားဝယ်စီမံကိန်းမှာ စစ်အစိုးရလက်ထက် ၂၀၀၈ ခုနှစ်တွင် ထိုင်းဆောက်လုပ်ရေး ကုမ္ပဏီကြီး အီတာလျံ-ထိုင်းကုမ္ပဏီက လုပ် ကိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ ယခုတော့ သီလဝါတွင် ဂျပန်အစိုးရနှင့် ရင်းနှီးမြှုပ်နှံသူများသည် ငွေများ ကို ထည့်သွင်းမြှုပ်နှံနေပါပြီ။ သီလဝါဇုန် ဖွံ့ဖြိုးရေးနှင့်ဆက်စပ်နေသည့် စက်ရုံများတည်ဆောက်ရေး အတွက် ဂျပန်သည် ဒေါ်လာသန်း ၂၀၀ပေးထားပြီးနောက်လည်းထပ်ပေးဖွယ်ရှိနေသည်။ ထားဝယ်ကိစ္စကတော့အာဘေး၏ မြန်မာခရီးစဉ်တွင် မပါဝင်ခဲ့ပါချေ။

ဂျပန်သည် ထားဝယ်ကိစ္စကို ဥပေက္ခာပြုထားခြင်းလူသိရှင်ကြားပြသမည်မဟုတ်ပါ။ အဓိကအားဖြင့်လည်း ထိုင်းတို့ အကျိုးအမြတ်အတွက် ထားဝယ်တွင် ဒေါ်လာ ၈ ဒသမ ၅ ဘီလီယံခန့်ကို ဘဏ္ဍာရေးအရ ထောက်ပံ့ပေးရန် သူတို့ဘာကြောင့်လုပ်သင့်ပါသလဲ။ သူတို့ကို ဘယ်သူက အပြစ်တင်နိုင်ပါမည်လဲ။ ဂျပန်အစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များက ထိုင်းတို့၏ မြန်နှုန်းမြင့်ရထားလိုင်းများ စီမံကိန်း ကို စိတ်ဝင်စားကြောင်း ပြသခဲ့သောအခါ ထိုအချက်မှာ ၎င်းတို့၏ အလျှော့ပေးချက်နှင့် နှစ်သိမ့်ချက်လည်းဖြစ်ခဲ့သည်။ ထိုင်း၏ မြန်နှုန်းမြင့် ရထားများစီမံကိန်းကို တရုတ်နိုင်ငံက ကုန်ကြမ်းဖြည့်ဆည်းသူအဖြစ် ပါဝင်လုပ်ဆောင်မည်ကို ဂျပန်နှင့်အတူ ယှဉ်ပြိုင်လုပ်ဆောင်ခွင့်ပေးခဲ့သည်။

မြန်မာအစိုးရကလည်း နွေးထွေးသော ထောက်ခံအားပေးမှုကို အကောင်းဆုံးတော့ ပြသခဲ့သည်။ ဂျပန်ကဲ့သို့ပင် ထားဝယ်စီမံကိန်းကို လူသိရှင်ကြားမငြင်းပါ။ ထိုင်းဘက်ကသာ ဘဏ္ဍာရေးထောက်ပံ့မှုပေးနိုင်လျှင် မြန်မာဘက်ကလည်း ဆက်လုပ်သွားမည့်ပုံ ရှိနေသည်။ မြန်မာဘက်မှ ထားဝယ်စီမံကိန်းကို လုပ်ဆောင်ရေးအတွက် ခိုင်ခိုင်မာမာ (သို့မဟုတ်) ရှင်းရှင်းလင်းလင်း ထောက်ခံအားပေးသော မည်သည့်ထုတ်ပြန်ကြေညာချက်မှ မရှိပါ။ ထိုင်းအစိုးရခေါင်းဆောင်များဘက်က သာကိုယ့်ဘာသာကိုယ် မြှင့်တင်ပြောကြားနေသည်သာရှိနေသည်။

သီလဝါသည် ဂျပန်နှင့်မြန်မာအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းရာနေရာဖြစ်သည်။ ထားဝယ်သည် ထိုင်းတို့အတွက် ဗဟိုဆိပ်ကမ်း၊ လောင်စာစွမ်းအင်ရင်းမြစ်နှင့် ဖွံ့ဖြိုးရေးအတွက် အသက်သွေးကြောဖြစ်သည်။ သို့သော် ၎င်းစီမံကိန်းသည် အိမ်ရှင်မြန်မာနှင့် ဘဏ္ဍာရေးရင်းနှီးမြှုပ်နှံပေးရမည့် ဂျပန်အတွက် မသေချာသောအရာ၊ တစ်နည်းအားဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေးရှုထောင့်နှင့် လူသားဖွံ့ဖြိုးတိုးတက်ရေးတို့ အခြေခံများမှကြည့်လျှင် ပြဿနာပင်ရှိနိုင်သည့် နေရာဖြစ်နေသည်။ ဤသို့ဖြင့် ထိုင်းတို့၏ ထားဝယ်စီမံကိန်းအတွက် အနာဂတ်ရေးရေးသာ ရှိလာနေတော့သည်။

ဘဏ္ဍာရေးဆိုင်ရာ အခက်အခဲကန့်သတ်ချက်များအပြင် ထားဝယ်ရေနက်ဆိပ်ကမ်းစီမံကိန်းမှာ အခြားအန္တရာယ်ကြီးသောပြဿနာများလည်း ရှိသည်။ ရွာသားများကို ပြောင်းရွှေ့ခိုင်းရန်ကလည်း လိုအပ်နေပြီး ရွှေ့ပြောင်းသယ်ယူပေးမည့် အစီအစဉ်များလည်း မရှိသေးပါ။ လူသားအရင်းအမြစ် ပြဿနာကလည်း အတော်ရှိနေသည်။ ထားဝယ်ဆိပ်ကမ်းတွင်ရှိသော ပင်လယ်ကလည်း ရေသိပ်မနက်ပါ။ ITD က ထိုင်းအစိုးရကျောထောက်နောက်ခံပေးမှုနှင့် စီစဉ်ပေးမှုများ၏အကျိုးရလဒ်များကို စိုးရိမ်နေကြောင်း ပြနေသော်လည်း ပုဂ္ဂလိကကုမ္ပဏီပီပီ တကယ်တမ်းစိုးရိမ်သည်က သူ့ငွေကြေး ဆုံးရှုံးမည်ကိုသာ ဖြစ်သည်။

ယခုဖော်ပြခဲ့သည့် စိုးရိမ်စရာပြဿနာများသည် ထိုင်းနိုင်ငံလုံခြုံရေးအတွက် အထူးအရေးကြီးလှသည်။ ထားဝယ်က ထိုင်းနိုင်ငံတွင် ရှိသည် မဟုတ်ပါ။ စီမံကိန်းမှာ ငွေအမြောက်အမြားလိုအပ်နေချိန်တွင် မြန်မာအစိုးရ၏ အပြောင်းအလဲများသော မူဝါဒအသစ်များနှင့် ဘာသာရေးအကြမ်းဖက်မှုများ လုပ်ဆောင်နေသည့်အပေါ် တရားဥပဒေအရ အဆုံးအဖြတ်ပေးပါလိမ့်မည်။ ထိုင်းအစိုးရက ထားဝယ်ရေနက်ဆိပ်ကမ်း စီမံကိန်းနောက် အသည်းအသန် လိုက်နေခြင်းသည် ပြည်သူလူထု၏ အရင်းအမြစ်များကို သက်သက်ဖြုန်းတီးခြင်းသာဖြစ်သည်။

ယခုကဲ့သို့ ဆက်ပြီးလိုက်နေပါက ထားဝယ်ဆိပ်ကမ်းစီမံကိန်းမှာ နာမည်ဆိုးထွက်သည်ထက် ထွက်လာပါလိမ့်မည်။ အဘယ်ကြောင့် ဆိုသော် ထိုင်းဝန်ကြီးချုပ်ယင်လပ်၏ အစ်ကိုဖြစ်သူဝန်ကြီးချုပ်ဟောင်း သက်ဆင်ကလည်း ထားဝယ်နှင့် ဆက်စပ်နေသောလုပ်ငန်းအပေါ်တွင် ရင်းနှီးမြှုပ်နှံရန် စိတ်ဝင်စားခဲ့သည်။ မြန်မာကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ပြီးခဲ့သည့် ဧပြီလတွင်သက်ဆင်တို့တွေ့ဆုံသည်က ထားဝယ်ဆိပ်ကမ်းစီမံ ကိန်းအပေါ် သံသယများ ကြီးထွားလာစေသည်။ ကုန်ကျမှုများကို အစိုးရ၏ သယံဇာတများနှင့် အစားထိုးနေသည်ဆိုပါက ITD နှင့်အစိုးရအတွင်းလူများနှင့်ဆက်ဆံရေးကို စုံစမ်းစစ်ဆေးသင့်သည်။

သေချာသည့် အချက်မှာ ထားဝယ်ဆိပ်ကမ်းစီမံကိန်းကို ဦးဆောင်သည့် ဝန်ကြီးချုပ်ယင်လပ်သာ ဖြစ်သည်။ ယခင်ဝန်ကြီးချုပ် အဘီဆစ် လက်ထက်က မြန်မာနိုင်ငံတွင် စက်မှုဇုန်ဆောက်လုပ်ရန်သာ ထိုင်းနိုင်ငံဘက်က စိတ်ဝင်စားခဲ့သည်။ အဘီဆစ် လူသိရှင်ကြား ပြောကြားခဲ့သည့် မက်တပွတ်စက်မှုဇုန်ကသာ ထိုင်းနိုင်ငံက စက်မှုလုပ်ငန်းများအတွက် သေချာရေရာသော နေရာတစ်ခုဖြစ်သည်။

ထားဝယ်စီမံကိန်းကမူ ထိုင်းအစိုးရကို ရေလိုက်လွဲနေရုံသာမက ထိုင်းနိုင်ငံကြီးပွားဖွံ့ဖြိုးမှု ခြေလှမ်းများကိုပါ လွဲမှားစေသည်။ အရှေ့ပိုင်းကမ်းနယ်မြေသည် အလားအလာကောင်းသည် မှန်သော်လည်း ထိုင်းနိုင်ငံ လန်ချဘန်ဆိပ်ကမ်းဧရိယာသည်လည်း အနာဂတ်ဖွံ့ဖြိုးမှုများအတွက် အကောင်းဆုံးနေရာတစ်ခုဖြစ်သည်။ လန်ချဘန်ဆိပ်ကမ်းက တိုးပွားလာသောစွမ်းဆောင်နှုန်းသည် အခြားရေနက်ဆိပ်ကမ်းအသစ်တစ်ခု၏ ဆောင်ရွက်ရန် နှုန်းသုံးပုံတစ်ပုံနှင့် ညီမျှလာပါလိမ့်မည်။

တစ်ချိန်တည်းမှာပင် မယ်တပွတ်စက်မှုဇုန်အတွက်လည်း အစိုးရ၏ ဆောင်ရွက်မှုများနှင့် သက်ဆိုင်ရာ အရပ်သားအဖွဲ့အစည်းများနှင့် ပြောဆိုဆွေးနွေးမှုများလိုအပ်နေသည်။ ထိုင်းနိုင်ငံ၏ သက်တမ်းကြာရှည်နေသည့် စက်မှုလုပ်ငန်းများကို ပိုမိုတိုးချဲ့ရန် လိုအပ်သည်။ အရပ်သားအဖွဲ့အစည်းများပူးပေါင်းဆောင်ရွက်မှုမပါသောလုပ်ငန်းများသည် ယုံကြည်မှုနှင့်စေတနာမပါရှိသည့် အတွက် အခက်အခဲကြုံတွေ့ရမည်သာဖြစ်သည်။

အရှေ့ပိုင်းက ဆိပ်ကမ်းများတိုးတက်ဖွံ့ဖြိုးလာသည်ဆိုလျှင် ထိုင်းနိုင်ငံ၏ စီးပွားရေးတိုးတက်ရေးနှင့် စွမ်းအင်လိုအပ်မှုစသည့် အနာဂတ်ဖွံ့ဖြိုးမှုလုပ်ငန်းများအတွက် မလုံလောက်သေးပါ။ ထိုင်းငွေကြေးဘတ် ၂ဒသမ ၂ထရီလီယံ မြှုပ်နှံရသည့် စီမံကိန်းကြီးသည် ထိုင်းနိုင်ငံအတွက် လုံလောက်သောအကျိုးအမြတ် ရရှိ နိုင်ကြောင်း ထိုင်းအစိုးရအနေဖြင့် သေချာမှုရှိရမည်။

လန်ချဘန်ဆိပ်ကမ်းနှင့် အခြားပို့ဆောင်ရေးအရင်းအမြစ်များအပြင် ထိုင်းနိုင်ငံအနေဖြင့် အနာဂတ်တွင် လာမည့် ဆယ်စုနှစ်များအတွင်း ဆိပ်ကမ်းအသစ်လိုအပ်လာနိုင်သည်။ သို့သော်လည်း ထိုင်းနိုင်ငံက အပြည့်အဝထိန်းချုပ်နိုင်သည့် ထိုင်းပိုင်နက်နယ်မြေအတွင်း ဖြစ်ဖို့လိုအပ်သည်။ **(ဘန်ကောက်ပို့စ်သတင်းစာပါ ချူလာလောင်ကွန်တက္ကသိုလ်တွဲဖက်ပါမောက္ခမစ္စတာ Thitinan Pongsudhirak ၏ဆောင်းပါးကို ကျော်မျိုးနှင့်ထားထားမြင့်က မူရင်းအတိုင်း ဘာသာပြန်ဆိုသည်)**

## အားလုံးအကျုံးဝင်သော ပညာရေးစနစ်ဖြစ်ရန် ပြည်သူ့ အသံနားထောင်မည်ဟု ပညာရေးဝန်ကြီးပြောကြား

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၁**

အားလုံးအကျုံးဝင်သော ပညာရေးစနစ်တစ်ခုအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် တစ်နိုင်ငံလုံးရှိပြည်သူလူထုအား အသိပေးရန်နှင့်ဦးစားပေးဆောင်ရွက်ရမည့် ပညာရေးဆိုင်ရာလုပ်ငန်းများနှင့်ပတ်သက်၍ ပြည်သူ့အသံကို နားထောင်သွားမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးကပြောသည်။



*ကျောင်းဆင်းချိန်မြင်ကွင်း* ဓာတ်ပုံ-ဂျေမောင်မောင်(အမရပူရ)

ရန်ကုန်တက္ကသိုလ်၊ စိန်ရတုခန်းမတွင် မေ ၃၁ ရက်၌ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့် ဘက်စုံလွှမ်းခြုံနိုင်သောပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း၏ အချိန်တိုအတွင်း အကဲဖြတ်ခြင်း အစီရင်ခံစာ(မူကြမ်း)ရှင်းလင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးကပြောကြားခဲ့ခြင်းဖြစ်သည်။

"ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းဟာ မြန်မာနိုင်ငံပညာရေးကိုကမ္ဘာ့အဆင့်မီပညာရေးအဖြစ်ဆောင်ရွက်ရာမှာ အရေးကြီးတဲ့ လုပ်ငန်းဖြစ်ပါတယ်။ အလျင်အမြန်ပြောင်းလဲနေတဲ့ ခေတ်နဲ့အညီပြည်သူလူထုရဲ့ လိုအပ်ချက်နဲ့ကိုက်ညီပြီး အားလုံးအကျုံးဝင်သော ပညာရေးစနစ်တစ်ခုအဖြစ် အကောင်အထည်ဖော်နိုင်ရန် တစ်နိုင်ငံလုံးရှိ ပြည်သူလူထုအား အသိပေးရဖို့နဲ့ ဦးစားပေးဆောင်ရွက်ရမယ့် ပညာရေးဆိုင်ရာလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ပြည်သူ့အသံနားထောင်ဖို့လည်း လိုအပ်ပါတယ်"ဟုဒေါက်တာမြအေးကအဖွင့်မိန့်ခွန်းတွင် ပြောကြားခဲ့သည်။

အထက်ပါရှင်းလင်းဆွေးနွေးပွဲတွင်ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိဘပြည်သူများ၊ နိုင်ငံတကာပညာရှင်များ တက်ရောက်ခဲ့ကြပြီး အလွှာအသီးသီး၊ ကဏ္ဍအသီးသီးမှ တက်ရောက်လာသူများအနေဖြင့်နိုင်ငံတော်၏ပညာရေးဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ခွင့်ရရှိမှုအပေါ် ကျေနပ်မှုရရှိလိမ့်မည်ဟု မျှော်လင့်ကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောသည်။

မြန်မာနိုင်ငံ၏ ပညာရေးပြုပြင်ပြောင်းလဲရန်အတွက်ပညာရေးဝန်ကြီးဌာနမှ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်းကို အဆင့်တစ်အချိန်တိုအတွင်း အကဲဖြတ်ခြင်း၊ အဆင့်နှစ်အသေးစိတ်လေ့လာဆန်းစစ်ခြင်းနှင့်အဆင့်သုံးပညာရေးကဏ္ဍစီမံကိန်းရေးဆွဲတင်ပြခြင်းဟူ၍ အဆင့်သုံးဆင့်ခွဲကာ အကောင်အထည်ဖော်ဆောင်ရွက်နေခြင်းဖြစ်၍ ယခုအခါ အဆင့်တစ်ပြီးဆုံးသွားပြီဖြစ်သည်။

## မြို့နယ် ၇၀ကျော်တွင် ကျောင်းပြင်ပမူလတန်း ပညာရေးအစီအစဉ်ဆောင်ရွက်မည်

**နေလင်းထွန်း**

**ရန်ကုန်၊ မေ ၂၈**

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်းမြို့နယ်၇၈ခုတွင်ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်များဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာရေးဝန်ကြီးဌာန၊ယူနီဆက်ဖ်နှင့် ပြင်ပအလှူရှင်များပူပေါင်းပါဝင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ကျောင်းမနေနိုင်သော ကလေးငယ်များနှင့် ကျောင်းနုတ်ထွက်ထားသော ကလေးငယ်များအတွက် ကျောင်းပြင်ပမူလတန်းပညာရေးကို ၁၉၉၈ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ်တွင် မြို့နယ်ငါးခုတိုးလာခြင်းဖြစ်သည်။

"ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့ရာမှာ အခက်ခဲဆုံးလုပ်ငန်းကတော့ သင်တန်းသားကလေးတွေရရှိအောင် စုဆောင်းတာ၊ ရရှိတဲ့ကလေးတွေကိုပညာသင်နှစ်ကုန်ဆုံးအောင် ထိန်းထားနိုင်တာ ဖြစ်ပါတယ်"ဟု ကျောင်းပြင်ပမူလတန်းပညာရေးအစီအစဉ်အလှူငွေပေးအပ်ပွဲတွင် တာဝန်ရှိသူတစ်ဦးကပြောသည်။

ကျောင်းပြင်ပမူလတန်း ပညာရေးတွင် ပထမအဆင့်နှင့် ဒုတိယအဆင့်ဟူ၍ ခွဲခြားထားပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းသားစုစုပေါင်း ၁၀,၃၅၁ ဦးတက်ရောက်ပညာသင်ယူခဲ့ကြောင်း သိရသည်။

ယခုနှစ်ကျောင်းပြင်ပမူလတန်းပညာရေးအတွက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကမ္ဘောဇဘဏ်လီမိတက်၊ တော်ဝင်မိသားစုကုမ္ပဏီလီမိတက်၊ ဒေါ်ခင်ခင်လှပညာရေးဖောင်ဒေးရှင်း၊ ဆူပရင်းအင်တာပရိုက်စ်လီမိတက်၊မြန်မာလိုက်တင်းကုမ္ပဏီလီမိတက်၊ ဧရာဝတီဖောင်ဒေးရှင်း၊ အောင်သောင်းကုမ္ပဏီလီမိတက်၊ ရန်ကုန်ထရမ်စဖော်မာနှင့် လျှပ်စစ်ကုမ္ပဏီလီမိတက်၊AFXB၊အဏ္ဏဝါလွှမ်းကုမ္ပဏီလီမိတက်နှင့်ပုဂ္ဂလိကအလှူရှင်များက စုစုပေါင်း ကျပ်သိန်းလေးထောင်ခန့်လှူဒါန်းခဲ့ကြသည်။

မြန်မာနိုင်ငံတွင် နှစ်စဉ်အခြေခံပညာကျောင်းများ၌ကျောင်းအပ်နှံမှုနှုန်းမြင့်မားနေသော်လည်း မူလတန်းအဆင့်မှာပင် ကျောင်းနုတ်ထွက်မှုနှုန်းမြင့်မားနေခြင်းကြောင့်ကျောင်းပြင်ပပညာရေးဦးစီးဌာနကိုသီးခြားဖွဲ့စည်း၍ကျောင်းပြင်ပအလယ်တန်းပညာရေးနှင့် နည်းပညာနှင့်သက်မွေးပညာရေးသင်တန်းများပို့ချပေးနိုင်ရန်လိုအပ်နေကြောင်းပညာရှင်များကိုအကြံပြုထားသည်။

## တက္ကသိုလ်ဝင်စာမေးပွဲ မေးခွန်းတစ်စုံတည်း ဖြေရမည်

**နေလင်းထွန်း**

**ရန်ကုန်၊ ဇွန်-၁**

၂၀၁၅-၁၆ခုနှစ် ပညာသင်နှစ်မှစ၍ တက္ကသိုလ်ဝင်စာမေးပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးအတွက် မေးခွန်းတစ်စုံနှင့် နိုင်ငံခြားစာစစ်ဌာနအတွက် မေးခွန်းတစ်စုံ ပြုစုစစ်ဆေးရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

လက်ရှိတွင် တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာနတို့အတွက် တက္ကသိုလ် ၁၀ ခုက မေးခွန်း၁၀စုံထုတ်ဝေ စစ်ဆေးလျက်ရှိနေပြီး ၂၀၁၅-၁၆ ခုနှစ်ပညာသင်နှစ်တွင် မေးခွန်းထုတ်ဝေမည့်ပုံစံပြောင်းလဲရန်ရည်ရွယ်ထားကြောင်းပညာရေးဝန်ကြီးဌာန၊ဒုတိယဝန်ကြီးဦးအေးကြူကပြောသည်။

"ကျောင်းသား၊ ကျောင်းသူတွေရဲ့ သင်ယူတတ်မြောက်မှုကို စစ်ဆေးတဲ့စနစ်ကို ပြောင်းလဲဖို့ အချိန်ကောင်းအခါကောင်းဖြစ်ပါတယ်။ အဲဒီလိုစဉ်စားတဲ့အခါ ၂၀၁၅-၁၆ ခုနှစ်ကစပြီး တက္ကသိုလ်စာမေးပွဲကိုတိုင်းဒေသကြီး၊ ပြည်နယ်အားလုံး အတွက်မေးခွန်းတစ်စုံ၊နိုင်ငံခြားစာစစ်ဌာနအတွက် မေးခွန်တစ်စုံပြုစုစစ်ဆေးရန်ရည်ရွယ်ထားပါတယ်" ဟု ဒုတိယဝန်ကြီးကဆို သည်။

ထို့ပြင်အခြေခံပညာမူလအတန်းအဆင့်မှ အလယ်တန်းအဆင့်သို့ ကူးပြောင်းရန်၊ ကျောင်းမိသားစုအလိုက်၊ အခြေခံပညာအလယ်တန်းအဆင့်မှ အထက်တန်းအဆင့်သို့ကူးပြောင်းရန်မြို့နယ်/ခရိုင်အလိုက် နှစ်ဆုံးစာမေးပွဲများကျင်းပပြီး ကျောင်းသားများတတ်မြောက်မှုကို စိစစ်အကဲဖြတ်သွားမည်ဖြစ်သည်ဟုဆိုသည်။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်တွင်တက္ကသိုလ်ဝင်ခွင့်ရရှိရန် တက္ကသိုလ်ဝင်ခွင့်စာမေးပွဲရလဒ်ပေါ် အခြေခံနေခြင်းကိုပြောင်းလဲပြီး သက်ဆိုင်ရာတက္ကသိုလ်အလိုက် ကျောင်းသားများ၏ ဝါသနာနှင့် စိတ်ဝင်စားမှုပေါ်မူတည်၍ဝင်ခွင့်များစစ်ဆေးနိုင်ရန်ပညာရေးဝန်ကြီးဌာနနှင့် ပြင်ပပညာရှင်များက ဆွေးနွေးတိုင်ပင်နေကြကြောင်း သတင်းရရှိသည်။







7DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# တက္ကသိုလ်များ ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် စီစဉ်

**နေလင်းထွန်း**

**ရန်ကုန်-ဇွန်၊၁**

တက္ကသိုလ်၊ ကောလိပ်များတွင် ပိုမိုထိရောက်ထက်မြက်သည့် စီမံခန့်ခွဲမှုစနစ်များ ကျင့်သုံးဆောင်ရွက်မည်ဖြစ်ပြီး သင်ကြား၊စီမံဝန်ထမ်းများ၊ ဘဏ္ဍာငွေ၊ ပစ္စည်း၊ နည်းပညာများကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် စီစဉ်နေကြောင်းသိရသည်။

တက္ကသိုလ်များတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးစနစ်သို့ပြောင်းလဲဆောင်ရွက်နိုင်ရန်၊ လုပ်ပိုင်ခွင့်၊ တာဝန်ယူ၊ တာဝန်ခံမှုအပါအဝင် တက္ကသိုလ်လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ၊ အရည်အသွေး တိုးမြှင့်ရေးဆိုင်ရာကိစ္စများစသည့်လုပ်ငန်းများအား တက္ကသိုလ်အလိုက် ဆောင်ရွက်ပိုင်ခွင့်များကို ထိရောက်စွာဆောင်ရွက်ရန် ရည်ရွယ်ထားကြောင်း ၂၀၁၃ ခုနှစ်၊ အမျိုးသားပညာရေးမြှင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲတွင် ဆွေးနွေးခဲ့ကြသည်။

လက်ရှိချိန်တွင်ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ တက္ကသိုလ်များသည် သင်ကြားရေးမဟာဌာန (Faculty)များဖွဲ့စည်း၍ မဟာဌာနအကြီးအကဲများအဖြစ် ပါမောက္ခ(ဌာနမှူး)များကို



*ရန်ကုန်စီးပွားရေးတက္ကသိုလ်*
ဓာတ်ပုံ-ဂျေမောင်မောင် (အမရပူရ)

သက်တမ်း ၂နှစ်ဖြင့် အလှည့်ကျတာဝန်ပေးအပ်ရန်စီစဉ်နေသည်။

ထို့ပြင် တက္ကသိုလ်များ၏ အရည်အသွေးမြှင့်မားရေးကို နိုင်ငံတကာတက္ကသိုလ်များနှင့် ချိတ်ဆက်ဆောင်ရွက်ရာတွင် ထိရောက်စွာလုပ်ကိုင်ရန် တက္ကသိုလ်များအား မူဘောင်ချမှတ် လုပ်ကိုင်ခွင့်ပေးရန် အစီအစဉ်များကို အထက်ပါနှီးနှောဖလှယ်ပွဲတွင် တင်ပြခဲ့ကြသည်။

အစိုးရသစ်တက်လာပြီးနောက် မြန်မာနိုင်ငံ၏ အဆင့်မြင့်ပညာရေးကဏ္ဍတွင် သိသာထင်ရှားသောအချက်မှာ နိုင်ငံတကာ တက္ကသိုလ်များ၊ ပညာရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး နိုင်ငံတကာ တက္ကသိုလ်နှင့် အဖွဲ့အစည်း ၂၆ ခုနှင့် နားလည်မှုစာချွန်လွှာ(MOU) လက်မှတ်ထပ်မံရေးထိုးနိုင်ရန် စီစဉ်နေသည်။




# တက္ကသိုလ် ဒစ်ဂျစ်တယ် စာကြည့်တိုက်စနစ်ကို အော့ဖ်လိုင်းသုံးနိုင်

**နေလင်းထွန်း**

**ရန်ကုန်-ဇွန်၊၁**

ဒဂုံတက္ကသိုလ်၊ ရန်ကုန်အဝေးသင်တက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်နှင့် မြန်မာ့သဘာဝပတ်ဝန်းကျင် အင်စတီကျူ(MEI)တို့တွင် ဒစ်ဂျစ်တယ်စာကြည့်တိုက်ကို အော့ဖ်လိုင်း (Off -Line)ဖြင့် အသုံးပြုနိုင်ပြီဖြစ်ကြောင်းသတင်းရရှိသည်။

ဗြိတိန်နိုင်ငံရှိ မန်ချက်စတာတက္ကသိုလ်မှ မြန်မာကျောင်းသားများ အတွက်ဆောင်ရွက်ထားသော အီလက်ထရွန်နစ်တက္ကသိုလ် စာကြည့်တိုက်အစီအစဉ်အနေဖြင့် အထက်ပါတက္ကသိုလ်များတွင် အင်တာနက်လိုင်းချိတ်ဆက်ရန်မလိုအပ်ဘဲ ကြည့်ရှုလေ့လာနိုင်ပြီဖြစ်ကြောင်း မန်ချက်စတာတက္ကသိုလ်မှ တာဝန်ရှိသူကဆိုသည်။

အီလက်ထရွန်နစ်တက္ကသိုလ် အစီအစဉ်သည်အင်တာနက်ကော်နက်ရှင်နှေးကွေးသော မြန်မာနိုင်ငံအတွက် အချက်အလက်များဒေါင်းလုတ်ဆွဲရာတွင် လွယ်ကူအဆင်ပြေစေရန် ဆောင်ရွက်ထားပြီး အထက်ပါတက္ကသိုလ်များတွင် အော့ဖ်လိုင်းဖြင့် အသုံးပြုနိုင်ရန် စီစဉ်ပေးထားခြင်းဖြစ်ကြောင်းသိရသည်။

မြန်မာကျောင်းသားများအနေဖြင့် Earth Science, Environment, Human Geography, Physical Geography, Research tools and methods, South East Asia and related country studies, Computing and IT, English languageနှင့်Mathematics ဘာသာရပ်ဆိုင်ရာများကို http:// www.etekkatho.mimas.ac.uk တွင်လေ့လာနိုင်မည်ဖြစ်သည်။

အဆိုပါဒစ်ဂျစ်တယ် စာကြည့်တိုက်တွင် သုတေသနစာတမ်းများ၊ လေ့လာကိုးကားစရာစာတမ်းများစုစုပေါင်းအရင်းအမြစ် ၉၀၀ကျော်ကိုစတင် ဖတ်ရှုလေ့လာနိုင်မည်ဖြစ်ပြီး ကျောင်းသားများစိတ်ဝင်စားလေ့လာလိုသောဘာသာရပ်များကို ထပ်မံဖြည့်သွင်းသွားမည်ဟု သတင်းရရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# အလုပ်အကိုင်ပြပွဲ လူနှစ်သောင်းကျော်လာရောက်

**အေးမြတ်သူ၊ ငြိမ်းချမ်း**
**ရန်ကုန်၊ ဇွန်-၂**


*အလုပ်အကိုင်ပြပွဲတွင် တွေ့ရသည့် အလုပ်လျှောက်သူများ* ဓာတ်ပုံ-နစ်ကီ

ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ကျင်းပခဲ့သည့် အလုပ်အကိုင်ပြပွဲသို့ ၃ရက်အတွင်း လူနှစ်သောင်းကျော်လာရောက်ခဲ့ကြောင်း ပြပွဲစီစဉ်ကျင်းပသော (MYEA) မှ သတင်းရရှိသည်။

မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်းက တတိယအကြိမ်အဖြစ် ကျင်းပသော အလုပ်အကိုင်ပြပွဲတွင် ယခင်ကထက်ပြပွဲသို့ လာရောက်သူ အရေအတွက် လျော့နည်းခဲ့သော်လည်း အလုပ်လာလျှောက်သူများအနေဖြင့် စနစ်တကျ ကြိုတင်ပြင်ဆင်မှုများ ရှိခဲ့သည့် အတွက်အရည်အချင်းကိုက်ညီသည့် ဝန်ထမ်းများရရှိခဲ့ကြောင်းသတင်းရရှိသည်။

"ဒီပွဲမှာပုံစံနည်းနည်းပြောင်းသွားတယ်။ အရင်ပွဲတွေမှာ လူကပိုပြီးများတယ်။ လာလျှောက်တဲ့သူတွေက အလုပ်ခန့်ဖို့အံ့ဝင်ဂွင်ကျမဖြစ်ခဲ့ပေမယ်။ အခုပွဲမှာက လူနည်းတယ်။ ဒါပေမယ့် အရည်အချင်းကိုက်ညီတဲ့သူများလာတယ်။ အရင်လို CV တွေအများကြီးလာတာမဟုတ်ဘူး"ဟု MYEAမှ ဥက္ကဋ္ဌ ဦးအေးဝင်းကပြောသည်။

ယခုပွဲရက်အတွင်း ကုမ္ပဏီများမှတိုက်ရိုက်အလုပ်ခန့်အပ်မှုရှိခဲ့သော်လည်း အလုပ်ရရှိသူအရေအတွက်နှင့် အလုပ်လျှောက်သူအရေအတွက်အား ပြောဆို၍ အခက်အခဲရှိကြောင်းပြပွဲတာဝန်ရှိသူများထံမှ သတင်းရရှိသည်။ ယခင်ပြပွဲများတွင် အလုပ်ရရှိသူ အရေအတွက် ၁၀ရာခိုင်နှုန်းခန့်ရှိခဲ့ပြီး ယခုပြပွဲတွင်လည်း ၁၀ ရာခိုင်နှုန်းနှင့် အထက်ရှိကြောင်း ၎င်းတို့က ခန့်မှန်းပြောဆိုခဲ့သည်။

ယခုကျင်းပပြုလုပ်ခဲ့သော ပြပွဲတွင်လာရောက် အလုပ်ခေါ်ဆိုသော ကုမ္ပဏီများအနက် အချို့သောနာမည်ရကုမ္ပဏီများတွင် CV ဖောင်အရေအတွက် ၁၅၀၀မှ ၃၀၀၀ထိ ရှိခဲ့သည်။

အဆိုပါပြပွဲတွင်ပြည်တွင်း၌ နာမည်ရကုမ္ပဏီများဖြစ်သော ထူး ကုမ္ပဏီ၊ IBTC ကုမ္ပဏီ၊ ရောဝတီဘဏ်နှင့် နိုင်ငံခြားကုမ္ပဏီများဖြစ်သည့် Huawei ဟန်းဆက်ကုမ္ပဏီ၊ မြန်မာဘီယာကုမ္ပဏီ၊ Digecel နည်းပညာကုမ္ပဏီတို့ပါဝင်ခဲ့ ကြောင်းသတင်းရရှိသည်။

"နောက်ဆုံးနေ့မှာတော့ အလုပ်လာလျှောက်တဲ့သူတွေ တော်တော်များပါတယ်။ လာတဲ့သူတွေကလည်း ငါးဆယ်ရာခိုင်နှုန်းလောက်က ပညာအရည်အချင်းပြည့်စုံတဲ့သူတွေဖြစ်တယ်"ဟု ထူးကုမ္ပဏီလုပ်ငန်းစုမှ ပြောရေးဆိုခွင့်ရှိသူဦးရာဇာစိုးကပြောသည်။

စာမျက်နှာ(၂၆)မှ

## အနာဂပ် အိ သာဂေါင်များ

ဆိုး-ဗုပ် ဒစ်ယူလန်းန် ဆိုသောအခါမတော့ ဖြေလိုက်ကြသည်မှာ ကရားရေလွှတ် တတွတ်တွတ်။ ဩစတြေးလျတိုက်အကြောင်း-တောင်အာဖရိကမှကင်ဘာလေစိန်တွင်း အကြောင်း၊ အမေဇုန်မိုးသစ်တောအကြောင်း၊ အမေရိကန်၏ ဥတုရာသီလေးမျိုးအကြောင်း။ သင်းကလေးတို့တော်ပါပေ့၊ တတ်ပါပေ့။

ပီတိသောမနများကြောင့် ဖင်တကြွကြွဖြစ်ကာ ကျွန်ုပ်လည်း မေးခွန်းတစ်ခု မေးလိုက်မိ၏။ ဒါဆို ရောဝတီတိုင်းရဲ့ မြို့တော်ဟာဘာလဲကွ။ မေးခွန်းကို ကြားကြားချင်း အက်ဒ်ဝပ်သခင်နှင့် အဲလစ်စဘက်သခင်မနှစ်ဦးသား မဆိုင်းမတွ သံပြိုင်ဖြေဆိုလိုက်ကြသည်မှာရောဝတီတိုင်းရဲ့မြို့တော်ဟာ ရောဝတီမြို့ပေါ့ အန်ခယ်လ်ရာတဲ့။ ဒါလေးများကမ္ဘာအေးသွားဆရာလေးနဲ့ညားဆိုသည့်မျက်နှာပေးကိုယ်စီဖြင့် ကျွန်ုပ်မှာကားတံတွေးနင်ချေပြီ။ ကချင်ပြည်နယ်မြို့တော် ကချင်မြို့ဟု ဆက်ဖြေမည်စိုးသဖြင့် ဂျော်ဂရော်ဖီသင်ခန်းစာကို ဤမှာပင်ပြည်ဖုံးကားချလိုက်ရလေသည်။

အမှတ်မရှိသည့်သူ သမ္မတဖြစ်ကြေးဆိုလျှင်ဤရာထူးကားကျွန်ုပ်မှတစ်ပါး လက်ခံရရှိမည့်သူ မရှိနိုင်တော့။ထိုတူနှင့်ထိုတူမ၏ထူးချွန် ထက်မြက် လှသည့် ပညာဉာဏ် အရည်အသွေးကို ဆက်လက် စစ်ဆေးချင်စိတ်ကထိပ်ဖောက်ထွက်မတတ် နှိပ်စက်ပြန်ရာ တစ်ရက်သား သင်းတို့ကျောင်းမှ ပြန်လာသောအခါ ဝီအာသည် ဖြူးချားစတား-ဝီအာသည် ဘရိုက်တားဂျန်နရှေးရှင်းဟု ကြွေးကြော်ဟစ်အော်၍ အိမ်ထဲ ဝင်လာကြသည်ကိုမြင်ရလေသော် အငြိမ်မနေနိုင်သောပါးစပ်သည် မေးမိပြန်လေ၏။

ငါ့တူကြီး အက်ဒ်ဝပ်နဲ့ တူမကြီးအဲလစ်စဘက် ငှဲ့-ခုတင်က သင်တို့ပါးစပ်ကြီးများနှင့် အပြည့်အဖောင်းကြွေးကြော်သီဆိုလာကြကုန်သော ဝီအာသည် ဖြူးချားစတားဆိုသည်မှာ မည်သို့သောအဓိပ္ပာယ်ကို ဆောင်ဘိသနည်း၊ အမိုက်အမဲအန်ခယ်လ်ကို ရှင်းပြကြစမ်းပါဘိဟု ဆိုမိလေရာသူရို့နှစ်ဦးသည် လွန်စွာမှအထင်သေးလှသည့် မျက်နှာပေး ကိုယ်စီဖြင့် ခက်တာပဲအန်ခယ်လ်ရာ ဖြူးချားစတားဆိုတာ အနာဂတ်၏ သားကောင်းများပေါ့ဟု ခပ်တင်းတင်းဆိုကြလေရာ သင်းတို့၏ လှပခန့်ညားလှသည့် ဘာသာပြန်စွမ်းရည်အပေါ် ကျေနပ်နှစ်သက်လွန်းလှသဖြင့် ဒီတစ်ခါတော့ ဟုတ်ပဟေ့ဟု စိတ်တွင်းမှကြုံးဝါးရင်းကဲ-အဲ ဒါလေးရေးကြလကွယ်ဟု စာရွက် နှင့်ဘောပင် ထုတ်ပေးမိပြန်သည်။

မောင်နှမနှစ်ဦး တကုတ်ကုတ်ဖြင့်တိုင်ပင်ကာ ပုဂံခေတ်ကမြစေတီကျောက်စာ ထွင်းရဘိသကဲ့သို့ ခက်ခဲပင်ပန်းစွာ နှစ်ဦးသဘောတူရေးပြီးသောစာရွက်ကို ကြည့်မိသော တဒင်္ဂဝယ် ကျွန်ုပ်၏ မျက်လုံးတွင် မီးပွင့်များလင်းခနဲဖြာ၊ဝင်းခနဲလက်ရင်းတစ်လောကလုံး တစ်ခဏမျှ မှောင်အတိကျသွားလေတော့၏။

စာရွက်ပေါ်တွင် ဆန်ကောလောက်ရှိသော မညီမညာမြန်မာလက်ရေးဖြင့် ရေးသားသည်က -အနာဂပ် အိ သာ ဂေါင်များ တဲ့လေ။ ။



စာမျက်နှာ(၂၄)မှ

## ယာဉ်တိုက်မှုများနှင့် ယာဉ်တင်သွင်းခွင့်စနစ်များ ပြန်လည်သုံးသပ်ရန် လိုအပ်ချက်

ထိုသည်ကိုအကြောင်းတစ်စုံတစ်ရာမရှိပါဘဲ ၁၉၆၈ ခုနှစ်ခန့်က ပြောင်းခဲ့သည်။ မိမိတို့နိုင်ငံသည် ဆင်းရဲသောနိုင်ငံဖြစ်၍ သုံးပြီးသောတစ်ပတ်နွမ်းယာဉ်များကို တင်သွင်းနေကြရသည်။ ဤသို့တင်သွင်းရာတွင် မိမိတို့နှင့် စနစ်ခြင်းမတူသော ဘယ်ဘက်ကပ်မောင်းသောစနစ်ကို ကျင့်သုံးသည့် ဂျပန်နိုင်ငံမှယာဉ်များကို အများအားဖြင့် တင်သွင်းကြ၍ ယာဉ်တိုက်မှုကို ပိုမိုဖြစ်ထွန်းစေသည်။ ယင်းစနစ်နှင့်ပတ်သက်၍ အချို့သောတောင်အမေရိကတိုက်ရှိ လုပ်ထုံးလုပ်နည်းကို အတုယူသင့်ပေသည်။ ယင်းနိုင်ငံများတွင်လည်း မိမိတို့ကဲ့သို့ ဂျပန်မှတစ်ပတ်နွမ်းကားများကို တင်သွင်းကြပြီး ယင်းနိုင်ငံများမှာလည်း မိမိတို့ကဲ့သို့ ညာဘက်ကပ်မောင်းစနစ်ဖြစ်သည်။

သို့သော် ယင်းနိုင်ငံများတွင် ဂျပန်မှ ကားများရောက်လျှင် တစ်ဖက်သို့ပြောင်းသော ဝပ်ရှော့(ခေါ်)အလုပ်ရုံများထားရှိ၍ မောင်းသူဘက်သည် မှန်ကန်သောနေရာတွင်ရှိမှ ကားလိုင်စင်ထုတ်ပေးသည်။ မိမိတို့တိုင်းပြည်တွင်လည်း ထိုဥပဒေထားရှိလျှင် အဆိုပါဝပ်ရှော့များအလိုလိုပေါ်ပေါက်လာပေမည်။

**ယာဉ်တင်သွင်းသောအခွန်အကောက်များ**

ထိုသို့သောယာဉ်များ၏ အခြေအနေမှာ ယာဉ်တိုက်မှု၊ ထိခိုက်ဒဏ်ရာရသေဆုံးမှုနှင့် လုံးဝဆက်စပ်နေ၍ အခြေခံခံယူချက်မှာ မိမိတို့တိုင်းပြည်တွင်သုံးသော၊ မိမိတို့တိုင်းပြည်သို့တင်သွင်းသောယာဉ်များသည်ကောင်းမွန်စေ၍ မောင်းသူများနှင့် လမ်းသွားလာရေးတွင် ပါဝင်ပတ်သက်နေသူများအတွက် လုံခြုံရပေမည်။ ထိုသည်ကိုအခြေခံ၍ မိမိတို့တိုင်းပြည်သို့တင်သွင်းသောယာဉ်များသည် သစ်လေကောင်းလေ ဖြစ်ရမည်ဖြစ်၍ ယာဉ်ဟောင်း ယာဉ်အိုများ တင်သွင်းမှုကို အားမပေး၊ ကောင်းသောယာဉ်များ၊ စီးနင်းသူများနှင့် လမ်းများပေါ်တွင်ပါဝင်ပတ်သက်သူများအတွက် လုံခြုံသောယာဉ်များကို အားပေးသင့်ပေသည်။ ထိုသည်ကိုအခြေခံ၍ မိမိတို့တိုင်းပြည်တွင် လွန်ခဲ့သော တစ်နှစ်ခန့်က ယာဉ်တင်သွင်းမှုစည်းကမ်းများနှင့် အခွန်ကောက်သောစနစ်မှ အချက်တစ်ချက်သည် လုံးဝမှားယွင်းကြောင်း တွေ့ရှိရပေသည်။ စာရေးသူတွေ့ရှိရသော ယာဉ်များအခွန်ကောက်စနစ်မှာ-

(က) ယာဉ်အင်ဂျင်ပါဝါများလျှင် အခွန်နှုန်းပိုများသည်။

(ခ) ယာဉ်ထုတ်လုပ်သည့်နှစ်သစ်လျှင် အခွန်နှုန်းပိုများသည်။

(ဂ) ယာဉ်များ၏ အမျိုးအစားပေါ် မူတည်၍ အခွန်ကောက်နှုန်းထား ကွာခြားသည်။

ဤအချက် သုံးချက်တွင် ပထမအချက်ဖြစ်သော အင်ဂျင်ပါဝါပေါ် မူတည်၍ အခွန်နှုန်းကွာခြားခြင်းသည် လွန်စွာသင့်လျော်ပေသည်။ ယာဉ်များ အင်ဂျင်ပါဝါကြီးလျှင် စွမ်းအင်(ဓာတ်ဆီ၊ ဒီဇယ်) ပိုလိုအပ်သည်။ Carbon Emission နှင့် လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေပါသည်။ သို့သော် ဒုတိယအချက်ဖြစ်သော ကားဟောင်းလျှင် အခွန်လျှော့၍ ကားသစ်လျှင် အခွန်ပိုပေးရသော စနစ်မှာ မိမိတို့နိုင်ငံအတွက် မှားယွင်းလျက်ရှိသည်ဟု စာရေးသူ သုံးသပ်ပါသည်။ ပထမအချက်အနေနှင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံများမှ ထုတ်လုပ်သော ကားများသည် အင်ဂျင်ပါဝါချင်းတူလျှင်ပင် ကားသစ်များသည် စွမ်းအင်ကုန်သက်သာ၍ ထိုနှင့်တွဲဖက်ပြီး Carbon Emission ခေါ် လေထုညစ်ညမ်းမှုကိုလည်း သက်သာစေသည်။ ထို့ကြောင့် မိမိတို့သည် စွမ်းအင်လိုအပ်မှု ပိုမိုလျော့နည်းသော ယာဉ်များတင်သွင်းမှုကို အားပေးရမည်ဖြစ်သည်။ ယခုမြန်မာပြည်ရှိ သုံးပြီးသား ယာဉ်တင်သွင်းမှုအတွက် အကောက်အခွန်စနစ်များသည် တစ်နှစ်၊ ၂ နှစ်ခန့် ဟောင်းနွမ်းသော ယာဉ်များအတွက် အကောက်အခွန်သည် ငါးနှစ်၊ ခြောက်နှစ်ခန့်ဟောင်းနွမ်းသော ယာဉ်များနှင့် နှိုင်းစာလျှင် နှစ်ဆကျော်ခန့် ပိုမိုများပြားနေသည်ကို တွေ့ရှိရပါသည်။ အခြားများစွာသော အချက်များမှာ ကားသစ်များသည် Breaking distance (ခေါ်) ဘရိတ်အုပ်လျှင် ရပ်ရန်အရှည်အတိုင်းအတာသည် ပိုမိုထိရောက်တိုတောင်းသည် အစစအရာရာ ပိုမိုလုံခြုံစိတ်ချရသည် စသော အချက်များကို ဦးစားပေးရမည်။ ထို့အပြင် မိမိတို့တိုင်းပြည်သည် နောင်လာမည့် နှစ်ပေါင်းများစွာ မိမိတို့ တင်သွင်းလိုက်သောယာဉ်များ အတွက် Spare parts (ခေါ်) ယာဉ်အပိုပစ္စည်းများ တင်သွင်းကြရပေတော့မည်။ ဤသည်မှာ မိမိတို့က ရေရှည် နိုင်ငံခြားငွေသုံးစွဲကြရတော့ပေမည်။ ယာဉ်ဟောင်းများအတွက် ထိုယာဉ်ပစ္စည်းများ တင်သွင်းမှုမှာ ပိုမိုများပြားပေမည်။ ထိုသည်တို့ကို ချင့်ချိန်၍ ယာဉ်တင်သွင်းခွင့်ပြုသည့်အခါ ကားဟောင်းလျှင် အခွန်လျှော့၍ ကားသစ်လျှင် အခွန်ပိုပေးရသောစနစ်မှာ မိမိတို့နိုင်ငံအတွက် မှားယွင်းလျက်ရှိသည်ဟု စာရေးသူသုံးသပ်ပါသည်။ လူတို့အသက်ဆုံးရှုံးမှုနှင့် စွမ်းအင်(ဓာတ်ဆီ၊ ဒီဇယ်)ပိုလိုအပ်ချက်သည် အဓိကဖြစ်သင့်ပေသည်။

## ဟန်းဆက်ဈေးနှုန်းများ

### Samsung

| Model | Price |
|---|---|
| Galaxy Y | 93,000 |
| Galaxy GIO | 123,500 |
| Galaxy Ace | 150,000 |
| Galaxy Ace Plus | 185,000 |
| Galaxy Ace 2 | 220,000 |
| Galaxy S Advance | 260,000 |
| Galaxy S2 | 340,000 |
| Galaxy S3 | 445,000 |
| Galaxy Note II | 530,000 |
| Galaxy Tab 7.1 | 285,000 |

YANGON MOBILE ဆိုင်မှ ဈေးနှုန်းများဖြစ်သည်။

### HTC

| Model | Price |
|---|---|
| One X | 400,000 |
| Sensation XL | 362,000 |
| Desire VC | 240,000 |

### iPhone

| Model | Price |
|---|---|
| iPhone 5 (64 GB) | 850,000 |
| iPhone 5 (32 GB) | 705,000 |
| iPhone 4s (64 GB) | 525,000 |
| iPhone 4s (32 GB) | 505,000 |
| iPhone 4s (16 GB) | 480,000 |

### Huawei

| Model | Price |
|---|---|
| C 8800 | 87,000 |
| C 8812 | 108,000 |
| C 8810 | 97,000 |
| T 8830 | 109,000 |
| U 8818 D | 110,000 |
| U 8951 | 125,000 |
| Y 300 C | 109,000 |
| C 8950 D | 170,000 |
| U 8950 D | 165,000 |
| Ascend P1 | 264,000 |

ဇွန်(၁)ရက် ဈေးနှုန်းများဖြစ်ပြီး ဈေးနှုန်းအပြောင်းအလဲရှိနိုင်သည်။

## အီလက်ထရွန်နစ်ပစ္စည်းများဈေးနှုန်း

| အမျိုးအစား | မော်ဒယ် | ဈေးနှုန်း(ကျပ်) |
|---|---|---|
| **TV** | | |
| Samsung (Smart LED) | 40ES5600 | 560,000 |
| Panasonic(LCD) | 32SC4S | 260,000 |
| Sony (LCD) | 35BX | 265,000 |
| Sony (LED) | 32EX33 | 315,000 |
| **DVD** | | |
| Samsung | BD-E 5500(Blu-ray 3D) | 120,000 |
| EVD (GE) | HDMI | 26,500 |
| EVD (AEK) | HDMI | 25,000 |
| **ရေခဲသေတ္တာ** | | |
| Samsung | RT25FGJA | 350,000 |
| Samsung | RA20F17 | 175,000 |
| Hitachi | 190W | 235,000 |
| Panasonic | NR.BT224 | 235,000 |
| **Washing** | | |
| Samsung | $WA95V_3$ | 180,000 |
| Samsung | WT10J | 175,000 |
| **Aircon** | | |
| Hitachi | 1.0HP | 240,000 |
| Mitsubishi | 1.0HP | 245,000 |
| Samsung | 1.0HP | 245,000 |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၁) ရက်တွင် မဟာဗန္ဓုလပန်းခြံလမ်းရှိ Capital နှင့် OK မြန်မာဆိုင်တို့မှ ကောက်ယူထားခြင်းဖြစ်သည်။

## အိမ်ဆောက်ပစ္စည်းများဈေးနှုန်း

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း |
|---|---|---|
| ဘိလပ်မြေ (ယိုးဒယား ဆင်တံဆိပ်) | တစ်အိတ် | ၆,၃၅၀ |
| ဘိလပ်မြေ (ယိုးဒယား INSee) | တစ်အိတ် | ၅,၉၀၀ |
| ဘိလပ်မြေ (မြင်းခေါင်းတံဆိပ်) | တစ်အိတ် | ၅,၀၀၀ |
| ဘိလပ်မြေ (ကျောက်ဆူးတံဆိပ်) | တစ်အိတ် | ၅,၃၀၀ |
| အုတ် (ကုန်းအုတ်-ပထမတန်းစား) | တစ်လုံး | ၉၃ |
| အုတ် (ကုန်းအုတ်-ဒုတိယတန်းစား) | တစ်လုံး | ၇၈ |
| အုတ် (၈ ပေါက်အုတ်) (အထိုင်ဈေး) | တစ်လုံး | ၉၀ |
| သဲ (အကြမ်း) | တစ်ကျင်း | ၁၁,၀၀၀ |
| သဲ (အနု) | တစ်ကျင်း | ၇,၀၀၀ |
| ကျောက် | တစ်ကျင်း | ၆၈,၀၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.3mm) | ၁ ပေ | ၆၀၀ |
| ကာလာစတီးအမိုးပြား 4 angle(0.312mm) | ၁ ပေ | ၆၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.36mm) | ၁ ပေ | ၈၈၀ |
| ကာလာစတီးအမိုးပြား 4 angle(0.346mm) | ၁ ပေ | ၈၃၀ |
| ကာလာစတီးအမိုးပြား 4 angle(0.4mm) | ၁ ပေ | ၉၃၀ |
| Posco ကြယ်စိမ်း | ၁ ပေနှုန်း | ၄၃၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၉။၁၀ ပေ) | ၁ ပေ | ၃၂၀ |
| ရိုးရိုးသွပ်မိုးပြား(နေရှင်နယ် ၁၁။၁၂ ပေ) | ၁ ပေနှုန်း | ၃၂၅ |
| ထုံး(၈ ပိဿာအိတ်) | တစ်အိတ် | ၁,၁၀၀ |

အထက်ပါဈေးနှုန်းများမှာ ဇွန်(၁)ရက်တွင် ကောက်ယူထားသော ဈေးနှုန်းများဖြစ်ပြီး ပြောင်းလဲမှုအနည်းငယ်ရှိနိုင်သည်။

## စားသောက်ကုန်ဈေးနှုန်းများ

| အမျိုးအစား | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ဆန်(ပေါ်ဆန်းမွှေး) | တစ်ပြည် | ၉၀၀-၁,၅၀၀ |
| ဆန်(တောင်ပျံ) | တစ်ပြည် | ၁,၀၀၀-၁,၃၀၀ |
| ဆန်(ဇီယာ) | တစ်ပြည် | ၆၀၀-၈၀၀ |
| ဆီ(ပဲဆီရှယ်) | တစ်ပိဿာ | ၃,၅၀၀ |
| ဆီ(စားအုန်းဆီ) | တစ်ပိဿာ | ၁,၆၀၀ |
| ဆီ(ရန်ကုန်ပဲဆီ) | တစ်ပိဿာ | ၄,၁၀၀ |
| ဆား(အိုင်အိုဒင်း) | တစ်ထုပ် | ၁၀၀ |
| ကြက်သွန်နီ | တစ်ပိဿာ | ၆၀၀ |
| ကြက်သွန်ဖြူ | တစ်ပိဿာ | ၁,၈၀၀ |
| သကြား | တစ်ပိဿာ | ၁,၀၀၀-၁,၁၀၀ |
| မန်ကျည်းမှည့်(အစေ့လွတ်) | တစ်ပိဿာ | ၁,၅၀၀ |
| အာလူး | တစ်ပိဿာ | ၇၀၀ |
| နို့ဆီ | တစ်ဘူး | ၅၀၀-၇၅၀ |
| နို့စိမ်း | တစ်ဘူး | ၆၀၀-၇၅၀ |
| ကြက်ဥ/ဘဲဥ | တစ်လုံး | ၁၀၀-၁၁၀ |
| ကုလားပဲခြမ်း | တစ်ပိဿာ | ၁,၄၀၀ |
| ကြက်သား(မွေးမြူရေး) | တစ်ပိဿာ | ၆,၀၀၀ |
| ကြက်သား(ဗမာ) | တစ်ပိဿာ | ၈,၀၀၀ |
| ဝက်သား | တစ်ပိဿာ | ၆,၀၀၀ |
| အမဲသား | တစ်ပိဿာ | ၅,၀၀၀ |
| ခရမ်းချဉ်သီး (ထိုင်ဝမ်သီး) | ၁ သေတ္တာ | ၁၀,၀၀၀ ဝန်းကျင် |
| ဂေါ်ဖီထုပ် | ၁ ထုပ် | ၄၀၀-၇၀၀ |
| ငရုတ်သီး(အပု) | ၁ ပိဿာ | ၅,၀၀၀ |

## ငါး၊ ပုစွန်ဈေးနှုန်းများ

| အမျိုးအမည် | ရေတွက်ပုံ | ဈေးနှုန်း(ကျပ်) |
|---|---|---|
| ငါးမြစ်ချင်း | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |
| ငါးကြင်း | ၁ ပိဿာ | ၂,၃၀၀-၃,၂၀၀ |
| ငါးသလောက် | ၁ ပိဿာ | ၃,၃၀၀-၃,၆၀၀ |
| ငါးဖယ် | ၁ ပိဿာ | ၂,၁၀၀-၂,၆၀၀ |
| ပုစွန်ဘော့ချိတ် | ၁ ပိဿာ | ၃,၀၀၀-၄,၂၀၀ |
| ပုစွန်ပြောင်တုပ်ကြီး | ၁ ပိဿာ | ၁၂,၀၀၀-၂၆,၀၀၀ |
| တီလားဗီးယား | ၁ ပိဿာ | ၁,၆၀၀-၂,၀၀၀ |

ဇွန်(၁)ရက်က ကြည့်မြင်တိုင်ဗဟိုစိပြင်ငါးဈေးကြီးမှ ကောက်ယူထားသော လက်ကားဈေးနှုန်းများဖြစ်သည်။

## ပုဂ္ဂလိကစက်သုံးဆီဈေးနှုန်းများ

| နေ့စွဲ | ဓာတ်ဆီ 1 Litre | ဒီဇယ် 1 Litre | Octane 1 Litre | Premier 1 Litre |
|---|---|---|---|---|
| May(26) | 814 | 860 | 860 | 880 |
| May(27) | 814 | 860 | 860 | 880 |
| May(28) | 814 | 860 | 860 | 880 |
| May(29) | 814 | 860 | 860 | 880 |
| May(30) | 814 | 860 | 860 | 880 |
| May(31) | 814 | 860 | 860 | 880 |
| Jun(1) | 814 | 860 | 860 | 880 |

ပုဂ္ဂလိကစက်သုံးဆီဆိုင်များမှ ဈေးနှုန်းများဖြစ်ပါသည်။ ဈေးနှုန်းပြောင်းလဲမှု အနည်းငယ် ရှိနိုင်သည်။

## Note Book

| | |
|---|---|
| **Lenovo** | |
| IntelCore i3 2.3 GHz, 4GB DDR3,500GB HDD,1GB VGA,14" | 469,000 |
| Intel Core i5 1.7 GHz, 4GB DDR3, 750GB HDD,1GB VGA,14" | 657,000 |
| IntelCore i5 2.5GHz,4GB x 1sloxDDR3,1TB HDD,2GB VGA,14" | 685,000 |
| Intel Core i7 2.2 GHz, 4GB DDR3, 1TB HDD, 15.6" | 826,000 |
| **Acer** | |
| Intel Core i3 1.5 GHz, 2GB DDR3, 500GB HDD, HD, 11.5" | 408,000 |
| Intel Core i3 1.4 GHz, 2GB DDR3,60GB SSD, HD, 11.6" | 685,000 |
| Intel Core i5 1.8 GHz, 4GB DDR3, 500GB HDD, 14" | 628,000 |
| Intel Core i7 2.4 GHz, 4GB DDR3, 1TB HDD, 14" | 751,000 |
| **MSI** | |
| Intel Core i3 2.4 GHz, 4GB DDR3, 500GB HDD, 15.6" | 553,000 |
| Intel Core i5 2.5 GHz, 2GB DDR3,500GB HDD,1GB VGA,14" | 596,000 |
| Intel Core i5 2.6 GHz, 4GB DDR3, 500GB HDD, 15.6" | 643,000 |
| Intel Core i7 2.4 GHz, 8GB DDR3, 750GB, 15.6" | 1,052,000 |

# Technology

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

## လက်ရှိဖုန်းခေါ် ဆိုခများထက် သက်သာသည့် နှုန်းအထိ လျှော့ချရန်ရှိ

**ဆွေမွန်**

**ရန်ကုန်၊ ဇွန်-၂**

ပြည်တွင်းဖုန်းခေါ် ဆိုခနှုန်းထားများမှာလက်ရှိတွင် တစ်မိနစ်ငါး ဆယ်ကျပ်ပေးရသည့် ပမာဏသည်ရှိသင့်သည်ထက်နှစ်ဆ၊ သုံးဆပိုများနေခြင်းကြောင့် ပို၍သက်သာသည့် နှုန်းထားများဖြစ်လာစေရန် လျှော့ချသွားမည်ဖြစ်ကြောင်း ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာဝန်ကြီးဌာန ဒုဝန်ကြီးဦးသောင်းတင် ကပြောသည်။

ဆက်သွယ်ရေးအော်ပရေတာများရွေးချယ်ပြီးပါက ရွေးချယ်ခံရသည့်ကုမ္ပဏီများကို ဆက်သွယ်ရေးဆိုင်ရာ နှုန်းထားများ နိုင်ငံတကာနှင့်ယှဉ်၍ ယခုထက် လျှော့ချပေးနိုင်ရန် ညွှန်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ယခင်ကထက် ဆက်သွယ်ရေးဆိုင်ရာသုံးစွဲခနှုန်းထားများအပြင် မိုဘိုင်းဖုန်းများကိုလည်း ဈေးနှုန်းလျှော့ ရောင်းချနေခြင်းမှာ ရောက်ရှိလာမည့်နိုင်ငံတကာကုမ္ပဏီများအနေဖြင့် ထိုဈေးနှုန်းပေါ် မူတည်ပြီး ထပ်မံလျှော့ချရောင်းချပေးနိုင်ရန်အတွက်ဖြစ်ကြောင်း ဒုဝန်ကြီးဦးသောင်းတင်က ရန်ကုန်မြို့တွင်ဇွန်လ ၁ရက်က ပြုလုပ်ခဲ့သည့် အင်တာနက်လွတ်လပ်ခွင့်ဖိုရမ်၌ ပြောကြားခဲ့သည်။




*ဆက်သွယ်ရေးဒုဝန်ကြီးဦးသောင်းတင် အမှာစကားပြောကြားစဉ်* ဓာတ်ပုံ- Myanmar Internet Freedom Forum

"အလကားပေးသင့်တဲ့နေရာတွေမှာ အလကားပေးပါလို့ အော်ပရေတာတွေကိုတောင်းဆိုမှာပါ။ အဲဒါကလည်း အခုရေးဆွဲနေတဲ့ဆက်သွယ်ရေးဥပဒေထဲမှာ ပါသွားလိမ့်မယ်။ အော်ပရေတာတွေကတယ်လီကွန်း နဲ့ ပတ်သက်တဲ့ ဆားဗစ်အကုန်လုပ်ရမယ်။ မိုဘိုင်းလည်းပါမယ်။ အင်တာနက်လိုင်းတွေလည်းပါမယ်။ အဲဒီမှာ ဈေးကြီးရင် အစိုးရက အော်ပရေတာတွေကိုပြောမယ်။ နိုင်ငံတကာဈေးဖြစ်အောင်လုပ်ရမယ်" ဟု အဆိုပါဖိုရမ်တွင် ဒုဝန်ကြီးကပြောကြားသည်။

အင်တာနက်ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပညာရေးကဏ္ဍမှ စတင်၍ သင်ယူနိုင်ရေးလုပ်ဆောင်ပေးရန်အဓိကလိုအပ်ပြီး ယခုအချိန်တွင် ပညာရေးစနစ်အရ အိုင်စီတီနည်းပညာနှင့် ပတ်သက်၍ သင်ကြားရေးစနစ်အားနည်းနေသေးကြောင်း ကွန်ပျူတာကျွမ်းကျင်ပညာရှင်များကသုံးသပ်ပြောကြားသည်။

ထို့အပြင် အင်တာနက်သုံးစွဲမှုသာမက တယ်လီဖုန်းလိုင်းသုံးစွဲမှုတွင်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ခုနစ်ရာခိုင်နှုန်းသာရှိခြင်းကြောင့် ၅၀ရာခိုင်နှုန်းအထိ တိုးတက်အောင် ဆောင်ရွက်သွားမည်ဟုဆက်သွယ်ရေးဒုဝန်ကြီးက ပြောသည်။

လက်ရှိတွင် ဆက်သွယ်ရေးလုပ်ငန်းအဆင့်မြင့်တင်နိုင်ရေး အတွက် နိုင်ငံတကာအဆင့်မီ ဆက်သွယ်ရေးအော်ပရေတာများ ရွေးချယ်လျက်ရှိရာ ဇွန်လ ၂၇ ရက်တွင် အပြီးသတ်ရွေးချယ်ပေးသွားမည်ဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်နေသည့်ကုမ္ပဏီ ၁၁ခုဆန်ခါတင် ရွေးချယ်ခံထားရသည်။

## HTC ONE Google ဟန်းဆက်များအရေအတွက် ကန့်သတ်ရောင်းချမည်

**တိုင်ပေ၊ မေ**

တိုင်ပေဖုန်းထုတ်လုပ်သည့် ကုမ္ပဏီ HTC သည် Android သီးသန့် လက်ကိုင်ဖုန်းများကို နမူနာ ၅၀,၀၀၀ သာကန့်သတ်ရောင်းချရန် မျှော်လင့်ထားကြောင်း သိရသည်။

HTC ကုမ္ပဏီမှ ထုတ်လုပ်သည့် ထိပ်တန်းစမတ်ဖုန်းဖြစ်သည့် HTC ONE ဟန်းဆက်များသည် ယခု ရက်သတ္တပတ်များအတွင်း Android စနစ်ဖုန်းနယ်ပယ်၌လူအများ၏ စိတ်ဝင်စားမှုရရှိနေသည်။ ယင်းဖုန်းများစတင် ထွက်ရှိချိန်က အန်းဒရိုက်စနစ်သုံးဖုန်းဟု ကောလာဟလ ပြောဆိုမှုများကို ကုမ္ပဏီကငြင်းဆိုခဲ့သော်လည်း တရားဝင်မဟုတ်သော အတည်ပြုချက်များရရှိထားပြီဖြစ်သည်။

HTC ကုမ္ပဏီက လက်ရှိရောင်းချနေသော စုစုပေါင်း ဟန်းဆက်အရေအတွက်၏ တစ်ရာခိုင်နှုန်းခန့်သာ ကန့်သတ်ထုတ်လုပ်သွားရန်စီစဉ်နေသည်။ ပြီးခဲ့သည့်တစ်လမှ စတင် ရောင်းချခဲ့သော HTC ONE ဟန်းဆက်များမှာ တရားဝင်ရောင်းချချိန်မှစ၍ အလုံးရေ ငါးသန်းရောင်းချခဲ့ရပြီး ယခုကဲ့သို့ကန့်သတ်ထုတ်ဝေသွားမည့် အစီအစဉ်ကြောင့် Android Jelly Bean သုံးစမတ်ဖုန်းအလုံးရေ၅၀၀၀၀ခန့်သာထုတ်လုပ်သွားဖွယ်ရှိသည်။

ထိုကဲ့သို့အကန့်အသတ်နှင့် ထုတ်လုပ်ခြင်းကြောင့် HTC ONE ဟန်းဆက်ဝယ်လိုအားမြင့်တက်လာနိုင်ကြောင်း ခန့်မှန်းသူများကဆိုသည်။ ယင်းတွင် နောက်ဆုံးပေါ် Hardware, နောက်ဆုံးပေါ် OS များအသုံးပြုထားပြီး နောက်ထပ် Android Version အသစ်ထွက်ရှိလာပါကလည်း စနစ်သစ်ကို အလိုအလျောက်ရရှိမည်ဟု HTC က ကတိပြုထားသည်။

သို့သော် HTC မှ ထွက်ရှိမည့် Vanilla Android Version ဟန်းဆက်တန်ဖိုးကိုကုမ္ပဏီကလတ်တလောပြောကြားထားခြင်းမရှိသေးသော်လည်း ယခုနှစ် နွေရာသီတွင် စတင်မိတ်ဆက်မည်ဟုမျှော်လင့်ရသည်။

—Ref: AFP




## iPod Touch မော်ဒယ်သစ် Apple စတင်ရောင်းချ




**ဆန်ဖရန်စစ္စကို၊ ဇွန်-၂**

Apple ကုမ္ပဏီ၏ ယခုရှိနေသည့် စတုတ္ထမျိုးဆက် iPod 16GB ကို နောက်ဆုံးပေါ် ပဥ္စမမျိုးဆက် iPod Touch ဖြင့် အစားထိုးထုတ်လုပ်ထားပြီး Retina စနစ်မျက်နှာပြင်နှင့် အင်တာနက်ချိတ်ဆက်မှုပါရှိသည်။

iPod Touch ပဥ္စမမျိုးဆက်ကို ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ထုတ်လုပ်ခဲ့ပြီး နောက်ဆုံးပေါ် iPhone ၏ ကိုယ်ထည်အတိုင်းအတာနှင့် တူညီမှုရှိကာ ပိုမိုပေါ့ပါး၍ ဈေးပိုသက်သာသည်။ ယခုဈေးကွက်တွင်ရှိပြီးဖြစ်သည့် မှတ်ဉာဏ် 32GB နှင့် 64GB မော်ဒယ်များအပြင် Apple က 16GB ကို ထပ်တိုးလိုက်ခြင်းဖြစ်သည်။ သို့သော် အခြားသော မော်ဒယ်များကဲ့သို့မဟုတ်ဘဲ အနက်ရောင်နှင့် ငွေရောင်နှစ်မျိုးသာရရှိနိုင်ပြီး နောက်ကင်မရာ iSight မပါဝင်ကြောင်း သိရသည်။

သို့သော် Face Time ဗီဒီယိုခေါ်ယူ ဆက်သွယ်မှု အသုံးပြုနိုင်သည့် ရှေ့ကင်မရာပါဝင်ပြီး Retina စနစ် မျက်နှာပြင်ပါရှိသည်။ iPod Touch တွင် iPhone တွင် အသုံးပြုနိုင်သည့် Wifi စနစ်အသုံးပြုနိုင်မည်ဖြစ်သည်။ ကမ္ဘာတစ်ဝန်းရှိ Apple Store ၏ ဝက်ဘ်ဆိုက်များတွင် ရောင်းချခဲ့ပြီး ဥရောပဈေးကွက်တွင် မှတ်ဉာဏ် 16GB ပဥ္စမမျိုးဆက် iPod Touch၏ ဈေးနှုန်းမှာ ၂၄၉ ဒေါ်လာ သတ်မှတ်ထားသည်။

ပဥ္စမမျိုးဆက် iPod Touch မိတ်ဆက်လိုက်ခြင်းကြောင့် စတုတ္ထမျိုးဆက် iPod Touch ရောင်းချမှုကို Apple ကုမ္ပဏီက ရပ်ဆိုင်းမည်ဖြစ်သည်။

—Ref: AFP






# အမှန်တရားအခြေခံရေးသားမှုများအား တုံ့ပြန်မှုတိုးမြှင့်ရန်လိုကြောင်း ဖေ့စ်ဘွတ်ခ်ကုမ္ပဏီပြောကြား




**နယူးယောက်၊ မေ**

ဖေ့စ်ဘွတ်ခ်တွင်အမှန်းတရားအခြေခံရေးသားမှုများကိုဖယ်ရှားရန်ကြိုးစားမှုမှာ မျှော်လင့်ထား သကဲ့သို့အဆင်မပြေကြောင်း၊ အမျိုးသမီးအုပ်စုများ၏တုံ့ပြန်ရေးသားချက်များကြောင့်ဖေ့စ်ဘွတ်ခ်တွင်ကြော်ငြာသူများက ၎င်းတို့ ကြော်ငြာများကိုပြန်လည်ရုပ်သိမ်းသွားကြကြောင်းဖေ့စ်ဘွတ်ခ်ကုမ္ပဏီက ဝန်ခံပြောကြား လိုက်သည်။

မေ ၂၈ ရက်က ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ လုံခြုံရေးအဖွဲ့မှတင်ထားသော စာမျက်နှာတွင် လိင်ကွဲပြားမှုအခြေခံ၍ အမုန်းတရား အခြေခံရေးသားထားသည်များကိုဖယ်ရှားရာတွင် ပြဿနာများကြုံတွေ့ခဲ့ရကြောင်း အသိပေးပြောကြားထားသည်။ ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ စံချိန်စံညွှန်းများ ချိုးဖောက်ကာရေးသားထားသည့်စာများကိုဖယ်ရှားရန်၊ ယင်းစနစ်မြှင့်တင်ရန်ကြိုးစားနေသည်မှာ လအတော်ကြာပြီဖြစ်ကြောင်း၊ ယင်းစနစ်များတွင် အသုံးပြုထားသည့် လမ်းညွှန်ချက်များမှာ ဖေ့စ်ဘွတ်ခ်၏စံချိန်စံညွှန်းများကို ချိုးဖောက်ရေးသားထားမှုအားလုံးနီးပါး မဖမ်းဆီးနိုင်ခဲ့ကြောင်း၊ ထိုစနစ်များ ပိုမိုကောင်းမွန်လာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကုမ္ပဏီ၏အသိပေးချက်တွင်ဖော်ပြထားသည်။

ဖေ့စ်ဘွတ်ခ်မှ ကြော်ငြာ ၁၃ခုကို ကုမ္ပဏီအသီးသီးက ရုပ်သိမ်းမှုရှိခဲ့ကြောင်း ဗြိတိန်ထုတ်မီဒီယာဝိခ်သတင်းစာက မေ ၂၉ ရက်တွင် ဖော်ပြသည်။ ဂျပန်ကား ကုမ္ပဏီ Nissan သည်လည်း ၎င်း၏ ကြော်ငြာတွင် ထိုအမုန်တရားအခြေခံရေးသားချက်များနှင့် ယှဉ်တွဲ၍ မပေါ်လာမှသာ ဆက်လက်ကြော်ငြာမည်ဖြစ်ပြီး ယာယီရုပ်သိမ်းသွားပြီဖြစ်ကြောင်းနယူးယောက်တိုင်းမ်သတင်းစာကဖော်ပြသည်။

မေ ၂၈ ရက်က ဖေ့စ်ဘွတ်ခ်၌ ဖော်ပြသည့် အသိပေးချက်တွင်အမုန်းတရားအခြေခံရေးသားချက်များကို တန်ဖိုးချင့်တွက်ရန် အသုံးပြုထားသော လမ်းညွှန်ချက်များကို အချိန်နှင့် တစ်ပြေးညီဖြစ်စေရန် ဆောင်ရွက်သွားမည်ဟု ပြောကြားထားသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်က Women,Action & The Media ဟုခေါ်သောအဖွဲ့တစ်ဖွဲ့က ဖေ့စ်ဘွတ်ခ်သို့ အိတ်ဖွင့်ပေးစာတွင် အမျိုးသမီးများ (သို့မဟုတ်) မိန်းကလေးများအား အကြမ်းဖက်မှုကိုအမွှမ်းတင်ခြင်း(သို့မဟုတ်)သိမ်းဖျင်းစေခြင်းများကဲ့သို့ရေးသားထားသည်များကို ဖေ့စ်ဘွတ်ခ်ကုမ္ပဏီ၏ တုံ့ပြန်မှုတိုးမြှင့်ရန် တိုက်တွန်းထားကြောင်း သိရသည်။

—Ref: Reuters




## Galaxy S4 Mini ဆမ်ဆောင်းရောင်းချတော့မည်




**လန်ဒန်**-ဆမ်ဆောင်း ကုမ္ပဏီသည် မကြာမီက ထွက်ရှိခဲ့သည် လူကြိုက်များသော Galaxy S4 ၏ ပုံစံကွဲဖြစ်သည့် Galaxy S4 Mini ကို ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယခုထုတ်လုပ်လိုက်သော Galaxy S4 Mini သည် စကရင်မျက်နှာပြင် အကျယ် ၄ဒသမ ၃ လက်မရှိပြီး ၎င်းအယင်မျိုးဆက်ဖြစ်သော S3 Mini ထက် အနည်းငယ်ပိုကြီးမားသည်။ ဖုန်းကို မည်သည့်နေ့တွင် ဈေးကွက်၌ ဖြန့်ချိမည်ကို မသိရသေးသော်လည်း လာမည့်လတွင်ပြပွဲတင်ပြသသွားဖွယ်ရှိကာ ထိုနောက်ပိုင်းတွင် ဖြန့်ချိမည်ဟု ခန့်မှန်းနေကြသည်။

ထိုစမတ်ဖုန်းတွင် eight-megapixel ရုပ်ထွက်အရည်အသွေးရှိ ကင်မရာတပ်ဆင်ထားပြီး ရှေ့ဘက်ကင်မရာလည်းပါဝင်ကာ ယနေ့ခေတ်ပေါ် ကင်မရာများအတိုင်းဖြစ်သည်။ မူရင်း S4 ဖုန်းမှာမူ ကင်မရာ 13 megap -ixels ရှိ၍ ပိုအဆင့်မြင့်သည်။ ထို့ပြင် ဖုန်းတွင် ပါဝင်သော ပရိုဆက်ဆာမှာ 1.7GHz မြန်နှုန်းသာရှိသည့် dual core processor ဖြစ်ရာ၊ S4 တွင်ပါဝင်သော quadc -ore ပရိုဆက်ဆာထက် စွမ်းရည်နိမ့်သည်။ Ovum သုတေသနအဖွဲ့မှ ဆန်းစစ်သူပညာရှင်နစ်ခ်ဒီလီယွန်ကဖုန်းနှင့် ပတ်သက်၍ “အဓိကအချက်ကတော့ ပရိုဆက်ဆာ၊ မန်မိုရီနဲ့ စကရင်အပိုင်းတွေမှာ အဆင့်နည်းနည်းလျှော့ချထားတဲ့ အတွက်ဈေးနှုန်းကို သက်သာစေတာပါ။ ဒါပေမဲ့ ခံစားတွေ့ကြုံရမယ့် အရည်အသွေးကတော့ အတူတူပါပဲ”ဟုပြောသည်။

ဆမ်ဆောင်း၏ Galaxy S4 Mini ထုတ်လုပ်ဖြန့်ချိမှုသည် ဈေးကွက်အတွင်း Apple ၏ စမတ်ဖုန်းများကို ဈေးကွက်ဝေစု လျော့ကျသွားစေရန်ကြိုးပမ်းမှုတစ်ခုလည်းဖြစ်သည်။ ဧပြီလတွင် ဖြန့်ချိခဲ့သည့် ဆမ်ဆောင်း၏ Gala -xy S4 ဖုန်းသည် တစ်လတာအတွင်း ကမ္ဘာတစ်ဝန်း၌ လုံးရေ ၁၀သန်းကျော်ရောင်းချခဲ့ရကာ စံချိန်သစ်တင်နိုင်ခဲ့သည်။

Ref: BBC

# တိုင်းရင်းသားပြဿနာဟာ နိုင်ငံရေးပြဿနာဖြစ်တယ်၊ ဒါကြောင့် နိုင်ငံရေးနည်းနဲ့ ဖြေရှင်းသင့်တယ်ဆိုတဲ့ အယူအဆမျိုးလိုချင်တယ်

အေးမြကျော်

ကချင်ပြည်နယ်တွင် တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့သည်မှာ ၂ နှစ်ပြည့်ရန် ၁၀ ရက်အလိုတွင် အစိုးရနှင့် ကချင်လွတ်မြောက်ရေးအဖွဲ့(ကေအိုင်အို)တို့သဘောတူညီမှုတစ်ခုကိုလက်မှတ်ရေးထိုးနိုင်ခဲ့သည်။ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးနိုင်ခဲ့ခြင်းမရှိသော်လည်း ကေအိုင်အိုက အစဉ်တောင်းဆိုခဲ့သည့် နိုင်ငံရေး ဆွေးနွေးပွဲများပြုလုပ်သွားမည်ဆိုသည့်အချက်က သဘောတူညီချက်ခုနစ်ချက်၏ နံပါတ်တစ် နေရာတွင် ပါဝင်လာသည်။ ကေအိုင်အိုကိုယ်စားလှယ်အဖွဲ့ လိုင်ဇာမြို့မှမြစ်ကြီးနားမြို့သို့လာရောက်စဉ်ကလည်း သောင်းချီသော ဒေသခံများနှင့် စစ်ဘေးဒုက္ခသည်များက "ငြိမ်းချမ်းရေး"မျှော်လင့်ချက်များစွာဖြင့် ကြိုဆိုခဲ့ကြသည်။

ဆွေးနွေးပွဲရလဒ်က အများမျှော်လင့်ထားသလို အပြည့်အဝကျေနပ်အားရမှုမရှိဟု ပြောဆိုခဲ့ကြသော်လည်း စစ်ကြောင့် ဒုက္ခသည်ဖြစ်ခဲ့ရသူများအဖို့ အိမ်ပြန်ချိန်မျှော်လင့်ချက်ရောင်ခြည်အနည်းငယ်သန်းလာကြသည်။ဆွေးနွေးပွဲနှင့်ပတ်သက်သော အကြောင်းအရာများ ကေအိုင်အို၏ ရှေ့ဆက်သွားမည့်ခရီး နှင့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးပွဲအပြီး မေလ ၃၀ ရက် ညပိုင်းက ကေအိုင်အေ ဒုတိယစစ်ဦးစီးချုပ် ဗိုလ်ချုပ်ဂွန်မော်နှင့် **7 Day, The Voice** နှင့် မော်ဒန်ဂျာနယ်တို့က ကေအိုင်အိုဆက်ဆံရေးရုံးတွင် သီးသန့်တွေ့ဆုံမေးမြန်းခွင့်ရခဲ့ရာ **7 Day News** က မေးမြန်းခဲ့သော မေးခွန်းနှင့် အဖြေများကို ပြန်လည်မျှဝေလိုက်ပါသည်။



*သတင်းထောက်များ၏ မေးခွန်းများကို ဖြေကြားနေသော ဗိုလ်ချုပ်ဂွန်မော်*

ဓာတ်ပုံ- အေးမြကျော်

**7 Day-လိုင်ဇာကနေ မြစ်ကြီးနားအလာလမ်းမှာ ကြိုဆိုကြတယ်။ အဲဒီလိုမျိုး ကြိုလိမ့်မယ်လို့မျှော်လင့်ထားခဲ့လား။ လာတဲ့လမ်းတစ်လျှောက်မှာ ဗိုလ်ချုပ်ကို အံ့အားသင့်စေတဲ့အရာတစ်ခုခုက ဘာများဖြစ်မလဲ။**

ကျွန်တော်တို့ကိုကြိုတဲ့ အဖွဲ့တွေမှာ အချို့ငိုကြတာ၊ မျက်ရည်ကျတာကို တွေ့ပါတယ်။ လူထုကကြိုမယ်ဆိုတာသတင်းတော့ကြားတယ်။ ဒါပေမဲ့ဒီလောက်အထိကြိုမယ်မထင်ထားဘူး။ ကျွန်တော်တို့က ကြိုဆိုရေးတွေ ဘာတွေမလုပ်နဲ့လို့ ပြောထားတာ။ ဒါပေမဲ့ လူထုကတော့ ဒီလိုဆွေးနွေးပွဲတွေသွားမယ်ဆိုတဲ့အခါကြိုဆိုကြတာပါ။ သူတို့သဘောနဲ့ ထွက်ကြိုတဲ့သဘောပါ။ အချို့ကလည်း ဒီနေ့အထိမသိလိုက်ဘူး။ သတင်းကြားတဲ့သူတွေကလမ်းပေါ် ထွက်ကြိုတဲ့သဘောပါ။

**7 Day-အဲဒီလို ကြိုဆိုတာကို တွေ့ရတော့ အဲဒီ "အား"တွေက ဆွေးနွေးပွဲကို ဘယ်လိုအထောက်အကူဖြစ်ခဲ့ပါသလဲ။**

ကျွန်တော်တို့ကို အားတစ်ခုဖြစ်စေပါတယ်။ နောက်တစ်ခုက လူထုရဲ့သဘောထားကိုထင်ဟပ်ပြတယ်ဆိုတော့ ဆွေးနွေးပွဲကို နှစ်ဖက်စလုံးက ကျွန်တော်တို့ ဘာတွေလုပ်သင့်သလဲ။ လူထုသဘောထား ဘယ်လိုရှိတယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ပြသနိုင်တယ်လို့ ပြောလို့ရပါတယ်။

**7 Day-သဘောတူညီချက်ခုနစ်ချက် ထိပ်ဆုံးမှာ နိုင်ငံရေးဆွေးနွေးပွဲတွေ လုပ်မယ်လို့ပါတယ်။ တကယ်လို့ နိုင်ငံရေးဆွေးနွေးပွဲ စလုပ်ဖြစ်ပြီဆိုတာနဲ့ ကေအိုင်အိုဘက်က ဘာတွေကိုတောင်းဆိုဆွေးနွေးသွားမလဲ။**

ကေအိုင်အိုက ပြောနေတာက ပြည်တွင်းမှာဖြစ်နေတဲ့ တိုင်းရင်းသားပြဿနာကို နိုင်ငံရေးပြဿနာအနေနဲ့ ရှုမြင်စေချင်တယ်။ ဒီအချိန်ထိ ပဋိပက္ခဖြစ်တယ်တို့၊ပြဿနာဖြစ်တယ်တို့သုံးနေတာကို နိုင်ငံရေးပြဿနာလို့ အစိုးရက တရားဝင်သုံးတာမတွေ့ရသေးဘူး။ ကျွန်တော်တို့ဖြစ်စေချင်တာက တိုင်းရင်းသားပြဿနာဟာ နိုင်ငံရေးပြဿနာဖြစ်တယ်။ ဒါကြောင့် နိုင်ငံရေးနည်းနဲ့ ဖြေရှင်းသင့်တယ်ဆိုတဲ့ အယူအဆမျိုးလိုချင်တယ်။ ဒါကြောင့် အခုလည်း နိုင်ငံရေးနည်းနဲ့ ဖြေရှင်းရအောင်ပြောနေတာက ဒါက နိုင်ငံရေးပြဿနာဖြစ်တယ်ဆိုတဲ့ အယူအဆကို တင်ပြနေတာဖြစ်ပါတယ်။ ဒုတိယအချက်ကတော့ ကျွန်တော်တို့ ပြည်ထောင်စုမြန်မာနိုင်ငံကတိုင်းရင်းသားတွေအားလုံး စုပေါင်းနေထိုင်တဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် မတူညီတဲ့ တိုင်းရင်းသားလူမျိုးများ စုပေါင်းနေနိုင်တဲ့ အခြေအနေကို အစိုးရက ဖန်တီးပေးဖို့တောင်းဆိုသွားမယ်။ ပြည်ထောင်စုထဲမှာတိုင်းရင်းသားများက တန်းတူရေး၊ ညီတူညီမျှတဲ့ တူညီတဲ့အခွင့်အရေးနဲ့ အတူတကွ နေထိုင်နိုင်ရေး သုံးချက်ကို အဓိက တောင်းဆိုသွားမှာပါ။

**7 Day-ကချင်လူထုနဲ့ တွေ့ဆုံတဲ့အခါမှာ တကယ်လို့ အပစ်အခတ်ရပ်စဲရေးလက်မှတ်ထိုးခဲ့ရင်တောင် ယုံကြည်စိတ်ချရတဲ့ နိုင်ငံတကာအဖွဲ့တွေရှေ့မှာပဲလက်မှတ်ထိုးသွားမယ် ပြောခဲ့တယ်လို့ သိရပါတယ်။ အဲဒီအကြောင်းလည်း နည်းနည်းရှင်းပြပေးပါ။**

၁၇နှစ်တာ အတွေ့အကြုံက ကျွန်တော်တို့ကို အပစ်အခတ်ရပ်ဆိုင်းရေးစာချုပ် လက်မှတ်ရေးထိုးဖို့ ဆုံးဖြတ်ချက်ချတဲ့ နေရာမှာ တော်တော်အခက်အခဲဖြစ်စေတယ်။ အခု ကျွန်တော်တို့ပြောနေတာက အပစ်အခတ်ရပ်စဲရေးစာချုပ်သော်လည်းကောင်း၊ တစ်စုံတစ်ရာစာချုပ်တွေ၊ ကတိကဝတ်တွေပြုကြတဲ့အခါမှာ ခိုင်ခိုင်မာမာနဲ့ သက်သေလုပ်ပေးနိုင်မယ့် အဖွဲ့အစည်း၊ နိုင်ငံတစ်ခုခုမရှိဘဲနဲ့ နှစ်ဖက်တည်းပဲလက်မှတ်ရေးထိုးတာမျိုးမလုပ်ဘူးဆိုတဲ့ သဘောပါ။ အပစ်အခတ်ရပ်စဲရေးစာချုပ်လို့ ဖော်ညွှန်းတာမဟုတ်ပါဘူး။ ဒါကြောင့် ဒီတစ်ကြိမ်မှာ ယူအင်န်နဲ့ တရုတ်ကို အစည်းအဝေးထဲမှာ ဝင်မထိုင်ဘူးဆိုရင်တောင်မှ အစည်းအဝေးကို လာရောက်ပေးပါလို့ ဒီလိုနောက်ဆုံးမေတ္တာရပ်ခံခဲ့တာပါ။ အခုပြောချင်တာက ခိုင်ခိုင်မာမာနဲ့ဖြစ်အောင် Third Party တွေအနေနဲ့ ပါဝင်စေချင်တဲ့ သဘောပြောတာပါ။

**7 Day-လူထုနဲ့ တွေ့ဆုံတဲ့အခါမှာ လူထုရဲ့သဘောထားမှတ်ချက်တွေတောင်းတယ်လို့သိရပါတယ်။ အများစုက ဘာတွေကို ပြောကြပါသလဲ။ ဘယ်လိုအကြံတွေပေးပါသလဲ။**

လူထုကတော့လက်ရှိဖြစ်နေတဲ့ အခြေအနေအပေါ်မှာ မကျေနပ်ချက်တွေများပါတယ်။ သာမန်ပြည်သူလူထုပေါ့နော်။ ဒါပေမဲ့ လူ့အဖွဲ့အစည်းမှာတော့ ဦးစီးဦးဆောင်တဲ့အလွှာရှိတယ်။ ဒီအလွှာနဲ့ ပညာတတ်လူတန်းစားတွေရဲ့ အမြင်ကလည်း အရေးကြီးပါတယ်။ အဲဒီတော့ ဒီဟာတွေကို ပေါင်းစပ်ပြီး ဖြစ်သင့်တဲ့အခြေအနေမျိုးကို ကျွန်တော်တို့စနစ်တကျ ထိန်းကျောင်းသွားမှာဖြစ်ပါတယ်။

**7 Day-ဒီတစ်ခေါက် ဆွေးနွေးပွဲမှာ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးကိုကာချုပ်က အာဏာကုန်လွှဲအပ်လိုက်တယ် ပြောပါတယ်။ အဲဒီအချက်က ဆွေးနွေးခဲ့တဲ့အခါမှာ ဘယ်အတိုင်းအတာအထိ ထိရောက်မှုရှိခဲ့လဲ။ အဲဒါကို ဘယ်လိုသဘောရပါသလဲ။**

အာဏာကုန်လွှဲအပ်တယ်လို့ပြောတာက တစ်ယောက်နဲ့တစ်ယောက် ယုံကြည်မှုတည်ဆောက်နိုင်အောင် ပြောတာဖြစ်ပါလိမ့်မယ်။ အာဏာကုန်လွှဲအပ်တယ်ဆိုတဲ့ အသုံးအနှုန်းက သိပ်မဖြစ်နိုင်ဘူးထင်တယ်။ အခြေအနေအရ ညှိနှိုင်းရမယ့်ကိစ္စတွေရှိတာကိုး။ အချို့ကိစ္စတွေကို အပြီးအပြတ်အမိန့်ပေးလိုက်တာမျိုးဖြစ်နိုင်ပါတယ်။

**7 Day-အခုမြစ်ကြီးနားကနေလိုင်ဇာက ဌာနချုပ်ကိုပြန်ရောက်တာနဲ့ ဘယ်အလုပ်ကို စလုပ်သွားမလဲ။**

ကျွန်တော်တို့ လူထုကို ဆွေးနွေးပွဲအကြောင်းချပြမယ်။ ပြီးရင် Technical Team တွေ ဖွဲ့ဖို့ အဓိကလုပ်သွားမယ်။ တစ်ပြိုင်တည်းမှာပဲ ရှေ့တန်းစခန်းတွေကို တိုက်ပွဲတွေထိန်းသိမ်းနိုင်ဖို့အတွက် ဒီဖြစ်စဉ်တွေ အကုန်လုံးချပြဖို့ရှိပါတယ်။

စာမျက်နှာ(၂၀)သို့

ဒေါက်တာအောင်ဇေယျာမင်း (တိုင်းရင်းအထူးကုဆေးခန်း)
မနာမကျင် မခွဲစိတ် လိပ်ခေါင်းအထူးကု
အောင်ဇေယျာမင်းအထူးကုဆေးခန်းတွင်ဒေါက်တာအောင်ဇေယျာမင်း Ph.D, M.A.R.P, C.T.M.P(Kol kata India) ကိုယ်တိုင်ဦးစီး၍ ... Turell ...
(အောင်ဇေယျာမင်းဆေးခန်း၏ ဆေးစွမ်းအရည်အသွေးအာမခံချက်ရှိပါသည်။)
အချိုးကျိုးပေါင်းတက်ရောဂါ၊ လည်ပင်း၊ ပခုံး၊ ခါးနာ၊ ခေါင်ချိုး၊ ဒူးဆစ်နာရောဂါ၊ အထူးကု
No. 68၊ ၁၂ လမ်း (အလယ်ဘလောက်) လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

ခိုင်ခိုင်ကျော် မြန်မာထမင်းဆိုင်
ချိုင့်ဆွဲပို့ဆောင်ရေးမှ အထူးအစီအစဉ်
သားသား ၊ မီးမီးတို့အတွက် . . .
(School Lunch Box) ကျောင်းထမင်းပွဲများ(မြန်မာ၊တရုတ်၊ထိုင်း)အစားအစာ၊ ကလေးများအတွက် အာဟာရတန်ဖိုး၊ အစားအစာဘေးကင်းလုံခြုံမှု၊ သန့်ရှင်းမှုများအတွက် ထိုင်းနိုင်ငံရှိUnilever Food Solutions နှင့်တိုင်ပင်ညှိနှိုင်း၍စီစဉ် ဆောင်ရွက်ထားပါသည်။ ချက်ပြုတ်ပြင်ဆင်သော Central Kitchen သို့ ကြွရောက် လေ့လာနိုင်ရန် ဖိတ်ခေါ်ပါသည်။ ကလေးဟင်း Menu၊ တစ်ခါသုံးထမင်းဘူးပုံစံ၊ ပို့ဆောင်မည့်ကားများ၊ ကလေးထံရောက်ရှိမည့် ထမင်းဘူး အခြေအနေများကို တိတိ ကျကျ ရှင်းပြပါရစေ။ အနာဂတ်ခေါင်းဆောင်ရမည့်သူများအတွက် အထူးအစီအစဉ်ဖြစ်ပါသည်။
(အရေအတွက်ကန့်သတ်ထားပါ၍ ကြိုတင်စာရင်းပေးထားရန် လိုအပ်ပါသည်။)
Central Kitchen - တိုက်အမှတ်(၅၀)၊ ...
Contact (for School Lunch Box) 09-73140695, 09-5159084
Gandamar Wholesale၊

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013



(တစ်)

ပထမဦးဆုံးကတော့ ချောက်ချားစရာကောင်းသောကိန်းဂဏန်းအချို့အကြောင်းကိုပဲ စပြီးပြောလိုပါသည်။


မြန်မာနိုင်ငံ၌ အခြေခံပညာကျောင်းများတွင် တစ်နှစ်ကို ကျောင်းသား ခြောက်သိန်းနှင့် ခုနစ်သိန်းကြားလောက်အထိ စာသင်ခန်းများကို ကျောခိုင်းထွက်ခွာ၍ သွားနေကြသည်ဆိုပါလား။ ၂၀၁၁ ခုနှစ်စာရင်းဇယားများအရ အခြေခံပညာကျောင်းပေါင်း ၄၁,၂၄၈ ကျောင်း၌ ဆရာ၊ ဆရာမပေါင်း ၂၇၃,၅၁၆ ဦးနှင့် ကျောင်းသားဦးရေ ၈,၂၉၀,၁၂၆ တို့ကို သင်ကြားပေးလျက်ရှိခဲ့ပြီး မူလတန်းကျောင်းသားစုစုပေါင်း ၁၀ သိန်းဝန်းကျင်သည် အထက်တန်းသို့ရောက်သောအခါ သုံးသိန်းခန့်သာကျန်တော့သည်ဟု ဆိုပါသည်။ ဒါဆို ခုနစ်သိန်းက ကျောင်းထွက်သွားသည့် သဘောပဲပေ့ါ။

ကျောင်းထွက်ရခြင်း အကြောင်းတရားများကတော့ အမျိုးမျိုးအထွေထွေပဲဖြစ်ပါသည်။ ပိုက်ဆံမရှိလို့၊ စာမေးပွဲကျလို့၊ တက်စရာကျောင်းမရှိလို့။ ဘာကြောင့်ပဲထွက်ထွက် ကျောင်းထွက်သွားရသည်ဆိုခြင်းကဖြင့် ဘယ်လိုမှ မကောင်းနိုင်ပါပေ။

ဤနေရာ၌ တက်စရာကျောင်းမရှိခြင်းနှင့် ပိုက်ဆံမရှိခြင်းကိစ္စကို ကျွန်တော်နည်းနည်းပြောလိုပါသည်။ မြန်မာနိုင်ငံ၌ ရွာတိုင်းတွင် မူလတန်းကျောင်းမရှိပါ။ မူလတန်းကျောင်းရှိခဲ့သော် မူလတန်းအပြီး၌ ဆက်တက်စရာ အလယ်တန်းကျောင်းမရှိပါ။ ထို့အတူ အလယ်တန်းကျောင်းရှိ၍ အလယ်တန်းပြီးခဲ့ပြန်သော် အထက်တန်းကျောင်းမရှိပြန်ပါ။ ဤသို့သောအခက်အခဲများဖြင့် အခြေခံပညာကိုမပြီးဆုံးလိုက်နိုင်ဘဲ ကျောင်းကိုကျောခိုင်း၍ ထွက်ခွာသွားခဲ့ကြခြင်းပင်ဖြစ်ပါသည်။

တချို့ပြဿနာများကတော့ စားဝတ်နေရေးပြဿနာ။ မိဘများ ကလယ်ထဲ၊ ယာထဲ၊ ချောင်းထဲ၊ မြောင်းထဲ၊ တောထဲ၊ တောင်ထဲ သွားနေရလို့၊ မြို့ပြမှာ ပျံကျရှာဖွေစားသောက်နေရလို့၊ အိမ်စောင့်ရန်၊ ကလေးထိန်းရန်၊ ထမင်းချက်ရန်၊ ဈေးကူရောင်းရန်၊ ထင်းခွေရန်၊ ရေခပ်ရန် စသည် စသည်ဖြင့် ကျောင်းသို့ရောက်မလာနိုင်သော ကလေးတွေကလည်း အများအပြားပင်ဖြစ်ပါသည်။

ဒါတွေကိုတစ်တပ်တစ်အားဆိုသလို ဝိုင်းဝန်းဖြေရှင်းပေးနေသည်ကတော့ဘုန်းကြီးကျောင်းများပဲ ဖြစ်ပါသည်။ ဒါက ကျွန်တော်လွှယ်လွှယ်ပြောလိုက်ခြင်းဖြစ်ပါသည်။ ဘကခေါ် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၌သီလရှင်ဆရာကလေးတို့၏ ပရဟိတ



# လွမ်းပိုအေးသို့ မေတ္တာရိပ်ရောက်ရှိသွားခြင်း

မောင်သာချို

ကျောင်းများလည်း ပါဝင်ပါသည်။

၂၀၁၁-၂၀၁၂ပညာသင်နှစ်တုန်းက မြန်မာနိုင်ငံတွင် ဘကကျောင်းပေါင်း ၁,၅၁၅ ကျောင်းရှိသည်ဟု ဆိုပါသည်။ မူလတန်း ၁,၁၀၈ ကျောင်း၊ မူလွန် ၂၉၃ ကျောင်း၊ အလယ်တန်း ၁၁၂ ကျောင်း၊ အထက်တန်း ၂ကျောင်း ဟု စာရင်းဇယားများကဆိုပါသည်။ ကျွန်တော့်စိတ်ထင်သည့်ထက်မကဟုထင်ပါသည်။ စာသင်ရုံသင်ပေးသည့် ဘကကျောင်း၊ အစားအစာပါကျွေးသည့် ဘကကျောင်း၊ ဝတ်စရာ၊ နေစရာပါဖန်တီးပေးထားသည့် ဘကကျောင်း စသည်စသည်ဖြင့်ကျောင်းတွေက အနေအထား အမျိုးမျိုးပင်ဖြစ်ပါသည်။

ဆရာ၊ ဆရာမတို့၏ဘဝများကတော့ ကြေကြေကွဲကွဲဖြစ်စရာတွေပါ။ ညောင်လေးပင်ရှိ ပါဋ္ဌိသိပ္ပံကျောင်းတိုက်က ဆရာမတွေကိုလစာငွေတစ်လကျပ်ငါးထောင် တိတိသာ ချီးမြှင့်နိုင်သည်ဟုဆိုလိုက်လျှင် စာဖတ်သူတို့ ထမင်းလုတ်ကိုမှ မျိုချနိုင်ကြပါ့မလားမသိ။ လှိုင်သာယာ ပဒုံကျောင်းတိုက်က ဆရာမတွေ တစ်လကျပ်တစ်သောင်းခွဲနှင့် စာသင်ပေးနေကြပါသည်ဟု ဆိုလျှင် စာဖတ်သူက ဘယ်လိုဝိုင်းဝန်းဖြေရှင်းပေးမှာလဲ။ ဆရာ၊ ဆရာမလစာကို တစ်နှစ်လုံးအတွက် စပါးနှစ်တင်းခွဲ (ငွေသားဖြင့် တစ်သောင်းခွဲခန့်) ပေးပါဟု ကောက်သည်ကို မပေးနိုင်၍ ကလေးကို ကျောင်းမလွှတ်တော့သည့် တောကြိုတောင်ကြားက မိဘများကို တစ်လကျပ်သိန်းသုံးဆယ်ဝန်းကျင်တန် အင်တာနေရှင်နယ်စကူးလ်မှာ ကလေးကို ကျောင်းထားသည့် မိဘများက တာဝန်မကျေတဲ့မိဘတွေပဲဟု အပြစ်တင်ကြလေမလား။

မသိ။ ကျွန်တော်မသိ။

သို့သော် ဟိုတစ်လောကလေးက မိုးကလေးတစ်ပြိုက်နှစ်ပြိုက် ရွာချစဉ် ကိုယ့်ခွန် ကိုယ့်အားနှင့် ကျောင်းတံခါးကလေးတွေ လိုက်

> ဆရာ၊ဆရာမတို့၏ဘဝများကတော့ကြေကြေကွဲကွဲဖြစ်စရာတွေပါ။ ညောင်လေးပင်ရှိ ပါဋ္ဌိ သိပ္ပံကျောင်းတိုက်က ဆရာမတွေကိုလစာငွေ တစ်လငါးထောင် တိတိသာချီးမြှင့်နိုင်သည်ဟုဆိုလိုက်လျှင် စာဖတ်သူတို့ထမင်းလုတ်ကိုမှ မျိုချနိုင်ကြပါ့မလားမသိ။ လှိုင်သာယာ ပဒုံကျောင်းတိုက်က ဆရာမတွေ တစ်လတစ်သောင်းခွဲနှင့် စာသင်ပေး နေကြပါသည်ဟုဆိုလျှင် စာဖတ်သူက ဘယ်လိုဝိုင်းဝန်းဖြေရှင်းပေးမှာလဲ။

ဖွင့်နေသော ပရဟိတလူငယ်တစ်စုကခေါ်၍ ဘကကျောင်းကလေးတစ်ကျောင်းရှိရာဆီ ကျွန်တော်ပါသွားရပြန်ပါသည်။ နာမည်ကျော်ပဲခူးရိုးမကြီးရဲ့ဘေးမှာပေ့ါ။

(နှစ်)

ရွာကလွမ်းပိုအေး ကျေးရွာဖြစ်ပါသည်။ ရန်ကုန်ကနေ ၇၃ မိုင်အကွာအဝေး၊ ပြည်လမ်းမကြီး၏နံဘေး၌ တည်ထားသော ရွာဖြစ်ပါသည်။

ရေစပ်စပ် ရွှံ့စပ်စပ်ထဲမှာ လှည်းတန်းကြီးနှင့် ချီတက်ကြရခြင်းဖြစ်ပါသည်။ ရွာခံလူတွေ၊ ဆရာမကလေးတွေ၊ အဖြူအစိမ်းဝတ်ကလေးတွေက အလံကလေးတွေကိုယ်စီကိုင်ကာ ဆီးကြိုနေခဲ့ကြခြင်းဖြစ်ပါသည်။ ဒေသခံရွာသားတစ်ယောက်၏ တွံတေးသိန်းတန်သီချင်းနှင့် မယ်ဒလင်သံက လွတ်လပ်လယ်ကွင်းပြင်ကြီးထဲမှာ နေ့ာလို့။

လွမ်းပိုအေးက ကလေးတွေစာသင်ဖြစ်အောင်လုပ်လိုက်သည်က မေတ္တာရိပ်ပရဟိတအဖွဲ့။ သည်မေတ္တာရိပ်အဖွဲ့နှင့်အတူ ကျွန်တော် ခရီးတော်တော်သွားဖူးပါသည်။ ရန်ကုန်အခြေစိုက် ဒေသပေါင်းစုံက လူငယ်ကလေးတွေ ရန်ကုန်မြို့မှာ တစ်ဝမ်းတစ်ခါး ရှာစားကြရင်း ရွှေတိဂုံဘုရားရှိရှင်အရှေ့တံတန်ဆောင်းတွင် ဆုံမိကြရာက ထိုတန်ဆောင်းရှိဘုရားကို နှစ်ပတ်တစ်ကြိမ် ရောင်တော်ဖွင့်ကြ၊ တဖြည်းဖြည်း လူစုမိလာကြတော့ ပရဟိတအလုပ်ကလေးလုပ်ရန် စိတ်ကူးပေါ်လာကြ၊ သို့ဖြင့် ခြောက်လတစ်ခါ လိုအပ်သောနေရာများသို့ကိုယ်တိုင်သွားရောက်ကာ လှူဒါန်းလာကြသည်မှာ အခုဆို ငါးနှစ်ပင်ပြည့်တော့မည်။

လွမ်းပိုအေးတွင် ခုနစ်ကြိမ်မြောက်လှူတုန်းက စာသင်ကျောင်း၊ စက်ရေတွင်း၊ သန့်စင်ခန်း၊ ရေချမ်းစင်၊ ရေစုပ်စက်၊ စာအုပ်၊ ငွေပဒေသာပင် စသည်စသည်များကိုစိုက်ထူလှူဒါန်းပေးခဲ့ကြပြီး ကိုးကြိမ်မြောက်အဖြစ်ထပ်ဆင့်လှူဒါန်းပွဲကိုကျွန်တော့်ကိုခေါ်သွားကြခြင်းဖြစ်ပါသည်။

လွမ်းပိုအေးမှာ ကျောင်းဆောင်နှစ်ဆောင်ရှိသွားပါပြီ။ ၂၀၁၂ တုန်းက တစ်ကျောင်း၊ ၂၀၁၃ မှာတစ်ကျောင်း။ ညောင်ပင်အင်း၊ ဖဒီမြောင်၊ ကျောက်စရစ်၊ မအုစု စသောရွာများကပင် လာတက်ကြသည့်ကျောင်း။ ကျောင်းသား၊ ကျောင်းသူ ၂၂၀ ဝန်းကျင် ဆရာမ ခုနစ်ဦးနှင့် မောင်းနှင်နေသည့်ကျောင်း။

"မင်းသားကိုကျော်သူကတော့ မနှစ်က တစ်နှစ်လုံး ဆရာမတစ်ယောက်ကို နှစ်သောင်းထောက်ပံ့ပါတယ်။ ခုနှစ်လည်း ပြောတော့ပြောထားတယ်။ ပေးမယ်ထင်ပါရဲ့"

ထန်းရွက်မိုးထားသော တဲသာသာကျောင်းသင်္ခမ်းကလေးထဲ၌ ဆရာတော်က ခပ်လေးလေးမိန့်ပါသည်။

အခု ၂၀၁၃-၁၄ ပညာသင်နှစ်တွင် ဘကကျောင်းရှိ ဆရာ၊ ဆရာမများအား မူလတန်း ကျပ် ၃၈,၀၀၀၊ အလယ်တန်း ကျပ် ၄၅,၀၀၀ ၊ အထက်တန်း ကျပ် ၅၀,၀၀၀ ချီးမြှင့်မည်ဟုဆိုရာ အမှန်တကယ် အကောင်အထည်ပေါ်ပါစေဟု ကျွန်တော် ဆန္ဒပြုပါသည်။ ခေတ်ကာလအနေအထားအရ ပေးအပ်မည့် လစာငွေမှာ စားလောက်သောက်လောက် မဟုတ်သည့်တိုင် အခြား၊ အခြားသော အလှူရှင်များ၏ ပံ့ပိုးမှုနှင့် ပေါင်းစပ်လိုက်လျှင် ထူထူထောင်ထောင်ဖြစ်သွားနိုင်လိမ့်မည်ဟု ယူဆရပါသည်။

သို့သော် စဉ်းစားစရာတစ်ခုကတွဲ့မရသေးသောဆရာ၊ဆရာမတို့ကို ဖယ်ပစ်မှာလားဆိုသောကိစ္စ။ အနှစ်နှစ်အလကာ သင်ကြားပေးလာသောဆရာ၊ဆရာမတို့ကိုအခုမှ သွားကြတော့ဟုဆို၍ သင့်မသင့်။ ယင်းကိုစိုးရိမ်၍ပေလား မပြောတတ်။ တချို့ဘကကျောင်းများက အစိုးရအထောက်အပံ့ကို မယူဟူ၍ပင် အသံကလေးများ ထွက်လာကြပြန်ပါသည်။

ဘာပဲဖြစ်ဖြစ် မြန်မာ့ပညာရေးလောက ဖရိုဖရဲ မနိုင်မနင်းဖြစ်နေစဉ်ကာလများတွင် ဘကကျောင်းတွေက တစ်တပ်တစ်အား ကူညီထောက်မပေးထားကြခြင်း ဖြစ်ပါသည်။

ရန်ကုန်-မန္တလေးလမ်းမကြီးပေါ်မှာ ကားတို့တဝေါဝေါဖြတ်မောင်းသွားနေကြဆဲ။ ဟိုး. . . ပဲခူးရိုးမပေါ်ကနေ မိုးသားတွေ တလိပ်လိပ်နဲ့ ညို့ဆိုင်းကာ တက်လာကြပြန်ပေ့ါ။ မိုးအဆုံးမြေအနှံ့ စိမ်းသန့်နေသည့် လယ်ကွင်းပြင်ကြီးထဲမှာ မကြာမီကျောင်းစတက်တော့မည့် ကလေးငယ်ကလေးတွေပျော်လို့ပါးလို့။

သြော်. . . မေတ္တာရိပ် ပရဟိတအဖွဲ့သားတွေ။ မြို့ပြရဲ့ ကွန်ကရစ်တောထဲမှာ နစ်မျောပြီး မနေနိုင်ကြ။ တစ်ယောက်ရဲ့အပူကို တစ်ယောက်ကမျှကူဖို့ ရောက်ရှိလာလိုက်ကြတာ။ လွမ်းပိုအေးရွာကလေးမှာ စာအံသံကလေးတွေ ညံနေတာ လေးနှစ်တောင်ပြည့်ခဲ့ပြီ။ ။

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

ရ ရက် သတင်းဂျာနယ်
7DAY NEWS JOURNAL

| | |
|---|---|
| အယ်ဒီတာချုပ် | သောင်းစုငြိမ်း |
| အမှုဆောင်အယ်ဒီတာ | အားမာန်၊ ငြိမ်းငြိမ်းနိုင် |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်းအယ်ဒီတာ | စောစည်သူမိုး |
| သတင်းအယ်ဒီတာ | အေးမြကျော်၊ သီဟ၊ နေလင်းအောင်၊ မေဝင်းမွန် |
| ဘာသာပြန် | ရဲမင်း၊ ကျော်မျိုးဦး |
| စာပြင်အယ်ဒီတာ | ချမ်းငြိမ်း |
| သတင်းထောက်ချုပ် | အောင်သူရ |
| ဒု-သတင်းထောက်ချုပ် | နေလင်းထွန်း၊ ပြည်သိမ်း၊ ဗိုလ်ဗိုလ်ဝင်း |
| အကြီးတန်းသတင်းထောက် | အိဖြူမွန်၊ အိဖြူလွင်၊ သိမ့်သိမ့်စိုး၊ ဝတ်ရည်အောင်၊ ဥက္ကာကိုကို၊ အေးသူစံ၊ သန်းဌေး၊ သန်းထူး |
| သတင်းထောက် | အေးမြတ်သူ၊ ခိုင်ထွန်း၊ အောင်ခိုင်၊ ရန်မျိုးနိုင်၊ မိုးညို၊ မင်းဟိန်းကျော်၊ ကြူကြူဟန်၊ ခိုင်ချိုနွယ် |
| အငယ်တန်းသတင်းထောက် | ခန့်ထက်၊ ခိုင်ခိုင်စိုး၊ ဆွေမွန်၊ ရဲနောင်၊ အောင်သစ်လွင်၊ ဖွဲ့ညက်၊ အိမွန်ကျော် |
| ဓာတ်ပုံသတင်းထောက် | ဂျေမောင်မောင်(အမရပူရ) ကျော်ဇင်သန်း |
| မန္တလေးသတင်းထောက် | စိုင်းသာအောင်၊ ညီညီဇော်၊ မောင်တာ |
| နယ်သတင်းထောက် | မျိုးမင်းဦး၊ စောရန်နိုင်၊ ဆန်းညွန့်(ရေနံချောင်း)၊ မောင်ကံ |
| စာပြင် | တင်ဇာဦး၊ ထွန်းသိန်းမြင့် |
| စီနီယာဒီဇိုင်နာ | ချစ်ဗိုလ်ဗိုလ်၊ ရှိန်းရှိန်းထိုက် |
| ဒီဇိုင်နာ | နွယ်မွန်ဖြိုး၊ နန္ဒ၊ နိုင်လင်းထွန်း၊ ရဲသူရ |
| ကွန်ပျူတာစာစီ | စန်းစန်း၊ ဇော်ဝင်းအောင်၊ ယဉ်မျိုးပိုင်၊ သက်ပိုင်ဌေး |
| သရုပ်ဖော် | စိုးသော်တာ |
| လိုဂိုဒီဇိုင်း | ကျောက်ဆည် |
| ဘဏ္ဍာရေး | ကလျာအောင်၊ သဲသိမ့်သိမ့်ဖြိုး၊ ဖြိုးသူဇာအောင်၊ ဇင်မာအေး |
| ကြော်ငြာတာဝန်ခံ | မိုးပပ၊ လင်းလင်းဦး၊ နှင်းဝေဝေ |
| ထုတ်ဝေသူ | ဦးမျိုးလှိုင်အောင် |
| ပုံနှိပ်စက် | သုဝဏ္ဏသိဂီပုံနှိပ်တိုက် |
| ဖလင် | Sunn Colour Separation |
| စောင်ရေ | ၃၅,၀၀၀ |
| ရောင်းဈေး | ၄၅၀ ကျပ် |

7Day News ဂျာနယ်တိုက် - Diamond Centre (G-12) မြေညီထပ်၊ တိုက် (B)၊ အမှတ်(၄၉၇)၊ ပြည်လမ်း၊ (၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၅၁၂၈၈၇၊ ၅၁၃၅၁၅~၁၁၉၊ ၀၉ ၇၃၂၂၄၅၄၁။
ဖက်စ် - ၅၁၃၅၁၉
Website : www.7daynewsjournal.com
E-mail : editor@7daynewsjournal.com

**Hotline : 0973032006**

# အနာဂပ် အိ သာဂေါင်များ

သင့်လူ



**ပန်း**ကလေးများပွင့်တော့မည်၊ ဖူးတံဝင့်လို့ချီ၊ နေခြည်မှာ ရွှေရည်လောင်း၊ ငါတို့စာသင်ကျောင်းဆိုလားကလေးတွေကို ကျောင်းတက်ချင်အောင် မြှောက်ပေးသော ကဗျာကလေးတစ်ပုဒ်ကိုကျွန်ုပ်တို့ ကျောင်းနေစဉ်ကလေးဘဝကတည်းက အသံကုန်ကုန်းဖြဲဟစ်အော်ဆိုခဲ့ကြဖူးသည်။

မြန်မာ့နည်း မြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ် လမ်းစဉ် အတိုင်း ချီတက်ရာတွင် ထိပ်ဆုံးမှငါးပါးမှောက်ခဲ့သည်မှာ ကျွန်ုပ်တို့၏ ပညာရေးစနစ်ဖြစ်၏။ ကျွန်ုပ်တို့ ကျောင်းစတက်ချိန်မှာသူငယ်တန်းမှ လေးတန်းထိမြန်မာစာ၊ သင်္ချာ၊ ပတ်ဝန်းကျင်တည်း ဟူသော ဘာသာကြီးသုံးရပ်ကိုသာ သင်ကြားခံခဲ့ရပြီးအင်္ဂလိပ်စာကို မျက်မွေးထော်၍ပင် မော်မကြည့်ခဲ့ရ။

ငါးတန်းရောက်ခါမှ အေတူဇက်၊ အိုင် မီ မိုင် မိုင်း၊ အေ အီးအိုင် အို ယူ ကို ဟစ်အော်ရွတ်ဆိုသင်ကြားခံရခဲ့သည့်ကျွန်ုပ်တို့၏ ဘဝများမှာထိုအချိန်မှစ၍ အင်္ဂလိပ်စာကို နောက်မှရန်သူ လိုက်သလို ဒရောသောပါး သင်ကြားပေးခြင်းခံခဲ့ရပြီး သုံးနှစ်အကြာ ရှစ်တန်းစာမေးပွဲမှာ သိပ္ပံ-ဝိဇ္ဇာ လိုင်းဟူ၍ခွဲခြမ်းပစ်လိုက်ကာ သိပ္ပံသမားများကို ကိုးတန်း၊ဆယ်တန်းတွင် အင်္ဂလိပ်လိုချည်းနှက်တော့၏။ အို-ဟင်နရီတို့ အင်မလီဘရွန်တီတို့ စာရေးဆရာကြီးများ၏ ဝတ္ထုကြီးများကိုဖြတ်၊ညှပ်၊ကပ်၊ ဆူရာရွှေနုတ်သည်းခြေထုတ်၍ သင်ကြားခြင်းခံရသည့် ကျွန်ုပ်တို့၏ဘဝများကားသနားစရာကောင်းလေစွ။

ခေတ်ပြောင်း စနစ်ပြောင်း ချိန်ဝယ် လူဖြစ်လာကြကုန်သော အနာဂတ် သားကောင်းရတနာလေးများမှာ ကံကောင်းလေစွ။ ကျောင်းပင်မနေရသေး-ပရီစကူးခေါ် ပရိုက်ဗိတ်ကျောင်းများတွင် ဒွတ်-ဒတ်- ရွှတ်-ရှုက် အင်္ဂလိပ်စကားကိုဌာနေလျှာ၊မိခင်လျှာဖြင့် ပြောတတ်သူ ဘိုဆရာ၊ ဆရာမများ၏ အနီးကပ်ကြီးကြပ် သင်ကြားပေးခြင်းကို ခံကြရပြီးသောအခါ အင်္ဂလိပ်ပဋိသန္ဓာရစကားများကို ကောင်းစွာတတ်ကျွမ်းလာကြ၏။ အစိုးရကျောင်းများကိုမျက်စောင်းပင်လှည့်မထိုးဘဲတောက်လျှောက် ပရိုက်ဗိတ်ကျောင်းတက်ရင်း၊ နိုင်ငံခြားတက္ကသိုလ်များသို့တက်ရောက်ပညာသင်ရင်း လုပသည့်ဘဝများကို ဖန်တီးသွားကြသူတွေလည်း ဒုနဲ့ဒေး။ ထို့အတွက် မိဘများသည်ငွေကို ဂုန်နီအိတ်ဖြင့်ထည့်ကာပညာဖိုးလိုက်လံပေးချေရသည်ကတော့ ကိုယ့်ဒုက္ခနဲ့ကိုယ်ဖြစ်ချေ၏။အထူးအထွေမှီကာမချဲ့လို။ ထိုဘိုကျောင်း၊ ပရိုက်ဗိတ်ကျောင်းများမှာ ဖိတ်ဖိတ်တောက်၍ လက်လက်ထနေသည့်ဘိုပညာရေးကို သိုးဆောင်းလိုချည်း သင်ကြားပြီးလေသောအခါ။

××××××

ကျွန်ုပ်၏ တစ်ဝမ်းကွဲအစ်မ လင်မယားသည် အသက်ကြီးမှ အမြွှာပူးကလေးနှစ်ယောက် ထွန်းကားခဲ့၏။ ယောကျ်ားလေးတစ်ယောက်၊ မိန်းကလေးတယောက်။ စီးပွားရေးကောင်းသူများဖြစ်ကြသည့်အားလျော်စွာ ကလေးနှစ်ယောက် လမ်းလျှောက်တတ်ခါစ အရွယ်မှာပင်ကျောင်းထားလိုစိတ်ဖြင့် လင်မယား နှစ်ယောက်လုံး ရွစိတက်နေကြ၏။ သုံးနှစ်ခွဲ၊ လေးနှစ်ခန့် ရောက်သောအခါတားမနိုင်၊ ဆီးမရအတင်းအဓမ္မကျောင်းပို့တော့၏။ ထုံးစံအတိုင်းမြင်ရုံနှင့် ရင်တုန်လောက်အောင် ဈေးကြီးလှသည့် ဘိုကျောင်း-ပရိုက်ဗိတ်ကျောင်းတည်း။

မနက်မနက်ကျောင်းလိုက်ပို့လျှင် ကျောင်းတာဝန်ခံ ဘိုအိုကြီး၊ ဘိုပျိုကြီး၊ ဘိုမကြီး၊ ဘိုမလေးများ ကားသင်းတို့၏တပည့်ချစ်၊တပည့်ကျော်များကို ကျောင်းပေါက်ဝမှနေ၍ အပြုံးပန်းတဝေဝေဖြင့်ဆီးကြို၏။ ဟယ်လို၊ ဟိုင်း၊ ဂွတ်ဒ်မောနင်း၊ဟောင်းအာယူနှုတ်ခွန်းဆက်သခြင်းအမှုကို ပြုကြ၏။ ကျောင်းထဲသို့ကိုယ်တိုင်ကိုယ်ကျ လက်ဆွဲခေါ် ဆောင်သွားကြ၏။မြင်ရတွေ့ရသည်မှာကြည်နူးစရာကောင်းပါဘိတောင်း။

အဖေမြန်မာ၊ အမေမြန်မာမှ မွေးထားသည့်ထိုအမြွှာတူနှင့်တူမသည် ဘိုကျောင်းရောက်သော် မိဘမှည့်ခေါ်သောနာမည်ပျောက်၍ အက်ဒ်ဝပ်နှင့် အဲလစ်စဘက် အမည်များ အသီးသီးအသက ရကြလေသည်။ အင်္ဂလန်ပြည့်ရှင်ဘုရင်၊ဘုရင်မနာမည်များကိုရကြ၍ သွေးကြီးမွေးကြီးဖြစ်ကာ မိဘများမှာလည်း သိန်း ၁၅၀၀ ဆယ်ဆုဆက်တိုက်ဆင့်ပေါက်သလို ဝမ်းသာအယ်လဲလက်ပမ်းပေါက်မခတ်ရုံတမယ်ဂုဏ်ယူဝံ့ကြွားကြလေရာ ထိုအက်ဒ်ဝပ်နှင့်အနီ အဲလစ်စဘက်တို့အတွက် ချေင်းများပင် ရေးစပ်ပေးရမလို။

မောင်အက်ဒ်ဝပ်နှင့် မအဲလစ်စဘက်အမြွှာမောင်နှမ နှစ်ဦးခြောက်နှစ်ခန့်ထိုဘိုကျောင်းတွင် ပညာသင်ကြားပြီးလေသောအခါ ကျောင်းတွင်သာမက အိမ်မှာပါ အင်္ဂလိပ်လိုချည်း ပြောတော့၏။ မိဘနှစ်ပါး ခမျာလည်း မျက်လုံးမျက်ဆန်ပြူးရင်း တတ်သမျှမှတ်သမျှ အစွမ်းကုန်ကြံ၍ ပြန်ပြောကြရှာသည်။ ထိုအချိန်ထိပြဿနာ မရှိသေး။

တူတော်မောင် အက်ဒ်ဝပ်သည် သင်းတို့အိမ်တွင် ကပ်ရပ်မှီခိုနေချေသော ကျွန်ုပ်အားအန်ခယ်လ်ဟု ခေါ်ကြ၏။

ဒါနဲ့ပဲ တစ်နေ့မှာ ကဲကွာမင်း အခုငါ့ကိုခေါ်နေတဲ့ အန်ခယ်လ်ဆိုတာ မြန်မာလိုဘာတုန်းကွဟု မေးကြည့်တော့ အက်ဒ်ဝပ်သခင်သည်ကျွန်ုပ်အားညံ့ပါပေ့၊အပါပေ့ဆိုသည့်အကြည့်မျိုးဖြင့်စွေစောင်းစောင်း ကြည့်ရင်းဒါများ အန်ခယ်လ်ရာ၊ အန်ခယ်လ်ဆိုတာ ဦးလေးပေါ့ဗျတဲ့။ ထိုသို့ဆိုသဖြင့် ကျွန်ုပ်မှာ အနည်းငယ်အားတက်လာပြီးအေး . . ဒါဆိုဦးလေးဆိုတာကိုရေးကြည့်စမ်းကွာဟုဆိုရင်း စာရွက်နှင့်ဘောပင်ချပေးရာ တောက်မည့်မီးခဲ တရဲရဲဖြစ်သည့် အက်ဒ်ဝပ်သူငယ်မှာ ခေါင်းကိုတဗျင်းဗျင်းကုပ်ကာ အင်္ဂလိပ်-ပြင်သစ်ရက်တစ်ရာစစ်ပွဲစစ်ပြေငြိမ်းရေးစာချုပ်တွင် လက်မှတ်ထိုးရဘိသကဲ့သို့ သတိကြီးစွာထားပြီးရဲတင်းစွာရေးချလိုက်သည်မှာ အူးလေးတဲ့။ မြင်ရသူကျွန်ုပ်မှာကား ဝရုံတာထွက်၍ အူချင်စိတ်များပေါက်လာမိသည်။ ဒီအတိုင်းဆိုရင်ဖြင့်မဖြစ်ချေဘူး။တစ်ခုခုတော့ကြံဦးမှ။

ဤသို့ဖြင့် ထိုညတွင် အင်္ဂလန် ပြည့်ရှင်မင်းထီး၊ မင်းမ နာမည်ကို ပိုင်သတော်မူသည့်ကျွန်ုပ်၏တူနှင့် တူမတော်အား ဆန်စစ်သမှုပြုရန် ကြိုးပမ်းတော့သည်။ မင်းတို့ကျောင်းမှာ ပထဝီ သင်သလားဟူသောကျွန်ုပ်၏ မေးခွန်းကိုအက်ဒ်ဝပ်နှင့် အဲလစ်စဘက်တို့သည် ပါးစပ်များ အဟောင်းသားဖြင့် ကြောင်ကြည့်ရင်း တွေဝေငေးမောနေသည်ကို မြင်ရသောအခါ ဂျော်ဂရော်ဖီလကွာ-ဒူးယူစတာဒီ အဲနီးသင်း အဘောက်ဂျော်ဂရော်ဖီဟု ပြောင်းမေး၏။ ထိုအခါကျမှ အိုး-ယက်စ်ဆာတင်နလီးဟု သံပြိုင်ဖြေဆိုတော်မူကြသတတ်။ မေးမိသည့်ပါးစပ်ကို ပိတ်ရိုက်ပစ်ချင်လောက်အောင် မိမိကိုယ် မိမိ ဒေါသထွက်မိချေပြီ။

**စာမျက်နှာ(၁၇)သို့**

Business 7DAY NEWS JOURNAL

Vol.12, No.13 • JUNE 5 , 2013

# ဒေါ်လာဈေးနှုန်းများ တစ်ပတ်အတွင်း ကျပ်နှစ်ဆယ်ကျော်ကျဆင်း



*တရားဝင်ငွေလဲကောင်တာတွင် ကန်ဒေါ်လာလဲလှယ်နေသူတစ်ဦး*

ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂**

အမေရိကန် ငွေဈေးနှုန်းများ ဈေးကွက်တည်ငြိမ်ရေးဘက်ပေါင်းစုံမှပြုလုပ်ပြီးနောက် တစ်ပတ်အတွင်း ကျပ် ၂၀ကျော်ဈေးနှုန်းများ ကျဆင်းလာခဲ့ကြောင်း ငွေဈေးကွက်မှ သတင်းရရှိသည်။

အမေရိကန်ဒေါ်လာဈေးနှုန်းသည် လက်ရှိပေါက်ဈေးထက် များစွာကျဆင်းခြင်းများ မဖြစ်နိုင်တော့ကြောင်း ငွေကြေးဈေးကွက်မှ လုပ်ငန်းရှင်များက ခန့်မှန်းပြောကြားသည်။

ဗဟိုဘဏ်ကလည်း ငွေဈေးနှုန်းတည်ငြိမ်စေရန် ဒေါ်လာများ ထုတ်ရောင်းပေးခြင်းများပြုလုပ်နေသည့်အပြင် ဈေးနှုန်းများစွာ မြင့်တက်မှုဖြစ်ချိန်၌ ဈေးတက်အောင် ပြုလုပ်နေသည်ဟု ယူဆသော ဘဏ်များကိုလည်း ခေါ်ယူစစ်ဆေးခဲ့သည်။ ထို့ကြောင့် Option မှသတ်မှတ်သောငွေဈေးများကိုလည်းလျှော့ချသတ်မှတ်ခဲ့၍ ဘဏ်ကောင်တာပေါက်ဈေးများလည်း လျှော့ချဝယ်ယူလာခဲ့သည်။

**စာမျက်နှာ(၂၈) သို့**

# မြန်မာ့ရတနာဘဏ်ဟု အမည်သုံးခွင့်မပြု

**သန်းဌေး**

**ရန်ကုန်၊ ဇွန်-၂**

ယခင်မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်(မွေး/ရေဘဏ်)ကိုမြန်မာ့ရတနာဘဏ်လီမိတက်ဟု အမည်သစ်ပြောင်းလဲခွင့်မရကြောင်း သတင်းရရှိသည်။

ဘဏ်အသစ်၏ အမည်တွင် မြန်မာ့ဆိုသော အမည်ကို သုံးစွဲခွင့်မရရှိခဲ့ကြောင်း ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)ကပြောသည်။

"အမ်အိုင်စီက ရတနာနာမည်တော့ သုံးခွင့်ပြုမယ်။ မြန်မာ့နာမည်က နာမည်တူတွေ ထပ်နေလို့တဲ့ ဒါကြောင့် လောလောဆယ်တော့ မဖွင့်ဖြစ်သေးပါဘူး"ဟု ဘဏ်ဒါရိုက်တာအဖွဲ့အတွင်းရေးမှူးနှင့် ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ယူထားသူ ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က ပြောသည်။

အဆိုပါ မြန်မာ့အမည်သုံးစွဲခွင့် မရခြင်းမှာ ယခင်က ဖွင့်လှစ်ပြီးသော ဘဏ်တိုင်းလိုလိုတွင် မြန်မာ့ဆိုသော အမည်များပါရှိသောကြောင့် ယခုအခါတွင် မြန်မာ့ဆိုသော အမည်ကို မသုံးစွဲရန် ဆုံးဖြတ်ပေးသည်ဟု ယူဆပါကြောင်း MICမှ တာဝန်ရှိသူတစ်ဦးကဆိုသည်။

ယခင်က မြန်မာ့မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးရေး ဘဏ်လီမိတက်(မွေး/ရေဘဏ်)သည် နိုင်ငံတော်အစိုးရထံမှ ရယူထားသော မတည်ရင်းနှီးငွေများနှင့် နိုင်ငံတော် အစိုးရမှရရှိမည့် အကျိုးအမြတ်အားလုံးကို ယခု နှစ်မတ် ၃၁ ရက်တွင် စာရင်းရှင်းခဲ့ပေပြီးဖြစ်ကြောင်း ဝန်ကြီးဌာန

**စာမျက်နှာ(၂၈) သို့**

## ပြည်တွင်းငွေလဲနှုန်း

| ယူနစ် | ဝယ် | ရောင်း | |
|---|---|---|---|
| ၁ ဒေါ်လာ(အမေရိကန်) | ၉၃၈ | ၉၄၈ | ကျပ် |
| ၁ ဒေါ်လာ(စင်ကာပူ) | ၇၄၅ | ၇၅၅ | ကျပ် |
| ၁ ယူရို(ဥရောပသမဂ္ဂ) | ၁၂၂၃ | ၁၂၄၁ | ကျပ် |
| ၁ ဘတ်(ထိုင်း) | ၃၀. ၆ | ၃၀. ၆၅ | ကျပ် |
| ၁ ယွမ်(တရုတ်) | ၁၄၅ | ၁၄၆ | ကျပ် |

၂၀၁၃ ဇွန် ၂ ရက် ပေါက်ဈေးနှုန်းဖြစ်သည်။

## ကမ္ဘာ့ငွေလဲနှုန်း

| | | | |
|---|---|---|---|
| ၁ ဒေါ်လာ | ၀. ၆၅၇၈ | ပေါင် | (ဗြိတိန်) |
| ၁ ဒေါ်လာ | ၀. ၇၆၉၂ | ယူရို | (ဥရောပသမဂ္ဂ) |
| ၁ ဒေါ်လာ | ၁၀၀. ၄၆ | ယန်း | (ဂျပန်) |
| ၁ ဒေါ်လာ | ၆. ၁၃၄၅ | ယွမ် | (တရုတ်) |
| ၁ ဒေါ်လာ | ၅၆. ၅၇ | ရူပီး | (အိန္ဒိယ) |
| ၁ ဒေါ်လာ | ၁. ၂၆၄ | ဒေါ်လာ | (စင်ကာပူ) |
| ၁ ဒေါ်လာ | ၁,၁၃၀. ၅၁ | ဝမ် | (ကိုရီးယား) |
| ၁ ဒေါ်လာ | ၃. ၀၉၇၅ | ရင်းဂစ် | (မလေးရှား) |
| ၁ ဒေါ်လာ | ၃၀. ၄၁ | ဘတ် | (ထိုင်း) |
| ၁ ဒေါ်လာ | ၉,၈၉၁. ၀၀ | ရူပီးယား | (အင်ဒိုနီးရှား) |
| ၁ ဒေါ်လာ | ၂၀,၉၉၀. ၀၀ | ဒေါင် | (ဗီယက်နမ်) |
| ၁ ဒေါ်လာ | ၄၂. ၂၉၅ | ပီဆို | (ဖိလစ်ပိုင်) |
| ၁ ဒေါ်လာ | ၇. ၇၆၂၆ | ဒေါ်လာ | (ဟောင်ကောင်) |
| ၁ ဒေါ်လာ | ၁. ၀၄၄၅ | ဒေါ်လာ | (ဩစတြေးလျ) |
| ၁ ဒေါ်လာ | ၁. ၂၅၈၈ | ဒေါ်လာ | (နယူးဇီလန်) |
| ၁ ဒေါ်လာ | ၁. ၀၃၆၄ | ဒေါ်လာ | (ကနေဒါ) |
| ၁ ဒေါ်လာ | ၃၁. ၉၁၇၅ | ရူဘယ် | (ရုရှား) |
| ၁ ဒေါ်လာ | ၃. ၆၇၂၈ | ဒါရမ် | (UAE) |

## အရေးကြီးပစ္စည်းများ ဈေးနှုန်း

| ပစ္စည်း | ယူနစ် | ဈေးနှုန်း (ကန်ဒေါ်လာ) |
|---|---|---|
| ရွှေ | ၁ အောင်စ | ၁,၃၈၇. ၁၀ |
| ရေနံစိမ်း | စည် | ၁၀၀. ၀၉ |
| ငွေ | ၁ အောင်စ | ၂၂. ၂၂ |
| ကြေးနီ | ပေါင် | ၃၂၉. ၂၅ |
| သဘာဝဓာတ်ငွေ့ | mmbtu | ၃. ၉၈ |

မှတ်ချက်။ ။ ဈေးနှုန်းအားလုံးကို ကန်ဒေါ်လာဖြင့် ဖော်ပြထားပြီး ကြေးနီဈေးနှုန်းမှာ ဆင့် (Cent) ဖြင့်ပြသည်။

၂၀၁၃ ဇွန် ၁ ရက် ကမ္ဘာ့ပေါက်ဈေးနှုန်းဖြစ်သည်။



7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# ရွှေဈေးဆက်ကျနိုင်ဟု ခန့်မှန်း

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂**

အမေရိကန်ဒေါ်လာဈေးကျဆင်းနေချိန်တွင် ကမ္ဘာ့ရွှေဈေးပါကျဆင်းလာသောကြောင့် ပြည်တွင်းရွှေဈေးနှုန်း ဆက်လက်ကျဆင်းနိုင်ကြောင်း ရွှေလုပ်ငန်းရှင်အချို့က ခန့်မှန်းပြောဆိုသည်။

ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ၇၂၃,၀၀၀ ကျပ်ထိ မြင့်တက်သွားခဲ့ပြီး ဇွန် ၂ရက်တွင် ၆၉၀,၀၀၀ ကျပ်သို့ ပြန်လည်ကျဆင်းလာသည်။

ယခုရက်ပိုင်းတွင် ရွှေဈေးသည် အများဆုံးကျပ် ၇,၀၀၀ နီးပါးသာရှိနေသဖြင့် ဈေးငြိမ်နေသည်ဟု ဆိုနိုင်ကြောင်း ရွှေလုပ်ငန်းရှင်များက ပြောသည်။

“ဈေးပြန်ကျတော့ အထည်ဘက်မှာ ဝယ်အားကောင်းလာတယ်။ အပိုင်းဘက်မှာတော့ အရောင်းအဝယ်လုပ်တာက ဈေးအပြောင်းအလဲများတဲ့ အချိန်လောက်တော့ မရှိဘူး”ဟု ရွှေဆိုင်လုပ်ငန်းရှင်များကပြောသည်။


ဓာတ်ပုံ - ဂျေမောင်မောင်(အမရပူရ)

ကမ္ဘာ့ရွှေဈေးနှုန်းသည်ပြီးခဲ့သည့် မေလကုန်ပိုင်းတွင် တစ်အောင်စလျှင် ၁,၄၄၀ ဒေါ်လာကျော် ရှိနေရာမှ ယခုရက်ပိုင်းတွင် ၁၃၈၀ ဒေါ်လာသို့ပြန်လည်ကျဆင်းလာခဲ့သည်။ ပြည်တွင်းဒေါ်လာဈေးများလည်း ဆက်တိုက်ကျဆင်းလာသဖြင့် ရွှေဈေးနှုန်းများသည် ကမ္ဘာ့ဈေးနှုန်းပြောင်းလဲမှုတစ်ခုတည်းပေါ်တွင် မူတည်ပြီး အတက်အကျဖြစ်နေကြောင်း သိရသည်။

လက်ရှိပြည်တွင်းရွှေဈေးမှာ နယ်စပ်ရွှေပေါက်ဈေးထက် ကျပ် ၈,၀၀၀ နီးပါးမြင့်နေခြင်းကြောင့်လည်း ဈေးအကျဘက်သွားနိုင်သည် ဟု လုပ်ငန်းရှင်များက ခန့်မှန်းထားသည်။ သို့သော် ကမ္ဘာ့ရွှေဈေးတက်လာမည်ဆိုပါက ဈေးနှုန်းမှာ ဆက်လက်မြင့်တက်မည်ဖြစ်ကြောင်း ၎င်းတို့ကပြောသည်။

အပိုင်းဈေးကွက်အရောင်းအဝယ်များမှာ ဈေးကွက်စောင့်ကြည့်သူများအနေဖြင့် ယခင်ရက်ထက်စာလျှင် အရောင်းအဝယ်နည်းသွားကြောင်း အပိုင်းဈေးကွက် ကုန်သည်များက ပြောသည်။

စာမျက်နှာ(၂၇)

### ကန်ဒေါ်လာဈေးနှုန်းများ တစ်ပတ်အတွင်း ကျပ်နှစ်ဆယ်ကျော်ကျဆင်း မှ

ထို့ပြင် ပြည်တွင်း၌ ဒေါ်လာလိုအပ်ချက်လျှော့ကျစေရန် နိုင်ငံတော်မှ ကောက်ခံနေသော အခွန်အခများကိုလည်း ဌာနအားလုံးက မြန်မာငွေဖြင့် ပြောင်းလဲကောက်ခံရန် မေ ၃၁ရက်က ထုတ်ပြန်ခဲ့သည်။ “ငွေဈေးတွေက အများကြီးတော့ ထပ်မကျနိုင်တော့ဘူး၊ ဒီဈေးတန်းလောက်မှာပဲ ငြိမ်နေမယ် မှန်းတယ်။ အဝယ်ကရှိပေမယ့် လက်ကြီးသမားလည်းမရှိတော့ဘူး”ဟု ငွေလဲကောင်တာလုပ်ငန်းရှင်တစ်ဦးကဈေးကွက်အခြေအနေကိုသုံးသပ်ပြောသည်။

ငွေလဲ ကောင်တာများ၏ လက်ရှိဈေးနှုန်းများမှာ ပြင်ပဈေးနှင့် ယှဉ်လျှင် မြင့်တက်နေသေးသဖြင့် ဈေးနှုန်းများဆက်လက်ကျဆင်းနိုင်သည်ဟု ဘဏ်များနှင့် ပုဂ္ဂလိကငွေလဲကောင်တာများ၏ ဈေးနှုန်းများသည် ပြင်ပပေါက်ဈေးများထက် ခုနစ်ကျပ်ဝန်းကျင်ထိ ဈေးမြင့်နေသေးသည်။

ထို့ကြောင့် ဘက်ဖွင့်ဈေးဆက်လက်ကျနိုင်သည်ဟု ခန့်မှန်းနေကြသော်လည်း ကျပ် ၉၄၀ အောက်များစွာလျှော့နည်းခြင်း မရှိနိုင်ဘဲ အမေရိကန်သွေ့ဈေးနှုန်းမှာ တစ်ဒေါ်လာလျှင် ကျပ် ၉၄၀-၉၅၀ ဝန်းကျင်၌သာဈေးငြိမ်နေနိုင်ကြောင်း ဘဏ်လုပ်ငန်းရှင်တစ်ဦးကလဲ ခန့်မှန်းပြောသည်။

ငွေလဲလှယ်နှုန်းများသည် ဧပြီ ၂၂ရက်က တစ်ဒေါ်လာလျှင် ၈၆၀ ကျပ်ဝန်းကျင်မှ မေလကုန်ထိ တစ်လကျော်အတွင်း တစ်ဒေါ်လာလျှင် ၁၀၀ ကျပ်ကျော်အထိ ဈေးတက်ကာ ၉၆၀ကျပ်ခန့်ထိရှိခဲ့သည်။ ဇွန် ၂ရက်တွင်ဘဏ်များနှင့် ပုဂ္ဂလိကငွေလဲကောင်တာများ၏ ဈေးနှုန်းမှာ ပိတ်ရက်ဖြစ်၍ တစ်ဒေါ်လာလျှင် ဝယ်ဈေး ၉၃၇ကျပ် ရောင်းဈေး ၉၄၇ကျပ်တွင်ရှိနေပြီး ပြင်ပပေါက်ဈေးများ၏ ရောင်းဈေးမှာ တစ်ဒေါ်လာလျှင် ၉၄၀ ကျပ်သာရှိသည်။

စာမျက်နှာ(၂၇)

### မြန်မာ့ရတနာဘဏ်ဟု အမည်သုံးခွင့်မပြု မှ

မှ နိုင်ငံပိုင်မီဒီယာများတွင် ဖော်ပြခဲ့သည်။ ထို့ကြောင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနနှင့် သက်ဆိုင်ခြင်းမရှိတော့၍ အများပိုင်အဖြစ်ရပ်တည်ရန် မြန်မာ့ရတနာဘဏ်လီမိတက်ဟူသည့် နာမည်ပြောင်းလဲမည်ဆိုကာ ဗဟိုဘဏ်၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင်နှင့် နိုင်ငံတော်သမ္မတရုံးများသို့ တင်ပြခဲ့ပြီးနောက်မေ ၁၂ရက်တွင် အမည်သစ်ပြောင်းလဲခြင်း အခမ်းအနားကျင်းပခဲ့သည်။

“ကျွန်တော်တို့ဆီ သမ္မတရုံးကတော့ မြန်မာ့နာမည်ကို သုံးခွင့်ပြုတယ်လို့လည်း စာမရသလို၊ အမ်အိုင်စီကလည်း သုံးခွင့်မပြုတော့ကြောင်း တရားဝင်စာနဲ့ အကြောင်း မကြားပေမယ့် သုံးခွင့်မရကြောင်းတော့ သိရပါပြီ။ ဒီကိစ္စကဝန်ကြီးဌာနက သူတို့လည်း ဘဏ်ဖွင့်မယ်ဆိုလို ကန့်ကွက်တာတော့ မဟုတ်ပါဘူး”ဟု ဗိုလ်မှူးကြီးအောင်မြင့်(ငြိမ်း)က ပြောသည်။

# စားအုန်းဆီဈေးအတက်အကျမြန်

**သိမ့်သိမ့်စိုး**

**ရန်ကုန်၊ ဇွန်-၂**

စားအုန်းဆီဈေးကွက် ဈေးကစားသူတို့ကြောင့် မေလဆန်းပိုင်းမှစကာ ဆီဈေးနှုန်းအတက်အကျပြောင်းလဲမှုမြန်ဆန်စွာဖြစ်ပေါ်နေကြောင်း ဆီဈေးကွက်မှ သတင်းရရှိသည်။ မဟာစင်မုန်တိုင်းဝင်ရောက်မည်ဟူသော သတင်းထွက်ပေါ်ခဲ့သော မေလလယ်ပိုင်းကတည်းက ဈေးနှုန်းအတက်အကျများ ဖြစ်ပေါ်ခဲ့သည်။ ယခုရက်ပိုင်းတွင်စားအုန်းဆီဈေးနှုန်းများမှာတစ်ပိဿာလျှင် အနည်းဆုံး ၅၀ ကျပ် အတက်အကျ ဖြစ်ပေါ်နေသည်။

“ဈေးတွေကလက်ကြီးသမားတွေ ဈေးကစားနေလို့ ဈေးတက်နေတာ။ ဆီကတော့ပုံမှန်ဝင်နေပါတယ်”ဟု ဆီလုပ်ငန်းရှင်တစ်ဦးက ပြောသည်။ မေ၃၀ရက်တွင်၁,၅၅၀ ကျပ်သို့ပြန်လည်မြင့်တက်လာသဖြင့် သုံးရက်အတွင်း ၅၀ ကျပ်အတက်အကျဖြစ်ပေါ်နေသည်။

မေလလယ်ပိုင်းမဟာစင်မုန်တိုင်းသတင်းကြောင့် ၁၂၀ ကျပ်ထိ မြင့်တက်သွားကာ တစ်ပိဿာ ၆၂၀ ကျပ်ထိ ဈေးနှုန်းများ မြင့်တက်ခဲ့သည်။ ယင်းနောက်ပိုင်း ဆီဈေးနှုန်း အတက်အကျများသည် နိုင်ငံခြားဆီပေါက်ဈေးနှင့် အမေရိကန်ငွေဈေးနှုန်းများကြောင့် ဟုဆိုကာ ဈေးနှုန်းများ အတက်အကျဖြစ်ပေါ်နေခဲ့ကြောင်း ဆီကုန်သည်များက ပြောသည်။

နိုင်ငံခြား ဆီပေါက်ဈေးများမှာ ယခုရက်ပိုင်းတွင်တစ်တန်လျှင် ၇၈၀ ဒေါ်လာဝန်းကျင်တွင်ရှိပြီး ဈေးနှုန်းပြောင်းလဲမှု မရှိသေးကြောင်း သိရသည်။ သို့သော် အမေရိကန်ဒေါ်လာဈေးနှုန်းများမှာ ယခုရက်ပိုင်းတွင် ဘဏ်ပေါက်ဈေးနှုန်းများသည် တစ်ယူနစ်စနစ်လျှင် ၁၀ကျပ်ကျော်ထိ ပြန်လည်ကျဆင်းနေသည်။



# ကမ္ဘာကြီးအနာဂတ်ပုံဖော်မည့်သူ

ကြည်နေမင်းဝင်း

ကမ္ဘာကြီးသည်လတ်တလောတွင် မရေတွက်နိုင်သော မြေငလျင်ကြောကြီးများကြောင့် တုန်ခါနေသည်။ ဆက်လက်ဖြစ်ပေါ်နေသော စီးပွားရေး အကျပ်အတည်းက နိုင်ငံတကာ အုပ်ချုပ်မှုနှင့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းကြီးများကို ယိုယွင်းပျက်စီး လာစေခဲ့သည်။ ယင်းအဖြစ်အပျက် နှစ်ခုမှာ အာရှဒေသသို့ စီးပွားရေးနှင့် နိုင်ငံရေးချိန်ခွင်လျှာ ရွေ့သွားချိန်၌ဖြစ်ပေါ်နေခြင်းဖြစ် သည်။

ဖရန့်စစ် ဖူကူယားမားက သမိုင်း၏နိဂုံးဟု ကြေညာပြီး ရာစုနှစ်၏ လေးပုံတစ်ပုံမကြာမြင့်သေးချိန်မှာပင် ကျွန်တော်တို့မှာ လူမှုရေးနှင့် ပထဝီဝင်နိုင်ငံရေး မငြိမ်သက်မှု ခေတ်သစ်အရုဏ်တက်ချိန်သို့ရောက်ရှိလာခဲ့သည်။

ပြဇာတ်ဆန်ဆန်ပင် အာရပ်တော်လှန်ရေးနွေဦးမှာ အာရပ်ဆောင်းအဖြစ် အလျင်အမြန် ပြောင်းလဲခဲ့သည်။ အမှန်တကယ်လည်း အများအားဖြင့် အစိုးရသစ်များက အလုံးစုံအာဏာချုပ်ကိုင်မှုဝါဒကို အစ္စလာမ်ဝါဒနှင့် ပေါင်းစပ်လိုက်ကြသည့်အခါ နာကျည်းမှု၊ မတည်မငြိမ်ဖြစ်မှုနှင့် လူမှုရေးတိုးတက်မှု ရပ်တန့်ခြင်းများ ရှိလာသည်။


ထို့ထက်ပို၍ မှတ်သားစရာကောင်းသည်မှာ ချမ်းသာကြွယ်ဝသော အနောက်တိုင်းလူ့အဖွဲ့အစည်းများတွင် ဖြစ်ပေါ်ခဲ့သော အခြေခံလူတန်းစားများ၏ ကန့်ကွက်ဆန္ဒပြမှုများပင်ဖြစ်သည်။ ယင်းဆန္ဒပြမှုများတွင်အခြေခံအကြောင်းအရာနှစ်ရပ်ရှိပါသည်။

ပထမဆုံးအချက်အနေဖြင့် လွန်ခဲ့သော ၂၅ နှစ်အတွင်း အနောက်ကမ္ဘာ၌ လူမှုရေးမညီမျှမှုများ အထိန်းအကွပ်မရှိကြီးထွားလာခြင်းဖြစ်သည်။ ယင်းမှာ တစ်စိတ်တစ်ပိုင်းအားဖြင့် ဆိုဗီယက်ယူနီယံပျောက်ကွယ်ပြီး ၎င်းဖြစ်စဉ်နှင့်အတူ နယ်ပယ်ချဲ့ထွင် ကွန်မြူနစ်ဝါဒ၏ ခြိမ်းခြောက်မှု ပျောက်သွားခြင်းဖြစ်သည်။ ကွန်မြူနစ်တော်လှန်ရေးအပေါ် ကြောက်ရွံ့မှုမှနေကာ အနောက်တိုင်း အခွင့်ထူးခံများက နိုင်ငံတော်အာဏာကို သုံး၍ကြွယ်ဝချမ်းသာမှုကိုပြန်လည်ဖြန့်ဝေခြင်းနှင့် သစ္စာရှိသော လူလတ်တန်းစားကြီးထွားရေး ပြုစုပျိုးထောင်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်။

သို့သော်ဥရောပ-အာရှနှလုံးသည်းပွတ်နေရာ၌ ကွန်မြူနစ်ဝါဒ ပြိုလဲသွားသောအခါ အနောက်တိုင်း သူဌေးလူတန်းစားများမှာ ၎င်းတို့အတွက် စိုးရိမ်ကြောက်လန့်စရာ မရှိတော့ဟု ယုံကြည်လာခဲ့ပြီး သက်သာချောင်ချိရေး နိုင်ငံတော်စနစ်ကို တပ်ခေါက်ရန် တွန်းအားပေးကြသည်။ ထိုအတွက် မညီမျှမှုများကို အလျင်အမြန် ဖြစ်ပေါ်လာစေခဲ့သည်။ လူတိုင်းအတွက် လုံလောက်စွာ စီးပွားရေးကျယ်ပြန့်နေချိန်၌ မညီမျှမှုများကို အောင့်အည်းသည်းခံခဲ့ကြသည်။ သို့သော် ၂၀၀၈ ခုနှစ် ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းက ယင်းကို အဆုံးသတ်ပစ်ခဲ့သည်။

ဒုတိယအချက်မှာ လွန်ခဲ့သော ၁၅ နှစ်တာကာလအတွင်း သန်းပေါင်းများစွာသော အလုပ်အကိုင်များ အာရှဒေသသို့ ပြောင်းရွှေ့ရောက်ရှိသွားခြင်းဖြစ်သည်။ အာရှမှာလည်း စျေးနှုန်းမကြီးမြင့်သော ကျွမ်းကျင်မှုမြင့်မားသည့် အလုပ်သမားများ၊ စျေးကွက်များ ရှိရာနေရာဖြစ်သည်။ အနောက်နိုင်ငံများမှာ ကွန်မြူနစ်ဝါဒအပေါ် အောင်ပွဲခံခြင်းနှင့် ရပ်တန့်၍ မရနိုင်ဟု ထင်မြင်ရသော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ဘဝင်လေဟပ်ကာ လိုအပ်သောဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင်ရန် ပျက်ကွက်ခဲ့သည်။ ထိုအစား အနောက်ကမ္ဘာ၏ ချမ်းသာကြွယ်ဝမှုကို ကြွေးမြီများအပေါ် အားကိုးခဲ့ကြသည်။

သို့သော်လည်း စီးပွားရေးအကျပ်အတည်းက ချေးငွေများဖြင့် သာယာသော ဘဝကို ဆက်လက်ထိန်းသိမ်း၍ မရနိုင်ဖြစ်စေခဲ့သည်။ အမေရိကန်နှင့် ဥရောပတိုက်သားများမှာ အချိန်ကြာလာသည်နှင့်အမျှ ၎င်းတို့ပို၍ ချမ်းသာလာကြလိမ့်မည်ဟုယူဆ၍ မရတော့သည်ကို နားလည်လာကြသည်။



ယခုအခါ အစိုးရများမှာ မဲဆန္ဒရှင်အများစုကို ထိခိုက်သော ပြုပြင်ပြောင်းလဲမှု အကောင်အထည်ဖော်ရေးခက်ခဲသော တာဝန်ကို လုပ်ဆောင်နေရသည်။ သို့သော် လူနည်းစုအခွင့်ထူးခံ ငွေကြေးချမ်းသာသူများကလည်း လွယ်လွယ်အလျှော့ပေးလိမ့်မည် မဟုတ်ပေ။

ယင်းအခြေအနေအားလုံးက ရုရှားကဲ့သို့နိုင်ငံမျိုးနှင့် အာရပ်ကမ္ဘာအများအပြား၌ အနောက်တိုင်းပုံစံဒီမိုကရေစီ၏ ဆွဲဆောင်မှု လျော့ကျစေမည်မှာ မလွဲပေ။ ၎င်းတို့၏ လှုပ်ရှားမှုမှာ နိုင်ငံရေးပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုဖြစ်ကာ လွတ်လပ်ခွင့်နှင့် တာဝန်ခံနိုင်မှုကို တောင်းဆိုကြခြင်းဖြစ်သည်။

လွန်ခဲ့သောနှစ်အနည်းငယ်က ဆိုလျှင် ဗဟိုဦးစီးစနစ်ပုံစံ အရင်းရှင်စနစ် (ဥပမာအားဖြင့် တရုတ်၊ စင်ကာပူ၊ မလေးရှား သို့မဟုတ် ရုရှား) က အနောက်တိုင်းဒီမိုကရက်တစ်အရင်းရှင်စနစ်ကို ရင်ဆိုင်လာသော စိန်ခေါ်မှုအကြောင်း ပူပန်ခြင်းမှာ ခေတ်စားပါသည်။ ယနေ့ဆိုလျှင် ပြဿနာမှာ စီးပွားရေးသာ မဟုတ်တော့။

အနောက်တိုင်းအရင်းရှင်စနစ်၏ လူတိုင်းနီးပါး ကြွယ်ဝသော လစ်ဘရယ်ဒီမိုကရေစီအပေါ် အခြေခံသော လူ့အဖွဲ့အစည်းပုံစံမှာ ပြိုင်ဘက်များနှင့် နှိုင်းယှဉ်ပါက တစ်နေ့တစ်ခြားထိရောက်ပုံမပေါ်တော့။ ဗဟိုဦးစီးစနစ်ပုံစံနိုင်ငံများ၏ လူလတ်တန်းစားများက ၎င်းတို့၏ ခေါင်းဆောင်များအား ဒီမိုကရေစီကျယ်ပြန့်ရေး တွန်းအားပေးကောင်းပေးကြပါလိမ့်မည်။ (ဥပမာ-ရုရှားနိုင်ငံကဲ့သို့) သို့သော် တစ်ဖက်တွင်လည်း အနောက်တိုင်း ဒီမိုကရေစီများမှာ ဗဟိုဦးစီးစနစ်ပုံစံ ပိုပေါ်လာဖွယ်ရှိပါသည်။

အမှန်တကယ်တွင်လည်း ယနေ့စံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်ပါက ချားလ်စ်ဒီဂေါလ်၊ ဝင်စတန်ချာချီနှင့် ဒွိုက်အိုက်ဆင်ဟောင်ဝါတို့မှာ ဗဟိုဦးစီးစနစ် (အာဏာရှင်) ပုံစံပိုဆန်သော ခေါင်းဆောင်များဖြစ်ပါသည်။ အနောက်နိုင်ငံများအနေဖြင့် ယင်းကဲ့သို့သော ချဉ်းကပ်မှုမျိုး ပြန်လည်ကျင့်သုံးရပါလိမ့်မည်။ သို့မဟုတ်ပါက လက်ဝဲစွန်းနှင့် လက်ယာစွန်းအင်အားစုများက ၎င်းတို့၏ အနေအထားကို ပိုမိုခိုင်မာလာ စေရန် လုပ်ဆောင်လာပြီး လူလတ်တန်းစားများလည်း စတင်ပါးရှားလာပါမည်။

ကျွန်ုပ်တို့အနေဖြင့် အလုံးစုံအာဏာချုပ်ကိုင်မှုစနစ်များကို မွေးဖွားပေးတတ်သော နိုင်ငံရေးသဘောထား သိသိသာသာ ရေနှင့်ဆီကဲ့သို့ တခြားစီဖြစ်လာမည့်အရေး တားဆီးရန် နည်းလမ်းများရှာဖွေရပါမည်။ ၂၀ ရာစုအတွင်း ယင်းသို့သီးခြားဖြစ်မှုမှနေ၍ ဖက်ဆစ်ဝါဒ၊ ကွန်မြူနစ်ဝါဒများ ပေါ်ထွက်ခဲ့သည်။ ကံကောင်း ထောက်မစွာပင် ယနေ့ချိန်ခါ၌ ယင်းသို့တားဆီးရန် ဖြစ်နိုင်ပါသည်။ ကွန်မြူနစ်နှင့် ဖက်ဆစ်ဝါဒတို့မှာ စစ်ကြောင့် စိတ်ဓာတ်များပျက်ယွင်းသွားသော လူ့အဖွဲ့အစည်းများ၌ မွေးဖွားအမြစ်တွယ်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်ပင် ယခုချိန်ခါ၌ စစ်ဖြစ်ခြင်းကို တားဆီးရန် အရေးယူမှုအားလုံး လုပ်ဆောင်ရပါမည်။

ယနေ့ချိန်ခါတွင် ပိုပြီးအကျုံးဝင်ပါသည်။ အီရန်အပေါ် စစ်ငွေ့များ သန်းနေသလို အိမ်နီးချင်းနိုင်ငံများ၌ အုံကြွမှုများ ကြုံတွေ့နေရပြီး ၎င်းအပေါ် ရန်လိုသော ခံစားချက်များ ရင်ဆိုင်နေရသော အစ္စရေးမှာလည်း တစ်နိုင်ငံတည်းသော သက်ဆိုင်သူ မဟုတ်ပါ။ ဖွံ့ဖြိုးပြီးနိုင်ငံကြီးများမှ လူအများအပြားနှင့် ရုရှားမှ အချို့ကပင် အီရန်နှင့် စစ်ပွဲကို ပိုမိုထောက်ခံလာပုံပေါ်နေသည်။ တစ်ဖက်တွင် ကမ္ဘာ့စီးပွားရေး အကျပ်အတည်းနှင့်နိုင်ငံတကာအုပ်ချုပ်ရေး ပျက်ကွက်မှုများ ရှိနေ၍ ထောက်ခံခြင်းဖြစ်နိုင်သလို နှစ်ခုစလုံးအခြေမလှ၍ ထောက်ခံခြင်းလည်း ဖြစ်နိုင်ပါသည်။

တစ်ချိန်တည်းမှာပင် ကြီးမားသောအခွင့်အလမ်းများလည်း ရှိနေပါသည်။ အာရှတိုက်မှ သန်းထောင်ချီသော ပြည်သူလူထုမှာ သူတို့ကိုယ်သူတို့ ဆင်းရဲတွင်းမှ ရုန်းထွက်ခဲ့ကြပြီဖြစ်ရာ မိမိတို့၏ အသိဉာဏ်၊ ပညာရေးနှင့် အရည်အချင်းများကို အသုံးချရန် နယ်ပယ်သစ်များ ဆက်တိုက်ပေါ်လာနေသည်။ ကမ္ဘာကြီး၏ အင်အားဗဟိုချက်များမှာ တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် ထိန်းကျောင်းအလေးပေးလာခဲ့ရာ မောင်ပိုင်စီးလိုသော ရည်မှန်းချက်များကို အားနည်းလာစေပြီး စစ်မှန်သော ဝင်ရိုးစုံ ကမ္ဘာပုံစံအပေါ် အခြေခံ၍ တီထွင်ဖန်တီးမှုရှိသော မတည်ငြိမ်မှုကို လက်ခုပ်တီးအားပေးရင်း ပြည်သူများမှာလည်း ကမ္ဘာ့ဇာတ်ခုံတွင် ၎င်းတို့၏ ကံကြမ္မာကို ပုံဖော်ရန် လွတ်လပ်မှု ပိုမိုရရှိလာကြသည်။

ဆိုရလျှင် ယနေ့ကမ္ဘာကြီး၏ အပြောင်းအလဲများနှင့် စိန်ခေါ်မှုများမှာ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးနှင့် ရုန့်ရင်းကြမ်းတမ်းသော ပဋိပက္ခနှစ်မျိုးစလုံးအတွက် အခြေအနေများ ဖန်တီးပေးထားပါသည်။ ကံအကြောင်းလှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ ကမ္ဘာကြီး၏ အနာဂတ်ကို ဆုံးဖြတ်ရန် ကျွန်ုပ်တို့အပေါ်၌သာ မူတည်နေပါသည်။ *—Ref: The Age of Autheritarian Democracy by Sergei Karaganov*

---

စာမျက်နှာ(၃၆)မှ

## ရုရှားတင်းနစ်မယ် မာရီယာ ရှာရာပိုဗာနှင့် တွေ့ဆုံခြင်း

ကျွန်မ အထင်တော့ ဒါက ကျွန်မလုပ်နိုင်တာထက် သိပ်ကို ကျော်လွန်နေပါတယ်။ ကျွန်မက ဒီထဲက အစိတ်အပိုင်းသေးသေးလေးပါပဲ။ ကျွန်မ ဘာပဲပြောပြော အဆုံးတစ်နေ့မှာ ဒီနှစ်နိုင်ငံလုံးမှာ နေနေတဲ့ ပြည်သူသန်းပေါင်းများစွာအတွက် ဘာမှမထူးခြားပါဘူး။

**ဒီတော့မှန်းဆကြည့်ရရင် မာရတ်ဆာဖင်လိုမျိုး ရုရှားမှာ အားကစားလောကကနေ နိုင်ငံရေးထဲဝင်ဖို့ စိတ်မဝင်စားဘူးလို့ ဆိုလိုတာလား။**

ဟုတ်ပါတယ်။ အဲဒါကနေ ကျွန်မ ဝေးဝေးနေပါတယ်။ ကိုယ့်အနာဂတ်မှာလည်း လုပ်မယ်လို့ မမြင်မိပါဘူး။ ကျွန်မက နိုင်ငံရေးနဲ့စာရင် ဒီဇိုင်းဖန်တီးမှု နယ်ပယ်ထဲကို ပိုရောက်နေပါတယ်။

**စံပြပုဂ္ဂိုလ်တွေက ဘယ်သူတွေများလဲ။**

ဒါဖြေရခက်ပါတယ်။ ကျွန်မက အားကစားလောကမှာရော အပြင်လောကမှာပါ စံပြပုဂ္ဂိုလ်တွေ အများကြီးမရှိဘဲ ကြီးပြင်းလာရတာပါ။ ကလေးမလေးတစ်ယောက် ကျွန်မဆီ ရောက်လာပြီး "သမီးလည်း အစ်မလို ဖြစ်ချင်တယ်"လို့ ပြောရင် ကျွန်မ တွေးမိတာက "အိုး။ ဒါကောင်းတာပေါ့။ ဒါပေမဲ့ မင်းအနေနဲ့ ငါ့ထက် ပိုကောင်းတဲ့သူ ဖြစ်သင့်တယ်လို့ ငါတော့ထင်တယ်"လို့ပြန်ပြောပါတယ်။ ကျွန်မ လူတွေရဲ့ခွန်အားကို လေးစားအားကျတယ်။ ကိုယ့်အနေနဲ့ ကောင်းတယ်၊ မှန်တယ်လို့ ယုံကြည်ရတဲ့ သူတွေကိုလည်း ကျွန်မ ကြည်ညိုတယ်။ ဒါပေမဲ့ လူတစ်ယောက်ဟာ အရာရာတိုင်း ကောင်းတယ်လို့တော့ ကျွန်မ မထင်ပါဘူး။

**ကိုယ့်ဘဝမှာ ကြုံခဲ့ရတဲ့ ပြဿနာတစ်ခု (သို့မဟုတ်) စိန်ခေါ်မှုတစ်ရပ်ကို ပြောပြပေးနိုင်မလား။ ပြီးတော့ အဲဒါကို ဘယ်လိုဖြေရှင်းခဲ့လဲ ဆိုတာရောပေါ့။**

ကျွန်မရဲ့ တင်းနစ်ကစားသမားဘဝမှာတော့ အကြီးဆုံးစိန်ခေါ်မှုက ကျွန်မ ၂၁ နှစ်သမီးအရွယ်က ရလာခဲ့တဲ့ ပခုံးဒဏ်ရာပါပဲ။ သိပ်ငယ်လွန်းတဲ့အရွယ်မှာ ဒီလို ပခုံးမှာ ဒဏ်ရာရပြီး ခွဲစိတ်မှုခံထားရတဲ့ တင်းနစ်ကစားသမားမျိုးက နည်းနည်းရှားပါးပါတယ်။ ကျွန်မ ကိုးလလောက် ပြိုင်ပွဲတွေကနေ ထွက်ခဲ့ရဖူးတယ်။ ဒါအကြီးမားဆုံး စိန်ခေါ်မှုပဲ။ ဘာကြောင့်လဲဆို ကျွန်မက ဂရန်းဆလမ်း ချန်ပီယံဆုတွေ နည်းနည်းလေးပဲ ရထားသေးတယ်။ ပြီးတော့ ဒီအားကစားလောကကနေလည်း ထွက်ရတော့မယ့် အနေအထားမျိုး။


ဒါပေမဲ့ ကျွန်မပြန်ကစားချင်ခဲ့တယ်။ ဂရန်းဆလမ်းဖိုင်နယ်တွေကို အနိုင်ရတဲ့ ခမ်းနားတဲ့ ကာလမျိုးတွေကို လိုချင်ခဲ့မိတယ်။ ဒါကို နောက်တစ်ကြိမ် ပြန်ခံစားချင်တယ်ပေါ့။ ဒါကြောင့် အဲဒီစိတ်ကပဲ ကျွန်မကို ရှေ့ဆက်သွားစေပြီး ကိုယ့်အတွက် အရေးကြီးတာကို နားလည်သဘောပေါက်စေခဲ့ပါတယ်။

*—Ref: Q&A: Sharapova's First Business Aims for the Sweet Spot, 26 April 2013, The Moscow Times.*

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

7DAY BOOK REVIEW

# ဖြစ်ပျက်ရှာပုံတော် ခရီးသည် (မင်းဒင်)




သာမန်ပြည်သူလူထု လှမ်းကြည့်၍ မမီနိုင်သော အုပ်ချုပ်သူ အလွှာတစ်ခုကို ကွက်ကွက်ကွင်းကွင်း ကိုယ်တွေ့ဇာတ်လမ်းသဖွယ်ရေးသားခဲ့သောကြောင့် မြန်မာ့နိုင်ငံရေးနှင့် စီးပွားရေး စိတ်ဝင်စားသူများ အကြား လှုပ်ခတ်သွားခဲ့သော "မင်းဒင်ရဲ့ သက်ခိုင်" စာအုပ်ကို ရေးသားခဲ့သူ စာရေးဆရာမင်းဒင်၏ ဒုတိယမြောက်လုံးချင်းစာအုပ်ဖြစ်သည်။ စာအုပ် အမည်မှာ "ဖြစ်ပျက်ရှာပုံတော်ခရီးသည်"ဟု အမည်ရပြီး စာရေးသူက သူ၏ဇာတ်လိုက်ကျော် သက်ခိုင်ကိုပင် ဇာတ်ဆောင်ထား၍ ရေးသားထားသော စာအုပ်ဖြစ်ပါသည်။ "မင်းဒင်ရဲ့သက်ခိုင်"မှ ဇာတ်ကောင်သက်ခိုင်သည် စီးပွားရေးလောက၊ လူမိုက်လောကတို့တွင် ဝင်ဆံ့ပြီး အာဏာရအလွှာနှင့် ပတ်သက်ခဲ့သူဖြစ်သောကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ အရှုပ်အထွေးများကို ထပ်မံဖတ်ရှုရမည်ဟု ထင်ထားသူများအတွက် အံ့အားသင့်သွားစေသော စာအုပ်လည်းဖြစ်သည်။

"ဖြစ်ပျက်ရှာပုံတော်ခရီးသည်"သည် မိရိုးဖလာ အယူဝါဒတစ်ခုကို လက်တွေ့တံခါးပေါက်မှ စူးစမ်းခဲ့သူ တစ်ဦး၏ မှတ်တမ်း ဖြစ်ပါသည်။ "မင်းဒင်ရဲ့ သက်ခိုင်"သည်ဇာတ်ကောင်သက်ခိုင်၏လောကီရေးရာ အမြင်ဟုဆိုပါလျှင် ဖြစ်ပျက်ရှာပုံတော် ခရီးသည်သည် သက်ခိုင်၏ လောကုတ္တရာ အမြင်ဟု ဆိုနိုင်ပါသည်။ ဒဂ်ါးတစ်ပြားတွင် ခေါင်းနှင့် ပန်းဟူ၍ ရှိရစမြဲဖြစ်ရာသက်ခိုင်၏ အမြင်နှစ်ရပ်ကို စာဖတ်သူများသို့ တင်ပြမှုသာပြီးပြည့်စုံပေမည်ဟူသော စာရေးသူ၏ တွေးတောယူဆချက်ကြောင့် ဤစာအုပ်ဖြစ်ပေါ်လာရပါသည်"ဟု စာရေးသူက အမှာစာတွင် ဖော်ပြထားသည်။

မင်းဒင်နှင့် သက်ခိုင်တို့ အကျဉ်းထောင်ရဲဘက်စခန်း တစ်ခုတွင် ဆုံကြ၍ပြောဆိုဆွေးနွေးဖြစ်သည့် အကြောင်းအရာများကို တင်ပြထားရာ၌ မြန်မာဗုဒ္ဓဘာသာဝင်တိုင်း အလွယ်တကူ ပြောလေ့ပြောထရှိသော ဖြစ်ပျက်ဆိုသည့် စကားနှစ်လုံးရှာဖွေပုံကို အကိုးအကားများဖြင့် ဖော်ပြထားသည်မှာ စိတ်ဝင်စားဖွယ် ကောင်းလှသည်။ စာရေးကောင်းသော မင်းဒင်သည် သူပြောလိုသည့် အကြောင်းအရာများကို စာဖတ်သူ၏ဘေးမှ ဖြည်းဖြည်းအေးအေးပြောပြရင်း ဖြစ်ပျက်ရှာပုံ တော်ဆီသို့ ခေါ်ဆောင်သွားသကဲ့သို့ စာဖတ်သူများအရသာခံ၍ ဖတ်ရသောစာအုပ်မျိုးဖြစ်ပါသည်။

"ကျွန်တော်ပြောချင်တာက ပုဂံခေတ်ကနေ ရှိနေခဲ့တဲ့ ဝိပဿနာသာသနာဝင်ဟာ အရမ်းမှေးမှိန်လွန်းတယ်။ ဗုဒ္ဓဘာသာဝင် အများစုဟာ ဝိပဿနာက ကောင်းတယ်လို့ သာသိကြ၊ လက်ခံကြတယ်။ ဘယ်ဟာဘယ်လို ကောင်းမှန်း မသိတာများတယ်။ အဲဒီခေတ်ကာလ အခြေအနေမှာ ဆရာကြီးရွှေဥ ဒေါင်းရဲ့ ဒိဋ္ဌေဒိဋ္ဌ မတ္တံဆိုတဲ့ ကျမ်းငယ်ပေါ် လာပြီး လူအများစုကို ရေလိုက်လွဲစေခဲ့တာပါပဲ" ဟု စာအုပ်တစ်နေရာတွင် ဖော်ပြထားရာစာဖတ်သူများ ဆင်ခြင်စေ့ငုရမည့် အကြောင်းအရာများဖြစ်သည်။

မင်းဒင်၏ ဟန်အတိုင်း သွက်သွက်လက်လက် ရေးသားထားပြီး သက်ခိုင်၏ ဝိပဿနာအပေါ် အမြင်အချို့ကို လေ့လာခွင့်ရကြ မည်ဖြစ်သည်။ စာအုပ်ကို အခန်းငယ် ၂၁ခန်းခွဲ၍ ရေးသားထားကာ သက်ခိုင် စာပေကထုတ် ဝေပြီး တန်ဖိုး ၆,၀၀၀ကျပ် ဖြင့် ဖြန့်ချိသည်။

## Knowledge ဗဟုသုတ

### ကမ္ဘာ့အချိန်အကြာဆုံး အလုပ်သမားသပိတ်

ကမ္ဘာ့အရှည်ကြာဆုံး အလုပ်သမားသပိတ်အဖြစ် ရှီကာဂိုမြို့မှ ကွန်ဂရတ်ပလာဇာဟိုတယ်ရှိ အလုပ်သမားများ၏ သပိတ်ကို တိုင်းမ်မဂ္ဂဇင်း က မကြာမီက သတ်မှတ်ဖော်ပြခဲ့သည်။ ထိုသို့ဖော်ပြရခြင်းမှာ အဆိုပါ ဟိုတယ်မှ ဝန်ထမ်း ၁၃၀ သည် ဟိုတယ်စီမံခန့်ခွဲရေးပိုင်း၏ လစာများဖြတ်တောက်ခြင်းနှင့် အနိမ့်ဆုံးလုပ်ခသာ ပေးတော့ရန် ဆုံးဖြတ်ခဲ့ ခြင်းကို မကျေနပ်၍ ၂၀၀၃ ခုနှစ် အဖေများနေ့(ဇွန်လ၏ တတိယမြောက် တနင်္ဂနွေနေ့)တွင် စတင်သပိတ်မှောက်ခဲ့ခြင်းဖြစ်သည်။ ထို့နောက် ဆယ်နှစ်ခန့် အကြာ ၂၀၁၃ မေ ၃၁ တွင်မှ သပိတ်ကို ဖော် ဆောင်ခဲ့သည့် United Here's Loacl 1 အလုပ်သမားသမဂ္ဂသည် ဟိုတယ်ဘက်က ၎င်းတို့ တောင်းဆိုချက်များကို ပေး၍မဟုတ်ဘဲ သပိတ်သည် အချိန်ကာလအားဖြင့် လုံလောက်ခဲ့ပြီဖြစ်သောကြောင့် ရပ်ဆိုင်းခဲ့သည်။ သမဂ္ဂ ဥက္ကဋ္ဌ ဟင်နရီတာမာရင်ကလည်း ၎င်းတို့သပိတ်သည် အလုပ်ရှင်၏ စီး ပွားရေးကို ထိခိုက်စေရန် မရည်ရွယ်ဘဲ လုပ်သားများ၏ လုပ်ခလစာများ နှင့် လုပ်ငန်းခွင်အခြေအနေတိုးတက်စေရန်သာ ရည်ရွယ်ကြောင်းဆိုသည်။

—Ref: 'The World's Longest Labor Strike' Ends in Whimper, Time : 31 May

## တစ်ပတ်တာကံကြမ္မာ

ဇွန် ၅ ရက်မှ ဇွန် ၁၁ ရက်အထိ

စံဇာကျော်ဘို




### ARIES မိဿရာသီဖွား (မတ်၂၁-ဧပြီ၂၀)

လက်လွှန်ထားသည်များ လက်ဝယ်ပြန်လည်ရရှိမည်။ ခက်ခဲသော ပြဿနာများပြေလည်အောင် ဖြေရှင်းနိုင်မည်။ ကာလအတန်ကြာနှောင့်နှေးနေသောကိစ္စများ ပြီးမြောက်သွားမည်။ ရုတ်တရက် စိတ်ကူးပြီး လုပ်ကိုင် သော ကိစ္စများမှလည်း ထင်ရှားသော အောင်မြင်မှုကို ဖြစ်စေသည်။ မိသားစုအတွင်း ပြည်ပနိုင်ငံခြား ခရီးနှင့် ပတ်သက်၍ ကံကောင်းမည်။




### TAURUS ပြိဿရာသီဖွား (ဧပြီ၂၁-မေ၂၁)

ဦးတည်လိုက်တိုင်း နေရာတိုင်းတွင် အနှောင့်အယှက်များရှိမည်။ မနာလို၊ အပြိုင်အဆိုင်ပြုသော သူများ နှင့် တွေ့ကြုံရမည်။ စာရွက်စာတမ်းကိစ္စ၊ ငွေကြေးကိစ္စပြောဆိုဆောင်ရွက်မှုတွင် သတိရှိရမည်။ သူတစ်ပါး ကတိစကားယုံစား၍မရ။ မိမိအပေါ် အနှောင့်အယှက်ပေးသော သူများနှင့် ကြုံတွေ့ရမည်။ မူလရည်မှန်းထားသည်များကို လက်တွေ့ဆောင်ရွက်ရာတွင် ခက်ခဲနေမည်။




### GEMINI မေထုန်ရာသီဖွား (မေ ၂၂-ဇွန် ၂၁)

အခက်အခဲများဖြေရှင်းနိုင်မည်။ စိတ်ရှုပ်စရာများ အေးချမ်းသွားမည်။ လမ်းသစ်ထွင်ပြီး လုပ်သော ကိစ္စ များ ကျော်လွှားနိုင်မည်။ ပြဿနာများဖြေရှင်းနိုင်မည်။ အိမ်တွင်းရေးအနည်းငယ်အညှိရှိနေမည်။ စာရွက်စာတမ်းများလက်မှတ်ရေးထိုးရာတွင် သတိရှိပါ။ မိမိပိုင်ပစ္စည်းများအထားအသိုသတိရှိပါ။ ပြဿနာရှုပ်သော သူများ၊ စကားရှုပ်သော သူများ အိမ်တွင်အဝင်အထွက်များမည်။



### CANCER ကရကဋ်ရာသီဖွား (ဇွန် ၂၂-ဇူလိုင် ၂၂)

အနှောင့်အယှက်များ၊ အတိုက်အခံများနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး အဆင်ပြေသွားမည်။ လုပ်ကိုင်နေသည့် ကိစ္စမှန်သမျှတွင် အတားအဆီးကြုံမည်။ အထင်လွဲမှားမှုအချို့လိုက်လံဖြေရှင်းရမည်။ ကိုယ်တိုင်အတွက် လုပ်ကိုင်သည့် ကိစ္စများတွင် ခက်ခဲကြန့်ကြာမှုရှိမည်။ တစ်ပါးသူအတွက် ဆောင်ရွက်မှုများတွင် ပြေပြေပြစ်ပြစ်၊ ချောချောမောမောရှိမည်။



### LEO သိဟ်ရာသီဖွား (ဇူလိုင်၂၃-ဩဂုတ်၂၃)

အတတ်ပညာနှင့် ပတ်သက်သော ကံကောင်းမည်။ ရည်မှန်းချက်များ အလုံးစုံအောင်မြင်မှုများရမည်။ မိသားစုတွင် ကြီးမားသော တိုးတက်မှုများရရှိမည်။ ငွေအကုန်အကျများမည်။ အပြိုင်အဆိုင်အတိုက်အခံအများကြားမှ တိုးတက်မှုရရှိမည်။ လုပ်ငန်းလုပ်သူများတွင် ထူးခြားသော တိုးတက်မှုများ ဖြစ်ပေါ်မည်။ အမည်အတွင်း(အ၊ ဥ၊ ရ၊ လ၊ ဝ)ပါသော သူများကို သတိထား၍ဆက်ဆံရမည်။




### VIRGO ကန်ရာသီဖွား (ဩဂုတ်၂၄-စက်တင်ဘာ၂၂)

ထူးခြားသော အပြောင်းအလဲနှင့် တိုးတက်မှုရမည်။ လူမျိုးကွဲကပြားများကောင်းကျိုးပေးမည်။ လုပ်ငန်းခွင် မှ သူများ လူသစ်နေရာသစ်များတွင် အဆင်ပြေခြင်းရှိမည်။ မစီစဉ်ထားဘဲ ခရီးသွားရသော အနေအထားရှိပါသည်။ ရန်အတိုက်အခံ၊ အခက်အခဲများနှင့် ရင်ဆိုင်ရလင့်ကစား အဆုံးပိုင်းတွင် အဆင်ပြေသော အနေအထားရှိပါမည်။ နေရာပြောင်း၍ တိုးတက်သောအခြေအနေရှိမည်။



### LIBRA တူရာသီဖွား (စက်တင်ဘာ၂၃-အောက်တိုဘာ၂၃)

အရာရာသတိရှိရမည်။ ပဋိပက္ခရှိတတ်သည်။ အထင်အမြင် လွဲမှားမှုများဖြေရှင်းရတတ်သည်။ မူလစိတ်ကူးသည်များကို လက်တွေ့အကောင်အထည်ဖော်ရာ၌ တလွဲတချော်ဖြစ်မှုကြုံမည်။ တွေဝေ ဒွိဟဖြစ်စရာအကြောင်းများ၊ အရွေးရခက်အောင် အခွင့်အရေးတစ်ပြိုင်တည်း ပေါ် ပေါက်ခြင်းများ ကြုံတတ်သည်။ မိဘဆွေမျိုးအကြီးအကဲကျန်းမာရေးအညံ့ရှိသည်။



### SCORPIO ဗြိစ္ဆာရာသီဖွား (အောက်တိုဘာ၂၄-နိုဝင်ဘာ၂၂)

အဘက်ဘက်မှ ကောင်းသော အနေအထားရှိသည်။ စိတ်အေးချမ်းမှု၊ စိတ်အလိုပြည့်မှု ကြုံမည်။ မြှုပ်နှံထားသော ငွေကြေးများမှ ကောင်းသော အကျိုးအမြတ်ရရှိမည်။ မိသားစုပိုင်စီးပွားများလည်း တိုးတက်မည်။ အပင်ပန်းခံပြီး ကြိုးစားထားသည်များမှ အကျိုးဆက်ကောင်း ပေါ် ထွန်းမည်။ ငွေကြေးမြှုပ်နှံခြင်း၊ စီးပွားသစ်ဆောင်ရွက်ခြင်းများအတွက် အခါကောင်းဖြစ်သည်။



### SAGITTARUS ဓနုရာသီဖွား (နိုဝင်ဘာ၂၃-ဒီဇင်ဘာ၂၁)

အရာရာအဆင်ပြေမည်။ ကံမြင့်သော အနေအထားရှိသည်။ မိမိအပေါ် ယှဉ်လာသူ အားလုံးကို အသာစီးမှ အနိုင် ယူနိုင်သော ကာလဖြစ်သည်။ ထက်မြက်သည့်အင်အားသစ်များနှင့် လုပ်ကိုင်အောင်မြင်ခြင်း၊ တိုးတက်ခြင်း အဆင့်ဆင့်ဖြစ်ထွန်းမည်။ လူမျိုးကွဲ လူမျိုးခြားအကျိုးပေးမည်။ လုပ်ငန်းလုပ်ကိုင်နေသူများတွင် အလုပ်အဆင့်တိုးတက်ခြင်းကြုံမည်။ ပျိုရွယ်သူများစန်းပွင့်မည်။



### CAPRICORN မကာရရာသီဖွား (ဒီဇင်ဘာ၂၂-ဇန်နဝါရီ၂၀)

အဘက်ဘက်မှကောင်းသည်။ အောင်မြင်အဆင်ပြေမည်။ ရည်မှန်းထားသလောက်ထွန်းပေါက်မည်။ အပြိုင်အဆိုင်ကြားမှ တိုးတက်မည်။ နေရာပြောင်း၍ လည်းတိုးတက်မှုရမည်။ မမျှော်လင့်မထင်မှတ်ထား သော ကံအခွင့်အလမ်းကောင်းရရှိမည်။ အရေးကြီးသော ဆုံးဖြတ်ချက်များချမှတ်ရမည်။ ဆုံးဖြတ်ချက်၊ ဦးတည်ချက်မှန်ကန်၍ ထူးခြားသော အကျိုးကောင်းများရရှိမည်။



### AQUARIUS ကုမ်ရာသီဖွား (ဇန်နဝါရီ၂၁-ဖေဖော်ဝါရီ၁၈)

ချက်ချင်းလုပ်၍ လက်ငင်းအကျိုးရှိနိုင်သော ကာလဖြစ်သည်။ ဝေဖန်သူမည်မျှရှိစေ ဦးတည်ချက်မပြောင်းသင့်။ ကိုယ်ပိုင်အကြံအစည်များနှင့် ပေါက်ပေါက်ရောက်ရောက် ဆောင်ရွက်နိုင်မည်။ မိသားစု စီးပွားရေး၊ ငွေရေးကြေးရေးများတွင် ကောင်းသော အကျိုးဆက်ဖြစ်ထွန်းမည်။ ပြန့်ကျဲနေသော စီးပွားများ ပြန်လည် စုဆည်းနိုင်ခြင်း၊ အကြွေးတောင်းခံ၍ ကောင်းသည်။



### PISCES မိန်ရာသီဖွား (ဖေဖော်ဝါရီ၁၉-မတ်၂၀)

ထူးခြားသော အပြောင်းအလဲနှင့် တိုးတက်မှုများ တွဲဖက်ဖြစ်ပေါ် မည်။ ခက်ခဲသော ပြဿနာများ ဖြေရှင်းနိုင်မည်။ ရင်းနှီးသောသူများနှင့် စကားများရမည်။ အရပ်ဝေးနှင့်တိုက်ရိုက်ဆက်ဆံပြီး လုပ်သောကိစ္စများ အထူးအောင်မြင်မည်။ စိတ်ပျံ့လွင့်လွယ်နေမည်။ အပျော်အပါးဘက်သို့ စိတ်ယိုင်ခြင်းရှိမည်။ မိသားစု ကျန်းမာရေးအညံ့ရှိမည်။ မပေါ့ဆသင့်။ အန္တရာယ်ကြီးသည်။

# Article

7DAY NEWS JOURNAL
Vol.12, No.13 ▪ JUNE 5 , 2013

စာမျက်နှာ(၉)မှ

## သွေးလန့်လျှင် ဆေးရုံသို့ အမြန်အရောက်ပို့ရန် ဆေးရုံအုပ်ကြီး အကြံပြု

ပိုးလောက်လန်း နှိမ်နင်းသည့် လုပ်ငန်းများတွင် ကျန်းမာရေးဌာန၊ စည်ပင်၊ လူထုအားလုံးပါဝင်ဆောင်ရွက်မှသာ မိမိအိမ်၊ ပတ်ဝန်းကျင်ရှိ ကလေးများတွင် သွေးလွန်တုပ်ကွေးဖြင့် သေဆုံးမှုများလျှော့ချနိုင်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ထမ်းများက အကြံပြုပြောကြားကြသည်။

ပြီးခဲ့သည့် ရက်ပိုင်းမှစတင်၍ ရန်ကုန်မြို့တွင် ကျန်းမာရေးဦးစီးဌာန၊ မြို့တော်စည်ပင်၊ မြို့နယ်ကျန်း မာရေးမှူးများ၊ NGO များပါဝင် သည့် ရန်ကုန်မြို့တွင်း သွေးလွန်တုပ် ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အစည်းအဝေးတစ်ခုပြုလုပ်ခဲ့ပြီး အခြားပြည်နယ်၊ တိုင်းများတွင်လည်း ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည်။

ထို အစည်းအဝေးမှ ကာကွယ်ရေးလုပ်ငန်းများတွင် ကလေးငယ်များစုဝေးရာ မူကြိုကျောင်းများ၊ မူလတန်းကျောင်းများ၌ ပိုးလောက်လန်းကင်းစင်စေရန် ဆောင်ရွက်ပြီး ရောဂါဖြစ်ပွားမှုလျှော့ချစေရန် အဓိကထား လုပ်ဆောင်မည်ဖြစ်ကြောင်း အစည်းအဝေး တက်ရောက်ခဲ့သည့် ကျန်းမာရေးဦးစီးဌာနမှ ဆရာဝန်တစ်ဦးက ပြောသည်။

အဆိုပါရောဂါသည်ဆင်ခြေဖုံးရပ်ကွက်များတွင် ပိုမိုဖြစ်ပွားလေ့ရှိသည့်အတွက် ပြည်သူများအနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်ကဲ့သို့ လုပ်ငန်းများ၊ ရေမြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်ခြင်းများအပြင်အဓိကလူတစ်ဦးချင်းစီ၏ ကျန်းမာရေးအသိစိတ်ဓာတ်ရှိရန်လိုအပ်ကြောင်း ဒေါက်တာကျော်စွာဦးက ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေးဖြစ်ပွားသည့် ရောဂါဖြစ်သော်လည်း ၁၅ နှစ် အောက် ကလေးငယ်များတွင် ပိုမိုဖြစ်ပွားသည်။

"မိုးဦးကျနဲ့ မိုးတွင်းတောက်လျှောက်မှာ ကလေးတွေ ဘာကြောင့်ဖျားဖျား သွေးလွန်တုပ်ကွေးကြောင့်ပဲ ဖျားတယ်လို့ယူဆပြီးဂရုစိုက်သင့်ပါတယ်"ဟုရန်ကုန်ကလေးဆေးရုံအုပ်ကြီးဒေါက်တာသန်းထိုက်က ပြော သည်။

ရန်ကုန်ကလေးဆေးရုံကြီးအပါအဝင် တိုင်းနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် သွေးလွန်တုပ်ကွေးရောဂါဖြင့်ရောက်ရှိလာသည့် လူနာများ များပြားနေပြီး အချို့ဒေသများတွင် ဆေးရုံရောက်နောက်ကျသဖြင့် ကလေးငယ်များသေဆုံးကြသည်အထိဖြစ်ပွားနေသည်။

သွေးလွန်တုပ်ကွေး အဖြစ်များ ချိန်မဟုတ်သည့် ဇန်နဝါရီမှ ဧပြီလအတွင်းမှာပင် ရောဂါဖြစ်ပွားသူယခင်နှစ်ကထက်ငါးဆခန့်များပြားနေကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ပြောကြားထားပြီး ဇွန်လခန့်မှ စတင်ပြီး ပိုမိုများပြားလာနိုင်ခြေရှိကြောင်း ကျန်းမာရေးဝန်ထမ်းများမှ ခန့်မှန်း ထားသည်။

တစ်နိုင်ငံလုံးတွင် ဇန်နဝါရီလမှ ဧပြီလအထိ သွေးလွန် တုပ်ကွေး လူနာ ၁၄၀၀ ကျော်သွားပြီဖြစ်သည်။အထူးသဖြင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းဒေသကြီးအပါအဝင်မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်တို့တွင် ဖြစ်ပွားမှုများပြားနေပြီး နေပြည်တော်တွင်လည်း အရေးပေါ်ကာလအဖြစ်ပြီးခဲ့သည့် ရက်ပိုင်းအတွင်း သတ်မှတ်ခဲ့သည်။

"အခုက အချိန်တောင် မရောက်သေးဘူး။ တော်တော်များတယ်"ဟု ရန်ကင်းကလေးဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေသည့်ဆရာဝန်တစ်ဦးက မှတ်ချက်ပြုသည်။

ကျန်းမာရေးဝန်ကြီးဌာနကလည်း သွေးလွန်တုပ်ကွေးရောဂါနှင့်ပတ်သက်ပြီး သတိပြုရန် နိုင်ငံပိုင် သတင်းစာများတွင် နေ့စဉ်နှိုးဆော် နေသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ရောဂါပိုးသယ်ဆောင်ထားသည့် အေးဒီးစ်(ခေါ်) ခြင်ကျားအကိုက်ခံရခြင်းကြောင့် ဖြစ်ပွားပြီး အန္တရာယ်ရှိသည့် သွေးလန့်ခြင်း အခြေအနေတွင် ဆေးရုံရောက်နောက်ကျပါက အသက်သေဆုံးစေသည့်ရောဂါဖြစ်သည်။

သွေးလန့်ခြင်းကြောင့် သေဆုံးခြင်းဖြစ်၍ သွေးလန့်ခြင်းနှင့်ပတ်သက်ပြီး ဖြစ်ပေါ်သည့် လက္ခဏာများကို သိရှိထားမှသာ ဆေးရုံသို့ အချိန်မီပို့၍ အသက်ကယ်နိုင်မည်ဖြစ်ကြောင်း ရန်ကုန်ကလေးဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထိုက်က ပြောသည်။

"သွေးလန့်တာကို သွေးလန့်မှန်းမသိတော့ သိပ်နောက်ကျမှ ဆေးရုံရောက်လာတယ်။ နောက်ကျလေ သေဖို့နှုန်းက ပိုများနိုင်လေ"ဟု ဒေါက်တာသန်းထိုက်က ပြောသည်။

ကလေးဖျားပြီး သုံးရက်မှ ငါးရက်အတွင်းတွင် ကိုယ်ပူနေရာမှ ရုတ်တရုတ် အဖျားကျသွားပြီးလက်၊ တံတောင်နှင့် ဒူးခေါင်းအောက်မှအရေပြားများအေးစက်လာခြင်း၊ ကလေးမှိန်းသွားခြင်း၊ ကလေးသည်ဗိုက်အမြဲနာခြင်းနှင့် နှာခေါင်းသွေးလျှံခြင်း၊ ဝမ်းမည်းမည်းများ သွားခြင်း၊ ကော်ဖီရောင် အရည်များ အန်ခြင်းတို့သည် သွေးလန့်သည့် လက္ခဏာများဖြစ်ပြီး ထိုအချိန်တွင် ဆေးရုံသို့သွားရောက်ရန် လိုအပ်လာပြီဖြစ်ကြောင်း သိရသည်။

စာမျက်နှာ(၉)မှ

## ကျောင်းနေအရွယ် လူငယ်များ ဆေးလိပ်နှင့် ဆေးရွက်ကြီး အသုံးပြုမှု ပြန်လည်မြင့်တက်

ဆေးလိပ်ဈေးနှုန်းကို လက်လှမ်းမမီစေရန် အခွန်အခများတိုးမြှင့်ခြင်း၊ ဆေးလိပ်စွဲသွားသူများကို ဆေးလိပ် ဖြတ်နိုင်ရန် အားပေးသော ဝန်ဆောင်မှုများ ဆောင်ရွက်ခြင်းနှင့် ကျန်းမာရေးမူဝါဒများနှင့် ဥပဒေများကို တင်းတင်းကျပ်ကျပ်ကိုင်တွယ်ရန်လိုအပ်ကြောင်း ဆေးလိပ်ဆန့်ကျင်ရေးလုပ်ဆောင်နေကြသူများက ပြောသည်။

"ကျောင်းသားတွေက ခြောက်တန်း၊ ခုနစ်တန်းလောက်မှာ ဆေးလိပ်စသောက်ကြတော့ အဲဒီအချိန်မတိုင်ခင်ကတည်းက ဆေးလိပ်နဲ့ပတ်သက်တဲ့ အန္တရာယ်တွေကို သေသေချာချာကို ပညာပေးရမယ်။ ရင်းနှီးမြှုပ်နှံမှုတွေလည်း ဝင်လာတဲ့အခါ ဆုံးဖြတ်တဲ့မူဝါဒမှားရင် ဆေးလိပ်အန္တရာယ်ကအရမ်းကိုမြင့်တက်လာနိုင်တယ်"ဟုဆေးလိပ်နှင့်ဆေးရွက်ကြီးဆန့်ကျင်ရေးလုပ်ငန်းများဆောင်ရွက်နေသည့်ဆရာဝန်တစ်ဦးက ပြောသည်။

ယခုနှစ်ဆေးလိပ်မသောက်ရေးနေ့တွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးအသုံးပြုမှု လျှော့ချရန် ပြည်သူများကြားတွင် ဆေးလိပ်နှင့် ဆေးရွက်ကြီးကြော်ငြာခြင်း၊ အရောင်းမြှင့်တင်ခြင်းနှင့် စပွန်ဆာပေးခြင်းများကို ပိတ်ပင်တားဆီးပေးကြရန်WHO အဖွဲ့ဝင်နိုင်ငံများကို တိုက်တွန်းလိုက်သည်။

လည်းပင်း၊ ပုခုံး၊ ခါး၊ ပေါင်၊အဆစ်အမြစ် ရောင်းရမ်းနာကျင်ခြင်းကို ကုသပေးခြင်း



[illegible]

ဆေးခန်းဖွင့်ချိန် – နံနက် ၈ နာရီမှ ည ၈ နာရီထိ

ပိတ်ရက်မရှိ

အိပ်မပျော်ရေးသုံး သုတ်လွှတ်မြန်ခြင်း ဝန်းသေရောဂါ ကုသပေးခြင်း

[illegible]



တစ်ကြိမ်တည်းဖြင့် လိပ်ခေါင်းရောဂါကို အမြစ်ပြတ် ကုသပေးခြင်း



[illegible]

အချိန်တိုတွင်း ဆီးချိုရောဂါကို ပျောက်ကင်းအောင် ကုသပေးခြင်း

[illegible]

အထက်ပါဝေဒနာများကို Alternative Medicine ဖြင့် ဝေဒနာရှင်များ၏ ဆန္ဒအတိုင်း ထိရောက်စွာကုသပေးနေပါသည်။

နယူးဟောင်ကောင်ဆေးကုခန်း

အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁–၈၆၁၀၅၁၀

# Environment

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL

Vol.12, No.13 • JUNE 5 , 2013


## သံလွင်မြစ်ကော်မရှင်ဖွဲ့စည်းရန် ပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ အကြံပြု

**နိုင်နိုင်စိုး**

**ရန်ကုန်၊ မေ- ၃၁**

သံလွင်မြစ်တွင် ရေကာတာများ ဆောက်လုပ်ပါကဇီဝမျိုးစုံ မျိုးကွဲများ မျိုးသုန်းပျောက်ကွယ်နိုင်မှုရှိ၊ မရှိကိုစနစ်တကျ သုတေသနလုပ်ရန် သံလွင်မြစ်ကော်မရှင်ကို ဖွဲ့စည်းသင့်ကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်များက ပြောသည်။

တရုတ်နိုင်ငံအတွင်း သံလွင်မြစ်ပေါ်၌ ရေကာတာ ၁၃ ခု တည်ဆောက်မည်ဖြစ်ပြီးမြန်မာနိုင်ငံတွင်လည်းသံလွင်မြစ်ပေါ်၌တရုတ်ကုမ္ပဏီ ငါးခု၊ ထိုင်းကုမ္ပဏီတစ်ခုနှင့်မြန်မာကုမ္ပဏီနှစ်ခုပူးပေါင်း၍ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် တစ်သောင်းခွဲကျော်ထုတ်လုပ်မည့်ရေကာတာခြောက်ခု တည်ဆောက်ရန်စီစဉ်လျက်ရှိသည်။


ရေကာတာများဆောက်လုပ်မည်ဆိုပါက သံလွင်မြစ်ကို အမှီသဟဲပြုနေထိုင်သည့် ဇီဝမျိုးစုံ မျိုးကွဲများ၊ ရှားပါးမျိုးစိတ်များပျောက်ကွယ်နိုင်သည့်အတွက်မဲခေါင်မြစ်ဝှမ်းကော်မရှင်ကဲ့သို့ သံလွင်မြစ်ကော်မရှင်ဖွဲ့စည်းပြီးပတ်ဝန်းကျင်ထိခိုက်မှုများကို စနစ်တကျ သုတေသန လုပ်ဆောင်သင့်ကြောင်း Myanmar Environment Institute မှ ပါမောက္ခ ဦးမောင်မောင်အေးက ပြောကြားသည်။

"သံလွင်မြစ်မှာပဲ တွေ့နိုင်တဲ့ မျိုးစိတ်တွေရှိတဲ့အတွက် ဂေဟဗေဒစနစ်ကို လေ့လာဖို့လိုတယ်။ လေ့လာတယ်ဆိုတာကလည်းနေရာတစ်စိတ်တစ်ဒေသပဲ လေ့လာရသေးတယ်။ နေရာတွေအများကြီး ကျန်သေးတယ်"ဟု ၎င်းကဆိုသည်။

"မြစ်ဧရိယာအတွင်းမှာ နေထိုင်တဲ့ မျိုးစိတ်တွေ ရှားပါးတာ၊ ပျောက်ကွယ်နိုင်တာတွေ ရှိလားဆိုတာ သုတေသနလုပ်မှရမယ်။ ချူလာလောင်ကွန်က လုပ်ထားတဲ့ EIA Report တော့ရှိတယ်။ ဒီကလုပ်ထားတာတော့မဟုတ်ဘူး" ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာရှင်ဦးညိုမောင်က ပြောသည်။

သံလွင်မြစ်ကြောင်းပြောင်းလဲမှုကို ယခုနှစ်တွင် TERRA (Toward Ecological Recovery and Regional Alliance) နှင့် မဲခေါင်ဂေဟဗေဒနှင့် စွမ်းအင်ကွန်ရက်တို့ပူးပေါင်း၍ လေ့လာမှုပြုမည်ဖြစ်သည်။

သံလွင်မြစ်ကမ်းတစ်လျှောက်တွင် သစ်ထုတ်လုပ်ရေးလုပ်ငန်းများစွာရှိပြီး မြစ်အတွင်း၌ မည်သည့်နေရာတွင်မှမရှိသည့်ရှားပါးငါးမျိုး စိတ် ၄၇ မျိုး ရှင်သန်ကျက်စားနေသည်။




## ထိုင်းဆင်များ ခြိမ်းခြောက်မှုပေါင်းစုံ ရင်ဆိုင်နေရ

**ဘန်ကောက်၊ မေ- ၂၈**

ထိုင်းလူ့အဖွဲ့အစည်းအတွင်း အထူးတလည်နေရာရရှိခဲ့သော ဆင်များမှာ ယခုအခါ အခက်အခဲပေါင်းစုံရင်ဆိုင်နေရသည်။

ထိုင်းနိုင်ငံတော်အလံဟောင်း၏ပုံမှာပင် ပါဝင်ခဲ့သော ဆင်များမှာ လမ်းဘေး၌ ပိုက်ဆံတောင်းကောင်းရန် အသုံးချခံရသော အဆင့်အထိ လျော့ကျလာခဲ့ရသည်။

ဆင်ကောင်ရေလျော့ကျလာသော အကြောင်းရင်းများတွင် မွေးဖွားနှုန်းလျော့ကျမှုသာမက ၎င်းတို့အပေါ် အမြတ်ထုတ်သော မသမာသူများနှင့် သစ်တောများပြုန်းတီးမှုကိုလည်း ရင်ဆိုင်နေရသော ထိုင်းဆင်များမှာ အစားအစာအတွက် မြို့များထဲလှည့်ပတ်သွားနေကြရသည်။



Photo- Talknerdy 2 me.org

မေလ ၂၅ ရက်က ၂၀ နှစ်မြောက် နှစ်ပတ်လည် အခမ်းအနားကျင်းပခဲ့သော အာရှဆင်များ၏ မိတ်ဆွေများအဖွဲ့ (FAE)က လည်းမကြာသေးမီကပင်ဆင်များကို အကာအကွယ်ပေးရေး ဥပဒေပြဋ္ဌာန်းရန်လည်း အစိုးရကို တိုးမြှင့်ဖိအားပေးလိုက်သည်။

ထိုင်းနိုင်ငံတွင် လွန်ခဲ့သော နှစ်ပေါင်း ၄၀ က ဆင်ကောင်ရေ ၄၀,၀၀၀ ခန့်ရှိသော်လည်း ယခုအခါ အကောင်ရေ ၅,၀၀၀ ခန့်သာ ကျန်ရှိတော့ပြီး ယင်းတို့အနက် ၂,၀၀၀ သာ သဘာဝတောတောင်များတွင် နေကြသည်

လယ်ယာလုပ်ငန်းများ အတွက် သစ်တောများ နေရာဖယ်ပေးလိုက်ရ၍ ဆင်များအတွက် ကျင်လည်ကျက်စားရာ ဒေသ လျော့ပါးလာသလို ဆင်များကို ပြသငွေရှာသောလုပ်ငန်းများလည်း များပြားလာခဲ့သည်။

ထိုင်းဆင်အများစုမှာ သဘာဝစားကျက်များတွင် နေထိုင်ရမည့်အစား ကမ္ဘာလှည့်ခရီးသွားများကို ဖျော်ဖြေရန်နိုင်ငံတစ်ဝန်းလူလုပ်ဆင်စခန်း (၅၀မှ၇၅ကြား) များတွင် နေထိုင်ရင်း အသက်ရှင်သန်လျက်ရှိကြသည်။

—Ref: Bangkokpost

## အရှေ့တောင်အာရှတွင် အကြီးအကျယ် သစ်တောပြုန်းတီးနေကြောင်း ယေးလ်တက္ကသိုလ် အစီရင်ခံစာ ဖော်ပြ

**ယေးလ်၊ ဇွန်-၁**

တရားမဝင်သစ်ခုတ်ခြင်း၊ လူဦးရေတိုးတက်မှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများကြောင့် ဗီယက်နမ်နိုင်ငံနှင့် အနီးပတ်ဝန်းကျင် နိုင်ငံများတွင် သစ်တောပြုန်းတီးမှု အထိန်းအကွပ်မဲ့ဖြစ်ပေါ်နေကြောင်း ယေးလ်တက္ကသိုလ်က မေလ ၂၁ ရက်တွင် ထုတ်ပြန်သော အစီရင်ခံစာသစ်တစ်ရပ်တွင် ဖော်ပြထားသည်။

အစီရင်ခံစာကို ဗီယက်နမ်စစ်ပွဲကာလကပင် ယင်းနိုင်ငံမှ သစ်တောများ အခြေအနေကို လေ့လာခဲ့သူ ဒယ်နီယယ် ဒရောလက်က ရေးသားခြင်းဖြစ်ပြီး စစ်မြေပြင်များမရှိတော့သော်လည်း သစ်တောပြုန်းတီးမှုများ ဆက်လက်ရှိနေသည်။

အိမ်ထောင်ပရိဘောဂများ ထုတ်လုပ်ရန် သစ်ပင်များကို ခုတ်လှဲကြသည်သာမက ကော်ဖီစိုက်ခင်းများအတွက်လည်း သစ်တောများကို အပြောင်ရှင်းကြသည်။ ဆယ်နှစ်အတွင်း ဗီယက်နမ်နိုင်ငံမှာလည်း ကမ္ဘာ့အဆင့်နှစ် ကော်ဖီထုတ်လုပ်မှု နိုင်ငံဖြစ်လာသည်။

သစ်တောများနေရာ စိုက်ခင်းများအစားထိုးဝင်ရောက်လာသောအခါ ဗီယက်နမ်သစ်ခုတ်သမားများက အိမ်နီးချင်း ကမ္ဘောဒီးယားနှင့် လာအိုနိုင်ငံများမှ သစ်တောများကို မျက်စောင်းထိုးလာပြီး နိုင်ငံ၏ သစ်လိုအပ်ချက် ၈၀ ရာခိုင်နှုန်းအထိ ၎င်းနှစ်နိုင်ငံမှ တရားမဝင်ခုတ်ယူနေကြသည်။

ဗီယက်နမ်စစ်ပွဲပြီးဆုံးချိန်၌ နိုင်ငံ့ဧရိယာ၏ ၇၀ ရာခိုင်နှုန်း အပျိုစင်သစ်တောရှိခဲ့သော နိုင်ငံ၌ယခုအခါသစ်တောဧရိယာ ၂၀ ရာခိုင်နှုန်းသာ ရှိတော့ကြောင်း မကြာသေးမီက ထုတ်ပြန်ခဲ့သော သဘာဝအတွက် ကမ္ဘာ့ရန်ပုံငွေ (WWF) ၏ အစီရင်ခံစာကိုလည်း ကိုးကား၍ ယေးလ်တက္ကသိုလ် စာတမ်းတွင်လည်း ရေးသားထားသည်။

—Ref: Yale Environment

Vol.12, No.13 • JUNE 5 , 2013

## ဧည့်လမ်းညွှန်လိုင်စင်ပယ်ဖျက်ခံရသူများပြန်ထုတ်ပေးမည်ဟုဆို

**နိုင်ချို၊ ဖွဲ့မာန်**

**ရန်ကုန်၊ မေ- ၃၁**

အကြောင်းအမျိုးမျိုးကြောင့် ဧည့်လမ်းညွှန်များကို မြန်မာနိုင်ငံခရီးသွားလုပ်ငန်း၏လိုအပ်ချက်အရ ဧည့်လမ်းညွှန်လိုင်စင် ပြန်လည်ထုတ်ပေးမည်ဖြစ်ကြောင်းဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှသတင်းရရှိသည်။

"လိုင်စင် ပယ်ဖျက်ခံရတဲ့ ဧည့်လမ်းညွှန်တွေထဲမှာ လိုင်စင်ရပြီး ဧည့်လမ်းညွှန်အလုပ်မလုပ်ကိုင်ဘူး။ အခွန်မဆောင်တဲ့သူတွေများတယ်။ အခုလိုအပ်ချက်အရ အဲဒီလူတွေ လိုင်စင်ပြန်လိုချင်ရင် သတ်မှတ်ထားတဲ့ စည်းကမ်းနဲ့အညီ ပြန်ထုတ်ပေးမှာပါ" ဟု ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ယခုနှစ်ဆန်းပိုင်းတွင် အထက်ပါ လိုင်စင်ပယ်ဖျက်ခံရသူများထဲမှာ ၃၂၈ ဦးကို ဧည့်လမ်းညွှန်လိုင်စင်ပြန်လည်ပေးအပ်ပြီးဖြစ်သည်။

"ဧည့်လမ်းညွှန်တွေလိုအပ်နေတာတော့ အမှန်ပဲ။ ဝင်လာတဲ့ ဧည့်သည်နဲ့ ရှိတဲ့ ဧည့်လမ်းညွှန်မလောက်ဘူး။ ဒါကြောင့် အခုဒေသခံဧည့်လမ်းညွှန်သင်တန်းတွေပေးပြီး ဧည့်လမ်းညွှန်အသစ်တွေ ထပ်မံမွေးထုတ်နေတာ"ဟုမြန်မာနိုင်ငံဧည့်လမ်းညွှန်များအသင်းမှ ပြန်ကြားရေး တာဝန်ခံတစ်ဦးက ပြောသည်။ ယခုလက်ရှိတွင် ခရီးသွားလုပ်ငန်း၌ တရားဝင်လိုင်စင်ရ မြန်မာနိုင်ငံသား ဧည့်လမ်းညွှန် အဖြစ် လုပ်ကိုင်သူ ၃,၃၀၀ ဦးသာရှိကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏စာရင်းများအရ သိရသည်။

## ခရီးသွားများ အမြန်လမ်းအတိုင်း ပုံမှန်သွားလာ

**အိမွန်ကျော်၊ နန်းအောင်**

**ရန်ကုန်၊ မေ- ၃၁**



*ရန်ကုန်-မန္တလေးအမြန်လမ်းရှိ တိုးဂိတ်တစ်ခု*

ဓာတ်ပုံ- ဂျေမောင်မောင် (အမရပူရ)

ရန်ကုန်-နေပြည်တော် အမြန်လမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုများ မကြာခဏ ဖြစ်ပွားနေသော်လည်း ပုံမှန်အတိုင်း ခရီးသွားယာဉ်များ ပြေးဆွဲလျက်ရှိကြောင်း အဝေးပြေးခရီးသည်ပို့ဆောင်ရေးလုပ်ငန်းများမှ သတင်းရရှိသည်။

"ပုံမှန်အတိုင်းပါပဲ။ မတော်တဆမှုတွေဖြစ်လို့ ခရီးသည်အားလျော့မသွားပါဘူး"ဟု ရွှေမန်းသူကားဂိတ်မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

မိုးဦးကျ ကျောင်းဖွင့်ရာသီဖြစ်၍သာ ခရီးသွားလာမှု အနည်းငယ်နည်းပါးလာခြင်းဖြစ်ပြီး ယာဉ်မတော်တဆမှုများကြောင့် နည်းပါးလာခြင်းမဖြစ်နိုင်ကြောင်းယာဉ်လိုင်းအများစုက ပြောသည်။

ယာဉ်မတော်တဆမှုများကြောင့် အမြန်လမ်းအသုံးပြုနေကျခရီးသည်များမှာ လမ်းဟောင်းမှ သွားသည့်ကားများ ပြောင်းလဲအသုံးပြုခြင်းမရှိဘဲ ပုံမှန်အတိုင်းသွားလာလျက်ရှိကြောင်း မိုးတွင်းကာလဖြစ်၍ ခရီးသွားအနည်းငယ်ပါးလာသည်ဟု ရွှေစင်စကြာ ခရီးသွားယာဉ်လိုင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

"ကျောင်းဖွင့်ရာသီစတော့ မယ်ဆိုတော့ ခရီးသွားနည်းနည်းပါး တာပေါ့။ အရင်ကားတစ်စီးခုံ ၅၀ ဆိုရင် အခု ၁၀ ခုံလောက်တော့လိုတာပေ့ါ"ဟုရွှေတောင်ရိုး ခရီးသွား ယာဉ်လိုင်းမှ တာဝန်ရှိသူက ပြောသည်။

မေလ ၂၅ ရက်က ခရီးသည်တင်ယာဉ်တစ်စီးယာဉ်တိမ်းမှောက်မှုဖြစ်ပွားခဲ့ပြီး လူ ၁၁ ဦးသေဆုံးပြီး ၁၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ၂၀၁၂ ဧပြီလမှ ၂၀၁၂ ဒီဇင်ဘာလကုန်အထိ အမှုပေါင်း ၁၂၃ မှု ဖြစ်ပွားခဲ့ပြီး သေဆုံးသူ ၅၄ ဦးရှိပြီး ၁၀၃ ဦး ဒဏ်ရာရရှိခဲ့သည်။

## ဧည့်လမ်းညွှန်အချို့ အမျိုးသားဝတ်စုံ ဝတ်ဆင်မှု လျော့နည်းလာ

**နိုင်ချို၊ ရဲနောင်**

**ရန်ကုန်၊ ဇွန်- ၁**

ဧည့်လမ်းညွှန်အများစုသည်သတ်မှတ်ထားသော အမျိုးသားဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံများ ဝတ်ဆင်ရာ၌ လျော့နည်းလာကြောင်း မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ သတင်းရရှိသည်။

ယခင်က ဧည့်လမ်းညွှန်များကို ယူနီဖောင်းဝတ်ရန်သတ်မှတ်ထားပြီး ယူနီဖောင်းမဝတ်လိုပါက မြန်မာအမျိုးသားဝတ်စုံနှင့် တိုင်းရင်းသားဝတ်စုံဝတ်ဆင်ရန် သတ်မှတ်ထားခဲ့သည်။

"ဧည့်လမ်းညွှန်အများစုက ဒီစည်းကမ်းကို မလိုက်နာကြဘူး။ ယောကျ်ားတွေက ပုဆိုးမဝတ်ကြတော့သလို အမျိုးသမီးတွေက ထဘီမဝတ်ကြတော့ဘူး။ ဒါမဖြစ်သင့်တဲ့ ကိစ္စပါ"ဟု မြန်မာနိုင်ငံ ဧည့်လမ်းညွှန်များအသင်းမှ တာဝန်ရှိသူတစ်ဦးကပြောသည်။

သတ်မှတ်ထားသည့်အတိုင်း မဝတ်ဆင်ဘဲ စကတ်၊ ဘောင်းဘီစသည့်တို့ကိုဝတ်ဆင်ခြင်းကြောင့် ဧည့်သည်များအမြင်တွင် မတင့်တယ်ဘဲစကတ်ဝတ်ဆင်မှုကြောင့် အမျိုးသမီးဧည့်လမ်းညွှန်များအနေဖြင့်လည်း လုံခြုံမှုအရ စိုးရိမ်ရဖွယ်ရာရှိကြောင်း အင်္ဂလိပ်ဘာသာစကား ဧည့်လမ်းညွှန်တစ်ဦးကပြော သည်။

"အများစုက သတ်မှတ်ထားတဲ့အတိုင်းဝတ်ကြပေမယ့် အချို့ကမဝတ်ကြဘူး။ အဲဒီအတွက် Fuide (ဧည့်လမ်းညွှန်)အားလုံးကို ထိခိုက်သလိုဖြစ်တာပေ့ါ"ဟု ပြင်သစ် ဘာသာစကား အမျိုးသမီးဧည့်လမ်းညွှန်တစ်ဦးကပြောကြားသည်။

မြန်မာနိုင်ငံသို့ နိုင်ငံခြားခရီးသွားဧည့်သည်အများအပြား ဝင်ရောက်လာမှုကြောင့် ဧည့်လမ်းညွှန်လိုအပ်ချက်များရှိသည့်အပြင် ဧည့်လမ်းညွှန်များအနေဖြင့် စည်းစနစ်ကျနမှုနှင့် စည်းလုံးမှု ရှိရန်လိုအပ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနမှ ဦးဆောင်ညွှန်ကြားရေးမှူးတစ်ဦးကပြောသည်။

မြန်မာနိုင်ငံတွင် လိုင်စင်ရဧည့်လမ်းညွှန် ၇,၀၀၀ ကျော်ရှိသော်လည်း၃,၀၀၀ကျော်သာလုပ်ငန်းခွင်၌ လုပ်ကိုင်လျက်ရှိကြောင်း သတင်းရရှိသည်။






## မြန်မာ့လေကြောင်း မန္တလေး-ရန်ကုန် ခရီးစဉ်လက်မှတ်ခ ထက်ဝက်လျှော့ပြေးဆွဲ

**ခန့်ထက်**

**ရန်ကုန်၊ ဇွန်-၁**

မြန်မာ့လေကြောင်းမှ မန္တလေး-ရန်ကုန် ခရီးစဉ်တွင် ခရီးသည်ခထက်ဝက်လျှော့ချ၍ ပြေးဆွဲပေးလျက်ရှိနေကြောင်း သတင်းရရှိသည်။

မန္တလေး-ရန်ကုန် ခရီးစဉ်အား ယခင်က ခရီးသည်တစ်ဦးလျှင် ကျပ် ၆၀,၀၀၀ ကျပ်ဖြင့် ပြေးဆွဲရာမှ ငွေကျပ် ၃၅,၀၀၀ သို့လျှော့ချ၍ ပြေးဆွဲခဲ့သည်။

"ဒီနှုန်းက မန္တလေးကနေ ရန်ကုန်ခရီးစဉ်ပဲ။ ရန်ကုန်ကနေ မန္တလေးခရီးစဉ် မပါဘူး"ဟု မြန်မာ့လေကြောင်း လက်မှတ်အရောင်းဌာန(မန္တလေး) မှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြည်တွင်း၌ ခရီးသွားနည်းပါသော ရာသီဖြစ်သောကြောင့် အချို့သော လေကြောင်းလိုင်းများသည် ခရီးစဉ်များ လျှော့ချခြင်း၊ ခရီးစဉ် ရပ်နားခြင်းများလည်း ရှိသည်။ မြန်မာ့ လေကြောင်းက မန္တလေးမှ မြစ်ကြီးနားသို့ လက်မှတ်ခ ၅၃,၀၀၀ ကျပ်၊ ဗန်းမော်သို့ ၄၃,၀၀၀ ကျပ်၊ ခန္တီးသို့ ၆၀,၀၀၀ ကျပ်၊ ဟုမ္မလင်းသို့ ၆၃,၀၀၀ ကျပ်၊ ကလေးသို့ ၄၅,၀၀၀ ကျပ်၊ ကျိုင်းတုံသို့ ၇၅,၀၀၀ ကျပ်၊ တာချီလိတ်သို့ ၇၅,၀၀၀ ကျပ်ဖြင့် ပြေးဆွဲလျက်ရှိသည်။

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013



























7DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# Leader's Profile

# မွန်တီနီဂရိုးနိုင်ငံသမ္မတ ဖိလစ်ဗူဂျာနိုဗစ်

ရဲမင်း



မစ္စတာဖိလစ်ဗူဂျာနိုဗစ်သည် ၂၀၀၃ ခုနှစ်မှစ၍ ဥရောပအရှေ့တောင်ပိုင်းမှ မွန်တီနီဂရိုးနိုင်ငံ၏ သမ္မတဖြစ်လာခဲ့သည်။ ၂၀၀၆ခုနှစ်မွန်ကီနီဂရိုးကို ဆာဘီးယားမှ ခွဲထုတ်လိုက်ချိန်တွင်လည်း ပထမဆုံးသမ္မတအဖြစ် တာဝန်ယူခဲ့သည်။ ၂၀၀၈ခုနှစ်သမ္မတရွေးကောက်ပွဲတွင် ထပ်မံအနိုင်ရရှိခဲ့ပြီး ယခုအခါ ဒုတိယအကြိမ်သမ္မတ သက်တမ်းတာဝန်ထမ်းဆောင်နေသည်။

ဘဲလ်ဂရိတ်မြို့တွင် ၁၉၅၄ ခုနှစ် စက်တင်ဘာ ၁ ရက်က မွေးဖွားခဲ့ပြီး ယင်းမြို့မှာပင် ကြီးပြင်းခဲ့သူ ဗူဂျာနိုဗစ်သည် ဘဲလ်ဂရိတ်တက္ကသိုလ်ဥပဒေကျောင်းတက်ရောက်ခဲ့သည်။ ၁၉၇၈ခုနှစ်မှ ၁၉၈၁ခုနှစ်အထိ ဘဲလ်ဂရိတ်မြို့ မြူနီစပယ်တရားရုံးတွင် အလုပ်လုပ်ခဲ့ပြီး နောက်ပိုင်း၌ ခရိုင်တရားရုံးတွင်လက်ထောက်ဖြစ်လာခဲ့ကာ ၁၉၈၉ခုနှစ် နိုင်ငံရေးထဲပါဝင်လာချိန်အထိ ရှေ့နေအဖြစ် အသက်မွေးဝမ်းကျောင်းပြုခဲ့သည်။

၁၉၈၉ခုနှစ်တွင် မွန်တီနီဂရိုးဖက်ဒရယ် သမ္မတမိုမာဘူလာတိုဗစ်၏ ဖိတ်ကြားမှုကြောင့် ဆိုရှယ်လစ်များ၏ ဒီမိုကရက်တစ်ပါတီ (DPS) သို့ဝင်ရောက်ခဲ့သည်။ ၁၉၈၉ခုနှစ်မှ ၁၉၉၆ခုနှစ်အထိ သမ္မတ ဒူကာနိုဗစ်အစိုးရလက်ထက်၌တရားရေးဝန်ကြီး၊၁၉၉၆မှ ၁၉၉၈ခုနှစ်အထိ ပြည်ထဲရေးဝန်ကြီးတာဝန်များထမ်းဆောင်ခဲ့သည်။

ယင်းနှစ်မှာပင် ဒူကာနိုဗစ်နှင့် ဆာဘီးယားခေါင်းဆောင် မီလိုဆားဗစ်တို့ သဘောထားကွဲလွဲခဲ့ရာ ဗူဂျာနိုဗစ်က မစ္စတာ ဒူကာနိုဗစ်ကို ထောက်ခံခဲ့သည်။

ယင်းနောက်ဒူကာနိုဗစ်သမ္မတတာဝန်ထမ်းဆောင်သောအခါ ဗူဂျာနိုဗစ်အား မွန်တီနီဂရိုးနိုင်ငံ၏ ပထမဆုံးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ခဲ့သည်။ ဝန်ကြီးချုပ်တာဝန်ကို ၁၉၉၈မှ ၂၀၀၃ခုနှစ် ဇန်နဝါရီလအထိ ထမ်းဆောင်ပြီးနောက် ဗူဂျာနိုဗစ်သည် ၂၀၁၂ဒီဇင်ဘာလတွင် ကျင်းပသော သမ္မတရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ရွေးကောက်ပွဲပထမအကြိမ်နှင့် ဒုတိယအကြိမ်နှစ်ကြိမ်လုံးတွင် အနိုင်ရရှိခဲ့သော်လည်း မဲပေးသူ ၅၀ ရာခိုင်နှုန်း မကျော်လွန်၍ အတည်မဖြစ်ခဲ့။ ထို့နောက် ယင်းစည်းကမ်းသတ်မှတ်ချက်ကို ပယ်ဖျက်ကာ တတိယအကြိမ်ရွေးကောက်ပွဲပြုလုပ်သောအခါတွင်လည်း ၎င်းပင်ထပ်မံအနိုင်ရရှိခဲ့ရာ မစ္စတာဗူဂျာနိုဗစ်သည် မူလရာထူးတာဝန်များမှနုတ်ထွက်ကာ မွန်တီနီဂရိုးသမ္မတအဖြစ် ၂၀၀၃ ခုနှစ် မေ ၂၂ ရက်တွင် စတင်တာဝန်ထမ်းဆောင်သည်။

မစ္စတာဗူဂျာနိုဗစ်မှာ ဆာဘီးယားနိုင်ငံတွင် မွေးဖွားကြီးပြင်းခဲ့သော်လည်း မွန်တီနီဂရိုးခွဲထွက်ရေးအတွက် အထင်ရှားဆုံးပုဂ္ဂိုလ်ဖြစ်သည်။ မစ္စတာ ဒူကာနိုဗစ်ကဲ့သို့ မဟုတ်ဘဲ အနည်းငယ်ပျော့ပျောင်းသော သဘောထားရှိသူလည်းဖြစ်သည်။ ၎င်းသမ္မတလက်ထက် ၂၀၀၆ခုနှစ်မှာပင် ဆာဘီးယားနိုင်ငံနှင့်မွန်တီနီဂရိုးနိုင်ငံ သီးခြားဆီ ငြိမ်းချမ်းစွာ ခွဲထွက်ရေးနှင့် လွတ်လပ်ရေးကာလ အလွန်ပူးပေါင်းဆောင်ရွက်ရေး ချောမွေ့စွာ လုပ်ဆောင်နိုင်ခဲ့သည်။

မစ္စတာ ဗူဂျာနိုဗစ်သည် တရားသူကြီးတစ်ဦးဖြစ်သူ ဇနီးသည် ဆဖက်လာနာနှင့် သမီးနှစ်ဦး၊ သားတစ်ဦးထွန်းကားထားသည်။ ထို့အပြင် မစ္စတာဗူဂျာနိုဗစ်သည် ကိုယ်ရံတော်များထားရှိရန် ငြင်းဆန်ပြီး ပီဒရိုရီကာမြို့လမ်းများပေါ်တွင် တစ်ဦးတည်းသော်လည်းကောင်း၊ မိတ်ဆွေများနှင့်သော်လည်းကောင်း သွားလာနေတတ်သည်။—*Ref: Wikipedia*






7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# မြောက်ကိုရီးယားတွင် ကလေးများနေ့အထိမ်းအမှတ် အရုပ်စစ်ကားများဖြင့် ကလေးများ စစ်ရေးပြ

**ဆိုးလ်၊ဇွန်-၁**

မြောက်ကိုရီးယားမြို့တော်ပြုံယမ်းတွင် ကလေးများနေ့ အထိမ်းအမှတ်အဖြစ် အကပြိုင်ပွဲများ၊ ကစားပွဲများ၊ ကာတွန်းဘဲရုပ်လေးများက မောင်းနှင်သော ဒုံးကျည်ပစ်စင်ကားများဖြင့် ကလေးများ စစ်ရေးပြချီတက်ခြင်းများကို ပြုလုပ်ခဲ့ရာ ထိပ်တန်းအစိုးရအရာရှိများဖြစ်သော အာဏာရအလုပ်သမားပါတီ၏ အထွေထွေအတွင်းရေးမှူး ချိုထဲဘွတ်ခ်၊ ပါလီမန်လက်ထောက် အကြီးအကဲနှင့် ပေါ်လစ်ဗျူရိုအဖွဲ့ဝင် ယန်ယွမ်ဆွတ်တို့ အပါအဝင် အခြားအရာရှိကြီးများက တက်ရောက်ကြည့်ရှုအားပေးခဲ့သည်။

အခမ်းအနားတွင် ကလေးများမှာ အုပ်စုလိုက် ကိုရီးယားရိုးရာကစားနည်းများ၊ ကပြဖျော်ဖြေမှုများ၊ ပြိုင်ပွဲများကို ဆင်နွှဲခဲ့ပြီး ကစားပွဲတစ်ခုတွင် မြောက်ကိုရီးယားနိုင်ငံက ယမန်နှစ်က ကမ္ဘာ့ပတ်လမ်းကြောင်းထဲသို့ ဂြိုဟ်တုလွှတ်တင်ခဲ့သည့် ဒုံးကျည်ပုံတူ အရုပ်များကို တပ်ဆင်တမ်းကစားခဲ့ကြသည်။ ထို့အပြင် ကလေးများ၏ အသေးစားစစ်ရေးပြချီတက်မှုတစ်ခုကိုလည်း ပြုလုပ်ခဲ့ကာ စစ်သုံးယာဉ်များကဲ့သို့လက်နက်များတပ်ဆင်ထားသောအရုပ်ကားများဖြင့် သရုပ်ပြခဲ့ကြသည်။

မြောက်ကိုရီးယားနိုင်ငံသည် မကြာမီက အမေရိကန်၊ တောင်ကိုရီးယား၊ ဂျပန်နိုင်ငံများနှင့် စစ်ရေးတင်းမာမှုများ ဖြစ်ပွားခဲ့ပြီးနောက် ပြန်လည်ငြိမ်သက်လာခဲ့ကာ ပြီးခဲ့သည့်ရက်များက အဓိကမဟာမိတ်တရုတ်နိုင်ငံသို့ အထူးကိုယ်စားလှယ် စေလွှတ်ခဲ့သည်။ ကလေးများ၏ ယခုကဲ့သို့ ပျော်ပွဲရွှင်ပွဲတွင် စစ်ရေးပြအခမ်းအနားပုံစံ ထည့်သွင်းယှဉ်ပြိုင်စေခြင်းမှာ နိုင်ငံ၏ စစ်ရေးအခြေအနေကို ရောင်ပြန်ဟပ်ခြင်းလည်းဖြစ်သည်။ ကလေးများနေ့အဖြစ် အထိမ်းအမှတ်ပွဲ ပြုလုပ်လေ့ရှိသော မန်ယွန်ဒေး ပျော်ပွဲရွှင်ပွဲသည် ၁၉၈၀ နှစ်များမှစ၍ ကျင်းပလာခဲ့ခြင်းဖြစ်ကာ ယမန်နှစ်က ခေါင်းဆောင် ကင်ဂျုံအန် ထိုနေရာသို့ အလည်ရောက်ခဲ့ပြီး နိုင်ငံ၏ အားနည်းချို့ယွင်းနေမှုကို ဝေဖန်ခဲ့ပြီးနောက် ယခုကဲ့သို့ စိတ်တက်ကြွဖွယ် အခမ်းအနားများ ထည့်သွင်းကျင်းပလာခြင်းဖြစ်သည်။

*—Ref: Telegraph*




BULENT KILIC/AFP

*တိုကျိုမြို့အနီး ယိုကိုဟားမားဒေသတွင်ပြုလုပ်သော အာဖရိကတိုးတက်ရေး တိုကျိုနိုင်ငံတကာကွန်ဖရင့်၌ အာဖရိကခေါင်းဆောင်များ ဂျပန်စီးပွားရေးအမှုဆောင်များနှင့်အတူ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ အာဖရိကသမဂ္ဂဥက္ကဋ္ဌ အီသီယိုးပီးယားဝန်ကြီးချုပ် ဒီဆယ်လန်၊ ဂျပန်စီးပွားရေးခေါင်းဆောင် ဟီရိုမာဆာ ယိုနီကူရာတို့ကို တွေ့ရစဉ်*

# ငါးနှစ်တာကာလအတွင်း အာဖရိကသို့ ကန်ဒေါ်လာ ၁၄ ဘီလီယံ ဂျပန်ကူညီမည်

**တိုကျို၊ ဇွန်-၁**

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဇွန်လ ၁ ရက်က ပြုလုပ်သည့် အာဖရိကတိုက်လုံးဆိုင်ရာညီလာခံဖွင့်ပွဲတွင် ဂျပန်နိုင်ငံက အာဖရိကသို့ ကန်ဒေါ်လာ ၁၄ ဘီလီယံ အကူအညီပေးအပ်သွားမည် ဖြစ်ကြောင်း ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ပြောသည်။

အာဖရိကနိုင်ငံပေါင်း ၄၀ မှ ခေါင်းဆောင်များ တက်ရောက်ခဲ့သောငါးနှစ်တစ်ကြိမ်ကျင်းပသည့် သုံးရက်ကြာ ညီလာခံဖွင့်ပွဲတွင် မစ္စတာရှင်ဇိုအာဘေးက ဂျပန်နိုင်ငံက နိုင်ငံရပ်ခြားဖွံ့ဖြိုးတိုးတက်မှုအကူအညီပေးငွေမှာ ကန်ဒေါ်လာ ၁၄ ဘီလီယံဖြစ်မည်ဟု ပြောကြားခဲ့သည်။ ယခုအကူအညီတွင် အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ ရင်းနှီးမြှုပ်နှံမှုများဖြင့် အာဖရိက ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့ပေးရန် ဂျပန်နိုင်ငံက ယန်းငွေ ၃ ဒသမ ၂ ထရီလီယံပေးအပ်သွားမည်ဟု ၎င်းက ပြောသည်။

တရုတ်နိုင်ငံက အာဖရိကတွင်ဂျပန်ထက်ပို၍ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ရှစ်ဆနှင့် ကုန်သွယ်မှုပမာဏ ငါးဆတိုးမြှင့်ထားသည်။

*—Ref: AFP*

# စင်ကာပူလေကြောင်းလိုင်း ဒေါ်လာ ၁၇ ဘီလီယံ တန်ဖိုးရှိ လေယာဉ်စီးရေ ၆၀ ဝယ်ယူမည်

**စင်ကာပူ၊ဇွန်-၁**

စင်ကာပူနိုင်ငံမှ စင်ကာပူလေကြောင်းလိုင်းသည် ၎င်းတို့လေကြောင်းလိုင်း၏ သမိုင်းတွင် အကြီးမားဆုံး လေယာဉ်မှာယူမှုအဖြစ် ကန်ဒေါ်လာ ၁၇ ဘီလီယံ ဖိုးရှိသည့် အလတ်စားလေယာဉ်စီးရေ ၆၀ ဝယ်ယူရန်ရှိကြောင်း ကြေညာသည်။

လေကြောင်းလိုင်းက ဝယ်ယူမည့် လေယာဉ်များမှာ အဲယားဘတ်စ်-၃၅၀ အမျိုးအစား လေယာဉ်စီးရေ၃၀ နှင့် ဘိုးအင်း-၇၈၇ လေယာဉ် ၃၀ ဖြစ်ကြောင်း၊ ၎င်းတို့ကို လာမည့် ၂၀၁၆ မှ ၂၀၁၈ အထိ ပျံသန်းပြေးဆွဲမည့်လေကြောင်းခရီးစဉ်များတွင် အသုံးပြုသွားမည်ဖြစ်ကြောင်းဆိုသည်။ အဲယားဘတ်စ်လေယာဉ်များမှာ ခရီးသည် ၃၁၀ ဦးနှင့် ဘိုးအင်းလေယာဉ်များမှာ ခရီးသည် ၃၂၀ ဦးစီ သယ်ဆောင်နိုင်သည်ဟု သိရသည်။

စင်ကာပူလေကြောင်း၏ နောက်ဆုံးအကြိမ် လေယာဉ်များဝယ်ယူမှုမှာ ပြီးခဲ့သည့် ခုနစ်လခန့်ကဒေါ်လာ၇ဒသမ၅ဘီလီယံတန် လေယာဉ် ၂၅ စီး ဝယ်ယူမှုဖြစ်သည်။




ROSLAN RAHMAN/AFP

*စင်ကာပူတွင်ကျင်းပသော လေကြောင်းပြပွဲတစ်ခု၌ ပြသထားသော Airbus A350 ပုံစံငယ်ကို ကြည့်ရှုနေသူတစ်ဦး*

လေယာဉ်သစ်များ မှာယူမှုသည် လေကြောင်းလိုင်း၏ ခရီးသည်ပို့ဆောင်ရေး ဦးဆောင်မှုအနေအထားကို ဆက်ထိန်းထားရန်ဖြစ်ကာ စင်ကာပူနိုင်ငံကို လေကြောင်းခရီးစဉ်များ၏ ဗဟိုဆုံချက်ဖြစ်လာစေရန် ရည်ရွယ်ကြောင်း အမှုဆောင်အရာရှိချုပ် ဂိုချွန်းဖုန်က ပြောသည်။

စင်ကာပူလေကြောင်းလိုင်းသည် ယခုအခါ အရှေ့အလယ်ပိုင်းမှ အဆင့်မြင့်လေကြောင်းလိုင်းများ၊ ဒေသတွင်း ဘတ်ဂျက်လေကြောင်းလိုင်းများနှင့် ယှဉ်ပြိုင်နေရပြီး စုစုပေါင်းအသားတင် အမြတ်မှာလည်း ကမ္ဘာ့စီးပွားရေးတန့်နေမှုကြောင့် ကျဆင်းနေသည်။ လေကြောင်းလိုင်းသည်ပြီးခဲ့သည့် မတ်လအထိ သုံးလတာကာလအတွင်း အသားတင်အမြတ် စင်ကာပူဒေါ်လာ ၆၈ ဒသမ ၃ သန်း ရရှိခဲ့သည်။

*—Ref: The Straits Times/ANN*

# အိန္ဒိယစီးပွားရေးတိုးတက်မှု ဆယ်နှစ်အတွင်း အနိမ့်ဆုံး ကျဆင်း

**နယူးဒေလီ၊ဇွန်-၁**

အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် ဆယ်နှစ်အတွင်း အနိမ့်ဆုံးတိုးတက်မှုနှုန်းသို့ ကျဆင်းသွားခဲ့ပြီး အစိုးရက စီးပွားရေးပြန်လည်ရှင်သန်လာရန် ကြိုးစားရုန်းကန်နေသော်လည်း တိုးတက်မှုမှာ နှေးကွေးမည်ဟု စီးပွားရေးပညာရှင်များက ဆိုကြသည်။


မေလ ၃၁ ရက်တွင် အစိုးရက ထုတ်ပြန်သော စာရင်းများအရ မတ်လကပြီးဆုံးခဲ့သော ဘဏ္ဍာရေးနှစ်အတွက် အိန္ဒိယစီးပွားရေးတိုးတက်မှုမှာ ၅ ရာခိုင်နှုန်းသာရှိခဲ့သည်။

စီးပွားရေးတိုးတက်မှု ကျဆင်းခြင်းမှာ မျှော်လင့်မထားသောအရာ မဟုတ်သော်လည်း လွန်ခဲ့သော ဆယ်နှစ်တာ ကာလအတွင်း ပျမ်းမျှစီးပွားရေးတိုးတက်မှု ၈ ရာခိုင်နှုန်း ရရှိခဲ့ပြီး ကမ္ဘာ့စီးပွားရေး၏ အင်ဂျင်တစ်လုံးဟူသော အသိအမှတ်ပြုမှု ရရှိခဲ့သော နိုင်ငံအတွက် ကြီးမားသော စိတ်ပျက်စရာဖြစ်သည်။

စီးပွားရေးတိုးတက်မှုနှုန်းကျဆင်းလာခြင်းတွင် အကြောင်းရင်းများစွာရှိပြီး စက်မှုလုပ်ငန်းများ နှေးကွေးလာခြင်းလည်းပါဝင်သည်ဟု မွန်ဘိုင်းမြို့ CRISIL ငွေကြေးအဆင့် သတ်မှတ်ရေးအေဂျင်စီ စီးပွားရေးပညာရှင်ချုပ် ဒီကေဂျိုရှီက ဆိုပါသည်။

လွန်ခဲ့သော နှစ်ပေါင်းများစွာ အခြေအနေကောင်းခဲ့သော ကုန်ထုတ်လုပ်ငန်းကဏ္ဍမှာ ယမန်နှစ်အတွင်း တိုးတက်မှု ၁ ရာခိုင်နှုန်းသာရှိပြီး ယင်းမှာ အလွန်နိမ့်ပါးသော နှုန်းဖြစ်ကာ စားသုံးသူများ၏ သုံးစွဲမှုမှာလည်း ဆက်လက်အားနည်းနေပြီး ရင်းနှီးမြှုပ်နှံမှုမှာလည်း ထင်သလောက် မြင့်တက်မလာဟု အိန္ဒိယစီးပွားရေးပညာရှင် ဂျိုရှီကပင် သုံးသပ်ထားသည်။

*—Ref: VOA*



SAM PANTHAKY/AFP

7 DAY NEWS JOURNAL

# Entertainment

Vol.12, No.13 • JUNE 5 , 2013






## ကိုရီးယား Sex and the City ဇာတ်ကားရိုက်ကူးမည်

**ဆိုးလ်၊ ဇွန်-၁**

ကိုရီးယားသရုပ်ဆောင် မင်းသမီးများဖြစ်ကြသော အွန်ဂျန်းဟွာ၊ ဂျိုမင်ဆိုးနှင့် မွန်းဆိုရီတို့သည် The Law of Pleasures ဇာတ်ကားတွင်ပါဝင်သရုပ်ဆောင်မည်ဖြစ်သည်။

အဆိုပါ ဇာတ်ကားသည် Sex and the City အမေရိကန်ဟာသဒရာမာဇာတ်ကားကို ကိုရီးယားမှုပြု၍ ရိုက်ကူးတင်ဆက်မည်ဖြစ်သည်။ ယင်းဇာတ်ကားသည် အသက်(၄၀)ဝန်းကျင် အမျိုးသမီးများ၏ အချစ်ဇာတ်လမ်းနှင့် အလုပ်တာဝန်အကြောင်း သရုပ်ဖော်ထားသော ဇာတ်ကားဖြစ်သည်။ အသက်(၄၂)နှစ်အရွယ် မင်းသမီးအွန်ဂျန်းဟွာသည် Dancing Queen ဇာတ်ကားနှင့် Montage ဇာတ်ကားတို့ဖြင့် အောင်မြင်ကျော်ကြားခဲ့သူတစ်ဦးဖြစ်ပြီး ယခု The Law of Pleasures ဇာတ်ကားအတွက် ၎င်းကို ပထမဦးဆုံး ရွေးချယ်ခဲ့သည်။ ဂျိုမင်ဆိုးနှင့် မွန်းဆိုရီတို့သည်လည်း ဇာတ်ညွှန်းနှင့် လိုက်ဖက်ညီသော မင်းသမီးများအဖြစ် သတ်မှတ်ခံရ၍ ရွေးချယ်ခံခဲ့ရသည်။

The Law of Pleasures ဇာတ်ကားကို လီဆိုးအာ ရေးသားပြီး ဒါရိုက်တာဂွန်ချယ်အင်က ရိုက်ကူးတင်ဆက်မည်ဖြစ်သည်။ အဆိုပါ ဇာတ်ကားကို ကိုရီးယားနိုင်ငံတွင် ယခုနှစ်အတွင်း ရိုက်ကူးထုတ်လွှင့်ပြသမည်ဖြစ်သည်။

—Ref: Han Cinema

## ‘ အရင်ကဘာမှမရဘဲ ကြားထဲကလူက အကျိုးအမြတ်တွေရသွားနေတာနဲ့စာရင် တရားဝင်ဖြစ်အောင်လုပ်ကြမယ့်အစီအစဉ်မှာ မပါချင်တဲ့သူမရှိလောက်ပါဘူး

### ဒေါက်တာကိုကိုလွင် (Iron Cross)နှင့် တွေ့ဆုံခြင်း

**အေးသူစံ**

အိုင်းရင်းခရော့စ်တီးဝိုင်းရဲ့ မန်နေဂျာလည်းဖြစ်၊ ဆရာဝန်တစ်ဦးလည်းဖြစ်သူ ဒေါက်တာကိုကိုလွင်ဟာ မြန်မာနိုင်ငံဂီတအစည်းအရုံးနဲ့ပူးပေါင်းပြီး မြန်မာနိုင်ငံမှာ ပထမဆုံး အင်တာနက်ကနေ မြန်မာသီချင်းတွေကို နိုင်ငံတကာရောက် မြန်မာများဝယ်ယူနားဆင်နိုင်ဖို့ မြန်မာမြူးဇစ်စတိုးကို စတင်လုပ်ဆောင်နေပါပြီ။ ဒီဝက်ဘ်ဆိုက်မှာ မြန်မာနိုင်ငံကထွက်ရှိသမျှ တေးသီချင်းအယ်လ်ဘမ်ပေါင်းများစွာကို အချိန်နဲ့တစ်ပြေးညီ သင့်တင့်တဲ့ဈေးနှုန်းနဲ့ နိုင်ငံတကာရောက် မြန်မာများဝယ်ယူနားဆင်နိုင်တော့မှာဖြစ်ပါတယ်။ အင်တာနက်မှာတော့ မြန်မာတေးသီချင်းများကို အခမဲ့နားဆင်နိုင်တဲ့ ဝက်ဘ်ဆိုက်တွေ၊ တရားမဝင်ရောင်းချနေတဲ့ဝက်ဘ်ဆိုက်တွေရဲ့ အန္တရာယ်က သူအဓိကရင်ဆိုင်ဖြေရှင်းရမယ့် ပြဿနာလည်းဖြစ်ပါတယ်။ မကြာမီ နိုင်ငံတကာ မြန်မာပရိသတ်အတွက် ရည်ရွယ်တင်ဆက်တဲ့ မြန်မာမြူးဇစ်စတိုးက အသက်ဝင်တော့မှာဖြစ်လို့ အွန်လိုင်းပေါ်မှာ သီချင်းဈေးဆိုင်တည်မယ့် ဒေါက်တာကိုကိုလွင်ကို တွေ့ဆုံမေးမြန်းခဲ့ပါတယ်။

**နိုင်ငံတကာကနေ ရယူအသုံးပြုနိုင်တဲ့ ဝက်ဘ်ဆိုက်တွေမှာ၊ လူမှုကွန်ရက်တွေမှာ မြန်မာသီချင်းတွေကို အခမဲ့ရယူနားထောင်ခွင့်ပြုထားတာတွေ ရှိတော့ ဦးတို့ ဝက်ဘ်ဆိုက်စလုပ်တော့မယ်ဆိုရင် သူတို့တွေကို ဘယ်လိုကျော်လွှားနိုင်ဖို့ စီစဉ်ထားပါသလဲ။**

နိုင်ငံတကာမူပိုင်ခွင့်ဥပဒေအရ ဒစ်ဂျစ်တယ်နည်းနဲ့ ပြုလုပ်ထားတဲ့ Tape Down Notice ဆိုတာရှိပါတယ်။ သီချင်းပိုင်ရှင်က အဲဒီဝက်ဘ်ဆိုက်တွေရဲ့ မူရင်း hosting ကို ဒါဖြုတ်ပေးပါလို့ သတိပေးချက် ပေးပို့လိုက်တာနဲ့ ချက်ချင်းဖြုတ်ပေးတယ်။ hosting တွေက လက်ကိုမခံတာ။ သူ တို့က ကော်ပီရိုက်အက်နဲ့ ဒီအမ်စီကိုလုပ်တော့ နို့တစ်ရောက်ပြီဆိုတာနဲ့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် ဖြုတ်ချလိုက်တာပဲ။ နောက်ပိုင်း ဒီသီချင်းဟာ ကျွန်တော့်ဟာအမှန်ဖြစ်ပါတယ်လို့ သက်သေပြနိုင်ရင်တော့ ပြန်တင်ပေးပါတယ်။ ဒီနည်းလမ်းနဲ့ ကျွန်တော်တို့ မြန်မာသီချင်းတွေ တရားမဝင်တင်ထားတဲ့ ဝက်ဘ်ဆိုက်တွေကို အကြောင်းကြားသွားဖို့ရှိပါတယ်။

**အခုလောလောဆယ်မှာလည်း အခြားနိုင်ငံတွေမှာ မြန်မာသီချင်းတွေကို တစ်ပုဒ်ဒေါ်လာဘယ်လောက်ဆိုပြီး သတ်မှတ်ရောင်းချတဲ့ ဝက်ဘ်ဆိုက်တွေလည်းရှိနေတော့ ဒီဝက်ဘ်ဆိုက်တွေနဲ့ ဆက်သွယ်ထားတဲ့ မြန်မာကုမ္ပဏီအချို့ ပြဿနာကိုရော ဘယ်လိုဖြေရှင်းမှာပါလဲ။**

လတ်တလောမှာတော့ အဲဒီကြားက ဝင်အမြတ်ထုတ်နေတဲ့ မြန်မာကုမ္ပဏီတွေက အရမ်းအခြေတည်နေပြီ။ သုံးလေးနှစ်ရှိနေပြီ။ တစ်ဖက်နိုင်ငံက ဆက်သွယ်ရေးကုမ္ပဏီကြီးတွေကလည်း ဒီလူတွေနဲ့ပဲ ဆက်ဆံနေတာ ကြာပြီဆိုတော့ ကိုယ်သွားရှင်းပြတာကို တောင် မယုံဘူး။ ခုမှစလုပ်ရတာဆိုတော့ ခက်ခက်ခဲခဲရှင်းပြရတယ်။ ဂီတအစည်းအရုံးရဲ့ ထောက်ခံချက်ကိုလည်း ယူသွားရတယ်။ ဝန်ကြီးဌာနရဲ့ ထောက်ခံချက်ကိုလည်းယူသွားရတယ်။ ကြားကုမ္ပဏီတွေကလည်း လွယ်လွယ်နဲ့ဖယ်ပေးချင်တဲ့အရိပ်အယောင်တွေကို မတွေ့ရဘူး။ တရားဝင်သွားညှိနှိုင်းတဲ့အဆင့်တော့ရမှာမဟုတ်ဘူး။ ကျွန်တော်တို့နိုင်ငံတော်အဆင့်ကနေပြီးတော့ ညှိနှိုင်းမှရမယ့်သဘောတွေရှိတယ်။ ပြန်ကြားရေးဝန်ကြီးနဲ့တွေ့တဲ့နေ့မှာလည်း ဒါကိုပြောပြတော့ဝန်ကြီးကလည်း တရားဝင်ဌာနအနေနဲ့ ထောက်ခံချက်လုပ်ပေးမယ်လို့ပြောတယ်။

**အဲဒီကုမ္ပဏီတွေက ဦးတို့တင်ပြလာမယ့်အချက်အလက်တွေကို လက်မခံဘဲ ဆက်ပြီးသီချင်းတွေကို ရောင်းချမယ်ဆိုရင်ရော ဘယ်လိုနည်းလမ်းတွေနဲ့ ဖြေရှင်းဖို့စဉ်းစားထားပါသလဲ။**


စာ(၄၁)သို့





7DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# မျှော်လင့်ထားတာထက် ပိုကောင်းနေတဲ့ ခရစ္စတင်းဘဲလ်ရဲ့ မိခင်ဘဝ

**လော့စ်အန်ဂျလိစ်၊ ဇွန်-၁**

အမေရိကန်သရုပ်ဆောင် မင်းသမီး ခရစ္စတင်းဘဲလ်က မိခင်ဘဝသည် ၎င်းမျှော်လင့်သည်ထက် ပိုမိုသာလွန်ကြောင်းနှင့် သမီး လင်ကွန်းကိုမွေးဖွားပြီးချိန်မှစ၍ ပိုမိုပျော်ရွှင်ခဲ့ရကြောင်း မေလ ၃၁ ရက်တွင် ပြောကြားသည်။

ခရစ္စတင်းဘဲလ်နှင့် အမေရိကန်သရုပ်ဆောင်မင်းသား ဒက်ရှိပ့်ါတို့သည် သမီးလေးလင်ကွန်းကို ၂၀၁၃ မတ်လ ၂၈ ရက် (ကြာသပတေးနေ့)တွင် မွေးဖွားခဲ့သည်။

"ကျွန်မမျှော်လင့်ထားတာထက်ကို မိခင်ဘဝက ပိုကောင်းနေတယ်။ ဒက်ကလည်း ဖခင်ကောင်းတစ်ယောက်ပါ။ သမီးလေးကို တစ်ချိန်လုံး စကားတွေပြောပေး၊ သီချင်းတွေဆိုပေးတာတွေ လုပ်ပေးပါတယ်။ အရမ်းချစ်ဖို့ကောင်းပါတယ်" ဟု ခရစ္စတင်းဘဲလ်ကပြောကြားသည်။

ခရစ္စတင်းဘဲလ်က ၎င်းနှင့် ဒက်တို့သည် သမီးလေးလင်ကွန်း၏ ဓာတ်ပုံများအား မီဒီယာများတွင် ဖော်ပြလိုခြင်း မရှိကြောင်းနှင့် သမီးဖြစ်သူ အသက်ကြီးသည့်အခါမှ သမီးစိတ်ကြိုက်ဓာတ်ပုံရိုက်ခွင့်ပြုမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

—Ref: XinMSN




# မသန်စွမ်းအားကစားအဖွဲ့ချုပ်ရန်ပုံငွေ ရုပ်ရှင်နှင့်ဂီတ အနုပညာရှင်များ ဘောလုံးခြေစမ်းကစားမည်

ကြူကြူဟာန်

**ရန်ကုန်**-မြန်မာနိုင်ငံ မသန်စွမ်းအားကစားအဖွဲ့ချုပ်ရန်ပုံငွေအတွက် ဘိုင်စကုပ်မင်းသားများအသင်းနှင့် ဂီတအနုပညာရှင်များအသင်းတို့ ဘောလုံးပြိုင်ပွဲပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

ဇွန် ၁၄ရက် ညနေ၃နာရီတွင် အောင်ဆန်းအားကစားကွင်း၌ ပြုလုပ်မည်ဖြစ်ပြီး ရုပ်ရှင်၊ ဂီတအနုပညာရှင်များ ယှဉ်ပြိုင်ကြမည်ဖြစ်ကာ ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်ကြောင်း စီစဉ်သူကိုဘိုစန်းကပြောသည်။

ဂီတဘက်မှ Rဇာနည်၊ လင်းလင်း၊ ဟန်ထွန်း၊ စောဖိုးခွား၊ စိုင်းစိုင်းခမ်းလှိုင်၊ Snare၊ နန္ဒစိုး၊ ဆောင်းဦးလှိုင်၊ လွှမ်းပိုင်၊ ကျော်ထွန်းစသည်တို့နှင့် ရုပ်ရှင်ဘက်မှ နေတိုး၊ သူထူးစံ၊ မင်းသွေး၊ ကျော်ကျော်ဗို၊ ဒါရိုက်တာဝင်းထွန်းထွန်း စသည်တို့က တစ်သင်းတွင် ၂၂ ယောက်စီဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။

"ဒီပွဲမျိုးက တစ်ခါမှ မလုပ်ဖူးဘူး။ ရုပ်ရှင်နဲ့ဂီတကန်ကြတာ။ ဘာပဲပြောပြော ကျွန်တော်တို့တောင် စိုးရိမ်တယ်။ အချင်းချင်း၊ အခင်မင်ပျက်မှာကို ဘောလုံးအားကစားနည်းက တွန်းတွန်းတိုက်တိုက် ကန်ကြမှာပဲ။ ပရိသတ်ပါပါလာရင်ရန် မဖြစ်အောင် ထိန်းရမှာပဲ။ ဒီပွဲလုပ်ရတာ အဲဒီတစ်ခုပဲ စိုးရိမ်တာပါ" ဟု ကိုဘိုစန်းက ပြောသည်။ (၇)ကြိမ်မြောက် အရှေ့တောင်အာရှမသန်စွမ်းအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြန်မာနိုင်ငံကိုယ်စားပြု မသန်စွမ်းအားကစားသမားများ အောင်နိုင်ရေးအတွက် ရန်ပုံငွေရရှိရန် ကျင်းပခြင်းဖြစ်ပြီး ပွဲဝင်ကြေး လက်မှတ်တစ်စောင် ၂၀၀၀ကျပ် သတ်မှတ်ကြောင်းသတင်းရရှိသည်။






7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

စာ(၃၉)

## ဒေါက်တာကိုကိုလွင် (Iron Cross)နှင့် တွေ့ဆုံခြင်း

ဒါဟာ မြန်မာအနုပညာရှင်တွေနဲ့ ရပိုင်ခွင့်ကိုခေါင်းပုံဖြတ်ပြီး အမြတ်ထုတ်နေတဲ့အလုပ်ပါ။ ဒါကြောင့် မြန်မာနိုင်ငံဂီတအစည်းအရုံးက အနုပညာရှင်တွေ အနုပညာကြေးရအောင် ဆောင်ရွက်တာလို့ အားလုံးနားလည်အောင်ရှင်းပြရမှာ။ လက်ခံအောင်လုပ်ဖို့လည်း နည်းပေါင်းစုံရှိပါတယ်။ ဒီကတာဝန်ရှိသူတွေ အဲဒီနိုင်ငံတွေမှာ စာနယ်ဇင်းရှင်းလင်းပွဲသွားလုပ်တာလည်း လုပ်မယ်။ ဝန်ကြီးဌာနထောက်ခံစာတွေကိုလည်း ပေးမယ်။ ဒါကိုမှမရရင်တော့ တရားစွဲတဲ့နည်းလမ်းကို သုံးရမှာပေါ့။ သူတို့ဘက်က ပိုင်တယ်ဆိုရင်တော့ တရားရင်ဆိုင်ပေါ့။ ကျွန်တော်တို့ကတော့ အမှန်တရားအတိုင်းပဲ သွားမှာပဲ။ မှန်တဲ့ဘက်ကတော့နိုင်မှာပါ။ ကျွန်တော်တို့ကကိုယ်ရေးကိုယ်တာသွားတာမဟုတ်ဘူး။ အစည်းအရုံးအဆင့်၊ဝန်ကြီးဌာနအဆင့်ပေါ့။

**ဒီအစီအစဉ်က ဂီတလောကသားတွေအားလုံးကို ကိုယ်စားပြုတယ်လို့တစ်ထစ်ချပြောလို့ရပါသလား။**

ထင်ပါတယ်။ ဒါကြောင့်လည်း မလုပ်ခင်မှာအားလုံးကို ချပြတာပေါ့။ နိုင်ငံတကာမှာ ဘာတွေဖြစ်နေလဲဆိုတာ သူတို့လည်း သိသွားတာပဲ။ ဘာမှမရဘဲ ကြားထဲက လူကအကျိုးအမြတ်တွေရသွားနေတာနဲ့စာရင် တရားဝင်ဖြစ်အောင်လုပ်ကြမယ့်အစီအစဉ်မှာ မပါချင်တဲ့သူမရှိလောက်ပါဘူး။ အကြားနဲ့အမြင်မှားပြီးလက်မခံတာ ကန့်ကွက်တာတွေတော့ ဖြစ်နိုင်တယ်။ ကျွန်တော်တို့က အားလုံးရဲ့ ဆန္ဒကိုလေးစားတဲ့အနေနဲ့ မရောင်းချင်တဲ့သူဆိုရင် မရောင်းပေးပါဘူး။ ဒီလူက သူ့သီချင်းကိုရင်းကျူးမလုပ်ချင်ဘူးဆိုရင်လည်း ကျွန်တော်တို့မလုပ်ပါဘူး။ ခုလောလောဆယ်မှာတော့ လုပ်ချင်တဲ့သူဖြစ်ဖြစ်၊ မလုပ်ချင်တဲ့သူပဲဖြစ်ဖြစ် အားလုံးရဲ့သီချင်းတွေကို အသုံးချပြီးကြားကလူတွေ အိတ်ထဲထည့်သွားတာတော့ကြာနေပါပြီ။ ဒါလေးကို သဘောပေါက်ဖို့လိုပါတယ်။ ဥပမာ စင်ကာပူမှာဆို လေးဖြူသီချင်းတစ်ပုဒ်ကို ငါးဒေါ်လာနဲ့ရောင်းနေတယ်။ ဝယ်သုံးတဲ့မြန်မာကတော့ လေးဖြူသီချင်းသူဝယ်လိုက်လို့ လေးဖြူတော့ပိုက်ဆံရပြီပဲထင်နေမှာပဲ။ တကယ်က ဟုတ်မှမဟုတ်တာ။ သူ့သီချင်း ဒီလိုအမြတ်ထုတ်ခံနေရတာ လေးဖြူတောင်မသိဘူးဖြစ်နေတယ်။

**အွန်လိုင်းပေါ်မှာ သီချင်းရောင်းမယ့် ဦးရဲ့အစီအစဉ်ဖြစ်မြောက်သွားရင် ဂီတအစည်းအရုံးနဲ့ ညှိနှိုင်းထားတာက ဦးက သုံးဆယ်ရာခိုင်နှုန်းရမယ်လို့ သိရပါတယ်။ အကျိုးအမြတ်အတွက် ဘယ်လိုသဘောတူခဲ့တာပါလဲ။**

ဒါက ဂီတအစည်းအရုံးက သတ်မှတ်ထားတဲ့ ရာခိုင်နှုန်းပါ။ ဦးတို့မှာလည်း ဟိုမှာ ကုမ္ပဏီထောင်ပြီးသွားလုပ်ဖို့ဆိုတာ နယ်ခံမဟုတ်တော့ အခက်အခဲရှိတယ်။ ဒီတော့ ဟိုမှာတရားမဝင်လုပ်နေတဲ့ နယ်ခံကုမ္ပဏီအချို့နဲ့ပေါင်းပြီး လုပ်ရမယ့် အနေအထားတွေတော့ရှိတယ်။ မင်းတို့တရားဝင်လုပ် ငါတို့ရတဲ့အထဲက မင်းကို ဘယ်လောက်ရာခိုင်နှုန်းပေးမယ်ဆိုပြီး ညှိရမှာပေါ့။ ကိုယ်ကဘယ်လောက်ကျန်မလဲဆိုတာ မစဉ်းစားပါဘူး။ ငွေလွှဲပေးရမှာတွေ၊ အချက်အလက်စုစည်းတာတွေ၊ ဝန်ဆောင်မှုပေးရမယ့်ကိစ္စတွေအတွက် ကုန်ကျစရိတ်တွေကလည်း ရှိနေသေးတယ်လေ။

**ဒီမြန်မာမြူးဇစ်စတိုးကို အွန်လိုင်းမှာ ဘယ်တော့လောက်စပြီး အသုံးပြုလို့ရမှာပါလဲ။**

ရှေ့လလောက်မှာ ဒီဝက်ဘ်ဆိုက်ကို မိတ်ဆက်ပေးဖို့ရှိပါတယ်။ နိုင်ငံတကာမှာဆို အိုင်ကျူးကအရမ်းအောင်မြင်တယ်။ ဒါပေမဲ့ အိုင်ကျူးမှာမြန်မာသီချင်းအရမ်းနည်းတယ်။ မြန်မာသီချင်းကို မြန်မာစာသားနဲ့တင်ဖို့ဆိုတာလည်း မြန်မာဖောင့်မရှိဘူး။ အကုန်လုံးမြန်မာအသံထွက်ကို အင်္ဂလိပ်နဲ့ရော ရေးနေရတယ်။ ပြီးတော့ ဈေးနှုန်းသတ်မှတ်ချက်ကလည်း ကြီးတယ်။ တစ်ချပ်ကို ဆယ်ဒေါ်လာလောက်ရှိတယ်။ အပြင်မှာဝယ်ရင်တောင် တစ်ခွေကို တစ်ထောင့်ငါးရာလောက်ပဲရှိတာ။ အိုင်ကျူးမှာကျတော့တစ်ခွေကို ကိုးထောင်လောက်သွားကျနေပြီ။ ဒါအဓိပ္ပာယ်လည်းမရှိဘူး။ ဒါကြောင့် ကျွန်တော်တို့ ဝက်ဘ်ဆိုက်မှာမြန်မာသီချင်းတွေကိုမြန်မာစာသားဖောင့်တွေနဲ့ တင်ပြီး ရောင်းချမယ်။ မြန်မာနိုင်ငံမှာ ရောင်းနေတဲ့ဈေးနဲ့မကွာအောင် ရောင်းမယ်။ မြန်မာနဲ့ပတ်သက်တဲ့ သတင်းလေးတွေတင်ပေးမယ်။ ကိုရီးယားမှာဆိုလည်း မယ်လန်ဆိုတဲ့ သူတို့ဘာသာစကားနဲ့ ဝက်ဘ်ဆိုက်မှာပဲ သီချင်းဝယ်တယ်။ အိုင်ကျူးမှာ ကိုရီးယားဘာသာနဲ့ သီချင်းမရှိဘူးလေ။ သူတို့ဝယ်ရသုံးရတာလည်း အဆင်ပြေတယ်။

**နိုင်ငံတကာမူပိုင်ခွင့်ဥပဒေမရှိသေးတဲ့မြန်မာနိုင်ငံမှာ ဂီတသမားအပါအဝင် အနုပညာသမားတွေရဲ့ အားနည်းချက်၊ အားသာချက်က ဘယ်လိုရှိပါသလဲ။**

ခုလောလောဆယ်မှာတော့ အကောင်းအဆိုးက ဒွန်တွဲနေတာပေါ့။ မူပိုင်ခွင့်တွေမလာသေးတာဟာ မြန်မာနိုင်ငံလို ဖွံ့ဖြိုးဆဲနိုင်ငံမှာဆို ပိုတောင်ကောင်းတယ်။ ဒီဥပဒေကြောင့် ကိုယ်ကခံစားရမှာကနည်းနည်း။ ကိုယ်အခုသုံးနေတဲ့ဟာက မူပိုင်ခွင့်ကြေးသာပေးမယ်ဆို မလုပ်နိုင်တော့ဘူး။ စာအုပ်တွေကအစ ဖိုတိုကော်ပီကူးပြီးဖတ်ရတာတွေရှိတယ်လေ။ ဒီတော့မရှိတာက ကောင်းပါတယ်။ ကိုယ့်နိုင်ငံက အခြားနိုင်ငံတွေလို တစ်ပြေးညီတိုးတက်လာပြီဆိုရင်တော့ ရှိသင့်ပါတယ်။ အခု ကျွန်တော့်ဝက်ဘ်ဆိုက်မှာဆို သတ်မှတ်ထားတဲ့နိုင်ငံအချို့ရဲ့ အိုင်ပီနဲ့ဝင်ကြည့်ရင် ကော်ပီသီချင်းတွေကို နားထောင်လို့ရမှာမဟုတ်ပါဘူး။ ဒါဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုရဲ့ အနုပညာရှင်တွေအပေါ် ကာကွယ်ပေးထားတဲ့သဘောပါပဲ။

**မြန်မာသီချင်းတွေကို ပြည်ပရောက်နေတဲ့ မြန်မာတွေ အဆင်ပြေပြေနဲ့ ဈေးသက်သက်သာသာ နားထောင်နိုင်တဲ့ မြန်မာတိုင်းရင်းသားပိုင်ဝက်ဘ်ဆိုက်တည်ထောင်တာ ဦးက ပထမဆုံးပဲလား။**

တကယ်အရောင်းအဝယ်လုပ်ဖြစ်သွားပြီဆိုရင်တော့ ကျွန်တော်ပထမဆုံးဖြစ်မယ်ထင်ပါတယ်။ အစည်းအရုံးမှာလည်း ဆက်သွယ်ဆောင်ရွက်နေတာက ကျွန်တော်တစ်ယောက်တည်းပဲရှိတာဆိုတော့လေ။ နောက်ပိုင်းလည်း အခြားသူတွေလည်းလုပ်လို့ရပါတယ်။ နိုင်ငံခြားမှာလည်း အိုင်ကျူးတစ်ခုတည်းမဟုတ်ပါဘူး။ ဒါပေမဲ့ အောင်မြင်တာတော့ အိုင်ကျူးပေါ့။ အင်တာနက်မှာ ဈေးဆိုင်ဖွင့်တဲ့သဘောပါပဲ။ ဒါပေမဲ့ ဈေးနှုန်းကတော့တစ်မျိုးတည်း ဖြစ်ရမှာပေါ့။

**ဂီတကျောင်းမှာ ဘယ်လိုသင်ကြားမှုတွေနဲ့ စီစဉ်သင်ကြားနေပါသလဲ။**

ကျောင်းကတော့ မြန်မာနိုင်ငံက ပွင့်လင်းတိုးတက်လာပြီဆိုရင် နိုင်ငံတကာအဆင့်မီတဲ့ ဂီတပညာရပ်တွေလိုအပ်တယ်။ ကျွမ်းကျင်ပညာရှင်တွေလိုတယ်။ ဈေးလည်းပိုတယ်ဆိုပေမယ့် နိုင်ငံတကာက Facilities တွေနဲ့ နိုင်ငံရပ်ခြားက ပညာရှင်တွေကို ဖိတ်ခေါ်ပြီးသင်ကြားပေးမယ်။ ခုလောလောဆယ်တော့ဒီလိုကျောင်းရှိစေချင်တဲ့စိတ်က အဓိကပါ။ ကိုမိုးနိုင် (ဂီတမိတ်)ကလည်း ကိုယ့်ကလေးတွေကို သင်ပေးနေတော့ သူနဲ့ပူးပေါင်းပြီး လုပ်ဖြစ်သွားတာပေါ့။ ကိုမိုးနိုင်က ကျွန်တော်တို့ကျောင်းရဲ့ ကျောင်းအုပ်အဖြစ်လုပ်ပေးပါတယ်။ ဆရာတွေကတော့ နိုင်ငံခြားက ဂီတပညာရပ်ဆိုင်ရာ ဘွဲ့တွေရထားတဲ့ ဆရာတွေပါတယ်။ အမေရိကန်က ဆရာတွေလည်းပါတယ်။ အဆို၊ ဂစ်တာ၊ စန္ဒရားစသဖြင့် မျိုးစုံပါပဲ။ ခုလောလောဆယ်တော့ ဒီပလိုမာပေါ့။ ဒီပလိုမာတောင် နိုဝင်ဘာမှစနိုင်တယ်။ ခုလောလောဆယ်တော့ ပရိုက်ဗိတ်သင်တန်းလိုမျိုး ကိုယ်သင်ချင်တဲ့ ဂီတအမျိုးအစားအလိုက် လာသင်နိုင်ပါတယ်။ Certificate Program ပေါ့။ အတီးလည်းသင်မယ်။ သီအိုရီလည်းပါတယ်။ ရှစ်လလောက်ပြီးသွားရင် Certificate ပေးမယ်။


**ဟုတ်ကဲ့။ ကျေးဇူးတင်ပါတယ်။**

နယူးဟောင်ကောင်ဆေးကုခန်း

နာခေါင်းရောင်နာ၊ လည်ချောင်းရောင်နာကို
တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ်ကုသပေးခြင်း

နာတာရှည် နာခေါင်း၊ လည်ချောင်းရောင်နာ၏ အဓိက လက္ခဏာရပ်မှာ နာပိတ်ခြင်း၊ နာရည်ယိုခြင်း၊ နာချေခြင်း၊ နာခေါင်းယားယံခြောက်သွေ့ခြင်း၊ နာခေါင်းသွေးထွက်ခြင်း၊ အနံ့မရခြင်း၊ လည်ချောင်း နာကျင်ယားယံခြင်းနှင့် မိုးလို့ခုလုဖြစ်နေခြင်းတို့မှာ ကင်ဆာ ရောဂါသို့ အလွယ်တကူပြောင်းလဲသွားနိုင်သည်။

နယူးဟောင်ကောင်ဆေးကုခန်းမှ နာခေါင်း အလာကို၊ နာတွင်းလိုက်မြောင်းရောင်ရမ်းခြင်း၊ နာခေါင်းတွက်သက် အသား၊ နာတာရှည်လည်ချောင်းနာ၊ ချောင်းဆိုးခြင်း၊ အာသီးရောင်ခြင်းစသော ကုသရန် ခက်ခဲသော ရောဂါများကို ကွန်ပျူတာစက်ကြီးများ (သို့မဟုတ်) နာခေါင်းအတွင်းသို့ ပြောင်းစင်ဆေးကြော ကုသသည့်နည်းကို အသုံးပြု၍ကုသပေးနေပါသည်။ ဆေးဝါးအကျိုးသက်ရောက်မှုမှာ ရောဂါအစိတ်အပိုင်းကို တိုက်ရိုက် ထိရောက်မှုရှိသည်။ အဆိပ်အတောက်များကို ဖယ်ရှားပေးပြီး အမြန်ဆုံး ပျောက်ကင်းစေပါသည်။ ခုခံအား တိုးတက်စေပြီး ရောဂါထပ် မဖြစ်ပါ။ တစ်ကြိမ်တည်းဖြင့် အမြစ်ပြတ် ကုသ ပေးပါသည်။ ရောဂါကာလ မည်မျှကြာသည်ဖြစ်စေ ကုထုံး (၁-၂)ကြိမ်အတွင်း အမြစ်ပြတ် ပျောက်ကင်းစေပါသည်။



ပိတ်ရက်မရှိ
ဆေးခန်းဖွင့်ချိန် - နံနက် ၈ နာရီမှ ည ၈ နာရီထိ
အမှတ် (၂၄၇ A)၊ ဗိုလ်မြတ်ထွန်းလမ်းအပေါ်ဘလောက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၀၆၁၀၅၁၀

GLOBAL ENGINEERING MYANMAR 2013
Showcasing Oil & Gas and Shipbuilding products & services
Samsung Galaxy Tab
Website



JUNE 13-15, 2013
Tatmadaw Exhibition Center, Yangon
ဥရောပ၊ အမေရိကနှင့် အာရှနိုင်ငံများ ပေါင်း ၁၀၀၀ ကျော် ပြသသွားမည်
Oil, Gas & Shipbuilding Industry
LNG
3D
Business to Business Meeting
High Level Cocktail Networking Session
johan.globalnetworkz@gmail.com
Contact us
Johan.globalnetworkz@gmail.com
iPad mini
www.globalnetworkz.net

# Sports

7DAY NEWS JOURNAL

Vol.12, No.13 • JUNE 5 , 2013

## ဆီးဂိမ်းပြိုင်ပွဲ သပိတ်မှောက်မည်ဆိုခြင်းမှာ ဖိလစ်ပိုင်အိုလံပစ်ကော်မတီ၏ သဘောထားမဟုတ်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်- ဇွန် ၃**

လာမည့် ဒီဇင်ဘာလအတွင်း မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲနှင့်ပတ်သက်၍ ဖိလစ်ပိုင်အားကစားကော်မရှင် ဥက္ကဋ္ဌက သပိတ်မှောက်မည်ဟု ပြောကြားခဲ့ခြင်းသည် ဖိလစ်ပိုင်အိုလံပစ်ကော်မတီ၏ သဘောထားမဟုတ်ကြောင်း အားကစားဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးက ပြောသည်။

ဖိလစ်ပိုင်အားကစားကော်မရှင်ဥက္ကဋ္ဌ ရစ်ချီဂါစီယာက ၂၀၁၃ မြန်မာဆီးဂိမ်းတွင် အိမ်ရှင်နိုင်ငံ၏ မမျှတသည့် အပြောင်းအလဲများကြောင့်ဟု စွပ်စွဲကာ ယခုနှစ်ပြိုင်ပွဲသို့ အဖွဲ့ဝင် ၃၀ မှ ၅၀ ဦးကြားသာ ပါဝင်သည့် အဖွဲ့ငယ်တစ်ခုကို စေလွှတ်သွားမည်ဖြစ်ကြောင်း မေလ ၃၀ ရက်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားခဲ့သည်။

“မြန်မာနိုင်ငံအိုလံပစ်ကော်မတီတာဝန်ရှိသူတစ်ဦးက ဖိလစ်ပိုင်အိုလံပစ်ကော်မတီတာဝန်ရှိသူထံ ဒီအကြောင်းနဲ့ပတ်သက်ပြီး ဖုန်းနဲ့ဆက်သွယ်မေးမြန်းတဲ့အခါမှာ ဒီလိုသပိတ်မှောက်မယ်လို့ ပြောတဲ့သဘောထားဟာ ဖိလစ်ပိုင်အားကစားကော်မရှင်ဥက္ကဋ္ဌ ရစ်ချီဂါစီယာတစ်ဦးတည်းရဲ့ ဆန္ဒသဘောထားသာဖြစ်ကြောင်းနဲ့ လာမယ့်ဆီးဂိမ်းမှာ ဖိလစ်ပိုင်နိုင်ငံက အင်အားပြည့်ပါဝင်ယှဉ်ပြိုင်သွားပါမယ်လို့ပြန်လည်ပြောကြားထားပါတယ်”ဟုအားကစားဝန်ကြီးဌာန တာဝန်ရှိသူက ပြောသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့်အားကစားနည်း ၃၃ မျိုးကို ပြီးခဲ့သည့် ဇန်နဝါရီလက ပြုလုပ်ခဲ့သည့် အရှေ့တောင်အာရှအားကစားအဖွဲ့ချုပ်များကောင်စီအစည်းအဝေးတွင် သက်ဆိုင်ရာနိုင်ငံများ၏ အိုလံပစ်ကော်မတီ တာဝန်ရှိသူများက သဘောတူသည့်အတွက် အတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း အဆိုပါတာဝန်ရှိသူက ပြောသည်။

နောက်ပိုင်းဆီးဂိမ်းပြိုင်ပွဲများ၌ အိမ်ရှင်နိုင်ငံမှ ရိုးရာအားကစားနည်းများ ထည့်သွင်းကျင်းပမှုများကြောင့် ပြိုင်ပွဲမစတင်မီတွင် အခြားပြိုင်ပွဲဝင်နိုင်ငံများက စွပ်စွဲဝေဖန်မှုများ ပေါ်ထွက်လေ့ရှိခဲ့သည်။ ၂၀၁၁ မြန်မာဆီးဂိမ်းတွင် တင်းနစ်နှင့်ကျွမ်းဘားကဲ့သို့သော အိုလံပစ်အားကစားနည်းများကို ဖယ်ထုတ်ခဲ့ခြင်းအပေါ်၌လည်း ဝေဖန်မှုများ ထွက်ပေါ်ခဲ့သည်။

“ယခင် အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲတွေတုန်းကတော့ အိုလံပစ်အားကစားနည်းတွေနဲ့ ကမ္ဘာ့အားကစားနည်းတွေပဲ ထည့်သွင်းကျင်းပကြတယ်။ ၁၉၇၇ နောက်ပိုင်းကျင်းပတဲ့ အရှေ့တောင်အာရှအားကစားပြိုင်ပွဲ(ဆီးဂိမ်း)တွေမှာတော့ ရိုးရာအားကစားနည်းတွေ ထည့်သွင်းကျင်းပလာကြတာတွေ့ရတယ်။ တကယ်ဒေသတွင်းက အားကစားသမားတွေအနေနဲ့ အားကစားနဲ့ ကမ္ဘာ့အဆင့်ကို ထိုးဖောက်ချင်တယ်ဆိုရင်တော့ နောက်ပိုင်းဆီးဂိမ်းပြိုင်ပွဲတွေမှာ အိုလံပစ်အားကစားနည်းနဲ့ ကမ္ဘာ့အားကစားနည်းတွေကိုပဲ ထည့်သွင်းကျင်းပသင့်ပါတယ်”ဟု ဝါရင့်အားကစားကလောင်ရှင် ဦးခင်မောင်ထွေး(ပျဉ်းမနား)က ပြောသည်။

၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အိမ်ရှင်မြန်မာနိုင်ငံက ခြင်းလုံးနှင့် ရိုးရာစစ်တုရင်အားကစားနည်းနှစ်မျိုးသာ ထည့်သွင်းထားပြီး ကမ်ပို၊ ဗိုဗီနမ်၊ ပီတန့်၊ ပန်ကြပ်ဆီလတ်စသည့် အားကစားနည်းများမှာ အာဆီယံဒေသတွင်း နိုင်ငံများမှ ရိုးရာ အားကစားနည်းများဖြစ်သည်။

## မန်ယူကစားသမားဟောင်းများပါဝင်မည့် ခြေစမ်းပွဲကို ရုပ်သံမှ တိုက်ရိုက်လွှင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၃**

ရန်ကုန်မြို့တွင် ကျင်းပမည့် မန်ယူကစားသမားဟောင်း လေးဦးပါဝင်သည့် ရန်ပုံငွေအထူးခြေစမ်းပွဲစဉ်ကို မြန်မာ့ရုပ်မြင်သံကြား MRTV မှ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြန်မာပရိသတ် အကြိုက်ကမ္ဘာကျော်မန်ချက်စတာ ယူနိုက်တက်ဘောလုံးအသင်းမှ ကစားသမားဟောင်းများဖြစ်သည့် အင်ဒီကိုးလ်၊ ဒင်းနစ်အာဝင်၊ ကလေတန်ဘလက်မိုးနှင့် လီရှပ်တို့လေးဦးပါဝင်မည့် အဆိုပါခြေစမ်းပွဲကို ဇွန်လ ၉ ရက် ညနေ ၄ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်သည်။

“မန်ယူကစားသမားဟောင်းတွေပါဝင်တဲ့ ခြေစမ်းပွဲရုပ်သံထုတ်လွှင့်ခွင့်ကို ADMA မီဒီယာက မူပိုင်ခွင့်ရရှိထားပြီး တစ်နိုင်ငံလုံးက ပရိသတ်တွေကြည့်ရှုခွင့်ရဖို့MRTV ရုပ်သံလိုင်းကနေတိုက်ရိုက်ထုတ်လွှင့် ပြသသွားမှာ ဖြစ်ပါတယ်။ ဒီပွဲစဉ်ကို ကမ္ဘာ့အဆင့်မီစက်နဲ့ ရိုက်ကူးထုတ်လွှင့်သွားမယ်လို့လည်း သိရပါတယ်”ဟု အဆိုပါ ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ ဦးဝေမင်းမောင်က ပြောသည်။

ခြေစမ်းပွဲအဖြစ် မြန်မာစီနီယာ လက်ရွေးစင်အသင်းနှင့် မြန်မာလိဂ် နိုင်ငံခြားသားပါဝင်မည့် ညွန့်ပေါင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်ပြီး မန်ယူကစားသမားဟောင်းလေးဦးသည် အဆိုပါနှစ်သင်းတွင် ဝင်ရောက်ကစားမည် ဖြစ်သည်။

၎င်းပွဲစဉ်၏ ကွင်းဝင်ကြေးအဖြစ် အထူးတန်းကျပ်တစ်ထောင်နှင့် ရိုးရိုးတန်းကျပ်ငါးရာ သတ်မှတ်ထားကာ ပြီးခဲ့သည့် မေလ ၂၉ ရက်မှ စတင်ကာ ဘောလုံးအဖွဲ့ချုပ်ရုံးတွင် လက်မှတ်များ ရောင်းချပေးနေပြီ ဖြစ်သည်။ အဆိုပါ ရန်ပုံငွေ အထူးခြေစမ်းပွဲတွင် ဖျော်ဖြေရေးအစီအစဉ်များလည်း ပါဝင်မည်ဖြစ်ပြီး ပွဲမစတင်မီတွင် မန်ယူကစားသမားဟောင်းများ လက်မှတ်ရေးထိုးထားသည့် ဘောလုံးများကို ပရိသတ်များအတွင်းသို့ကန်တင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

## မန်ယူကစားသမားဟောင်းလေးဦး မြန်မာနိုင်ငံခရီးစဉ် ရုပ်သံအစီအစဉ်ရိုက်ကူးမည်



မေလ ၂၆ ရက်က သာကေတမြို့နယ်ရှိ မဟာဂန္ဓာရုံဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ သွားရောက်လေ့လာခဲ့သည့် ဒင်းနစ်အာဝင်နှင့်ကလေတန်ဘလက်မိုး ဓာတ်ပုံ - ကျော်ဇင်သန်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်၊ ဇွန်-၃**

ရန်ကုန်မြို့တွင် ရန်ပုံငွေခြေစမ်းပွဲ လာရောက်ကစားမည့် မန်ယူကစားသမားဟောင်း လေးဦး၏ မြန်မာနိုင်ငံ ခရီးစဉ်တစ်လျှောက် ရုပ်သံပရိုဂရမ်တစ်ခုအဖြစ် ရိုက်ကူးကာ MRTVရုပ်သံလိုင်းမှ ပြန်လည်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

“မန်ယူကစားသမားဟောင်းလေးဦးလေယာဉ်ပေါ်ကနေစဆင်းတဲ့အချိန်ကစပြီး လေယာဉ်ပေါ်ပြန်တက်ပြီး ပြန်သွားတဲ့အထိ သူတို့ခရီးစဉ်အစအဆုံးကို ရိုက်ကူးသွားမှာပါ။ အဲဒီရုပ်သံပရိုဂရမ်ကို ဇွန်လ ၁၂ ရက်ကနေ ၁၈ ရက်အထိ တစ်ရက်ကို ၁၅ မိနစ်စာ အပိုင်းလိုက် MRTV ရုပ်သံလိုင်းကနေ ပြန်လည်ထုတ်လွှင့်ပြသွားဖို့စီစဉ်ထားပါတယ်”ဟုအေဒီအမ်အေမီဒီယာမှ ဒုတိယဥက္ကဋ္ဌ ဦးဝေမင်းမောင်က ပြောသည်။

မန်ယူကစားသမားဟောင်းလေးဦးဖြစ်သည့် အင်ဒီကိုးလ်၊ ဒင်းနစ်အာဝင်၊ ကလေတန်ဘလက်မိုးနှင့် လီရှပ်တို့သည် ဇွန်လ ၉ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့သို့ ရောက်ရှိမည်ဖြစ်ပြီး ညနေ ၄ နာရီတွင် သုဝဏ္ဏဘောလုံးကွင်း၌ ရန်ပုံငွေခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ထို့ပြင် ညနေ ၆ နာရီတွင် ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ မန်ယူကစားသမားဟောင်း လေးဦးသည် ပရိသတ်များနှင့်အတူ ညစာစားသုံးမည့် အစီအစဉ်လည်းပါဝင်မည်ဖြစ်သည်။ ၎င်းတို့သည် ဇွန်လ ၁၀ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

မန်ယူကစားသမားဟောင်းနှစ်ဦးဖြစ်သည့် ဒင်းနစ်အာဝင်နှင့် ကလေတန်ဘလက်မိုးတို့ နှစ်ဦးသည် ပြီးခဲ့သည့် မေလအတွင်းက ရန်ကုန်မြို့သို့လာရောက်ခဲ့ဖူးပြီး ရန်ပုံငွေခြေစမ်းပွဲနှင့်ပတ်သက်သည့် ကြိုတင်သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ မန်ယူကစားသမားဟောင်းလေးဦးပါဝင်သည့် ရန်ပုံငွေခြေစမ်းပွဲမှရရှိသည့် ကွင်းဝင်ကြေးများနှင့်စပွန်ဆာကြေးအားလုံးကို ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ဆေးရုံနှင့် HIV ပြန်လည်ထူထောင်ရေးလုပ်ငန်းများသို့ လှူဒါန်းသွားမည်ဖြစ်သည်။


here to play | here to stay
asia tour 2013
SAMSUNG
ဘန်ကောက်မြို့အလည်အပတ်ထွက်ရင်း Chelsea ဘောလုံးပွဲကြည့်ကြရအောင်
Samsung TV
MATCH
OF THE YEAR
တရားဝင်တင်သွင်းထားသောမည်သည့် Samsung LCD / LED / Smart TV အမျိုးအစားမဆို
ဝယ်ယူသူတိုင်းပါဝင်ခွင့်ရရှိမည့်အစီအစဉ်
သတ်မှတ်ထားသော Samsung LCD / LED / Smart TV အမျိုးအစားများကို
အထူးလျှော့ဈေးနှုန်းများဖြင့် ရောင်းချပေးသွားမည် ဖြစ်ပါသည်။(အရေအတွက် ကန့်သတ်)
ကံစမ်းမဲကာလမှာ မေလ(၂၂)ရက်မှ ဇွန်လ(၂၃)ရက်ထိ ဖြစ်ပါသည်။ ကံထူးရှင်များကို ဇူလိုင်လ(၁) ရက်တွင် ကံစမ်းမဲဖောက်ပေးပြီး
သတင်းစာနှင့် ဂျာနယ်များတွင်ထည့်သွင်းကြေငြာပေးသွားမည်ဖြစ်ပါသည်။
ဘန်ကောက်ခရီးစဉ်မှာ ဇူလိုင်လ(၁၅)ရက်မှ (၁၈)ရက်ထိ (၃)ညအိပ်(၄)ရက်ခရီးစဉ် ဖြစ်ပါသည်။
မှတ်ချက်။ ။ဤအစီအစဉ်အား ငွေကြေးဖြင့် ပြန်လည်လဲလှယ်ခွင့် ပြုမည်မဟုတ်ပါ။

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

# မြန်မာအားကစားအဖွဲ့ များကို နိုင်ငံခြားနည်းပြ ၉၀ ကျော် လေ့ကျင့်သင်ကြားပေးနေ



*ဆီးဂိမ်းအတွက်ပြင်ဆင်လေ့ကျင့်နေသည့်မြန်မာဘိလိယက်/စနူကာအားကစားအဖွဲ့ အား အင်္ဂလန်နည်းပြဆရာနှင့်အတူတွေ့ရစဉ်*   ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်- ဇွန် ၁**

လာမည့်ဆီးဂိမ်းပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများအတွက် ရည်ရွယ်လေ့ကျင့်နေသည့်မြန်မာအားကစားအဖွဲ့ များကို နိုင်ငံခြားသားနည်းပြဆရာ ၉၀ ကျော်ဖြင့် လေ့ကျင့် သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

မြန်မာအားကစားအဖွဲ့ များကို လေ့ကျင့်ပေးနေသည့် နိုင်ငံခြားနည်းပြများတွင် နှစ်နိုင်ငံအားကစားမြှင့်တင်ရေးအစီအစဉ်အရ တရုတ်နိုင်ငံမှ လာရောက်ကူညီသည့်တရုတ်နည်းပြဆရာများသာမက အားကစားဝန်ကြီးဌာနနှင့် သက်ဆိုင်ရာအားကစားအဖွဲ့ ချုပ်များမှ ငှားရမ်းထားသည့် နည်းပြဆရာများပါဝင်ကြောင်း အားကစားဝန်ကြီးဌာနမှ သိရသည်။

မြန်မာအားကစားအဖွဲ့ များကို လေ့ကျင့်ပေးနေသည့် နိုင်ငံခြားနည်းပြများတွင် နှစ်နိုင်ငံအစိုးရချင်း သဘောတူညီချက်အရ တရုတ်နိုင်ငံမှ နည်းပြဆရာ ၃၈ ဦး လာရောက်လေ့ကျင့်ပေးလျက်ရှိကြောင်းနှင့် သက်ဆိုင်ရာအဖွဲ့ ချုပ်များမှ ငှားရမ်းထားသည့် နိုင်ငံခြားသားနည်းပြဆရာ ၅၄ ဦးရှိကြောင်း အားကစားဝန်ကြီးဌာနတာဝန်ရှိသူတစ်ဦးက ပြောသည်။

ထို့ကြောင့် မြန်မာအားကစားအဖွဲ့ များကို လေ့ကျင့်ပေးနေသည့် နိုင်ငံခြားနည်းပြစာရင်းတွင် တရုတ်နိုင်ငံမှနည်းပြဆရာအများဆုံးဖြစ်ပြီး ထိုင်းနိုင်ငံမှ နည်းပြဆရာ ၃၂ ဦးဖြင့် ဒုတိယအများဆုံးဖြစ်သည်။ အခြားနည်းပြဆရာများမှာ အင်္ဂလန်၊ စပိန်၊ အမေရိကန်၊ ဂရိ၊ ဟန်ဂေရီ၊ ကာဇက်စတန်၊ ကိုရီးယား၊ ဂျပန်၊ မလေးရှား၊ အင်ဒိုနီးရှားစသည့်နိုင်ငံများမှဖြစ်ပြီး သက်ဆိုင်ရာမြန်မာအားကစားအဖွဲ့ များကို လေ့ကျင့်ပေးလျက်ရှိကြောင်း သိရှိရသည်။

"နောက်ထပ် လာဖို့ရှိတဲ့ နိုင်ငံခြားနည်းပြဆရာရှစ်ဦးနဲ့ ပေါင်းမယ်ဆိုရင် စုစုပေါင်းနိုင်ငံခြားနည်းပြအရေအတွက် ၁၀၀ က မြန်မာအားကစားအဖွဲ့ တွေကို လေ့ကျင့်ပေးနေတာပါ။ နိုင်ငံခြားနည်းပြတွေအနေနဲ့ မြန်မာနည်းပြတွေနဲ့ပူးပေါင်းလေ့ကျင့်ပေးလျက်ရှိပါတယ်"ဟု အားကစားဝန်ကြီးဌာနတာဝန်ရှိသူက ပြောသည်။

အဆိုပါ နိုင်ငံခြားနည်းပြဆရာများသည် မြန်မာနည်းပြဆရာများနှင့်ပူးပေါင်း၍ နေပြည်တော်၊ ရွှေအားကစားလေ့ကျင့်ရေးစခန်း အဖွဲ့ ချုပ်များနှင့် ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲများအတွက် ရည်ရွယ်လေ့ကျင့်နေသော ရန်ကုန်နှင့် မန္တလေး အား/ကာသိပ္ပံကျောင်းများမှမြန်မာအားကစားသမားများကို လေ့ကျင့်ပေးလျက်ရှိသည်။

လာမည့် ဆီးဂိမ်းပြိုင်ပွဲအတွက် ရည်ရွယ်၍ မြန်မာအားကစားအဖွဲ့ များကို နေပြည်တော်၊ ရွှေအားကစားလေ့ကျင့်ရေးစခန်းတွင် အားကစားသမားပေါင်း ၈၀၀ ကျော်နှင့် ကျန်အားကစားအဖွဲ့ ချုပ်များတွင် အားကစားသမား ၄၀၀ ကျော်ရှိပြီး အားကစားသမားစုစုပေါင်း ၁,၀၀၀ ကျော် စခန်းသွင်းလေ့ကျင့်နေခြင်း ဖြစ်သည်။

မြန်မာနိုင်ငံက လက်ခံကျင်းပမည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်ပြီး အိမ်ရှင်မြန်မာနိုင်ငံမှ အားကစားသမား ၇၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားကြောင်း သတင်းရရှိသည်။

## အင်တာမီလန် ရှယ်ယာများ အင်ဒိုနီးရှား လုပ်ငန်းရှင်တစ်ဦး ဝယ်ယူမည်ဟုဆို

**မီလန်၊ဇွန်-၁**

အီတလီစီးရီးအေမှ ရှန်းကန်နေရသော ထိပ်သီးကလပ်အသင်း အင်တာမီလန်သည် အသင်း၏ ရှယ်ယာအချို့ကို အင်ဒိုနီးရှား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ အီရစ်သိုဟီရာထံ ရောင်းချသွားဖွယ်ရှိနေကြောင်း အီတလီမီဒီယာများက ဖော်ပြသည်။

အင်တာသည် ပြီးခဲ့သည့် ဘောလုံးရာသီ၌ သမိုင်းတစ်လျှောက် အဆိုးဆုံးအခြေအနေနှင့် ရင်ဆိုင်နေရပြီး လိဂ်တွင် အဆင့်ကိုးသာရခဲ့၍ လာမည့်ရာသီ ချန်ပီယံလိဂ်နှင့် ယူရိုပါလိဂ်ခြေစစ်ပွဲဝင်ခွင့်များပါ ဆုံးရှုံးခဲ့ရသည်။ အီတာလျံမီဒီယာများ၏ ဖော်ပြချက်များအရ အင်တာဥက္ကဋ္ဌ မက်ဆီမိုမော်ရက်တီသည် အင်ဒိုနီးရှားစက်မှုလုပ်ငန်းရှင် သူဌေးကြီး တက်ဒီသိုဟီရာ၏ သားဖြစ်သူ အီရစ်သိုဟီရာနှင့် ဆွေးနွေးမှုများ ပြုလုပ်နေသည်။ အီတာလျံရုပ်သံ Ore 24 က အီရစ်သိုဟီရာသည် အင်တာတွင် ရှယ်ယာစုစုပေါင်း၏ ၈၀ ရာခိုင်နှုန်း တန်ဖိုး ယူရိုသန်း ၂၈၀ (ဒေါ်လာ ၃၆၄ သန်း)ဖြင့် ဝယ်ယူရန် ကမ်းလှမ်းထားကြောင်း ဆိုသည်။ အီရစ်သိုဟီရာသည် လက်ရှိတွင် အမေရိကန်အမျိုးသားဘတ်စကက်ဘောပြိုင်ပွဲ NBA အသင်းဖြစ်သည်Philadelphia 49ers အပြင် မေဂျာလိဂ်ဘောလုံးပြိုင်ပွဲမှ ဒီစီယူနိုက်တက်တို့တွင် ရှယ်ယာများ ပိုင်ဆိုင်ထားသူဖြစ်သည်။

မေလ ၃၁ ရက်က ထုတ်ဝေခဲ့သော ဂေဇက်တာ ဒယ်လိုစပို့တ် သတင်းစာမျက်နှာဖုံးတွင်လည်း သိုဟီရာက ၎င်း၏အမည်ပါဝင်သော အင်တာအသင်း အင်္ကျီကို ကိုင်ပြထားသည့် ပုံနှင့် အတူ "အင်ဒိုအင်တာ"ဟု ခေါင်းစီးတပ်ကာ ဖော်ပြခဲ့သည်။ သို့သော် အင်တာဥက္ကဋ္ဌ မိုရက်တီက အဆိုပါသူဌေး ကလပ်ရှယ်ယာအများစု ဝယ်ယူမည့်သတင်းကို ပယ်ချခဲ့သည်။ အခြားသော သတင်းများကလည်း မိုရက်တီသည် ကလပ်မှရှယ်ယာ ၂၀ မှ ၃၀ ရာခိုင်နှုန်းခန့်ကိုသာ ရောင်းချပြီး ကစားသမားသစ်ဝယ်ယူရေးနှင့် ကစားကွင်းသစ် တည်ဆောက်ရေးကို ဆောင်ရွက်မည်ဟု ရေးသားနေသည်။




YAN ARMAND/EPA

အင်တာမီလန်သည်ချန်ပီယံလိဂ်ဆုဖလားကို ၂၀၁၀ တွင် ရရှိခဲ့သည့်နောက်ဆုံးအီတလီကလပ်အသင်းဖြစ်ကာ ဆန်ဆီရိုဟု လူသိများသော ပရိသတ်ရှစ်သောင်းကျော်ဆံ့သည့် ဂူဆက်ပီ မီယာဇာကွင်းကြီးကို မြို့ခံပြိုင်ဘက် အေစီမီလန်နှင့်အတူပိုင်ဆိုင်ထားသော အသင်းဖြစ်သည်။ —Ref: AFP

## မြန်မာအမျိုးသမီးဘောလုံးအသင်း ဂျပန်သို့ သုံးပတ်ကြာသွားရောက်လေ့ကျင့်မည်

**ဗိုလ်ဗိုလ်ဝင်း**

**ရန်ကုန်- ဇွန် ၁**

နိုင်ငံတကာပြိုင်ပွဲများအတွက် ပြင်ဆင်နေသောမြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းသည် ဂျပန်နိုင်ငံ၌ သုံးပတ်ကြာလေ့ကျင့်မှုများ သွားရောက်ပြုလုပ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

၂၀၁၄ အာရှဖလားပြိုင်ပွဲအောင်မြင်ထားသည့် မြန်မာအမျိုးသမီးဘောလုံးအသင်းသည် လာမည့်အာဆီယံချန်ပီယံရှစ်နှင့် ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ဂျပန်နိုင်ငံ၊ အိုဆာကာမြို့၌ ဇွန်လ ၁၀ ရက်မှ ၃၀ ရက်အထိ သုံးပတ်ကြာသွားရောက်စခန်းသွင်းလေ့ကျင့်မည်ဖြစ်သည်။

"ဂျပန်နိုင်ငံ၊ အိုဆာကာမြို့မှာ ရောက်ရှိနေချိန် ပထမနှစ်ပတ်အတွင်းမှာ အသင်းကို လေ့ကျင့်မှုပုံစံအဓိကပြုလုပ်သွားမှာဖြစ်ပြီး နောက်ဆုံးတစ်ပတ်မှာ ဂျပန်က အမျိုးသမီးဘောလုံးကလပ်အသင်းတွေနဲ့ ခြေစမ်းပွဲခြောက်ပွဲလောက်ကစားဖို့ စီစဉ်ထားပါတယ်"ဟု မြန်မာအမျိုးသမီးအသင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါဂျပန်ခရီးစဉ်သို့ အာရှဖလားခြေစစ်ပွဲဝင် မြန်မာအမျိုးသမီးဘောလုံးအသင်းမှ ကစားသမား ၂၃ ဦးအပါအဝင် ကစားသမားနှစ်ဦး ထပ်မံဖြည့်တင်းကာ စုစုပေါင်း ၂၅ ဦးဖြင့် သွားရောက်လေ့ကျင့်မည်ဖြစ်သည်။

ယခုနှစ်အတွင်းမြန်မာအမျိုးသမီးဘောလုံး အသင်းယှဉ်ပြိုင်ရမည့် အဓိကပြိုင်ပွဲနှစ်ရပ်ရှိနေပြီး လာမည့် စက်တင်ဘာလအတွင်း ကျင်းပမည့် အာဆီယံအမျိုးသမီးချန်ပီယံရှစ်ပြိုင်ပွဲနှင့် ဒီဇင်ဘာလအတွင်း ကျင်းပမည့်(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲဖြစ်သည်။ အဆိုပါပြိုင်ပွဲနှစ်ရပ်စလုံးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဖြစ်သည်။

မြန်မာအမျိုးသမီးဘောလုံးအသင်းသည် ပြီးခဲ့သည့် မေလအတွင်းက ကျင်းပခဲ့သည့် ၂၀၁၄ အာရှဖလားအမျိုးသမီးခြေစစ်ပွဲကိုလည်း အောင်မြင်ထားပြီး နောက်ဆုံးအဆင့်သို့တက်ရောက်နိုင်ခဲ့သည်။



*လေ့ကျင့်ရေးဆင်းနေသည့် အမျိုးသမီးဘောလုံးအသင်း*   ဓာတ်ပုံ - ဗိုလ်ဗိုလ်ဝင်း

# ရေနံထုတ်လုပ်မှု စံနှုန်းထိန်းထားရန် အိုပက်အဖွဲ့ဝင်နိုင်ငံများ သဘောတူ

**ဗီယင်နာ၊ဇွန်-၁**


AFP

*ရေနံတင်ပို့ရောင်းချသောနိုင်ငံများအသင်း(OPEC)၏အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သည့် လစ်ဗျားနိုင်ငံမှ အဘက်ဒယ်လာဆလမ်အယ်လ်ဘတ်ဒရီက အိုပက်ကွန်ဖရင့်၏ ၁၆၃ ကြိမ်မြောက်အစည်းအဝေး သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များ၏မေးမြန်းမှုများကို ဖြေကြားနေစဉ်။ အိုပက်အဖွဲ့သည် ဗီယင်နာတွင် အစည်းအဝေးပြုလုပ်ပြီးနောက် တစ်နေ့လျှင် ရေနံစိမ်းစည် သန်း ၃၀ အထိသာ ထုတ်လုပ်သွားရေး ကန့်သတ်ချက်ကို ကိုင်စွဲသွားရန် သဘောတူခဲ့သည်။*

တစ်နေ့လျှင်ရေနံစည်ပေါင်းသန်း ၃၀ ထုတ်လုပ်မှုစံချိန်ကို ထိန်းသိမ်းသွားရန် ရေနံထုတ်လုပ်ရောင်းချသော နိုင်ငံများအဖွဲ့ (OPEC)က သဘောတူလိုက်ကြောင်း ဗင်နီဇွဲလား စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရာဖေးရာမီးရတ်ဇ်က ဗီယင်နာမြို့တွေ့ဆုံဆွေးနွေးပွဲအပြီး မေလ ၃၁ ရက်တွင် ပြောသည်။

ရေနံထုတ်လုပ်မှုပမာဏကို အိုပက်အဖွဲ့ဝင်တိုင်း သဘောတူကြကြောင်းနှင့် ဈေးကွက်အား စောင့်ကြည့်လျက်ရှိကြောင်း မစ္စတာရာမီးရက်ဇ်က သတင်းထောက်များအား ပြောသည်။ စွမ်းအင်ဝယ်လိုအားအပေါ် ဥရောပဇုန်ကြွေးမြီပြဿနာများက အကျိုးသက်ရောက်မည်ကိုလည်း အိုပက်အဖွဲ့က စိုးရိမ်နေကြောင်း ၎င်းကထပ်လောင်းပြောကြားသည်။

အီးယူအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးအခြေအနေမှာ ပြောရခက်သည့် အခြေအနေ ဖြစ်နေသောကြောင့် ရေနံဈေးကွက်အား အိုပက်အဖွဲ့က စောင့်ကြည့်လျက်ရှိကြောင်း၊ လာမည့်ဒီဇင်ဘာလတွင် နောက်တစ်ကြိမ်တွေ့ဆုံဆွေးနွေးစဉ် ဆွေးနွေးရန် အချက်အလက် ပိုများလာလိမ့်မည်ဖြစ်ကြောင်း ရာမီးရတ်ဇ်က ပြောသည်။

"ရေနံဈေးနှုန်းကို ကာကွယ်ရမယ်။ ကျွန်တော်တို့ရေနံဈေးနှုန်းကို ကာကွယ်သွားမယ်"ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

ကမ္ဘာ့ရေနံဈေးကွက်၏ ၃၅ ရာခိုင်နှုန်း ထုတ်လုပ်လျက်ရှိသော အိုပက်အဖွဲ့သည် ၂၀၁၁ ခုနှစ်မှစ၍ တစ်နေ့လျှင် ရေနံစည်ပေါင်း သန်း ၃၀ ထုတ်လုပ်နေခြင်းကို ဆက်လက်ထိန်းသိမ်းသွားရန် ဆုံးဖြတ်ခဲ့သည်။ ကမ္ဘာ့ရေနံဝယ်လိုအားမှာ တရုတ်နိုင်ငံ၏ ငွေဖောင်းပွမှု၊ ဥရောပဇုန် ကြွေးမြီပြဿနာနှင့် အမေရိကန်နိုင်ငံ၏ စီးပွားရေးမူဝါဒမရေရာမှုများ၏ လွှမ်းမိုးခြင်းခံနေရကြောင်း အိုပက်အဖွဲ့ကပြောသည်။

အိုပက်အဖွဲ့ဝင်နိုင်ငံများသည် ရေနံထုတ်လုပ်မှု လျှော့ချခြင်းဖြင့် ရေနံဈေး မြင့်တက်လာနိုင်ပြီး ဝင်ငွေပိုလာအောင် ဆောင်ရွက်နေသည်။ *—Ref:AFP*

# ဥရောပအလုပ်လက်မဲ့နှုန်း ဧပြီလတွင်စံချိန်သစ်တင်

**ဘရပ်ဆဲလ်၊ဇွန်-၁**

ယူရိုဇုန်အလုပ်လက်မဲ့နှုန်းသည် ဧပြီလအတွင်း ထပ်မံ၍ စံချိန်သစ်တင်ခဲ့ကြောင်း တရားဝင်ထုတ်ပြန်သော စာရင်းဇယားများအရ သိရသည်။

မတ်လကထုတ်ပြန်ခဲ့သော စာရင်းတွင် အလုပ်လက်မဲ့နှုန်းမှာ ၁၂ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ဧပြီလတွင် ၁၂ ဒသမ ၂ ရာခိုင်နှုန်းသို့ ရောက်ရှိလာခဲ့သည်။ အရေအတွက်အရတွက်ချက်ပါက ဥရောပ ၁၇ နိုင်ငံတွင် အလုပ်လက်မဲ့ဦးရေ ၉၅,၀၀၀ ထပ်တိုးလာခြင်းဖြစ်ပြီး စုစုပေါင်းဆိုလျှင် လူပေါင်း ၁၉ ဒသမ ၃၈ သန်း အလုပ်လက်မဲ့ဖြစ်နေသည်။

ဂရိနှင့် စပိန်နိုင်ငံတွင် အလုပ်လက်မဲ့နှုန်းမှာ ၂၅ ရာခိုင်နှုန်း ကျော်လွန်နေပြီး အနိမ့်ဆုံးအလုပ်လက်မဲ့နှုန်းရှိရာ နိုင်ငံမှာ ဩစတြီးယားနိုင်ငံဖြစ်၍ ၄ ဒသမ ၉ ရာခိုင်နှုန်းသာရှိသည်။

ဥရောပကော်မရှင်၏ ထုတ်ပြန်ချက်အရ ဂျာမနီနိုင်ငံ၏ အလုပ်လက်မဲ့နှုန်းမှာ ၅ ဒသမ ၄ ရာခိုင်နှုန်းနှင့် လူဇင်ဘတ် ၅ ဒသမ ၆ ရာခိုင်နှုန်းတို့မှာ အလုပ်မရှိသူနည်းပါးသော နိုင်ငံများစာရင်းဝင် နေပြီး အမြင့်ဆုံးဖြစ်သော နိုင်ငံများမှာ ဂရိ(၂၇ ရာခိုင်နှုန်း)၊ စပိန် (၂၆ ဒသမ ၈ ရာခိုင်နှုန်း)နှင့် ပေါ်တူဂီ(၁၇ ဒသမ ၈ ရာခိုင်နှုန်း) တို့ဖြစ်သည်။

"ရှေ့လာမယ့် ၂၀၁၄ နှစ်လယ်ပိုင်းအထိ အလုပ်လက်မဲ့ကိစ္စ တည်ငြိမ်သွားမယ်လို့ ကျွန်တော်မထင်ပါဘူး"ဟုပြင်သစ်နိုင်ငံ ပါရီမြို့ Credit Agricole ကုမ္ပဏီစီးပွားရေးပညာရှင် ဖရက်ဒရစ်ဒူခရိုနက်က ပြောကြားပြီးပြင်သစ်နိုင်ငံ၏ အခြေအနေမှာလည်း ယိုယွင်းလာသည်ဟု ဆက်လက်ပြောသည်။ *—Ref: BBC*



AFP

Designing The Future
KDDI
အစဉ်အလာကြီးမား
တွဲလက်ခိုင်မာ ဂျပန် – မြန်မာ



မြန်မာနိုင်ငံသားများအတွက် ပိုမိုကောင်းမွန်၊ လွယ်ကူသော တယ်လီကွန်းဆက်သွယ်ရေးဝန်ဆောင်မှုများပေးရန် ရည်ရွယ်၍ ဂျပန်နိုင်ငံမှ KDDI Corporation, Sumitomo Corporation တို့သည် မြန်မာနိုင်ငံရှိ Myanmar Information & Communication Technology Development Corporation Limited, A1 Construction Company Limited တို့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

ဂျပန်နိုင်ငံ၏ အကြီးမားဆုံး မိုဘိုင်းဝန်ဆောင်မှုလုပ်ငန်းတစ်ခုဖြစ်ပြီး ယုံကြည်စိတ်ချရသော ဝန်ဆောင်မှုများ ပေးလျက်ရှိသော KDDI သည် ၁၉၆၂ ကတည်းကစ၍ ယနေ့အချိန်ထိ မြန်မာ တယ်လီကွန်းအင်ဂျင်နီယာများကို သင်တန်းများ ပို့ချပေးလျက်ရှိပါသည်။ ယနေ့အခါ မြန်မာနိုင်ငံအနေဖြင့် ရုံးခွဲကို ဖွင့်လှစ်ကာ ရုံးခန်းနေရာ ငှားရမ်းခြင်း၊ ရုံးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ ပေးခြင်းနှင့် Network ပိုင်းဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းတို့ကို မြန်မာနိုင်ငံတွင် စတင်တည်ထောင်လျက်ရှိသော ကုမ္ပဏီများအတွက် လုပ်ဆောင်ပေးလျက်ရှိပါသည်။

Sumitomo Corporation သည် အရှေ့တောင်အာရှတွင် ပထမဦးဆုံးဖွင့်လှစ်သော ရုံးခွဲအနေဖြင့် မြန်မာနိုင်ငံရုံးခွဲကို ၁၉၅၄ တွင် စတင်ဖွင့်လှစ်ခဲ့ပြီး မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအတွက် တယ်လီကွန်းဆိုင်ရာ ပစ္စည်းကိရိယာများကို ပံ့ပိုးလျက်ရှိသာမက စက်မှုလုပ်ငန်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများလည်း လုပ်ကိုင်လျက်ရှိပါသည်။ ရုရှား၊ မွန်ဂိုလီးယား၊ ဗီယက်နမ်နိုင်ငံများ အတွက် ပိုမိုကောင်းမွန်သော တယ်လီကွန်းဆက်သွယ်ရေး လုပ်ငန်းများကို နှစ်ပေါင်းများစွာ ငွေကြေးရင်းနှီးမြှုပ်နှံခြင်းဖြင့်၎င်း၊ ချေးငွေစနစ်ဖြင့်၎င်း၊ တယ်လီကွန်ယက်များကို တည်ဆောက်ပေးခြင်းဖြင့်၎င်း၊ ဝန်ဆောင်မှုပေးလျက်ရှိရာ ယနေ့အခါ မြန်မာနိုင်ငံ၏တယ်လီကွန်းဆက်သွယ်ရေး အခန်းကဏ္ဍအတွက် မြောက်မြားလှစွာသော လုပ်ငန်း အတွေ့အကြုံများ၊ အဆင့်မြင့် နည်းပညာများဖြင့် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေး လုပ်ငန်းကို ပိုမို တိုးတက် ကောင်းမွန်အောင် အစွမ်းကုန် ကူညီပံ့ပိုးပေးရန် ရည်သန်လျက်ရှိပါသည်။

www.au.kddi.com/english/mobile

7 ရက် သတင်းဂျာနယ် 7DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013

## ဘိုးရင်း 787 ထက်ကြီးသော လေယာဉ်များ ကုမ္ပဏီတည်ဆောက်

**လော့စ်အိန်ဂျလိစ်၊ ဇွန်-၃**

ဘိုးရင်းကုမ္ပဏီက 787 ဘိုးရင်းလေယာဉ်ထက်ကြီးသည့် 787-9 အမျိုးအစား လေယာဉ်များကို မေလ ၃၀ ရက်တွင် စတင်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဘိုးရင်းကုမ္ပဏီ၏ ကြေညာချက်တွင် ဖော်ပြသည်။

787-9 ဘိုးရင်းလေယာဉ်သည် 787-8 လေယာဉ်ထက် ခရီးသည် ၄၀ ဦးပိုမိုတင်ဆောင်နိုင်မည်ဖြစ်ပြီး ခရီးသည် ၂၅၀ မှ ၂၉၀ အထိ သယ်ဆောင်နိုင်ကာ အရွယ်အစားတူ လေယာဉ်များထက် လောင်စာဆီ ၂၀ ရာခိုင်နှုန်းလျှော့၍သုံးထားစဉ် လေမိုင် ၃၀၀ မိုင် ပိုမိုမောင်းနှင်နိုင်မည်ဖြစ်သည်။ လေယာဉ်အသစ်များကို နယူးဇီလန် လေကြောင်းသို့ ၂၀၁၄ ခုနှစ်စောစောပိုင်းတွင် စတင်ပေးပို့သွားမည်ဖြစ်သည်။ ကမ္ဘာအနှံ့မှ လေကြောင်းကုမ္ပဏီ ၂၀ က 787-9 လေယာဉ် ၃၅၅ စီး မှာယူထားပြီး စုစုပေါင်း 787 လေယာဉ်မှာ ယူမှု၏ ၄၀ ရာခိုင်နှုန်းရှိကြောင်း ဘိုးရင်းကုမ္ပဏီက ပြောသည်။

အမေရိကန်လေဆိပ်တစ်ခုတွင် ရပ်ထားသည့် 787 လေယာဉ်တစ်စီး၏ ဘက်ထရီမီးလောင်ကျွမ်းခဲ့ပြီးနောက် အာဏာပိုင်များက ဘိုးရင်း 787 လေယာဉ်များအားလုံးကို ရပ်နားထားခဲ့သည်။ နောက်တစ်စီး၏ ဘက်ထရီမှာ မောင်းနှင်နေစဉ် မီးလောင်ကျွမ်းပြီး မီးခိုးအငွေ့များထွက်လာခြင်းကြောင့် အရေးပေါ်ဆင်းသက်ခဲ့ရသည်။ ဘက်ထရီ ပြောင်းလဲမှုပြုလုပ်ထားသော လေယာဉ်များအား ဧပြီလတွင် အမေရိကန်အရာရှိများက ပြန်လည်၍ ပျံသန်းခွင့်ပြုခဲ့သည်။ *—Ref: AFP*

## အနောက်တိုင်း သတင်းစာစောင်ရေများ ကျဆင်းသော်လည်း အရှေ့တိုင်းတွင် မြင့်တက်လာဟု စစ်တမ်းကဖော်ပြ

**ကွာလာလမ်ပူ**-ကမ္ဘာ့သတင်းစာများနှင့် ပုံနှိပ်ထုတ်ဝေသူများအသင်း (WAN-IFRA)က ပြုလုပ်ခဲ့သော ကမ္ဘာ့ပုံနှိပ်မီဒီယာလမ်းကြောင်းများစစ်တမ်း နှစ်စဉ်အစီရင်ခံစာက အနောက်တိုင်းတွင် ဒစ်ဂျစ်တယ်နည်းပညာ အားကောင်းလာမှုကြောင့် သတင်းစာစောင်ရေကျဆင်းလာသော်လည်း အရှေ့တိုင်းနိုင်ငံများတွင်မူ ပုံနှိပ်သတင်းစာများ ရောင်းချရမှု မြင့်တက်လာသည်ဟု ဖော်ပြသည်။



REUTERS

စစ်တမ်းတွင် ဒစ်ဂျစ်တယ်သတင်းဝက်ဘ်ဆိုက်များ တိုးပွားလာနေသော်လည်း နောက်ဆက်တွဲကြော်ငြာဝင်ငွေများမှာ တိုးလာခြင်းမရှိကြောင်း၊ ဝက်ဘ်ဆိုက်များကိုဝင်ရောက်ဖတ်ရှုသူများလာသော်လည်း စာဖတ်သူတို့၏ ထိတွေ့မှုမှာ နည်းပါးနေကြောင်း ဆိုထားသည်။ WAN-IFRA အဖွဲ့ အမှုဆောင်အရာရှိချုပ် ဗင်းဆင့်ပေရက်ဂ်နီက "သတင်းလောကရဲ့အနာဂတ်ဟာနိုင်ငံသားတွေက သူတို့ရဲ့ လူ့အဖွဲ့ အစည်းတွေမှာ ဘယ်လို ပါဝင်ပတ်သက်ကြ၊ ထိတွေ့ကြတယ်ဆိုတာနဲ့ ဆိုင်ပါတယ်။ အခပေးဝယ်ရတဲ့ သတင်းစာတွေ စောင်ရေကျလာတောင်မှ သတင်းစာတွေဟာ မိုဘိုင်းဖုန်း၊ အွန်လိုင်းနဲ့ ပုံနှိပ်မီဒီယာတို့က နေ ပရိသတ် အများအပြားဆီ ရောက်ရှိနေနိုင်ပါတယ်"ဟု ပြောသည်။ သတင်းလုပ်ငန်းများ၏ အခြေခံကျသော စိန်ခေါ်မှုများနှင့် ပတ်သက်၍ "ဈေးကွက်က အစိတ်အပိုင်းတွေ ကွဲပြားနေတာဟာ ကျွန်တော်တို့ လုပ်ငန်းမိုဒယ်ပုံစံအတွက် ခြိမ်းခြောက်မှုဖြစ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ရဲ့ အဓိကတာဝန်နဲ့တန်ဖိုးတွေဖြစ်တဲ့ လွတ်လပ်တဲ့ နိုင်ငံသားတွေဖြစ်အောင် အားပေးရေး၊ လူ့အဖွဲ့ အစည်းမှာ လိုအပ်တဲ့ သတင်းအချက်အလက်တွေကို ရယူပြီး ဆုံးဖြတ်ချက်တွေ ချမှတ်နိုင်ရေးအတွက် ဖြည့်ဆည်းပေးရေးတို့ကို ဆောင်ရွက်နိုင်ပါတယ်"ဟုဂင်းက ပြောသည်။

အဖွဲ့၏စစ်တမ်းသည် ကမ္ဘာ့သတင်းလောက၏ စုစုပေါင်းတန်ဖိုး ၉၀ ရာခိုင်နှုန်းကျော် ပါဝင်နေသော နိုင်ငံပေါင်း ၇၀ ကျော်မှ တိကျသည့် သတင်းအချက်အလက်များကို စုစည်းကောက်ယူဖော်ပြထားခြင်းဖြစ်သည်။

စစ်တမ်း၌ အချက်အလက်များစွာကိုကမ္ဘာလုံးဆိုင်ရာအချက်အလက်များ စုဆောင်းကောက်ယူနေသည့် သုတေသနအဖွဲ့ များထံမှ ရယူထားသည်။

*—Ref: Asiaone*

## ကဒါဖီ၏ သားအားလွှဲပြောင်းပေးအပ်ရန် နိုင်ငံတကာခုံရုံးဆုံးဖြတ်ချက် လစ်ဗျားအယူခံဝင်မည်

**ထရီပိုလီ၊ ဇွန် -၃**

လစ်ဗျားနိုင်ငံသည် မွမ်မာကဒါဖီ၏ သားဖြစ်သူ ဆာအစ်အယ်အစ္စလာမ်ကဒါဖီအား နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) သို့ လွှဲပြောင်းပေးရမည် အပ်ဟူသော (ICC)၏ ဆုံးဖြတ်ချက်ကို အယူခံဝင်သွားမည်ဖြစ်ကြောင်း တရားရေးဝန်ကြီးဆာလာအယ်လ်မာဂရာနီက ဇွန် ၂ ရက်တွင်ပြောကြားသည်။

"လစ်ဗျားနိုင်ငံဟာ နိုင်ငံတကာစံနှုန်းနဲ့အညီမျှမျှတတ တရားစစ်ဆေးစီရင်တာတွေလုပ်နိုင်တယ်ဆိုတာကို ICC လက်ခံယုံကြည်လာအောင် လုပ်သွားမှာပါ" ဟုတရားရေးဝန်ကြီး၏ ပြောကြားချက်ကို နိုင်ငံပိုင်လာနာသတင်းဌာနက ကောက်နုတ်ဖော်ပြသည်။

လစ်ဗျားနိုင်ငံသည် ၎င်းကိုယ်တိုင်တရားစွဲဆိုခြင်းများ ပြုလုပ်နေသောကြောင့် ICC အနေဖြင့် ၎င်းနိုင်ငံသားအား တရားစီရင်ပိုင်ခွင့်မရှိကြောင်းနှင့် ပြည်တွင်းတရားစီရင်ရေးစနစ်သည် လုပ်ဆောင်ရမည့် တာဝန်ကို မကျေပွန်မှသာ ကြားဝင်ဖြေရှင်းပေးသင့်ကြောင်း လစ်ဗျားနိုင်ငံက ICC ၏ လုပ်ကိုင်ခွင့်ကို စိန်ခေါ်ခဲ့သည်။

"လစ်ဗျားနိုင်ငံက ICC ရဲ့ ဆုံးဖြတ်ချက်ကို အယူခံဝင်သွားမှာပါ။ လစ်ဗျားနိုင်ငံသားနှင့် နိုင်ငံတကာကျွမ်းကျင်ပညာရှင်တွေပါတဲ့ အဖွဲ့ဟာ အခုအယူခံဝင်ဖို့ ပြင်ဆင်နေကြပါတယ်"ဟု တရားရေးဝန်ကြီး၏ ပြောကြားချက်ကို လာနာသတင်းဌာနကဖော်ပြခဲ့သည်။

နိုင်ငံတကာတရားသူကြီးများက လစ်ဗျားအစိုးရရှေ့နေများသည် ၎င်းတို့၏ အာဏာပိုင်များက နိုင်ငံတကာရှေ့နေများကဲ့သို့ ကဒါဖီနှင့် ပတ်သက်သော ရာဇဝတ်မှုများ စုံစမ်းနေကြောင်း သက်သေပြတင်ပြခဲ့ခြင်းမရှိဟုဆိုကာ လစ်ဗျားနိုင်ငံ၏ ရပ်တည်ချက်ကို မေ ၃၁ ရက်ကပယ်ချခဲ့သည်။ *—Ref: Reuters*




## ပြင်သစ်စားသောက်ဆိုင်များတွင် အသင့်စား အစားအစာများ ချက်ပြုတ်ရောင်းချခြင်း တားမြစ်ရန်စီစဉ်

**ပါရီ၊ ဇွန်-၃**

ပြင်သစ်နိုင်ငံသည် စားကောင်းသောက်ဖွယ်ပေါသောဂုဏ်သတင်းကို စံချိန်စံညွှန်းမမီသော စားသောက်ဆိုင်များက ဖျက်ဆီးနေသည်ဟု စိုးရိမ်မိသောကြောင့် စားသောက်ဆိုင်ရှိအစားအသောက်များကို ဆိုင်ရှိ စားဖိုမှူးများကိုယ်တိုင် ချက်ပြုတ်ခြင်းမဟုတ်လျှင် အဆိုပါဆိုင်များကို 'စားသောက်ဆိုင်' ဟု ခေါ်ယူခွင့်ပြုမည်မဟုတ်ကြောင်း စီစဉ်နေသည်။

စင်ဟိုခရက် စားသောက်ဆိုင်များ သမဂ္ဂနှင့် ဥပဒေပြုဌာန်းသူများအဖွဲ့က ထောက်ခံသော အဆိုပါ ကြိုးပမ်းမှုသည် အသင့်ပြင်အစားအစာများကို မိုက်ခရိုဝေ့ဖ်မီးဖိုဖြင့် နွေးကာ မိမိစားသောက်ဆိုင်၏ အစားအစာအဖြစ်ရောင်းချနေသောစားသောက်ဆိုင်များ ပေါများလာခြင်းအပေါ် တားဆီးနိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ သို့ရာတွင် ယင်းကြိုးပမ်းမှုသည် စားသောက်ဆိုင်ပိုင်ရှင်အချို့၏ ကန့်ကွက်မှုများကို ရင်ဆိုင်နေရပြီး အဓိကအလုပ်ဆုံးရှုံးမှုများ၏ အန္တရာယ်နှင့်လည်း ကြုံတွေ့နေရသည်ဟု သိရသည်။ အဆိုပါအကြံပြုချက်ကို ယခုလတွင် ပါလီမန်သို့တင်သွင်းရန် ရည်ရွယ်ထားသည်။

အသင့်ပြင်အစားအစာများကို ပြန်နွေးရောင်းချသော ဆိုင်များအား စားသောက်ဆိုင်ဟူသောအမည် ခေါ်ယူခွင့်ပြုမည်မဟုတ်ကြောင်းနှင့် ချွင်းချက်အနေဖြင့် ပေါင်မုန့်၊ ရေခဲမုန့်ကဲ့သို့သော အစားအသောက်များကိုမူ ခွင့်ပြုထားကြောင်း သိရသည်။ အဆိုပါဥပဒေသည် အချို့သောစားသောက်ဆိုင်များအတွက်ကောင်းမွန်မှန်ကန်သော အခွင့်အရေးဖြစ်သော်လည်း အခြားသော စားသောက်ဆိုင် အုပ်စုများက ယင်းဥပဒေကို အပြင်းအထန်ဆန့်ကျင်သွားမည်ဟု ပြီးခဲ့သော သီတင်းပတ်က ကြေညာခဲ့သည်။

*—Ref: AFP*

နောက်ကျောဖုံး မှ

## အီးဘွတ်ခ်ဈေးနှုန်း သတ်မှတ်သည့်ကိစ္စ ကန်အစိုးရက အက်ပဲလ်ကုမ္ပဏီကိုတရားစွဲ



GETTY IMAGES

အမေရိကန်တရားရေးဌာနက ၂၀၁၂ ခုနှစ် ဧပြီလအတွင်း အက်ပဲလ်ကုမ္ပဏီနှင့်အတူ အခြားအမေရိကန်၏ စာအုပ်ထုတ်ဝေသော အကြီးဆုံးကုမ္ပဏီ ငါးခုအား တရားစွဲဆိုခဲ့သည်။ ၎င်းတို့မှာ အီလက်ထရွန်နစ်စာအုပ်များ၏ ဈေးနှုန်းကို မြှင့်တင်ရန် ပူးပေါင်းကြံစည်ခဲ့ကြပြီး အမေဇုန်ကုမ္ပဏီက ချုပ်ကိုင်ထားသော ဈေးနှုန်းကို ချိုးဖျက်ရန် ကြိုးစားခဲ့သည်ဟု အမှုတွင် စွပ်စွဲခံထားရသည်။

အခြားကုမ္ပဏီငါးခုက အစိုးရ၏ သတ်မှတ်ချက်များကို လိုက်နာ၍ နောက်ဆုတ်သွားခဲ့သော်လည်း အက်ပဲလ်ကုမ္ပဏီက နောက်ဆက်တွဲအမှုများအပေါ် စိုးရိမ်၍ ယခုကဲ့သို့ အမှုရင်ဆိုင်ခြင်းဖြစ်သည်။

*—Ref: Reuters*

နောက်ကျောဖုံး မှ

## တိုင်ပေသမ္မတဟောင်း ချန်ရွှေဗျန်း ထောင်ထဲတွင် သတ်သေရန်ကြိုးပမ်း

ချန်ရွှေဗျန်းသည် အကျဉ်းချခံရပြီးနောက်ပိုင်းတွင် လပေါင်းများစွာကြာအောင် စိတ်ကျရောဂါနှင့် အခြားကျန်းမာရေးပြဿနာများကို ဆေးရုံ၌ ကုသနေခဲ့ရပြီး နောက်ပိုင်းတွင် ၎င်းကို တိုင်ချုန်းရှိ ထောင်ဆေးရုံတစ်ခုတွင် ကုသပေးခဲ့သည်။ အသက် (၆၂)နှစ်အရွယ်ရှိ ချန်သည် စိတ်ကျရောဂါ၊ အာရုံကြောများ မူမမှန်သည့်ရောဂါ အပါအဝင် အခြားရောဂါများ ခံစားနေရကြောင်း ဆေးမှတ်တမ်းများအရ သိရသည်။

ချန်ရွှေဗျန်းနှင့် ၎င်း၏မိသားစုသည် နိုင်ငံရေးရန်ပုံငွေအလှူများနှင့် လျှို့ဝှက်သံတမန်ရေး ရန်ပုံငွေ ဒေါ်လာသန်းပေါင်းများစွာကို အစိုးရကန်ထရိုက်လုပ်ငန်းများစွာတွင် အလွဲသုံးစားပြုခဲ့သည့်အတွက် ၂၀၀၉ ခုနှစ်တွင်ထောင်ဒဏ်တစ်သက် ချမှတ်ခံခဲ့ရပြီး နောက်ပိုင်းတွင် အသနားခံစာများ တင်သွင်းမှုကြောင့်ထောင်ဒဏ်နှစ် ၂၀ သို့ပြောင်းလဲလျှော့ပေါ့ခံရသည်။

*—Ref: AFP*

7 DAY NEWS JOURNAL
Vol.12, No.13 • JUNE 5 , 2013



# ဆီးရီးယားသို့ ရုရှား MiG တိုက်လေယာဉ် အနည်းဆုံး ၁၀ စီး ရောင်းမည်

**မော်စကို၊ဇွန်-၁**

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံသို့ တိုက်လေယာဉ်အနည်းဆုံး ၁၀ စီး ရောင်းချမည့် သဘောတူညီမှုအသစ်တစ်ရပ် လက်မှတ်ရေးထိုးရန် စီစဉ်နေကြောင်း ရုရှားနိုင်ငံ၏ MiG လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီကမေလ ၃၁ ရက်တွင်ပြောကြားလိုက်သည်။

MiG 29 M/M2 တိုက်လေယာဉ်များအား ဆီးရီးယားနိုင်ငံသို့ ရောင်းချမည့် စာချုပ်သစ်တစ်ရပ်၏ အသေးစိတ်အချက်အလက်များကို ဆွေးနွေးရန် ဆီးရီးယားအစိုးရကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့သည် ရုရှားနိုင်ငံ မော်စကိုမြို့သို့ ရောက်ရှိခဲ့ကြောင်း MiG ကုမ္ပဏီ အထွေထွေညွှန်ကြားရေးမှူး ဆာဂျီကိုရိုကော့ဗ်က ပြောသည်။ ဆီးရီးယားနိုင်ငံက တိုက်လေယာဉ် ၁၀ စီးထက် ပိုဝယ်လိုကြောင်း၊ သို့သော် အရေအတွက် အတိအကျကို မပြောကြားကြောင်း ရုရှားသတင်းဌာနများက ဖော်ပြသည်။

ဆီးရီးယားနိုင်ငံသို့ နိုင်ငံရပ်ခြား ကျူးကျော်မှုကို ကာကွယ်ရန်အတွက်သာ လေကြောင်းကာကွယ်ရေးဒုံးကျည်စနစ်ကဲ့သို့သော လက်နက်များအား ရုရှားနိုင်ငံက ပေးပို့မည် ဖြစ်ကြောင်းနှင့် ဆီးရီးယားပြည်တွင်းစစ်တွင် အသုံးပြုနိုင်သည့် လက်နက်များ ပေးပို့နေခြင်းမဟုတ်ကြောင်း ရုရှားနိုင်ငံကပြောသည်။

ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံသို့ ဒေါ်လာဘီလီယံပေါင်းများစွာ တန်ဖိုးရှိသော ဒုံးကျည်များ၊ တိုက်လေယာဉ်များ၊ တင့်ကားများ၊ အမြောက်များနှင့် အခြားသော စစ်ဘက်သုံးပစ္စည်းများ တင်ပို့ရောင်းချနေသည်မှာ ဆယ်စုနှစ်လေးခု ကြာခဲ့ပြီဖြစ်သည်။ ရုရှားနိုင်ငံက ဆီးရီးယားနိုင်ငံသို့ တိုက်လေယာဉ် ၂၄ စီး တင်ပို့ရန် စီစဉ်ခဲ့ကြောင်း စတော့ဟုမ်းငြိမ်းချမ်းရေးသုတေသနအဖွဲ့ကပြောကြားသည်။



MiG-29 M/M2 တိုက်လေယာဉ်များသည် အင်ဂျင်နှစ်လုံးပါ MiG-29 တိုက်လေယာဉ်များကို အဆင့်မြှင့်ထားသည့် လေယာဉ်များဖြစ်သည်။ ဆီးရီးယားနိုင်ငံသည် ရုရှားနိုင်ငံထုတ် တိုက်လေယာဉ်အစီး ၂၀ ဝယ်ယူထားပြီးဖြစ်ကြောင်း သိရသည်။

*—Ref: AP*

# အမေရိကန်နှင့် ဂျပန်နောက်တွင် သန်းကြွယ်သူဌေး အများဆုံးနိုင်ငံ တရုတ်ဖြစ်လာ

**နယူးယောက်၊ဇွန်-၁**

ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားအကြီးဆုံး နိုင်ငံဖြစ်လာသည့် တရုတ်နိုင်ငံသည် ယခုနှစ်အတွင်း အမေရိကန်နိုင်ငံနောက်တွင် သန်းကြွယ်သူဌေးအများဆုံးရှိသော တတိယမြောက်နိုင်ငံအဖြစ် ရပ်တည်လာကာ ကမ္ဘာ့သန်းကြွယ်သူဌေး ဒုတိယအများဆုံးဖြစ်သည့် ဂျပန်နိုင်ငံကို ကပ်လိုက်လာနေပြီဖြစ်သည်။

ဘော်စတွန် အတိုင်ပင်ခံကုမ္ပဏီက ပြုလုပ်ခဲ့သည့် အစီရင်ခံစာတွင် တရုတ်နှင့် ဂျပန်တို့တည်ရှိရာ အာရှ-ပစိဖိတ်ဒေသသည် လာမည့် လေးနှစ်အတွင်း အမေရိကန်၊ ကနေဒါနိုင်ငံများကဲ့သို့ ကမ္ဘာ့အချမ်းသာဆုံး နိုင်ငံများရှိရာ မြောက်အမေရိကတိုက်ကို ကျော်လွန်၍ ကမ္ဘာ့အချမ်းသာဆုံးဒေသဖြစ်လာနိုင်ကြောင်း ခန့်မှန်းထားသည်။ နှစ်စဉ်ထုတ်ပြန်လေ့ရှိသော အဆိုပါ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အတိုင်ပင်ခံကုမ္ပဏီက ၎င်းတို့၏ အစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်း၌ရှိသည့် ဓနဥစ္စာများသည် ပြီးခဲ့သည့် ၂၀၁၀ နှင့် ၂၀၁၁ တို့ထက် ပိုမိုများပြားလာခဲ့ကြောင်း ဆိုသည်။ အဖွဲ့က ၂၀၁၂ တွင် အမေရိကန်နိုင်ငံသည်သန်းကြွယ်သူဌေးအများဆုံးရှိသည့် နိုင်ငံဖြစ်ခဲ့ပြီး သူဌေးဦးရေ ၅ ဒသမ ၉ သန်းရှိခဲ့ကာ ဂျပန်နိုင်ငံတွင် ၁ ဒသမ ၅ သန်း၊ တရုတ်နိုင်ငံတွင် ၁ ဒသမ ၃ သန်းရှိခဲ့သည်ဟု ဆိုသည်။ ထို့အပြင် ကုမ္ပဏီက (သန်းထောင်ဂဏန်း) ဘီလီယံချီ ကြွယ်ဝသော ဘီလီယံနာများ အများဆုံးရှိသော တိုင်းပြည်မှာ ၂၀၁၂ တွင် အမေရိကန် ဖြစ်သော်လည်း ဘီလီယံများ အများဆုံးတည်ရှိနေသောနေရာမှာ ဟောင်ကောင်ဖြစ်ကြောင်း ဆိုခဲ့သည်။

အစီရင်ခံစာသည် နိုင်ငံများအလိုက် သန်းကြွယ်သူဌေးများ၏ ပိုင်ဆိုင်မှု၊ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံနိုင်သော ပိုင်ဆိုင်မှုအရင်းအနှီးများကို အခြေခံကာ တွက်ချက်ခဲ့ခြင်းဖြစ်သည်။

အစီရင်ခံစာက လာမည့် လေးနှစ် ၂၀၁၇ တွင် အာရှပစိဖိတ်ဒေသသည် ပုဂ္ဂလိကကြွယ်ဝမှုပိုင်းတွင် ဒေါ်လာ ၄၈ ဒသမ ၁ ထရီလီယံအထိရှိလာကာ မြောက်အမေရိကကိုကျော်၍ ကမ္ဘာ့အချမ်းသာဆုံးဒေသ ဖြစ်လာနိုင်ကြောင်း ဖော်ပြထားသည်။

*—Ref: China Daily/ANN*



7 DAY NEWS JOURNAL

# International

Vol.12, No.13 • JUNE 5 , 2013

## အီးဘွတ်ခ်ဈေးနှုန်း သတ်မှတ်သည့်ကိစ္စ ကန်အစိုးရက အက်ပဲလ်ကုမ္ပဏီကိုတရားစွဲ

**နယူးယောက် ဇွန်-၃**

အီလက်ထရွန်နစ်စာအုပ်ဈေးနှုန်းများ မြှင့်တင်ရန်အတွက် အက်ပဲလ်ကုမ္ပဏီက ထုတ်ဝေသူများနှင့် ပူးပေါင်းကြံစည်ခဲ့ကြောင်း ဖက်ဒရယ်နှင့်ပြည်နယ်အာဏာပိုင်များ၏ စွပ်စွဲချက်များကြောင့် အက်ပဲလ်ကုမ္ပဏီမှာ ဇွန် ၃ ရက်တွင် တရားရင်ဆိုင်နေရသည်။

အမေရိကန်တရားရေးဌာနက iPhone နှင့် iPad ထုတ်လုပ်သော အက်ပဲလ်ကုမ္ပဏီ ရင်ဆိုင်မှုမှာ အင်တာနက် ကုမ္ပဏီများနှင့် ကုမ္ပဏီများအတွက်အကြောင်းအရာ ရေးဆွဲထုတ်လုပ်ပေးသူများအကြား ဆက်ဆံရေးကိုလည်း စမ်းသပ်မည်ဖြစ်သည်။

"ဒီအမှုကနေပြီး အင်တာနက်စီးပွားရေးလုပ်ဖို့အတွက် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်ပေးသွားပါလိမ့်မယ်" ဟု အမေရိကန်ဖက်ဒရယ်ကုန်သွယ်ရေးကော်မရှင်ပေါ်လစီညွှန်ကြားရေးမှူးဟောင်း မစ္စတာဒေးဗစ်ဘယ်လ်ကိုက ပြောသည်။ **စာမျက်နှာ(၄၆)သို့**

**စာမျက်နှာ(၄၆)သို့**



AFP

*တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ဂျီလင်ခရိုင်ဒေသရှိ ဘောင်ယွမ်ကြက်သားထုတ်လုပ်ရေးစက်ရုံအခင်းဖြစ်ပွားရာနေရာမှ ထွက်ခွာလာသော သေဆုံးသူများ၏ဆွေမျိုးများအား ဇွန် ၃ ရက်က တွေ့ရစဉ်။ စက်ရုံမီးလောင်မှုကြောင့် အနည်းဆုံး လူ ၁၁၉ ဦး သေဆုံးကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။*

## တိုင်ပေသမ္မတဟောင်း ချန်ရှေ့ဗျန်း ထောင်ထဲတွင် သတ်သေရန် ကြိုးပမ်း

**တိုင်ပေ၊ဇွန်-၃**

အကျင့်ပျက်ခြစားမှုဖြင့် ထောင်ဒဏ်နှစ်ပေါင်း ၂၀ ကျခံနေရသော တိုင်ပေသမ္မတဟောင်း ချန်ရှေ့ဗျန်းသည် ထောင်ထဲတွင် ကိုယ့်ကိုယ်ကိုယ် သတ်သေရန် ကြိုးပမ်းခဲ့ကြောင်း တိုင်ပေတရားရေးဝန်ကြီးဌာနက ပြောကြားသည်။

ဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်ထဲတွင် အစိုးရငွေ အလွဲသုံးစားမှုဖြင့် ထောင်ဒဏ်ကျခံနေရသော နိုင်ငံရေးသမားနှင့် ပညာရှင်များကိုပြီးခဲ့သည့် အပတ်က ရာနှင့်ချီ၍ လွတ်ငြိမ်းချမ်းသာခွင့်ပေးခဲ့မှုကို ချန်ရှေ့ဗျန်းက မကျေနပ်၍ ဆန္ဒပြကာ ကိုယ့်ကိုယ်ကိုယ် သတ်သေခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ချန်သည် အကျဉ်းထောင်ထဲတွင် ရေချိုးခန်းဝင်စဉ် မျက်နှာသုတ်ပုဝါဖြင့် ဆွဲကြိုးချသေရန် ကြိုးစားခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော် ထောင်စောင့်ဝန်ထမ်းက မြင်၍ အချိန်မီ တားဆီးနိုင်ခဲ့ကြောင်း ဆိုသည်။

တရားရေးဝန်ကြီးဌာနက ၎င်းတို့သည် ချန်၏ဖြစ်စဉ်ကိုကြည့်ရှုစစ်ဆေးရန် ဆရာဝန်စေလွှတ်ခဲ့ပြီး ကျန်းမာရေးအခြေအနေမှာ ပုံမှန်အတိုင်းရှိကြောင်း သတင်းထုတ်ပြန်သည်။

**စာမျက်နှာ(၄၆)သို့**

## နိုင်ဂျာနိုင်ငံတွင် အကျဉ်းထောင်ကို သေနတ်သမားများ တိုက်ခိုက်ရာမှ အကျဉ်းသား ၂၂ ဦး ထွက်ပြေး

**နီယာမီ၊ဇွန်-၃**

နိုင်ဂျာနိုင်ငံမြို့တော်ရှိ အကျဉ်းထောင်တစ်ခုကို သေနတ်သမားများက တိုက်ခိုက်ခဲ့ရာတွင် အကျဉ်းထောင် အစောင့်နှစ်ဦး သေဆုံးကာ အစ္စလာမ်မစ်စစ်သွေးကြွများ အပါအဝင် အကျဉ်းသား ၂၂ ဦး ထွက်ပြေးသွားကြောင်း ဇွန်လ ၂ရက်တွင် အစိုးရအာဏာပိုင်များက ပြောသည်။

လွတ်မြောက်သွားသူ ၂၂ဦးတွင် ဆော်ဒီအာရေးဗီးယားနိုင်ငံသား လေးဦးနှင့် အမေရိကန်နိုင်ငံသား တစ်ဦးအား သတ်ဖြတ်မှုဖြင့် ထောင်ဒဏ် နှစ် ၂၀ ကျခံနေရသူ အလာစင်းအိုလ်မိုဟာမက် အပါအဝင် အကြမ်းဖက်မှုဖြင့် ပြစ်ဒဏ်ကျခံနေရသူများ ပါဝင်ကြောင်း အစိုးရ၏ ကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

ဇွန်လ ၁ ရက်တွင် ယင်းအကျဉ်းထောင်ကို သေနတ်သမားများက တိုက်ခိုက်ရာ၌ အစောင့်နှစ်ဦးသေဆုံးပြီး သုံးဦးပြင်းထန်စွာ ဒဏ်ရာရရှိကာ အကြမ်းဖက်သေနတ်သမားနှစ်ဦး သေဆုံး၍ အခြားနှစ်ဦးအား ဖမ်းမိခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။

ဇွန်လ ၁ ရက်ညက ထွက်ပြေးသူများကို တားဆီးမှုမှာ မအောင်မြင်ခဲ့ကြောင်း အာဏာပိုင်များက ပြောသည်။ ဇွန်လ ၂ ရက်က ဖြစ်ပွားခဲ့သည့် သီးခြားဖြစ်စဉ်တစ်ခုတွင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ရဲတပ်ဖွဲ့အဆောက်အအုံ အနီးကြိမ်ဖန်များစွာ လှည့်ပတ်မောင်းနှင်နေသည့် မသင်္ကာဖွယ် ကားတစ်စီးကို ရဲတပ်ဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရခဲ့သည်ဟု အစိုးရက ဖော်ပြပြီး အသေးစိတ် အချက်အလက်များကို ပြောကြားခဲ့ခြင်းမရှိပေ။

—*Ref: Reuters*



© 2013 AP

*နိုင်ဂျာနိုင်ငံ မြို့တော်နီယာမီ ဗဟိုအကျဉ်းထောင်ပြင်ပတွင် စောင့်ကြပ်နေသော နိုင်ဂျာတပ်ဖွဲ့ဝင်များကို ဇွန် ၁ ရက်က တွေ့ရစဉ်*





C B BANK
eStatement
Enroll Now !
Save time
အချိန်ကုန်သက်သာ
Convenient
လွယ်ကူ
Safe
လုံခြုံ
LESS PAPER MORE TREES SAVE EARTH
ကမ္ဘာမြေ သာယာစိုပြေဖို့ စက္ကူလျှော့ချသုံးစွဲစို့
No. 334/336, Coner of 23 Street and Strand Road, Latha Township, Yangon, Myanmar.
Tel : 372 655, 372 646, 373 425, 373 426, 371 848
Fax : 371849, 371125, 384371
e-mail :contact@cbbankmm.com
www.cbbankmm.com
https://www.facebook.com/CBBankmyanmar



iPANEMA®
BRAZIL
iPANEMA
Email : rideranp@gmail.com
Tel : 097319 0363
www.grendene.com.br
Blazon (Taw Win Centre)
Gamone Pwint (Shanghai)
Yuzana Plaza
Gamone Pwint (Bokalay)
Junction Maw Tin
Sule
Junction Square
Capital HyperMarket
Junction Nay Pyi Taw
Greatwall Shopping Mall
Parkson (FMI)
orange supermarket (Ygn, Mdy)


HORLICKS NUTRITION ACADEMY
အစာရွေးသောမူကြိုအရွယ်ကလေးငယ်များအတွက်
အသက်အရွယ်နဲ့ကိုက်ညီတဲ့ စံမှန်သောအာဟာရ
အရပ်အမြင့်
ကိုယ်အလေးချိန်
ဦးနှောက်ဖွံ့ဖြိုးမှု
1 အာဟာရဓါတ် A မှ Z ထိပြည့်စုံစေခြင်း
2 တစ်နေ့တာ အာဟာရသတ်မှတ်ချက် ၁၀၀% ပါဝင်ခြင်း
3 ဦးနှောက်ဖွံ့ဖြိုးမှုအတွက် DHA
အသက်အရွယ်နဲ့ကိုက်ညီတဲ့ စံမှန်သောအာဟာရ
junior Horlicks
DHA ပါဝင်ခြင်း
Junior Horlicks is a nutritional food powder which as part of a regular daily diet helps meet your child's nutritional requirements. Nutrition is one of the many factors that influence growth and development of Children. This product is not an infant milk substitute or infant food for less than 2 years old. As per US guidelines 2000-2001 for 2-3 year olds.



Together, Tomorrow, Toyota
TTAS CO., LTD. Body Repair & Paint Center
TTAS CO., LTD. (HEAD OFFICE)
TOYOTA
www.toyota-global.com




7 DAY DAILY
INSIGHT, IN DEPTH & INDEPENDENCE
ကြော်ငြာရှင်များသို့
BACK TO
SCHOOL
SPECIAL
PROMOTION
Every Thursday (or) Friday
30% OFF
Minimum Quarter Size(4C or 1C)
May 15th to June 15th (2013)
WEEKEND
SPECIAL
PROMOTION
50% OFF
Minimum Quarter Size(4C or 1C)
(2013) MAY. JUNE. JULY
Hot Line - 01 512887, 09 730 78429